မဟာစည်နာယက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
အဘိဓဇမဟာရဋ္ဌဂုရု

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုလ္လာလာဘိဝံသ

ရေးသားစီရင်သော

သီကောင်းစရာ ရမ္ဘပဒေသာ

အတွဲ (၆)

ဒုတိယအကြိမ်

သာသနာ-၂၅၅၂ ကောဇာ-၁၃၇၀ ခရစ်-၂၀၀၈

ဤစာအုပ်မှာ သီကောင်းစရာ ဆောင်ပုဒ်များ

- အဖော်ကောင်းဟာ၊ သဒ္ဓါသာ၊ မှန်စွာ ဖြစ်ပေသည်။
- ဆရာကောင်းဟာ၊ ပညာသာ၊ မှန်စွာ ဖြစ်ပေသည်။
- ဆင်းရဲကင်းရာ၊ နိဗ္ဗာန်သာ၊ မှန်စွာ ရပ်ကောင်းဖြစ်ပေသည်။
- ကိုယ် နှင့် နှုတ်မှာ၊ ဖြစ်ပေါ်လာငြား၊ အကုမျှား၊ ပယ်ရှားမြတ်သီလာ။
- စိတ်အစဉ်မှာ၊ ဖြစ်ပေါ်လာငြား၊ အကုမျှား၊ ပယ်ရှားမြတ်သမာ။
- ဘဝစဉ်ဆက်၊ ကိန်းလျက်ပါငြား၊ အကုမျှား၊ ပယ်ရှားမြတ်ပညာ။
- လုံးစုံလှူတွင်၊ တရားလျှင်၊ မှန်ပင် မြတ်ဆုံး ဖြစ်ပေသည်။
- ရသာတို့တွင်၊ တရားလျှင်၊ မှန်ပင် မြတ်ဆုံး ဖြစ်ပေသည်။
- မွေ့လျော်ဖွယ်တွင်၊ တရားလျှင်၊ မှန်ပင် မြတ်ဆုံး ဖြစ်ပေသည်။
- တဏှာကုန်စင်၊ အရဟတ္တဖိုလ်လျှင်၊ မှန်ပင် မြတ်ဆုံး ဖြစ်ပေသည်။

ဤဆောင်ပုဒ်များနှင့်အလားတူ သီကောင်းစရာများကို

ထည့်သွင်း ဖော်ပြထားပါသည်။

(၅-ဦးပိုင်း) ပရိယတ္တိဓမ္မာ ၂ စားသောက်ခြင်း ပထဝေါ်ဆရာတော်ကြီး



သဒ္ဓမ္မရံသီရိပ်သာပဓာနနာယကဆရာတော်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တဂုဏ္ဍလာဘိဝံသ

မဟာစည်နာယက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
အဘိဓေမဟာရဋ္ဌဂုရု

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုလ္လာဘိဝံသ

ရေးသားစီရင်သော

သီကောင်းစရာ ဗျပဒေသာ

အတွဲ (၆)

ဒုတိယအကြိမ်

သာသနာ-၂၅၅၂ ကောဇာ-၁၃၇၀ ခရစ်-၂၀၀၈

ပုံနှိပ်မှတ်တမ်း

ဘာသာရေးဆိုင်ရာစာပေနှင့်ပြုပြင်ချက်အမှတ်
၃၂၀၆၀၀၀၈၀၇

မျက်နှာဖုံးနှင့်ပြုပြင်ချက်အမှတ်
၃၂၀၄၇၇၁၀၀၀

ပုံနှိပ်ခြင်း
ဒုတိယအကြိမ်
အုပ်ရေ - ၃၀၀၀
တန်ဖိုး -
ပုံနှိပ်ပြီးသည့်လ
ဒီဇင်ဘာလ ၂၀၀၈-ခုနှစ်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးသိန်းထွန်း (၀၄၈၂၂)
သိန်းထွန်းအော့ဖ်ဆက်၊ ၅၀/၅၂၊ခဂုသီရိလမ်း၊
ကျောက်မြောင်း၊ တာဝေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၄၂၀၅၆

ထုတ်ဝေသူ
ဒုတိယဗိုလ်မှူးကြီး တင်အောင်(လေ-အငြိမ်းစား)။ (၀၃၃၆၆)
သဒ္ဓမ္မံရုံသီစာပေ၊ အမှတ်-၇၊ ဓေယျာခေမာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။
ဖုန်း - ၀၁-၆၆၁၅၉၇ ၊ ၆၅၀၅၇၆

http://www.dhammadownload.com

မာတိကာ

နိဒါန်း

ယခုဖတ်ရှုကြရမည့် စာအုပ်သည် လစဉ်ထုတ်ဝေလျက်ရှိသော မြတ်မင်္ဂလာစာစောင်နှင့် မြစ်မခမ္မေစာသဝဏ်စာစောင်တို့၌ သဒ္ဓမ္မရံသီ ရိပ်သာဆရာတော်ဘုရား ဓမ္မလက်ဆောင်အဖြစ်ဖြင့် ရေးသားခဲ့မြင့်ခဲ့သော ဆောင်းပါးများကို ပြန်လည်စုပေါင်းကာ ထုတ်ဝေလိုက်သော ဆဋ္ဌတွဲစာအုပ် ဖြစ်ပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဘုရား ရေးသားတော်မူခဲ့သော တရားဆောင်းပါးများကို မဖတ်ရှုရသေးသော စာဖတ်ပရိသတ်များ ဖတ်ရှု နိုင်ရန်နှင့် ဖတ်ရှုပြီးကြသော စာဖတ်ပရိသတ်များလည်း ပြန်လည်လေ့လာ ကြည့်ရှုနိုင်ကြရန်အတွက် တရားဆောင်းပါးပေါင်း (၃၁)ပုဒ်ကို စုပေါင်း၍ ဤဆဋ္ဌတွဲစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်တို့သည် ဝိဋုကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မကွန္ဓာရှစ်သောင်းလေးထောင်ဟူ၍ များ ပြားလှပေသည်။ ထိုတရားတော်တို့ကို လူဘောင်လူလောကဌ် နေထိုင် ကြကုန်သောပုဂ္ဂိုလ်များ ပြည့်စုံအောင် သင်ယူလေ့လာနိုင်ဖို့ရာ မလွယ်ကူ ကြပေ။ ခဲယဉ်းလှပေသည်။ ဤကဲ့သို့ သင်ယူလေ့လာနိုင်ဖို့ရာ ခဲယဉ်းကြ သော ဝိဋုကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်တို့မှ မှတ်သားဖွယ်ရာ များကို ရှာဖွေထုတ်နုတ်၍ ဤစာအုပ်၌ ရေးသားဖော်ပြထားပါသည်။

နိဒါန်း

ဤစာအုပ်ကို ကျေးဇူးတော်ရှင် သဒ္ဓမ္မရံသီရိပ်သာဆရာတော် ဘုရားက "သိကောင်းစရာ ဓမ္မပဒေသာ"ဟူ၍ အမည်ပေးထားပါသည်။ ပဒေသာဟူသောအမည်သည် ကပ္ပရက္ခဟူသောပါဠိမှ ပေါက်ပွားဆင်းသက်လာသောအမည် ဖြစ်ပေသည်။

ရှေးအခါက ဘုန်းကံကြီးမားသူများအတွက် "ကပ္ပရက္ခ"ဟုခေါ်သော ပဒေသာပင်များ မြေမှထွက်ပေါ်လာကြပေသည်။ ယင်းပဒေသာပင်များမှ အဝတ်အထည်နှင့် စားဖွယ်သောက်ဖွယ် စသည်များကို အလိုရှိတိုင်း ဆွတ်ခူးသုံးစွဲနိုင်ကြသကဲ့သို့ ဤ"သိကောင်းစရာ ဓမ္မပဒေသာ" ဆဋ္ဌတွဲ စာအုပ်၌လည်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဝိဋုကတ် တရားတော်များမှ သိကောင်းစရာ အနှစ်သာရတို့ကို စာဖတ်သူပရိသတ်များ ဆွတ်ခူးထုတ်ယူနိုင်ကြလိမ့်မည်ဟု ဆိုလိုရင်းအဓိပ္ပါယ် ဖြစ်ပေသည်။

ဤ"သိကောင်းစရာ ဓမ္မပဒေသာ" ဆဋ္ဌတွဲစာအုပ်မှ ဆွတ်ခူးထုတ်ယူနိုင်သော အနှစ်သာရများမှာ -

(၁) လောကီဘက်ကလည်း ပါဠိတော်၊ အဋ္ဌကထာများမှလာရှိသော လူမှုရေးရာ၊ စားဝတ်နေရေး၊ ကျန်းမာသက်ရှည်ရေး စသည့် အနှစ်သာရများကို ဆွတ်ခူးထုတ်ယူနိုင်ကြမည် ဖြစ်ပေသည်။

(၂) လောကုတ္တရာဘက်ကလည်း ပါဠိတော်၊ အဋ္ဌကထာများမှ လာရှိသော ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ သိထားကြရမည့် ဗုဒ္ဓမြတ်စွာ၏ အခြေခံတရားတော်များ။ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမသာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွားအောင် ပြည်ပသာသနာအတွက် ဆောင်ရွက်ခဲ့သည့် တရားဒေသနာများကိုလည်း ဆွတ်ခူးထုတ်ယူနိုင်ကြမည် ဖြစ်ပေသည်။

သိကောင်းစရာ ဓမ္မပဒေသာ

ဤ"သိကောင်းစရာ ဓမ္မပဒေသာ" ဆင္ဘတွဲစာအုပ်မှ ထုတ်နုတ်၍ ဟောကြားလိုကြသော တရားဟောတရားပြ ဆရာတော်၊ သံဃာတော်များအတွက်လည်း လွယ်ကူစွာ လေ့လာနိုင်ဖို့ရာ ပါဠိတော်၊ အဋ္ဌကထာများ၏ စာမျက်နှာနံပါတ်တို့ကို ထည့်သွင်းဖော်ပြထားပါသည်။

ပါဠိတော်၊ အဋ္ဌကထာများမှလာရှိသော တရားတော်များ၏ အနှစ်သာရများကို ထုတ်ယူကာ ထည့်သွင်းဖော်ပြထားသော ဤ"သိကောင်းစရာ ဓမ္မပဒေသာ" ဆင္ဘတွဲစာအုပ်ကို ကြည့်ရှုလေ့လာကြသူ၊ ဟောပြောပြသကြသူ၊ လိုက်နာကျင့်ကြံကြသူ အမျိုးကောင်းသား။ အမျိုးကောင်းသမီးတို့သည် မိမိတို့ အလိုရှိအပ် တောင့်တအပ်သည့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာများကို ခံစားရရှိနိုင်ကြပါစေကုန်သတည်း။

အရှင်ဥက္ကံသ (ဓမ္မာစရိယ)
ဂန္ဓာရုံကျောင်းတိုက်၊
ကျိုက်ဝိုင်း။ သမိုင်း။ ရန်ကုန်မြို့။

[illegible]

[illegible] "[illegible]" [illegible]
[illegible] [illegible] [illegible]
[illegible] [illegible] [illegible]
[illegible] [illegible] [illegible]
[illegible] [illegible] [illegible]

[illegible] [illegible] [illegible] [illegible] [illegible]
[illegible] [illegible] [illegible] [illegible] [illegible]
[illegible] [illegible] [illegible] [illegible] [illegible]

ဉာဏ်စဉ် ၁၆–ပါး တရားတော်

၁–နာမရူပပရိစ္ဆေဒဉာဏ်

နာမ်နှင့်ရုပ်ကို ပိုင်းခြားခွဲခြား၍သိသော နာမရူပပရိစ္ဆေဒဉာဏ်သို့ ရောက်နေကြသော ယောဂီပုဂ္ဂိုလ်တို့သည် ပြင်ပအာရုံအားဖြင့် ပိုးစုန်းကြူးရောင်ခန့် လင်းသောအလင်းငယ်များကို တွေ့မြင်တတ်ကြပေသည်။ အတွင်းအာရုံအားဖြင့် ဖောင်းပိန်တို့၏ အစ၊ အလယ်၊ အဆုံး သုံးပါးတို့တွင် အလယ်တစ်ခုကိုသာ သိနေတတ်ကြပေသည်။

ဆောင်ပုဒ်။ ။ ပိုးစုန်းပမာ၊ လက်လက်သာ၊ မြင်ပါနာမရူပမည်။
ဖောင်းပိန်လယ်မျှ၊ တွေ့တုံကာ၊ နာမရူပမည်။

၂–ပစ္စယပရိဂ္ဂဟဉာဏ်

အကြောင်းနှင့်အကျိုးကိုသိသော ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်နေကြသော ယောဂီပုဂ္ဂိုလ်တို့သည် ပြင်ပအာရုံအားဖြင့် စိမ်းစိမ်းပြာပြာ၀ါ၀ါစသော အလွန်မတောက်ပသည့် အရောင်များကို တွေ့မြင်ကြရပေသည်။ အတွင်းအာရုံအားဖြင့် ဖောင်းပိန်တို့၏ အစ၊ အလယ်၊ အဆုံးတို့တွင် အစကသာ ပို၍ထင်ရှားနေတတ်ကြပေသည်။ အစကိုတွေ့တာ များနေတတ်ကြပေသည်။

ဆောင်ပုဒ်။ ။ စိမ်းစိမ်းပြာပြာ၊ ဝါဝါပါ၊ ထင်လာပစ္စယ။
ဖောင်းပိန်အစ၊ တွေ့တုံက၊ ပစ္စယပရိဂ္ဂဟမည်။

၃-သမ္မသနဉာဏ်

အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ သုံးသပ်ဆင်ခြင်ကာသိသော သမ္မသနဉာဏ်သို့ ရောက်နေကြသော ယောဂီပုဂ္ဂိုလ်တို့သည် ပြင်ပအာရုံအားဖြင့် အသုဘများ၊ အရိုးစုများ၊ အဘိုးအို၊ အဘွားအိုများ၊ ပုံပျက်နေသော မျက်နှာများ၊ တော၊ တောင်၊ ချောက်ကမ်းပါး စသည်များကို တွေ့မြင်တတ်ကြပေသည်။

အတွင်းအာရုံအားဖြင့် ဖောင်းပိန်တို့၏ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးပင် ထင်ရှားနေတတ်ကြပေသည်။ နာကျင်ကိုက်ခဲခြင်း၊ ယားယံခြင်း၊ မှုးဝေခြင်း၊ ဖိထားခြင်း၊ လေးလံထိုင်းမှိုင်းနေခြင်း၊ ယိမ်းယိုင်နေခြင်း၊ အော့အန်ခြင်းစသော ဆင်းရဲဒုက္ခဝေဒနာအမျိုးမျိုးတို့နှင့် တွေ့နေတတ်ကြပေသည်။

ဆောင်ပုဒ်။ ။ ပုံပျက်အသုဘ၊ မြင်လတ်က၊ သမ္မသနဉာဏ်။
စလယ်ဆုံးလျှင်၊ သုံးပါးပင်၊ မြင်လျှင်သမ္မမည်။
ဝေဒနာများစွာ၊ တွေ့တုံပါ၊ မှန်စွာသမ္မမည်။

၄-ဥဒယဗ္ဗယဉာဏ်

အဖြစ်နှင့်အပျက်ကိုသိသော ဥဒယဗ္ဗယဉာဏ်သို့ ရောက်နေကြသော ယောဂီပုဂ္ဂိုလ်တို့သည် ပြင်ပအာရုံအားဖြင့် ကြည်လင်တောက်ပသော အရောင်အလင်းကြီးများကို တွေ့မြင်တတ်ကြပေသည်။ ကြည်ညိုဖွယ်ရာ ကျောင်း၊ ဘုရား၊ စေတီ၊ နန်းတော်၊ ပြာသာဒ် စသည်များကို ထင်ထင်ရှားရှား ပကတိသောမျက်စိဖြင့် တွေ့မြင်ရသကဲ့သို့ တွေ့မြင်နေတတ်ကြပေသည်။

အတွင်းအာရုံအားဖြင့် ကိုယ်ကလည်းပေါ့ပါ။ စိတ်ကလည်းပေါ့ပါ။ ကိုယ်ကလည်းနူးညံ့၊ စိတ်ကလည်းနူးညံ့၊ ကိုယ်ကလည်းခံ့ကျန်း၊ စိတ်ကလည်းခံ့ကျန်း ဖြစ်လာတတ်ကြပေသည်။ တရားထိုင်မှတ်ရာတွင် ယခင်ကတစ်နာရီမှာ တစ်ခါနှစ်ခါပြင်ရသော ယောဂီပုဂ္ဂိုလ်တို့သည် ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာသောအခါ မပြင်ရတော့ပါဘဲ ကောင်းမွန်စွာ ထိုင်နိုင်ကြပေသည်။

ကိုယ်ကလည်းလေ့လာပြီး၊ စိတ်ကလည်းလေ့လာပြီး ဖြစ်လာကြပေသည်။ မှတ်စရာအာရုံနှင့် မှတ်သိစိတ်တို့ ချိန်သားကိုက်နေ၍ အလိုလိုမှတ်နေရသကဲ့သို့ ဖြစ်နေတတ်ကြပေသည်။ လွယ်လွယ်လေးမှတ်လို့ ရနေတတ်ကြပေသည်။ ယောဂီ၏မျက်နှာမှာလည်း အလွန်ကြည်လင်နေတတ်ပေသည်။

ဖောင်းပိန်ကို ရှုမှတ်ရာ၌ ဖောင်းပိန်တို့၏ အစ၊ အလယ်၊ အဆုံးတို့တွင် အလယ်မထင်ရှားတော့ပါဘဲ ဖောင်းစဖောင်းဆုံး၊ ပိန်စပိန်ဆုံးတို့သာ ထင်ရှားနေတတ်ကြပေသည်။ တစ်ရံတစ်ခါ ဖောင်းပိန်များ မြန်လာတတ်ကြပေသည်။ မြန်ပါသော်လည်း အစနှင့်အဆုံးမှာ ထင်ရှားနေတတ်ကြပေသည်။

ဆောင်ပုဒ်။ ။ ကြည်ကြည်ဝင်းဝင်း၊ ထိန်ထိန်လင်း၊ မြင်ခြင်းဥဒယ။
ဖောင်းပိန်လျင်မြန်၊ စဆုံးဟန်၊ မြင်ပြန်ဥဒယ။

၅-ဘင်္ဂဉာဏ်

အပျက်ကိုသိသော ဘင်္ဂဉာဏ်သို့ ရောက်နေကြသော ယောဂီပုဂ္ဂိုလ်တို့သည် ပြင်ပအာရုံများကိုမြင်တာ နည်းသွားတတ်ကြပေသည်။ အတွင်းအာရုံအားဖြင့် ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ ဝမ်းဗိုက်စသော ပုံသဏ္ဌာန်များ မထင်ရှားကြတော့ပေ။ ပျောက်ကွယ်၍နေတတ်ကြပေသည်။ တောင့်တင်းသည့်သဘော၊ ရွှေ့လျားသည့်သဘော၊ ပူအေးသည့်သဘော၊ အခိုးအငွေ့သဘော စသည်များကိုသာ တွေ့နေကြရပေသည်။ ဘင်္ဂဉာဏ်သို့

ရောက်ခါစမှာ ရှုမှတ်လို့ မကောင်းဘဲ ဖြစ်နေတတ်ကြပေသည်။ စည်းစည်းလုံးလုံး မရှိပါဘဲ ဟာကျဲကျဲ ဖြစ်နေတတ်ကြပေသည်။

ရှုမှတ်ဖွယ်အာရုံများကို ရှုမှတ်လိုက်သောအခါ အာရုံ၏ အစများ မထင်ရှားပါဘဲ အာရုံ၏ အဆုံးများသာ ထင်ရှားနေတတ်ကြပေသည်။ ဥဒယဗ္ဗယဉာဏ်၌ ဖောင်းစနှင့်ဖောင်းဆုံး။ ပိန်စနှင့်ပိန်ဆုံးများမှာ အလွန်ထင်ရှားခဲ့ပေသည်။ ဘင်္ဂဉာဏ်သို့ ရောက်လာသောအခါ ဖောင်းစပိန်စတို့မှာ မထင်ရှားတော့ပါဘဲ ဖောင်းဆုံးပိန်ဆုံးတို့သာ ထင်ရှားနေကြပေသည်။

ဆောင်ပုဒ်။ ။ စ,ကားမထင်၊ ဆုံးသာထင်၊ မြင်လျှင်ဘင်္ဂဉာဏ်။

ဒုက္ခဝေဒနာများကို ရှုမှတ်ရာ၌ ဒူးကနာသည်၊ ရင်ကအောင့်သည်၊ လက်ကကိုက်သည်၊ ခြေကကျင်သည် စသည်ဖြင့် ပုံသဏ္ဌာန်ပြပ်များ မထင်ရှားတော့ပါဘဲ နာသည့်သဘော၊ ကျင်သည့်သဘော၊ အောင့်သည့်သဘော၊ ကိုက်သည့်သဘော ပရမတ်မျှသာ ထင်ရှားလျက် ရှိကြပေသည်။

ဆောင်ပုဒ်။ ။ သဏ္ဌာန်ကွယ်ပျောက်၊ ပရမတ်ရောက်၊ မဖောက်ဘင်္ဂဉာဏ်။

ဘင်္ဂဉာဏ် အရင့်ပိုင်းသို့ ရောက်လာကြသော ယောဂီပုဂ္ဂိုလ်တို့သည် မှတ်စရာအာရုံတစ်ခုခုကို ရှုမှတ်လိုက်သောအခါ မှတ်စရာအာရုံ ပျက်သွားတာကို မြင်ပြီးသည့်အပြင် မှတ်သိစိတ်ပါလိုက်၍ ပျက်သွားတာကိုလည်း မြင်ကြရပေသည်။ ဖောင်းတယ်၊ ပိန်တယ်လို့ ရှုမှတ်ရာ၌ ဖောင်းတယ်လို့ ရှုမှတ်လိုက်လျှင် ဖောင်းတာ ရိပ်ခနဲ ကုန်ပျက်သွားသည်ကို မြင်ပြီးတဲ့အပြင် မှတ်သိစိတ်ပါ ရိပ်ခနဲ ကုန်ပျက်သွားတာကိုလည်း ဉာဏ်ထက်သည့်ပုဂ္ဂိုလ်များ တွေ့မြင်ကြရပေသည်။ ပိန်တယ်လို့ ရှုမှတ်လိုက်လျှင်လည်း ပိန်တာ ရိပ်ခနဲ ကုန်ပျက်သွားတာကို မြင်ပြီးတဲ့အပြင် မှတ်သိစိတ်ပါ ရိပ်ခနဲ ကုန်ပျက်သွားတာကို တွေ့မြင်ကြရပေသည်။

ဆောင်ပုဒ်။ ။ မှတ်စိတ်အာရုံ၊ နှစ်ပါးစုံ၊ ပျက်ပုံမြင်ရဉာဏ်ဘင်္ဂ။

ဘင်ဥာဏ်သို့ ရောက်နေကြသော ယောဂီပုဂ္ဂိုလ်တို့သည် စကြဲ လျှောက်သောအခါ၊ ရပ်သောအခါတို့၌ မြေကြီးများ နိမ့်ကျသွားသလို၊ စောင်းကျနေသလို၊ မြင့်မောက်နေသလို တွေ့မြင်တတ်ကြပေသည်။ မူးရိပ် မူးရိပ်လည်း ဖြစ်နေတတ်ကြပေသည်။ တစ်ခါတစ်ရံ အိပ်လို့မပျော်ဘဲလည်း ဖြစ်နေတတ်ကြပေသည်။ အိပ်မပျော်သော်လည်း တွေဝေထိုင်းမှိုင်းခြင်း များ မဖြစ်ပါဘဲ ပကတိအတိုင်း နေလို့ကောင်းလျက်ပင် ရှိကြပေသည်။ အသိအမြင်များလည်း ရှင်းလျက်ပင် ရှိကြပေသည်။

ဆောင်ပုဒ်။ ။ မြေကြီးစောင်းနိမ့်၊ မူးရိပ်ရိပ်၊ ဖြစ်လိမ့်ဘင်ဥာဏ်။
အိပ်မပျော်ခြင်း။ ဖြစ်တုံလျှင်း၊ မြင်ရှင်းဘင်ဥာဏ်။

၆-ဘယဥာဏ်

ကြောက်ဖွယ်ထင်သော ဘယဥာဏ်သို့ ရောက်နေကြသော ယောဂီ ပုဂ္ဂိုလ်တို့သည် ရှုမှတ်လိုက်တိုင်း ရှုမှတ်လိုက်တိုင်း ပျက်ပျက်သွားတာကို ချည်း မြင်ရ၍ ကြောက်စရာချည်းပါလားဟု ထင်လာတတ်ကြပေသည်။ ပျက်တိုင်းပျက်တိုင်း သေသွားနိုင်တာချည်းပဲဟုလည်း ထင်လာပြီး ကြောက် နေတတ်ကြပေသည်။

ယောဂီ၏စိတ်သည် အားကိုးရာမဲ့ပြီး အားငယ်ညှိုးနွမ်းနေသကဲ့သို့ ဖြစ်နေတတ်ပေသည်။ လျှင်မြန်စွာ ကုန်ပျက်ကုန်ပျက်နေသော ရုပ်နာမ်တို့ ကို ကြောက်ရွံ့နေသကဲ့သို့လည်း ဖြစ်နေတတ်ကြပေသည်။ ဝမ်းနည်း သလိုလိုလည်း ဖြစ်နေတတ်ကြပေသည်။

၇-အာဒီနဝဥာဏ်

အပြစ်ကိုမြင်သော အာဒီနဝဥာဏ်သို့ ရောက်နေကြသော ယောဂီ ပုဂ္ဂိုလ်တို့သည် တပျက်တည်း ပျက်နေသော ရုပ်နာမ်တို့၏ အပြစ်ကို မြင် လာကြပေသည်။ ရုပ်နာမ်တို့သည် တစ်ခုမျှ မြဲတာမရှိကြပေ၊ မမြဲတာတွေ ချည်းသာ ဖြစ်ကြပေသည်။ မကောင်းတာတွေချည်းသာ ဖြစ်ကြပေသည်။

အသုံးမကျ အဖိုးမတန်တာတွေချည်းသာ ဖြစ်ကြပေသည်။ ခိုင်မာတာဟူ၍ ဘာတစ်ခုမျှ မရှိကြပေ စသည်ဖြင့် အပြစ်မြင်လာကြပေသည်။

၈-နိဗ္ဗိဒါဉာဏ်

ဦးဇွေ.ခြင်း နိဗ္ဗိဒါဉာဏ်သို့ ရောက်နေကြသော ယောဂီပုဂ္ဂိုလ်တို့သည် ရူပမှတ်ချက်တိုင်း ရူပမှတ်ချက်တိုင်း ရုပ်နာမ်တို့၏ ကုန်ပျက်မှုတို့ကို ပိုင်းပိုင်းခြားခြား တွေ့ရ၍ မှတ်သိမှု ကောင်းပါသော်လည်း ယောဂီ၏စိတ်သည် ရှေးကလို အားရတက်ကြွခြင်း မရှိပေ။ မပျော်မွေ့ဘဲ ငြီးငွေ့၍ နေတတ်ကြပေသည်။ ရူပမှတ်ရမှာ ပျင်းသလို ဖြစ်နေတတ်ကြပေသည်။ လူဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့သည် ဘယ်ဘုံမှ ပျော်မွေ့စရာမဟုတ်၊ ပျင်းရိငြီးငွေ့ဖွယ်ရာချည်းသာ ဖြစ်ကြပေသည်ဟု ထင်နေတတ်ကြပေသည်။

၉-မုဉ္စိတုကမျှတာဉာဏ်

လွတ်မြောက်လိုသော မုဉ္စိတုကမျှတာဉာဏ်သို့ ရောက်နေကြသော ယောဂီပုဂ္ဂိုလ်တို့သည် ရူပမှတ်လို ကောင်းနေပါသော်လည်း မမှတ်ချင်တော့ဘဲ ဖြစ်လာတတ်ကြပေသည်။ ထိုင်နေရင်း လက်ခြေများ မငြိမ်မသက် ဖြစ်လာတတ်ကြပေသည်။ ရှေ့ချင်ပြောင်းချင် ဖြစ်လာတတ်ကြပေသည်။ နာကျင်ခြင်းစသော မခံသာမှု ဝေဒနာများလည်း ဖြစ်လာတတ်ကြပေသည်။ ရူပမှတ်မှုများကိုစွန့်လွှတ်၍ နေချင်သောစိတ်များ ဖြစ်လာတတ်ကြပေသည်။ ရုပ်နာမ်သဘာဝတို့မှ လွတ်ချင်သောစိတ်များ ဖြစ်နေတတ်ကြပေသည်။

၁၀-ပဋိသင်္ခါဉာဏ်

လွတ်မြောက်ချင်၍ တစ်ဖန်ပြန်မှတ်ရသော ပဋိသင်္ခါဉာဏ်သို့ ရောက်နေကြသော ယောဂီပုဂ္ဂိုလ်တို့သည် ရုပ်နာမ်သဘာဝတို့မှ လွတ်ချင်သော်လည်း မရှုမှတ်ဘဲတော့ မလွတ်မြောက်နိုင်။ ရုပ်နာမ်တို့ကို ရှုမှတ်မှသာ ရုပ်နာမ်တို့မှ လွတ်မြောက်ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်သွားနိုင်မည်ဟု သဘောကျပြီး ရူပမှတ်မြဲတိုင်း ပြန်၍ ရှုမှတ်နေတတ်ကြပေသည်။

ရှုမှတ်လို့မကောင်းဘဲ ဖြစ်လာတတ်ကြပေသည်။ မှတ်စရာအာရုံ နှင့် မှတ်သိစိတ်တို့ ဝေးနေသည်ဟု ထင်လာတတ်ကြပေသည်။ ပြင်ချင် ပြောင်းချင်သည့်စိတ်များဖြစ်ပြီး ခဏခဏ ပြင်မိ ပြောင်းမိတတ်ကြပေ သည်။ မပြင်မိ မပြောင်းမိအောင် သတိထား၍ ရှုမှတ်ကြရပေသည်။

ခန္ဓာကိုယ်မှ ဆင်းရဲဒုက္ခဝေဒနာ အမျိုးမျိုးနှင့် စိတ်ဆင်းရဲခြင်း ဒုက္ခ အမျိုးမျိုးတို့ ဖြစ်လာတတ်ကြပေသည်။ အားထုတ်ချင်သည့်စိတ်များ မရှိ တော့ပါဘဲ တရားဘောင်မှ ထွက်ခွာချင်သည့်စိတ်များ ဖြစ်လာတတ်ကြပေ သည်။ စိတ်ကောင်းစိတ်မြတ်များ ပျောက်ကွယ်ခဲ့ကြပြီး စိတ်ဆိုးစိတ်ညံ့များ ဖြစ်လာတတ်ကြပေသည်။

ဤပဋိသန္ဓေဉာဏ်၌ တော၊ တောင်၊ ကျောင်း၊ ဘုရား၊ စေတီ စသော အာရုံနိမိတ် အမျိုးမျိုးတို့ကိုလည်း ပြန်၍ တွေ့မြင်လာတတ်ကြ ပေသည်။ သို့ဖြစ်၍ ယောဂီများက တရားတွေ ပြန်ကျသွားပြီဟုလည်း ထင် မိတတ်ကြပေသည်။ ယောဂီများ ထင်သည့်အတိုင်း မဟုတ်ပေ။

ဤပဋိသန္ဓေဉာဏ်၌ ဉာဏ်စဉ်၏ သဘောအားဖြင့် အာရုံနိမိတ် များကို ပြန်၍ တွေ့မြင်ကြရခြင်းပင် ဖြစ်ပေသည်။ အထူးသတိထားဖွယ် တစ်ခုပင် ဖြစ်ပေသည်။

၁၁-သခ်ါရပေက္ခာဉာဏ်

သခ်ါရတို့ကို လျစ်လျူရှုသော သခ်ါရပေက္ခာဉာဏ်သို့ ရောက်နေ ကြသော ယောဂီပုဂ္ဂိုလ်တို့သည် ရှုမှတ်မှုများ အလွန်လွယ်ကူလာတတ် ကြပေသည်။ မှတ်စရာအာရုံတို့ကလည်း အဆင်သင့် အဆင်သင့် ပေါ်လာ ကြပေသည်။ မှတ်သိစိတ်ကလည်း ပေါ်ပေါ်လာသမျှ အာရုံတို့ကို ကြောင့် ကြမစိုက်ရပါဘဲ အလိုလိုမှတ်နေသကဲ့သို့ လွယ်လွယ်ကူကူ ရှုမှတ်နေကြ ရပေသည်။

ဥဒယဗ္ဗယညာဏ်ခ္ဍက္ခဲသို့ နှစ်သက်စရာအာရုံများကို နှစ်သက်ခြင်းလည်းမရှိ၊ ဘင်္ဂ၊ ဘယစသော ဉာဏ်များခ္ဍက္ခဲသို့ ကြောက်ခြင်း။ ထိတ်လန့်ခြင်းလည်း မရှိပါဘဲ အညီအမျှ ရှုမှတ်နိုင်ကြပေသည်။ ချမ်းသာမှုတွေကိုလည်း ဂရုမစိုက်၊ ဆင်းရဲမှုတွေကိုလည်း ဂရုမစိုက်ပါဘဲ အညီအမျှ ရှုမှတ်နိုင်ကြပေသည်။

ဆောင်ပုဒ်။ ။ ကြောက်နှစ်သက်ခြင်း ကင်းရှင်းပေသည်၊
ချမ်းသာဆင်းရဲ ရှုမြဲတူညီ၊
ကြောင့်ကြမပြု မှတ်ရှုလွယ်သည်၊
သခ်ါရ ညီမှုဂုဏ်သုံးမည်။

သခ်ါရပေကွာဉာဏ် ရင့်သန်အားရှိလာသောအခါ တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ သွက်လက်လျင်မြန်ကောင်းမွန်သော မှတ်ချက်များသည် အထူးထင်ရှားလာတတ်ကြပေသည်။ နောက်ဆုံးမှတ်ချက်၏ အခြားမဲ့ခ္ဍ မှတ်စရာအာရုံနှင့် မှတ်သိစိတ်တို့ ပြတ်သွားပြီးလျှင် ရုပ်နာမ်သခ်ါရအားလုံးတို့၏ ချုပ်ငြိမ်းရာ(နိဗ္ဗာန်)သို့ အာရုံပြုသောအားဖြင့် ရောက်သွားကြပေသည်။

၁၂-အနုလောမဉာဏ်

ထိုသို့ ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်သွားရာတွင် တစ်ကြိမ်ထက်တစ်ကြိမ် သွက်လက်လျင်မြန်ကောင်းမွန်သော မှတ်ချက်များသည် မဂ်ဆီသို့ အမြန်တက်လာသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဖြစ်ပေသည်။ ထိုမှတ်ချက်တို့တွင် နောက်ဆုံးမှတ်ချက်သည် (၀၊)နောက်ဆုံးအသိဉာဏ်သည် ယောဂီပုဂ္ဂိုလ်သန္တာန်ခ္ဍ မဂ်ဖိုလ်အားလျော်သော အနုလောမဉာဏ် ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပေသည်။

၁၃-ဂေါတြဘူဉာဏ်

ထိုနောက် ကိလေသာကို ပယ်သတ်ခြင်းကိစ္စမပါဘဲ ပုထုဇဉ်အနွယ်ကို ဖြတ်လျက် ရုပ်နာမ်သခ်ါရတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရှေးဦးစွာ

ရောက်သွားခြင်းသည် ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ဂေါတြဘူဥာဏ် ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပေသည်။

၁၄-သောတာပတ္တိမဂ်ဥာဏ်

ထို့နောက် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနှင့် အပါယ်သို့ ကျရောက်စေနိုင်သည့် ကိလေသာတို့ကို အကြွင်းမဲ့ပယ်သတ်၍ ရုပ်နာမ်သခါရတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်သွားခြင်းသည် ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ သောတာပတ္တိမဂ်ဥာဏ် ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပေသည်။

၁၅-သောတာပတ္တိဖိုလ်ဥာဏ်

ထို့နောက် ကိလေသာတို့ကို ငြိမ်းစေလျက် ရုပ်နာမ်သခါရတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် နှစ်ကြိမ် သုံးကြိမ် ဆင့်ကာ ဆင့်ကာ ရောက်နေခြင်းသည် ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ သောတာပတ္တိ ဖိုလ်ဥာဏ် ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပေသည်။

ထိုသို့ ပထမအကြိမ် ချုပ်ငြိမ်းရာသို့ ရောက်ပြီးသည်မှနောက်၌ သမာဓိဥာဏ်များ အားကောင်းလာသောအခါ အကြိမ်များစွာ အချိန်ကာလ ကြာမြင့်စွာ ချုပ်ငြိမ်းရာသို့ ရောက်နေတတ်ကြပေသည်။ ယင်းကဲ့သို့ ရောက်နေခြင်းကို ဖလသမာပတ် ဝင်စားသည်ဟု ဆိုရပေသည်။

၁၆-ပစ္စဝေက္ခဏာဥာဏ်

ဤကဲ့သို့ ချုပ်ငြိမ်းရာသို့ ရောက်သွားပြီးသောအခါ ပြန်၍ ဆင်ခြင်မိတတ်ကြပေသည်။ မှတ်စရာအာရုံနှင့် မှတ်သိစိတ်ပါ ချုပ်ပြတ်သွားခြင်းသည် တရားထူးတရားမြတ်ပဲ၊ မဂ်ဖိုလ်နိဗ္ဗာန်ပဲ။ ချုပ်ငြိမ်းရာသို့ ရောက်သွားပြီးသောအခါ စိတ်တွေ ကြည်လင်နေသည်မှာ ကိလေသာတွေ နည်းပါးသွားခြင်းကြောင့် ဖြစ်ပေသည်။ ကိလေသာအားလုံးတော့ မကုန်သေး

ပေဟု ပြန်၍ဆင်ခြင်ခြင်းသည် ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ပစ္စဝေက္ခဏာ ဉာဏ် ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

မိဘတို့သိမ္မယ် ကျင့်ဝတ်ငါးသွယ်

မိဘတို့သည် သားသမီးများ၏ အကောင်းဆုံး အားကိုးရာ ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။ အသက်အရွယ် ငယ်ကြသေးသော သားငယ်သမီးငယ်တို့သည် မိဘတို့ကို အလွန်ပင် ခင်မင်ကြပေသည်။ အလွန်ပင် အားကိုးကြပေသည်။ တစ်ခဏမျှပင် ခွဲခွာ၍မရအောင် ဖြစ်ကြရပေသည်။ အချို့သော သားငယ်သမီးငယ်တို့သည် မိဘများနှင့် ခွဲခွာရမည့်အခါ၊ ခွဲခွာရသည့် အခါတို့၌ ရိုက်ကြီးတာင် ငိုတတ်ကြပေသည်။

မိဘတို့သည် သားငယ်သမီးငယ်တို့၏ လောကဓမ္မ ၂-ဌာနတို့၌ တိုးတက်ကြီးပွားလာရန်အတွက် တာဝန်အရှိဆုံး ပုဂ္ဂိုလ်တို့ ဖြစ်ကြပေသည်။ တာဝန်ကျေအောင် မဆောင်ရွက်ပေး၊ မခိုးမြောက်ပေးပါက သားငယ်သမီးငယ်တို့ ဆုတ်ယုတ်သွားတတ်ကြပေသည်။ တာဝန်ကျေအောင် ဆောင်ရွက်ပေးကြရပါသည်။ သို့ဖြစ်၍ မိဘတို့၏ ဝတ္တရားငါးပါးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

(ဒီ-၃/၁၅၄)

မြတ်စွာဘုရား ဟောကြားအပ်သော မိဘတို့၏ ဝတ္တရားငါးပါးမှာ -

၁။ ပါပါ နိဝါရေန္တိ = မကောင်းမှုမှ တားမြစ်ကြရမည်။
၂။ ကလျာဏေ နိဝေသေန္တိ = ကောင်းမှုဌ ယှဉ်စေကြရမည်။
၃။ သိပ္ပံ သိက္ခာပေန္တိ = အတတ်ကို သင်စေကြရမည်။

၄။ ပတိရူပေန ဒါရေန သံယောဇေန္တိ = သင့်လျော်သော အမျိုးသမီး (အမျိုးသား)နှင့် ယှဉ်စေကြရမည်။

၅။ သမယေ ဒါယံ့ နိယျာဒေန္တိ = သင့်လျော်သော အခါ ပစ္စည်းဥစ္စာ ပေးကြရမည်။

၁။ မကောင်းမှုမှ တားမြစ်ရမည်ဟူသည် -

သားငယ်သမီးငယ်တို့ကို မိဘတို့က မကောင်းမှုဒုစရိုက်အားလုံးတို့မှ တားမြစ်ကြရမည်ဟု ဆိုလိုပါသည်။

(က) အထူးသဖြင့် ငါးပါးသီလကို မလွန်ကျူးမိအောင် တားမြစ်ကြရမည်။ "သားငယ်သမီးငယ်တို့ ... သူ့အသက်မသတ်နဲ့၊ သူ့အသက်သတ်သောသူတို့သည် နောင်ဘဝများတွင် အပါယ်ငရဲသို့ကျပြီးသည့်အပြင် လူပြန်ဖြစ်လာသောအခါ ခြေလက်မသန်မစွမ်း ဖြစ်နေတတ်သည်၊ အနာရောဂါများ စွဲကပ်နေတတ်သည်၊ သူတစ်ပါးတို့၏ အသတ်ကို ခံရတတ်သည်၊ အသက်တိုတတ်သည်" စသည်ဖြင့် သူ့အသက်သတ်ခြင်းမှ တားမြစ်ကြရပေသည်။

(ခ) "သားငယ်သမီးငယ်တို့ ... သူ့ဥစ္စာမခိုးနဲ့၊ သူ့ဥစ္စာခိုးသူတို့သည် နောင်ဘဝများတွင် အပါယ်ငရဲသို့ကျပြီးသည့်အပြင် လူပြန်ဖြစ်လာသောအခါ ပစ္စည်းဥစ္စာရှားပါး နွမ်းပါးနေတတ်ကြပေသည်၊ ကိုယ်ဆင်းရဲစိတ်ဆင်းရဲ ဖြစ်နေတတ်ကြပေသည်၊ အစာရေစာ ငတ်မွတ်ခေါင်းပါးနေတတ်ကြပေသည်၊ ကိုယ်အလိုရှိအပ်သော အရာဝတ္ထုများ မရရှိနိုင်ဘဲ ဖြစ်နေတတ်ကြပေသည်၊ ရန်သူမျိုးငါးပါးတို့ နှိပ်စက်၍ ရရှိပြီးသောပစ္စည်းဥစ္စာများ ပျက်စီးသွားတတ်ကြပေသည်" စသည်ဖြင့် သူ့ဥစ္စာခိုးခြင်းမှ တားမြစ်ကြရပေသည်။

(ဂ) "သားငယ်သမီးငယ်တို့ ... သူတစ်ပါးတို့၏ သားသမီး၊ သားမယား တို့ကို ပြစ်မှားကျူးလွန်သောသူတို့သည် နောင်ဘဝများတွင် အပါယ်ငရဲသို့ကျပြီးသည့်အပြင် လူပြန်ဖြစ်လာသောအခါ အကြောင်းမဲ့ သူတစ်ပါးပို့၏ မုန်းတီးခြင်းကို ခံနေကြရပေသည်၊ ရန်သူရန်ဘက်များ များနေတတ်ကြပေသည်၊ လာဘ်လာဘများ ရှားပါးနေတတ်ကြပေသည်၊ မိန်းမလည်း မဟုတ် ယောကျ်ားလည်းမဟုတ်သည့် ပဏ္ဍာဂျက်များ ဖြစ်နေတတ်ကြပေသည်၊ ယုတ်ညံ့သောအမျိုးတို့၌ အကြိမ်ကြိမ် ဖြစ်နေတတ်ကြပေသည်" စသည်ဖြင့် သူတစ်ပါး သားမယားကို ပြစ်မှားကျူးလွန်ခြင်းမှ တားမြစ်ကြရပေသည်။

(ဃ) "သားငယ်သမီးငယ်တို့ ... သူတစ်ပါး အကျိုးပျက်အောင် လိမ်ညာ၍ မပြောနဲ့၊ လိမ်ညာပြောသောသူတို့သည် နောင်ဘဝများတွင် အပါယ်ငရဲသို့ကျပြီးသည့်အပြင် လူပြန်ဖြစ်သောအခါ စကားပီသစွာပြောလို့ မရဘဲ ဖြစ်နေတတ်ကြပေသည်၊ ခံတွင်းက အပုပ်နံ့များ ထွက်နေတတ်ကြပေသည်၊ ကိုယ်ပြောသည့်စကားကို သူတစ်ပါးတို့ နားမထောင်လိုကြ၊ အပြစ်ကိုသာ မြင်နေတတ်ကြပေသည်၊ နှုတ်လျှာကြမ်းထော် မသင့်လျော်သောစကားတို့ကို ပြောဆိုတတ်သူတို့ ဖြစ်နေတတ်ကြပေသည်" စသည်ဖြင့် လိမ်ပြောခြင်းမှ တားမြစ်ကြရပေသည်။

(င) "သားငယ်သမီးငယ်တို့ ... အရက်သေစာ မသောက်စားနဲ့၊ အရက်သေစာ သောက်စားသူတို့သည် ယခုဘဝ၌ပင် ရရှိထားသော စီးပွားဥစ္စာများ ဆုံးရှုံးရခြင်း၊ ငြင်းခုံခိုက်ရန်ဖြစ်မှု များနေတတ်ခြင်း၊ ရောဂါများကို ဖြစ်စေခြင်း၊ အကျော်အစောမဲ့ ဖြစ်ရခြင်း၊ အရှက်အကြောက်မဲ့သူ ဖြစ်ရခြင်း၊ ဉာဏ်ထိုင်းသူ ဖြစ်ရခြင်းဟူသော မကောင်းကျိုးများကို ခံကြရပေသည်၊ နောင်ဘဝများတွင် အပါယ်ငရဲသို့ကျရောက်ပြီးသည့်အပြင် လူပြန်ဖြစ်လာသောအခါ (ဥမ္မတ္တက)ရူးသွပ်သူများ ဖြစ်နေတတ်ကြပေသည်" စသည်ဖြင့် အရက်သေစာ သောက်စားခြင်းမှ တားမြစ်ကြရပေသည်။

ယင်းကဲ့သို့ မိဘတို့က သားငယ်သမီးငယ်တို့အား အပြစ်တို့ကို ဖော်ပြ၍ မကောင်းမှုတို့မှ တားမြစ်ကြရပေသည်။

၂။ ကောင်းမှု၌ ယှဉ်စေရမည်ဟူသည် -

ကုသိုလ်ကောင်းမှုဖြစ်ကြောင်း ပုညကိရိယဝတ္ထု ၁၀-ပါး ကုသိုလ်တရားတို့၌ ယှဉ်စေရမည်ဟု ဆိုလိုပါသည်။

"သားငယ်သမီးငယ်တို့ ... အလှူဒါနကိုပြုကြရပေသည်၊ အလှူဒါန ရှိသူတို့သည် ယခုဘဝမှစ၍ နောင်ဖြစ်လေရာ ဘဝတိုင်းတို့၌ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ပစ္စည်းဥစ္စာပေါများ၍ ချမ်းသာခြင်း၊ မိမိကိုကူညီမည့် အခြံအရံပရိသတ်ပေါများခြင်း၊ အရာရာ၌ အစိုးရခြင်းဟူသော ကောင်းကျိုးများကို ရရှိနိုင်ကြပေသည်"ဟူ၍ ဒါနကောင်းမှု ပြုလုပ်ရန်အတွက် ညွှန်ပြပေးကြရပေသည်။

"သားငယ်သမီးငယ်တို့ ... သီလကို လုံခြုံအောင် စောင့်ထိန်းသူတို့သည် ပစ္စည်းဥစ္စာရှာဖွေသောအခါ ရလွယ်ခြင်း၊ ကောင်းသော ဂုဏ်သတင်းများဖြင့် ကျော်ကြားခြင်း၊ ပွဲနေပွဲထိုင်သွားရာ၌ မျက်နှာမငယ် ဝမ်းမြောက်ဝမ်းသာ ပရိသတ်ထဲသို့ ဝင်ရောက်နိုင်ခြင်း၊ ကွယ်လွန်ခါနီးတွင် ကောင်းသော အာရုံနိမိတ်များထင်၍ ချမ်းသာစွာ ကွယ်လွန်ရခြင်း၊ နောင်ဘဝများ၌လည်း နတ်ပြည်သို့ရောက်ရခြင်းဟူသော ကောင်းကျိုးများကို ရရှိနိုင်ကြပေသည်"ဟူ၍ သီလကုသိုလ် ဆောက်တည်ရန်အတွက် ညွှန်ပြပေးကြရပေသည်။

"သားငယ်သမီးငယ်တို့ ... သမထဘာဝနာပွားများမှု၊ ဝိပဿနာဘာဝနာပွားများမှုတို့၌ တတ်နိုင်သမျှ စွမ်းနိုင်သမျှ အားထုတ်ကြရပေသည်၊ သမထဘာဝနာပွားများသူတို့သည် ချမ်းသာစွာနေရခြင်း၊ ချမ်းသာစွာနေရသော ဗြဟ္မာပြည်သို့ ရောက်ရခြင်းအကျိုးကို ရရှိနိုင်ပေသည်၊ ဝိပဿနာဘာဝနာ ပွားများအားထုတ်သူတို့သည် ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်

ချမ်းသာသို့ ရောက်ရြောင်းအကျိုးကို ရရှိနိုင်ကြပေသည်"ဟု ဘာဝနာတရား အားထုတ်ရန်အတွက် ညွှန်ပြပေးကြရပေသည်။

ယင်းကဲ့သို့ မိဘတို့က သားငယ်သမီးငယ်တို့အား အကျိုးတို့ကို ဖော်ပြ၍ ကောင်းမှုတို့၌ ယှဉ်စေကြရပေသည်။

၃။ အတတ်ကို သင်စေကြရမည်ဟူသည် -

အတတ်ပညာတို့သည် ၂-မျိုး ရှိကြပေသည်။ အသက်မွေးဝမ်းကျောင်း လောကီအတတ်ပညာနှင့် တရားဓမ္မရရှိကြောင်း လောကုတ္တရာ အတတ်ပညာဟူ၍ ၂-မျိုး ရှိကြပေသည်။ ၂-မျိုးလုံးကိုပင် မိဘတို့က သင်စေကြရမည်ဟု ဆိုလိုပါသည်။

အသက်မွေးဝမ်းကျောင်း လောကီအတတ်ပညာသည် -

(က) အသက်မွေးဝမ်းကျောင်း ဝိဇ္ဇာအတတ်ပညာ၊
(ခ) အသက်မွေးဝမ်းကျောင်း သိပ္ပံအတတ်ပညာဟူ၍ ၂-မျိုး ရှိပေသည်။ ၂-မျိုးလုံးကိုပင် မိဘတို့က သင့်လျော်ရာကို သင်စေကြရပေသည်။

ရှေးခေတ်အခါက နွားတ်ဖြင့် သင်အံ့လေ့လာအပ်သော အတတ်ပညာကို "ဝိဇ္ဇာအတတ်ပညာ"ဟု ဆိုကြပေသည်။ လက်ဖြင့် ပြုလုပ်အပ်သော အတတ်ပညာကို "သိပ္ပံအတတ်ပညာ"ဟု ဆိုကြပေသည်။

ယခုခေတ်အခါ၌ကား သင်ယူလေ့လာအပ်သော စာပေအတတ်ပညာ၊ သမိုင်း၊ ရာဇဝင်၊ ပထဝီ၊ ဥပဒေ၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှုစသော အတတ်ပညာများကို "ဝိဇ္ဇာအတတ်ပညာ"ဟု ဆိုကြပေသည်။ ယင်းဝိဇ္ဇာအတတ်ပညာကိုလည်း မိဘတို့က သင့်လျော်ရာကို သင်စေကြရပေသည်။

စာတွေ့နှင့်လက်တွေ့ ပေါင်းစပ်၍ အကြောင်းမှန် အကျိုးမှန်တို့ဖြင့် သဘောတရားအမှန်တို့ကို ထုတ်ဖော်ပေးရသော ဓာတုဗေဒ၊ ရူပဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ သတ္တဗေဒ၊ အင်ဂျင်နီယာ၊ ဆေးပညာ၊ သခ္ခါစသော အတတ်ပညာတို့ကို "သိပ္ပံအတတ်ပညာ"ဟု ဆိုကြပေသည်။ ယင်းသိပ္ပံအတတ်ပညာကိုလည်း မိဘတို့က သင့်လျော်ရာကို သင်စေကြရပေသည်။

၄။ သင့်လျော်သော အမျိုးသမီး (အမျိုးသား)နှင့် ယှဉ်ပေးကြရမည်ဟူသည် -

ထိမ်းမြားသင့်သော အရွယ်သို့ ရောက်လာသောအခါ အမျိုးအနွယ် အကျင့်သိက္ခာ စသည်များ တူမျှသော အမျိုးသား၊ အမျိုးသမီးများနှင့် ထိမ်းမြားလက်ထပ်ပေးကြရမည်ဟု ဆိုလိုပါသည်။

ယခုခေတ်အခါမှာ မိဘတို့သည် ထိမ်းမြားလက်ထပ်ပေးရမည့် အမျိုးသားငယ်၊ အမျိုးသမီးငယ်တို့ကို ရွေးချယ်ကြရာတွင် မျိုးရိုးတူ၊ ဂုဏ်ရည်တူသူများကို များသောအားဖြင့် ရွေးချယ်လေ့ ရှိကြပေသည်။

မြတ်စွာဘုရား၏ တရားဒေသနာတော်အရ ထိမ်းမြားလက်ထပ်ကြမည့် အမျိုးသားငယ်နှင့် အမျိုးသမီးငယ်တို့သည် တရား ၄-ပါး တူမျှကြရမည် ဖြစ်ပေသည်။

တူမျှကြရမည့် တရား ၄-ပါးမှာ -

(က) **သမသဒ္ဓါ** - ဘုရား၊ တရား၊ သံဃာ၊ ကံ၊ ကံ၏အကျိုးတို့ ၅-မျိုးတို့ကို ယုံကြည်အားကိုးသည့် သဒ္ဓါတရားချင်း တူမျှစေကြရမည်။

(ခ) **သမသီလာ** - သူ့အသက် မသတ်ခြင်း၊ သူ့ဥစ္စာ မခိုးခြင်း၊ သူ့သားမယား သားသမီးများကို မလွန်ကျူးမဖျက်ဆီးခြင်း၊ လိမ်ညာမပြောခြင်း၊ အရက်

သေစာ မသောက်စားခြင်းစသော အကျင့်
သီလချင်း တူမျှစေကြရမည်။

(ဂ) သမစာဂါ = စွန့်ကြဲပေးကမ်း လှူဒါန်းသည့်နေရာတွင်
သဘောထားချင်း တူမျှစေကြရမည်။

(ဃ) သမပညာ = သွားသင့်မှသွား။ နေသင့်မှနေ၊ စားသင့်မှစား။
ပြောသင့်မှပြောစသော အဆင်အခြင် ဉာဏ်
ပညာချင်း တူမျှစေကြရမည်။

ဤတရား ၄-ပါး တူမျှသူ အမျိုးသားငယ်၊ အမျိုးသမီးငယ်များကို ရွေးချယ်၍ ထိမ်းမြားလက်ထပ်ပေးကြရမည် ဖြစ်ပေသည်။

၅။ သင့်လျော်သောအခါ ပစ္စည်းဥစ္စာကို ပေးကြရမည်ဟူသည် -

သားငယ်သမီးငယ်တို့ စီးပွားဥစ္စာ ရှာဖွေသည့်အရွယ်သို့ ရောက်လာသောအခါ ရောင်းဝယ်ခြင်း စသည်တို့၌ အရင်းအနှီး ပြုလုပ်ရန် ပစ္စည်းဥစ္စာများ ပေးကြရမည်ဟု ဆိုလိုပါသည်။

ပါဠိတော်၌ "သမယော = သင့်လျော်သောအခါ"ဟု ဟောကြားတော်မူသဖြင့် အသက်အရွယ် ငယ်သေး၍ ပစ္စည်းဥစ္စာတို့ကို မထိန်းသိမ်းနိုင်၊ တိုးတက်ကြီးပွားအောင် မဆောင်ရွက်နိုင်သေးသောအခါတို့၌ မျှားစွာသော ပစ္စည်းဥစ္စာတို့ကို မပေးသင့်ကြပေ။ ထိန်းသိမ်းနိုင်၍ တိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင်သောအခါတို့၌ ပေးကြရမည် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ မကောင်းမြစ်တား။ ကောင်းရာညွှန်လတ်၊
အတတ်သင်စေ၊ ပေးဝေနိုးရင်း။ ထိမ်းမြားခြင်းလျှင်၊
ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

မွေးနေ့ရောက်လာ ကုသလာ မှန်စွာပြုကြသည်

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့၏ မွေးနေ့သို့ ရောက်လာသော အခါ သာသနာနှင့်စပ်သော ကောင်းမှုကုသိုလ် တစ်ခုခုကို ပြုကြပေသည်။ ဘုရား၌ သက်စေ့ ဆီမီး၊ ပန်း၊ ရေချမ်းများ လှူဒါန်းကြခြင်း၊ သက်စေ့ ဆွမ်း တော်တင်၍ လှူဒါန်းကြခြင်း စသည်ဖြင့် မိမိတို့၏ မွေးနေ့များ၌ ကောင်းမှု အထူးများကို ပြုလုပ်ကြပေသည်။ ဘာကြောင့် ပြုလုပ်ကြပါသနည်းဆိုလျှင် ပါဠိလို "သဒ္ဓါတရား"ရှိလို့၊ မြန်မာလို "ယုံကြည်"လို့ ပြုလုပ်ကြခြင်းပင် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မွေးနေ့နှင့်စပ်၍ ယုံကြည်ခြင်း ၄-မျိုး ရှိနေကြပေသည်။

(၁) အတိတ်ဘဝများကိုလည်း ယုံကြည်ခြင်း။
(၂) အတိတ်ဘဝများက ကုသိုလ်ကံများကိုလည်း ယုံကြည်ခြင်း။
(၃) အနာဂတ်ဘဝများကိုလည်း ယုံကြည်ခြင်း။
(၄) ယခုပစ္စုပ္ပန်ဘဝ ကုသိုလ်ကံများကိုလည်း ယုံကြည်ခြင်းဟူ၍ ၄-မျိုး ရှိနေကြပေသည်။

(၁) အတိတ်ဘဝများကိုလည်း ယုံကြည်ခြင်းဟူသည် -

ပုဂ္ဂိုလ်သတ္တဝါတို့၏ ဘဝသည် အစရှာ၍မရအောင် ကြာညောင်းခဲ့ပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အနမတဂ္ဂသုတ္တန် ဒေသနာတော်အရ မိမိတို့ အတိတ်ကာလက ဘဝပေါင်းများစွာ ဖြစ်ခဲ့ရသည်ဟု အတိတ်ဘဝများကိုလည်း ယုံကြည်လျက် ရှိကြပေသည်ဟု ဆိုလိုပါသည်။

ဥစ္ဆေဒဒိဋ္ဌိ အယူရှိကြသောပုဂ္ဂိုလ်တို့သည် လူဆိုတာ တစ်ဘဝပဲ ရှိသည်၊ နောင်ဘဝမရှိ၊ နိဗ္ဗာန်ဆိုတာလည်းမရှိဟု ယူဆကြပေသည်။ ထို ဥစ္ဆေဒဒိဋ္ဌိ အယူရှိကြသောပုဂ္ဂိုလ်တို့သည် အတိတ်က ဘဝပေါင်းများစွာ ဖြစ်ခဲ့ရသည်ကို မယုံကြည်၍ သံဝေဂဉာဏ်များ မဖြစ်ကြပေ၊ ကုသိုလ်တရားများ ဖြစ်တာနည်းကြပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဥစ္ဆေဒဒိဋ္ဌိ အယူရှိသောပုဂ္ဂိုလ်တို့ကဲ့သို့ မဟုတ်ပါဘဲ အတိတ်က ဘဝပေါင်းများစွာ ဖြစ်ခဲ့ကြပေသည်ဟု ယုံကြည်လျက် ရှိကြပေသည်။ အတိတ်က ဖြစ်ခဲ့ရသည့် ဘဝပေါင်းများစွာတို့၌ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းစသော သံသရာဆင်းရဲဒုက္ခများကို ဆင်ခြင်ရ၍ သံဝေဂဉာဏ်များ ဖြစ်ကြပြီးလျှင် ကုသိုလ်တရားများ တိုးပွားရရှိနိုင်ကြပေသည်။

(၂) အတိတ်ဘဝများက ကုသိုလ်ကံများကိုလည်း ယုံကြည်ခြင်းဟူသည် -

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ယခုပစ္စုပ္ပန်ဘဝမှာ ကောင်းမြတ်သော လူဘဝ၌ ဖြစ်လာရခြင်း၊ မိကောင်းဖကောင်း ဆရာသမားကောင်းများနှင့် လာတွေ့ရခြင်းသည် အတိတ်ဘဝများက ကုသိုလ်ကံများကို ပြုခဲ့ကြ၍၊ ကုသိုလ်ကံများ ရှိခဲ့ကြ၍ ကောင်းမြတ်သည့် လူဘဝမှာ လာဖြစ်ရသည်ဟု အတိတ်ဘဝများက ကုသိုလ်ကံများကိုလည်း ယုံကြည်လျက် ရှိကြပေသည်ဟု ဆိုလိုပါသည်။

ဥစ္ဆေဒဒိဋ္ဌိ အယူရှိသောပုဂ္ဂိုလ်တို့သည် အတိတ်ဘဝများမရှိဟု ယူဆ၍ အတိတ်ဘဝများကပြုခဲ့သော ကုသိုလ်ကံများလည်းမရှိဟု ယူဆကြပေသည်။ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ထိုဥစ္ဆေဒဒိဋ္ဌိ အယူရှိသော ပုဂ္ဂိုလ်များကဲ့သို့ မဟုတ်ပါဘဲ "**ပုဗ္ဗေစ ကတပုညတာ** = မိမိတို့မှာ ရှေးဘဝများက ကောင်းမှုကုသိုလ်ကံများ ရှိခဲ့ဖူးသည်"ဟု ယုံကြည်လျက် ရှိကြပေသည်။ ယုံကြည်၍လည်း ကုသိုလ်တရားတို့ကို ဆက်လက် ဆည်းပူးနိုင်ကြပေသည်။

(၃) အနာဂတ်ဘဝများကိုလည်း ယုံကြည်ခြင်းဟူသည် -

ယခုပစ္စုပ္ပန်ဘဝမှာ ရဟန္တာဖြစ်သည်အထိ ဘဝကုန်အောင် မကျင့်နိုင်သေးလျှင် နောင်အနာဂတ်ကာလမှာ ဘဝပေါင်းများစွာ ဖြစ်ရဦးမည်ဟု အနာဂတ်ဘဝများကိုလည်း ယုံကြည်လျက် ရှိကြပေသည်ဟု ဆိုလိုပါသည်။

ဥစ္ဆေဒဒိဋ္ဌိ အယူရှိသောပုဂ္ဂိုလ်တို့သည် နောင်ဖြစ်ရမည့် အနာဂတ်ဘဝများမရှိဟု ယူဆကြပေသည်။ နိဗ္ဗာန်ချမ်းသာလည်းမရှိဟု ယူဆကြပေသည်။ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဥစ္ဆေဒဒိဋ္ဌိ အယူရှိသောပုဂ္ဂိုလ်တို့ကဲ့သို့ မဟုတ်ပါဘဲ ရဟန္တာဖြစ်သည့်အထိ မကျင့်နိုင်သေးလျှင် အနာဂတ်ဘဝများ ရှိသေးသည်ဟု ယုံကြည်ကြပေသည်။ နိဗ္ဗာန်ချမ်းသာရှိသည်ဟုလည်း ယုံကြည်ကြပေသည်။ ယုံကြည်၍လည်း ကုသိုလ်တရားများကို ဆက်လက် ဆည်းပူးကြပေသည်။

(၄) ယခုပစ္စုပ္ပန်ဘဝ၌ ကုသိုလ်ကံများကို ယုံကြည်ခြင်းဟူသည်-

နောင်အနာဂတ်ဘဝများ၌ ဖြစ်ရသည့်အခါမှာ ယခုပစ္စုပ္ပန်ဘဝက ကုသိုလ်ကံများရှိမှသာ ကောင်းမြတ်ရာ ကောင်းမြတ်ရာ ဘုံဘဝများသို့ ရောက်ရှိသွားနိုင်ကြပေမည်၊ အကောင်းအမြတ်ဆုံးဖြစ်သည့် နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားနိုင်ကြမည်ဟု ပစ္စုပ္ပန်ကုသိုလ်ကံများကို ယုံကြည်လျက် ရှိကြပေသည်။

ဥစ္ဆေဒဒိဋ္ဌိ အယူရှိသောပုဂ္ဂိုလ်တို့သည် အနာဂတ်ဘဝမရှိဟု ယူဆသောကြောင့် အနာဂတ်ဘဝများအတွက် ကောင်းမှုကုသိုလ်ကံများကို မပြုလုပ်ကြတော့ပေ။ နိဗ္ဗာန်ချမ်းသာမရှိဟု ယူဆသောကြောင့် နိဗ္ဗာန်ချမ်းသာသို့ရောက်ကြောင်း အကျင့်ကောင်းအကျင့်မြတ်တို့ကိုလည်း မကျင့်ကြံကြတော့ပေ။ ကောင်းမှုကုသိုလ်ကံလည်းမပြု၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းအကျင့်မြတ်လည်း မကျင့်ကြသော ဥစ္ဆေဒဒိဋ္ဌိ အယူရှိသည့်ပုဂ္ဂိုလ်တို့၏သန္တာန်၌ ကုသိုလ်ဖြစ်တာ အလွန်နည်းပါး၍ အကုသိုလ်ဖြစ်တာကပင် များကြပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဥစ္ဆေဒဒိဋ္ဌိ အယူရှိသောပုဂ္ဂိုလ်တို့ကဲ့သို့ မဟုတ်ပါဘဲ အနာဂတ်ဘဝများရှိသည်ဟု ယုံကြည်ကြသောကြောင့် နောင်အနာဂတ်မှာ ကောင်းမြတ်ရာ ကောင်းမြတ်ရာ ဘုံဘဝများသို့ ရောက်သွားဖို့ရာ ယခုပစ္စုပ္ပန်ဘဝ၌ ကောင်းမှုကုသိုလ်ကံများကို စွမ်းနိုင်သမျှ ပြုလုပ်နေကြရပေသည်၊ နိဗ္ဗာန်ချမ်းသာရှိသည်ဟု ယုံကြည်ကြသောကြောင့် နိဗ္ဗာန်ချမ်းသာသို့ရောက်ကြောင်း အကျင့်ကောင်းအကျင့်မြတ်တို့ကိုလည်း ကျင့်နေကြရပေသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အတိတ်ကဖြစ်ခဲ့ရသည့် ဘဝများကိုလည်း ယုံကြည်၊ အတိတ်ဘဝများက ကုသိုလ်ကံများ ရှိခဲ့ကြသည်ကိုလည်း ယုံကြည်၊ အနာဂတ်ဘဝများအတွက် ယခုပစ္စုပ္ပန်ဘဝ၌ ကုသိုလ်ကံများကို ပြုလုပ်ရမည်ကိုလည်း ယုံကြည်ကြသည်ဖြစ်သောကြောင့် မိမိတို့ မွေးနေ့သို့ ရောက်လာသောအခါ သာသနာနှင့်စပ်သော ကောင်းမှုကုသိုလ်များကို ပြုလုပ်နေကြရခြင်းပင် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့၏ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဘဝများကို ဆင်ခြင်ကြည့်ပါလျှင် ဝမ်းမြောက်ဖွယ် ကောင်းလှပါပေသည်။

ရှေးအတိတ်ဘဝများက ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ကြလို့၊ ယခုပစ္စုပ္ပန်မှာ ကောင်းမြတ်သော လူ့ဘဝသို့ ရောက်ရှိလာကြပြီး ကောင်းမှုကုသိုလ်များကို ဆက်ကာဆက်ကာ ပြုလုပ်နိုင်ကြပေသည်။ ယခုပစ္စုပ္ပန်ဘဝမှာ ကောင်းမှုကုသိုလ်များကို ပြုလုပ်နိုင်ကြသဖြင့် နောင်အနာဂတ်မှာ ကောင်းမြတ်ရာ ကောင်းမြတ်ရာ ဘုံဘဝများသို့ ရောက်သွားဖို့ရာ ဖြစ်ကြပေသည်။ အကောင်းမြတ်ဆုံးဖြစ်သည့် နိဗ္ဗာန်ချမ်းသာသို့ ရောက်ဖို့ရာလည်း ဖြစ်ကြပေသည်ဟု ဝမ်းမြောက်ဖွယ် ကောင်းလုပါပေသည်။

ဆောင်ပုဒ်။ ။ ရှေးကကောင်းလို့၊ ခုကောင်းပါသည်၊
ခုကောင်းရင်၊ နောင်ကောင်းပါလိမ့်မည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ထိုအပြင် သိမ်နှင့်စပ်၍ သိကောင်းစရာများမှာ -

သိမ်များကို မြေပြင်ပေါ်မှာသာ သမုတ်ကောင်းသည် မဟုတ်ပေ။ မြေပြင်မဟုတ်သည့် ဝိဇ္ဇိပါသာဏ = ကျောက်ကုန်း၊ ကုဋိဂေဟာ = ကုဋိကျောင်းငယ်၊ လေဏ = လိုဏ်ဂူ၊ ပါသာဒ = ပြာသာဒ်၊ ပဗ္ဗတ မတ္တက = တောင်ထိပ်တို့၌လည်း သမုတ်ကောင်းသည်ဟု ဝိနည်းမဟာဝါ အဋ္ဌကထာ၌ ဖွင့်ပြထားပေသည်။

ယခုခေတ်အခါတွင် ဝိနည်းအရာမှာ တတ်သိကျွမ်းကျင်ကြသော ဆရာတော်ကြီးတို့သည် ကျောင်းများ၏အပေါ်ထပ်၌ သိမ်ကိုသမုတ်၍ ကံကြီး ကံငယ်တို့ကို ဆောင်ရွက်လျက် ရှိကြပေသည်။ ထိုသိမ်ကို ပါသာဒသိမ် ဟု ခေါ်ကြပေသည်။ ထိုသိမ်အတွက် အမိုးအကာ ထပ်မံပြုလုပ်ရခြင်း စသည့် ပြုဖွယ်ကိစ္စများလည်း နည်းပါး၍ ကံကြီးကံငယ်တို့ကိုလည်း ချမ်းသာ လွယ်ကူစွာ ပြုလုပ်နိုင်၊ ဆောင်ရွက်နိုင်ကြသောကြောင့် ကောင်းမြတ်လှပါ ပေသည်။ ပါသာဒသိမ်များကို (တပည့်အဆက်ဆက်တို့လည်း) သမုတ်သင့် ကြပေသည်။

ပါသာဒသိမ်ကို မသမုတ်မီ သမုတ်မည့်နေရာကြမ်းခင်းကို ရှေးဦး စွာ သိမ်နှတ်ကြရမည် ဖြစ်ပေသည်။ သိမ်သမုတ်မည့်ကြမ်းခင်း၌ ရှေးက သိမ်ဟောင်းများ မရှိပါသော်လည်း ကျောင်းဆောက်ထားသည့် မြေ၌ကား သိမ်ဟောင်းများ ရှိချင် ရှိနိုင်ပေသည်။ သို့ဖြစ်၍ မိမိတို့ သိမ်သမုတ်မည့် ကြမ်းခင်း၌ ၃-ပေပတ်လည်ခန့် အကွက်များကို မြေဖြူဖြင့် ရေးခွဲကာ အကွက်များ ချရပါသည်။ ထိုအကွက်များ၌ ၄-ပါးထက် မနည်းသော ရဟန်းတော်တို့သည် ၁-ကွက်လျှင် ၁-ပါးကျနေ၍ ကမ္မဝါဖြင့် သိမ်နှတ် ကြရပေသည်။ သိမ်သမုတ်မည့် ကြမ်းပြင်အားလုံး စပ်မိအောင် သိမ်နှတ် ကြရမည် ဖြစ်ပေသည်။

ပါသာဒသိမ်ဟူသည် နှစ်ထပ်ကျောင်း၊ သုံးထပ်ကျောင်း စသည် တို့၌ အပေါ်ထပ်များတွင် သမုတ်အပ်သော သိမ်မျိုးပင် ဖြစ်ပေသည်။

ပါသာဒသိမ်အကြောင်း သိကောင်းစရာ

မြတ်စွာဘုရား သာသနာတော်၌ သိမ်သည် မရှိလျှင်မဖြစ် အသုံးအကျခုံး၊ အလေးပြုအပ်ဆုံးဖြစ်သည့် သိဖွယ်ကောင်းသော အရာတစ်ခုပင် ဖြစ်ပေသည်။ ဘုန်းတော်ကြီးကျောင်းတိုင်း ကျောင်းတိုင်းတို့၌ သိမ်ရှိကြရပေသည်။ သိမ်ရှိမှသာ ရဟန်းခံခြင်း = ဥပသမ္ပဒကံ၊ ဥပုသ်ပြုခြင်း = ဥပေါသထကံစသော ဝိနည်းကံအမျိုးမျိုးတို့ကို ပြုလုပ်နိုင်ကြပေသည်။

ဝိနည်းတော်အရာတွင် သိမ်နှင့်စပ်၍ သိကောင်းစရာများမှာ များပြားလှပေသည်။ သိမ်သည် ဂါမသိမ် = ရွာအပိုင်းအခြားသိမ်။ အရညသိမ် = တောအပိုင်းအခြားသိမ်။ နဒီသိမ် = မြစ်အပိုင်းအခြားသိမ်။ သမုဒ္ဒသိမ် = သမုဒ္ဒရာအပိုင်းအခြားသိမ်။ ဇာတသရသိမ် = ရေအိုင်အပိုင်းအခြားသိမ်။ ဗဒ္ဓသိမ် = ကမ္မဝါဖြင့် သမုတ်အပ်သောသိမ်။ အဗဒ္ဓသိမ် = ကမ္မဝါဖြင့် မသမုတ်အပ်သောသိမ်။ သိမ်အချင်းချင်း စပ်ကောင်းသောသိမ်၊ သိမ်အချင်းချင်း မစပ်ကောင်းသောသိမ် စသည်ဖြင့် သိကောင်းစရာများမှာ များပြားလှပေသည်။

ထို့ကြောင့် ရေးဆရာတော်ကြီးများက -
"သဒ္ဓါမှာလိုင်၊ ဝိနည်းမှာသိမ်" ဟု ဆိုရိုးပြုကြပေသည်။

ယင်းအပေါ်ထပ်များ၌ သမုတ်သောအခါ ကျောင်းတိုင်၊ နံရံများကို သိမ်၏ အပိုင်းအခြားနိမိတ် အမှတ်အသားပြု၍ မသမုတ်အပ်ပေ။ တိုက်နံရံ၏ အတွင်း၌ ကျောက်တိုင်နိမိတ် အမှတ်အသား စသည်များကို ထား၍သမုတ်ကြရပေသည်။

ထိုပါသာဒသိမ်ကို သမုတ်သောအခါ အောက်ထပ်သို့ပါ သိမ်မကူးစက်သွားဖို့ရာ အထူးသတိပြုကြရပေသည်။ အပေါ်ထပ်နှင့် ဆက်စပ်၍ တည်နေသော အောက်ထပ်နံရံများ မရှိသည့်နေရာကို ရွှေ့ချယ်၍ သမုတ်ကြရပါသည်။ အကယ်၍ အောက်ထပ်မှ အခန်းဖွဲ့၍ ကာရံထားသော နံရံများသည် အပေါ်ထပ် ကြမ်းခင်းများနှင့် ဆက်စပ်၍ တည်နေခဲ့သော် အပေါ်ထပ်မှ သိမ်သမုတ်လိုက်သောအခါ အောက်ထပ်သို့ပါ သိမ်ကူးစက်၍ တည်သွားပေသည်။

ဤကဲ့သို့ အောက်ထပ်သို့ သိမ်ကူးစက်၍ တည်သွားသည်ဟုဆိုရာ၌ အောက်ထပ်မှ နံရံကာထားသော အခန်းသည် ရဟန်း၂၁-ပါး နေနိုင်လောက်သည့် အခန်းဖြစ်မှသာ အပေါ်ထပ်က သမုတ်လိုက်သော သိမ်သည် အောက်ထပ်သို့ပါ ကူးစက်၍ တည်လာနိုင်ပေသည်။ အောက်ထပ်မှ အပေါ်ထပ်သို့ ထိအောင် နံရံကာထားသော အခန်းသည် ရဟန်း၂၁-ပါး မနေနိုင်လောက်သည့် အခန်းဖြစ်ပါမူ အပေါ်ထပ်က သမုတ်လိုက်သော သိမ်သည် အောက်ထပ်သို့ မကူးစက်လာနိုင်ပေ။ အပေါ်ထပ်၌ပင် တည်ရှိနေပေသည်။

အောက်ထပ်မှ အပေါ်ထပ်သို့ ထိအောင် နံရံကာထားသော ရဟန်း၂၁-ပါး နေလောက်သည့် အခန်းသည် နံရံ ၃-ဖက်၊ ၂-ဖက်မျှသာ ကာရံထားခဲ့သော် အပေါ်ထပ်က သမုတ်လိုက်သော သိမ်သည် အောက်ထပ်သို့ ကူးစက်၍ မတည်လာနိုင်ပေ။ အပေါ်ထပ်တွင်သာ တည်နေပေသည်။ အောက်ထပ်မှ အပေါ်ထပ်ထိအောင် ကာရံထားသော နံရံသည် ၄-ခုရှိမှသာ အပေါ်ထပ်က သမုတ်လိုက်သော သိမ်သည် အောက်ထပ်သို့ ကူးစက်၍ တည်နိုင်ပေသည်။

ဤကဲ့သို့ ပါသာဒသိမ်ကို သမုတ်ကြရာ၌ အပေါ်ထပ်မှ သမုတ်လိုက်သော သိမ်သည် အောက်ထပ်သို့ မကူးစက်လာရအောင် ဝိနည်း၊ အဋ္ဌကထာ၊ ဋီကာများနှင့် လျော်ညီစွာ သမုတ်ကြရပါသည်။

သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်

၁၃၅၆-ခုနှစ် သြဝါဒကထာ

သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စအဖွဲ့ စတင်ဖွဲ့စည်းခဲ့သော ၁၃၄၂-ခုနှစ်၊ ပြာသိုလဆန်း ၁၃-ရက် (၁၈-၁-၈၁)နစ်မှစ၍ ယခုနှစ်တိုင်အောင် နှစ်ပတ်လည် အစည်းအဝေးများ၌ နှစ်စဉ်နှစ်တိုင်း သြဝါဒတရားများကို ဟောကြားခဲ့ပါသည်။ ယခုနှစ်လည်း သြဝါဒတရားကို အတိုချုပ် ဟောကြားပါမည်။

သဒ္ဓမ္မရံသီရိပ်သာသည် ၁-နှစ်ထက် ၁-နှစ် တိုးတက်၍ လာခဲ့ပေသည်။ တရားလာအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်များလည်း ၁-နှစ်ထက် ၁-နှစ် တိုးတက်၍ လာခဲ့ကြပေသည်။ သဒ္ဓမ္မရံသီရိပ်သာသို့ လာရောက်၍ လှူဒါန်းကြသည့် အလှူရှင်များမှာလည်း ၁-နှစ်ထက် ၁-နှစ် တိုးတက်၍ လာခဲ့ကြပေသည်။ ယောဂီဆောင် ကျောင်းအဆောက်အအုံများလည်း ၁-နှစ်ထက် ၁-နှစ် တိုးတက်၍ လာခဲ့ကြပေသည်။ ဤကဲ့သို့ တိုးတက်လာခြင်းသည် အကြောင်း၂-ပါးနှင့် ပြည့်စုံခဲ့ကြ၍ တိုးတက်လာခြင်း ဖြစ်ပေသည်။

တိုးတက်လာခြင်း၏ အကြောင်း၂-ပါးမှာ -

(၁) ဆောင်ရွက်ခဲ့သည့် အလုပ်က မှန်ကန်ခြင်း။

(၂) ဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်တို့၏ ညီညွတ်ခြင်းဟူသော ဤ အကြောင်း၂-ပါးနှင့် ပြည့်စုံခဲ့ကြ၍ တိုးတက်လာခဲ့ခြင်း ဖြစ်ပေသည်။

မည်သည့်ကျောင်းတိုက်၊ မည်သည့်ရိပ်သာ၊ မည်သည့်ဌာန၊ မည်သည့်အဖွဲ့အစည်းပင်ဖြစ်စေ ဆောင်ရွက်သည့် အလုပ်ကလည်း မှန်ကန်ခြင်း၊ ဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များလည်း ညီညွတ်ခြင်း ဤအကြောင်း ၂-ပါးနှင့် ပြည့်စုံကြပါလျှင် တိုးတက်လာကြမည်သာ ဖြစ်ပေသည်။ ဤအကြောင်း ၂-ပါးတို့တွင် ၁-ပါးပါးသော်လည်းကောင်း၊ ၂-ပါးလုံးပင်သော်လည်းကောင်း မပြည့်စုံခဲ့လျှင် မတိုးတက်ဘဲ ဆုတ်ယုတ်သွားကြမည်သာ ဖြစ်ပေသည်။

(၁) အလုပ်မှန်ကန်ခြင်း

သဒ္ဓမ္မရံသီရိပ်သာ၌ တရားဟောတရားပြ ဆရာတော်များကလည်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြသော ရှုနည်းမှတ်နည်းတို့ဖြင့် တရားမတွေ့သေးသည့် ယောဂီများ တရားတွေ့သွားရအောင်၊ တရားမတက်သေးသည့် ယောဂီများ တရားတက်သွားရအောင်၊ တရားရထိုက်သည့် ယောဂီများ တရားရသွားရအောင် နည်းမှန်လမ်းမှန် ရှုမှတ်ပုံ ရှုမှတ်နည်းတို့ကို ဟောကြားပြသပေးခဲ့ခြင်းဟူသော အလုပ်ကလည်း မှန်ကန်ခဲ့ကြပေသည်။

ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့ကလည်း သဒ္ဓမ္မရံသီရိပ်သာသို့ လာရောက်၍ တရားအားထုတ်ကြသော ယောဂီများ စိတ်ချမ်းသာကိုယ်ချမ်းသာနှင့် ဝိပဿနာတရား အားထုတ်နိုင်ရန်အတွက် သင့်လျော်သော ကျောင်းဆောင်၊ ကျောင်းခန်းများကို စီမံပေးခြင်း၊ နေရာချထားပေးခြင်း၊ သင့်လျော်သော ဆွမ်းခဲဖွယ် ဘောဇဉ်များကို စီမံ၍ ပြုစုကျွေးမွေးခြင်း၊ ရေနှင့်မီးများကိုလည်း ပြည့်ပြည့်စုံစုံရှိအောင် ဆောင်ရွက်စီမံပေးခြင်းဟူသော အလုပ်ကလည်း မှန်ကန်ခဲ့ကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် သဒ္ဓမ္မရံသီရိပ်သာသို့ လာရောက်၍ အလှူဒါနပြုကြသော အလှူရှင်များ လှူလိုရာ သက်နှံ၊ ဆွမ်း၊ ကျောင်းအဆောက်အအုံနှင့် ဆေးပစ္စည်းများကို

သင့်လျော်စွာ လှူဒါန်းနိုင်ဖို့ရာ စီမံဆောင်ရွက်ပေးခြင်း၊ ငွေစာရင်းများကို မှန်ကန်စွာ အချိန်မီ ရှင်းလင်းပေးနိုင်ခြင်း၊ ဝင်ငွေ ထွက်ငွေများ၏ စာရင်း ဇယားကို မှန်ကန်စွာ ထားရှိနိုင်ခြင်းဟူသော အလုပ်ကလည်း မှန်ကန်ခဲ့ ကြပေသည်။

ဤကဲ့သို့ ဆရာတော်၊ သံဃာတော်များကလည်း မှန်ကန်သော တရားမျှမျှားကို ဟောပြောပြသပေးခြင်းနှင့် ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သား များကလည်း ယောဂီများနှင့် အလှူရှင်များအတွက် အဖက်ဖက်က ပြည့် စုံအောင် ဆောင်ရွက်ပေးခြင်းဟူသော အလုပ်ကလည်း မှန်ကန်သော ကြောင့် သဒ္ဓမ္မရံသီရိပ်သာ ၁-နှစ်ထက် ၁-နှစ် တိုးတက်လာရခြင်း ဖြစ်ပေ သည်။

(၂) ညီညွတ်ခြင်း

သဒ္ဓမ္မရံသီရိပ်သာ၌ ဆရာတော်များနှင့် ဒကာ၊ ဒကာမများတို့သည် ညီညွတ်ခြင်းကို အဓိကထား၍ ဆောင်ရွက်ခဲ့ကြပေသည်။ မညီမညွတ်ဖြစ် မှု၊ စိတ်ဝမ်းကွဲမှုများကို ဘယ်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ ပြောဆိုချက်၊ ဆောင်ရွက်ချက်များကိုမှ မလိုလားကြပေ။ လက်မခံခဲ့ကြပေ။ ဆရာတော် ကိုယ်တိုင် ညီညွတ်ရေးတရားတို့ကို မကြာခဏ ဟောကြားလေ့ရှိပေသည်။ နှစ်ပတ်လည် အစည်းအဝေးတိုင်းမှာလိုလိုပင် ညီညွတ်ရေးတရားများကို ဟောကြားခဲ့ပါသည်။ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားများကလည်း လိုက်နာ ခဲ့ကြ၍ ယနေ့တိုင်အောင် ညီညွတ်လျက် ရှိကြပေသည်။

ဤကဲ့သို့ သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်များနှင့် ဒကာ၊ ဒကာမ များတို့သည် အချင်းချင်း ညီညွတ်ခဲ့ခြင်းဟူသော အကြောင်းကြောင့်လည်း သဒ္ဓမ္မရံသီရိပ်သာ ၁-နှစ်ထက် ၁-နှစ် တိုးတက်လာရခြင်း ဖြစ်ပေသည်။

နောင်များလည်း အရှည်သဖြင့် ညီညွတ်မှုများ ရရှိနေရအောင် ယခု နှစ် နှစ်ပတ်လည် အစည်းအဝေး၌လည်း ညီညွတ်ကြောင်းတရားတို့ကို ဟောကြားပါဦးမည်။

သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားများနှင့် ယောဂီ ဒကာ၊ ဒကာမများတို့သည် အရည်သဖြင့် အမြဲတမ်းညီညွတ်နေဖို့ရာ သင်္ဃာ သုတ္တန်လာ ချီးမြှောက်ထောက်ပံ့ခြင်းတရား ၄-ပါးနှင့် ပြည့်စုံကြရမည် ဖြစ်ပေသည်။

ညီညွတ်ခြင်း၏အကြောင်း ချီးမြှောက်ထောက်ပံ့ခြင်းတရား ၄-ပါး မှာ -

၁။ ဒါန = ပေးကမ်းလှူဒါန်းခြင်း။
၂။ ပေယျဝဇ္ဇ = ချစ်ခင်ဖွယ်ရာ ပြောဆိုခြင်း။
၃။ အတ္ထာစရိယ = အကျိုးစီးပွားကိုကျင့်ခြင်း။
၄။ သမာနတ္တတာ = ကိုယ်နှင့်ထပ်တူပြုခြင်းဟူသော ၄-ပါးတို့ ဖြစ်ကြပေသည်။

၁။ ဒါန = ပေးကမ်းလှူဒါန်းခြင်းဟူသည် -

သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် တစ်ဦးကိုတစ်ဦး ပေးကမ်းလှူဒါန်းကြရမည် ဖြစ်ပေသည်။ ပေးကမ်းလှူဒါန်းခြင်းသည် ပေးလှူသူနှင့် ခံယူသူနှစ်ဦးစလုံးတို့ကို စိတ်ကြည်နူးမှု၊ စိတ်ချမ်းသာမှုတို့ကို ရရှိစေနိုင်ပေသည်။ ထို့ကြောင့် သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် အချင်းချင်း နည်းများမဟူ ပေးကမ်းလှူဒါန်းကြရမည်ဟု ဆိုလိုပါသည်။

၂။ ပေယျဝဇ္ဇ = ချစ်ခင်ဖွယ်ရာ ပြောဆိုခြင်းဟူသည် -

သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် တစ်ဦးကိုတစ်ဦး ချစ်ခင်ဖွယ်ရာ ချိုသာသောစကားတို့ဖြင့် ပြောဆိုကြရမည် ဖြစ်ပေသည်။ ချစ်ခင်ဖွယ်ရာ ချိုသာသောစကားတို့ကို ပြောဆိုခြင်းသည် ပြောဆိုသူနှင့် ကြားရသူ နှစ်ဦးလုံးတို့၏ စိတ်ကြည်နူးမှု၊ စိတ်ချမ်းသာမှုတို့ကို ရရှိစေနိုင်ပေသည်။ ထို့ကြောင့် သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စ အဖွဲ့သူ

အဖွဲ့သားတို့သည် ချစ်ခင်ဖွယ်ရာ ချီသာသောစကားတို့ဖြင့် အချင်းချင်း ပြောဆိုကြရမည်ဟု ဆိုလိုပါသည်။

၃။ အတ္ထာစရိယ - အကျိုးစီးပွားကိုကျင့်ခြင်းဟူသည် -

သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် တစ်ဦး၏ အကျိုးစီးပွားကို တစ်ဦးက ဆောင်ရွက်ပေးကြရမည် ဖြစ်ပေသည်။ တစ်ဦး၏ အကျိုးစီးပွားကို တစ်ဦး ဆောင်ရွက်ပေးနေကြသော ပုဂ္ဂိုလ်တို့သည် တစ်ဦးနှင့်တစ်ဦး အကျိုးစီးပွားတို့ကို လိုလားနေကြသည်ဖြစ်၍ ချစ်ခင်ရင်းနှီးမှုများကို အမြဲတမ်း ရရှိနိုင်ကြပေသည်။ ထို့ကြောင့် သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် တစ်ဦးနှင့်တစ်ဦး အကျိုးစီးပွားရှိအောင် ဆောင်ရွက်ပေးကြရမည်၊ ကျင့်ကြံရမည်ဟု ဆိုလိုပါသည်။

၄။ သမာနတ္တတာ - ကိုယ်နှင့်ထပ်တူပြုခြင်းဟူသည် -

သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် သွားအတူ၊ လာအတူ၊ ချမ်းသာအတူ၊ ဆင်းရဲအတူ ပြုလုပ်ကာ နေထိုင်ကြရမည် ဖြစ်ပေသည်။ ချမ်းသာအတူ၊ ဆင်းရဲအတူ ပြုလုပ်နေထိုင်ကြသူတို့သည် မေတ္တာ၊ ကရုဏာတို့ဖြင့် ပြုလုပ်နေထိုင်ကြရသည်ဖြစ်၍ နှစ်ဦးလုံး ကိုယ်ချမ်းသာစိတ်ချမ်းသာ ဖြစ်ကြရပေသည်။ ထို့ကြောင့် သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် ချမ်းသာအတူ၊ ဆင်းရဲအတူ ပြုလုပ်ကြရမည်၊ နေထိုင်ကြရမည်ဟု ဆိုလိုပါသည်။

ဆောင်ပုဒ်။ ။ ပေးလှူခြင်းနှင့်၊ ပြောခြင်းချီသာ၊
ကျိုးရှိရာကျင့်၊ ကိုယ်နှင့်တူထား။
ဤလေးပါး၊ ပြုကြားချီးမြှောက်မည်။

ဤကဲ့သို့ သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားများနှင့် သဒ္ဓမ္မရံသီရိပ်သာ ယောဂီ ဒကာ၊ ဒကာမများတို့သည် -

 ်ိုးမ

(၁) အလုပ်မှန်ကန်ခြင်း။

(၂) ညီညွတ်ခြင်းဟူသော တိုးတက်ခြင်း အကြောင်းတရား ၂-ပါး တို့ကို နာကြားကြရသဖြင့် နာကြားရသောအတိုင်း လိုက်နာ ကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့ အလိုရှိ အပ် တောင့်တအပ်သော တရားထူးတရားမြတ်တို့ကို၊ ဒုက္ခ ခပ်သိမ်း အေးငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူ သောအကျင့်ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ပုဂ္ဂလိကကျောင်း သိကောင်းစရာ

မြန်မာပြည်သူပြည်သား ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် သာသနာတော်ကြီးကို အလွန်ပင် ကြည်ညိုမြတ်နိုးကြပေသည်။ မိမိတို့ (ဓမ္မိယလဒ္ဓ) တရားသဖြင့် ရာဖွေ၍ ရရှိလာသော ပစ္စည်းဥစ္စာများကို မျှတစွာ သုံးစွဲလေ့ရှိကြပေသည်။ ပိုလျှံသော ပစ္စည်းဥစ္စာများကို သာသနာအတွက် လှူဒါန်းတာ များကြပေသည်။ သာသနာအတွက် လှူဒါန်းဖို့ရာ ရည်ရွယ်ချက်ထားသည့်ပုဂ္ဂိုလ်တို့ များကြပေသည်။

သာသနာအတွက် လှူဒါန်းကြရသည့် ပစ္စည်းတို့သည် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဟူ၍ ၄-မျိုး ရှိကြပေသည်။ ၄-မျိုးလုံးကိုပင် မိမိတို့ တတ်နိုင်သမျှ လှူဒါန်းလျက် ရှိကြပေသည်။ လှူဒါန်းကြသည့်အခါ **သံဃိက** = သံဃာအများပိုင်၊ **ပုဂ္ဂလိက** = ပုဂ္ဂိုလ်တစ်ဦးတည်းပိုင်ဟူ၍ ၂-မျိုးရှိရာတွင် မိမိတို့နှစ်သက်ရာ ၁-မျိုးမျိုးကို လှူဒါန်းလျက် ရှိကြပေသည်။ တစ်ခါတစ်ရံ **သံဃိက** = သံဃာအများပိုင်၊ တစ်ခါတစ်ရံ **ပုဂ္ဂလိက** = ပုဂ္ဂိုလ်တစ်ဦးတည်းပိုင် လှူဒါန်းကြပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့ အထူးကြည်ညိုကြသော ဆရာတော်၊ ရဟန်းတော်များကို **ပုဂ္ဂလိက** = တစ်ဦးတည်းပိုင်ကျောင်းများကို လှူဒါန်းလေ့ ရှိကြပေသည်။ မိမိတို့၏ ဆွေမျိုးများဖြစ်ကြသည့်

ဆရာတော်၊ ရဟန်းတော်များကိုလည်း **ပုဂ္ဂလိက** = တစ်ဦးတည်းပိုင် ကျောင်းများကို လှူဒါန်းလေ့ ရှိကြပေသည်။

ရဟန်းတော်တို့သည် **ပုဂ္ဂလိက** = တစ်ဦးတည်းပိုင်ကျောင်းကို အလှူခံ၍ ဆောက်လုပ်ကြရာ၌ ဝိနည်းသိက္ခာပုဒ်နှင့်လျော်ညီစွာ ဆောက်လုပ်ကြရပေသည်။ ထိုဆောက်လုပ်မည့် ပုဂ္ဂလိကကျောင်းသည် **သဿာမိက** = ဆောက်လုပ်သူ ဒကာရှိပြီးလျှင်၊ **အတ္တုဒ္ဒေသ** = မိမိဟူသော ရဟန်းကို ရည်မှန်း၍ အတွင်းအပ အင်္ဂတေ လိမ်းကျံအပ်သော ကျောင်းဖြစ်ခဲ့သော် ဤကျောင်းဆောက်လုပ်မည့် နေရာသည် **အနာရမ္ဘ** = ဘေးရန်မရှိသော်နေရာ၊ **သပရိက္ကမန်** = လှည်းလှည့်လည်လောက်သော ဥပစာရှိသောနေရာ ဖြစ်မှသာ ဆောက်လုပ်ရမည်ဟု မြတ်စွာဘုရား သိက္ခာပုဒ် ပညတ်တော်မူထားပါသည်။

ဤကဲ့သို့ မြတ်စွာဘုရား သိက္ခာပုဒ် ပညတ်တော်မူထားသော ကြောင့် ထိုပုဂ္ဂလိကကျောင်းကို ဆောက်လုပ်လိုသော ရဟန်းသည် ရှေးဦးစွာ သံဃာတော်များထံသို့ ချဉ်းကပ်ဝင်ရောက်၍ လျှောက်ကြား တောင်းပန်ရပါသည်။

"သံဃာတော်အရှင်သူမြတ်တို့ဘုရား ... တပည့်တော်သည် ဆောက်လုပ်မည့် ဒကာရှိသည့်၊ မိမိကို ပုဂ္ဂလိကလှူဒါန်းရန် ရည်ညွှန်းအပ်သည့် ကြီးသောကျောင်းကို ဆောက်လုပ်လိုပါသည်။ တပည့်တော်သည် ကျောင်းဆောက်လုပ်မည့် နေရာကို ကြည့်ရှုပေးပါရန် သံဃာတော်ကို တောင်းပန်ပါ၏ဘုရား။ ၂-ကြိမ်မြောက်လည်း တောင်းပန်ပါ၏ဘုရား။ ၃-ကြိမ်မြောက်လည်း တောင်းပန်ပါ၏ဘုရား" ဟု ကျောင်းနေရာ ကြည့်ရှုပေးပါရန် သံဃာတော်ကို တောင်းပန်ရပါသည်။

လျှောက်ကြား တောင်းပန်ပုံ ပါဠိတော်

အဟံ ဘန္တေ မဟာလွှက် ဝိဟာရံ ကတ္တုကာမော သဿာမိကံ အတ္တုဒ္ဒေသံ၊ သော ဟံ ဘန္တေ သံဃံ ဝိဟာရဝတ္ထု သြလောကနံ

ယာစာမိ။ ဒုတိယမ္ပိ အဟံ ဘန္တေ ...။ တတိယမ္ပိ အဟံ ဘန္တေ ... ဟု ၃-ကြိမ် လျှောက်ကြား တောင်းပန်ရပါသည်။

သံယာတော်များက သံယာတော်အားလုံး ကျောင်းနေရာသို့ သွားရောက်၍ မကြည့်ရှုနိုင်ခဲ့သော ဝိနည်းအရာလိမ္မာသည့်၊ စွမ်းနိုင်သည့် ရဟန်း ၂-ပါးကို ရွေးချယ်၍ ကမ္မဝါဖြင့် သမ္မုတိပေးရပါသည်။

သမ္မုတိပေးရန် ဥတ်ကမ္မဝါ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော ဘိက္ခု မဟာလွှက် ဝိဟာရံ ကတ္တုကာမော သဿာမိကံ အတ္တုဒ္ဒေသံ၊ သော သံဃံ ဝိဟာရဝတ္ထု သြလောကနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣတ္ထန္နာမဉ္စ ဘိက္ခု သမ္မန္နေယ္ယ ဣတ္ထန္နာမဿ ဘိက္ခုနော ဝိဟာရဝတ္ထု သြလောကေတုံ၊ သော ဥတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော ဘိက္ခု မဟာလွှက် ဝိဟာရံ ကတ္တုကာမော သဿာမိကံ အတ္တုဒ္ဒေသံ၊ သော သံဃံ ဝိဟာရဝတ္ထု သြလောကနံ ယာစတိ၊ သံဃော ဣတ္ထန္နာမဉ္စ ဘိက္ခု သမ္မန္နေတိ ဣတ္ထန္နာမဿ ဘိက္ခုနော ဝိဟာရဝတ္ထု သြလောကေတုံ၊ ယဿာယသ္မတော ခမတိ ဣတ္ထန္နမဿစ ဣတ္ထန္နာမဿစ ဘိက္ခုနံ သမ္မုတိ ဣတ္ထန္နာမဿ ဘိက္ခုနော ဝိဟာရဝတ္ထု သြလောကေတုံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယ္ယ။

သမ္မတော သံဃေန ဣတ္ထန္နာမောစ ဣတ္ထန္နာမောစ ဘိက္ခု ဣတ္ထန္နာမဿ ဘိက္ခုနော ဝိဟာရဝတ္ထု သြလောကေတုံ၊ ခမတိ သံဃဿ တသ္မာ တုဏှီ၊ ဧवमेतं ဓာရယामိ။

သမ္မုတိရသော ရဟန်း ၂-ပါးတို့သည် သူ့တို့သင်ရှင်းလင်းထားပြီးသော ကျောင်းဆောက်မည့် နေရာသို့ သွားရောက်၍ ဘေးရန် ၁၃-ပါး၊

ဘေးရန် ၁၆-ပါး ရှိ၊ မရှိ၊ နွားလှည်း လှည့်လည်လောက်သော ကျောင်း၏ ဥပစာ ရှိ၊ မရှိ ကြည့်ရှုကြရပေသည်။ အကယ်၍ ဘေးရန်ရှိလျှင်၊ နွားလှည်း လှည့်လည်လောက်သော ဥပစာ မရှိလျှင် "ဤကျောင်းနေရာ၌ ကျောင်း မဆောက်လင့်"ဟု တားမြစ်ကြရပေသည်။

အကယ်၍ ဘေးရန်လည်းမရှိ၊ နွားလှည်း လှည့်လည်လောက်သော ဥပစာလည်းရှိခဲ့လျှင် ဘေးရန်လည်း မရှိကြောင်း၊ နွားလှည်း လှည့်လည်လောက်သည့် ဥပစာလည်း ရှိသည့်အကြောင်း သံယာအား လျှောက်ကြားရပေသည်။

ကျောင်းနေရာ သွားကြည့်၍ သံယာအား ပြန်လျှောက်ကြားပုံ ပါဠိတော်

တေဟိ သမ္မတေဟိ ဘိက္ခူဟိ တတ္ထ ဂန္တာ ဝိဟာရဝတ္ထု သြလောကေတဗ္ဗံ၊ သာရမ္ဘံ အနာရမ္ဘံ သပရိက္ကမနံ အပရိက္ကမနံ ဇာနိတဗ္ဗံ။ သစေ သာရမ္ဘံ ဟောတိ အပရိက္ကမနံ၊ "မာယိဓကရီ"တိ ဝတ္တဗ္ဗော။

သစေ အနာရမ္ဘံ ဟောတိ သပရိက္ကမနံ၊ သံယသ အာရောစေတဗ္ဗံ "အနာရမ္ဘံ သပရိက္ကမနံ"န္တိ။

ပုဂ္ဂလိကကျောင်း ဆောက်လုပ်မည့် ရဟန်းတော်သည် သံယာတော်သို့ ချဉ်းကပ်ဝင်ရောက်၍ ကျောင်းဆောက်ရမည့် နေရာကို ပြောကြားပေးပါရန် သံယာကို လျှောက်ကြား တောင်းပန်ရပါသည်။ ၂-ကြိမ်မြောက်လည်း လျှောက်ကြား တောင်းပန်ရပါသည်။ ၃-ကြိမ်မြောက်လည်း လျှောက်ကြား တောင်းပန်ရပါသည်။

လျှောက်ကြား တောင်းပန်ပုံ ပါဠိတော်

အဟံ ဘန္တေ မဟာလွက် ဝိဟာရံ ကတ္တုကာမော သသာမိကံ အတ္တုဒ္ဒေသံ၊ သော ဟံ ဘန္တေ သံယံ ဝိဟာရဝတ္ထုဒေသနံ ယာစာမိ။

ဒုတိယမ္ပိ အဟံ ဘန္တေ ...။ တတိယမ္ပိ အဟံ ဘန္တေ ... ဟု ၃-ကြိမ် လျှောက်ကြား တောင်းပန်ရပါသည်။

သံဃာတော်များက ဝိနည်းအရာ လိမ္မာသည့်၊ စွမ်းနိုင်သည့်ပုဂ္ဂိုလ်များကို ရွေးချယ်၍ ဥတ်ကမ္မဝါဖြင့် ကျောင်းနေရာကို သတ်မှတ် ပြောကြား ပေးရပါသည်။

ပြောကြားပုံ ဥတ်ကမ္မဝါ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော ဘိက္ခု မဟာလွှက် ဝိဟာရံ ကတ္တုကာမော သဿာမိကံ အတ္တုဒ္ဒေသံ၊ သော သံဃံ ဝိဟာရဝတ္ထုဒေသနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣတ္ထန္နာမဿ ဘိက္ခုနော ဝိဟာရဝတ္ထုံ ဒေသေယျ။ သော ဥတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော ဘိက္ခု မဟာလွှက် ဝိဟာရံ ကတ္တုကာမော သဿာမိကံ အတ္တုဒ္ဒေသံ၊ သော သံဃံ ဝိဟာရဝတ္ထုဒေသနံ ယာစတိ၊ သံဃော ဣတ္ထန္နာမဿ ဘိက္ခုနော ဝိဟာရဝတ္ထုံ ဒေသေတိ၊ ယဿာယသ္မတော ခမတိ ဣတ္ထန္နာမဿ ဘိက္ခုနော ဝိဟာရဝတ္ထုဿ ဒေသနာ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒေသိတံ သံဃေန ဣတ္ထန္နာမဿ ဘိက္ခုနော ဝိဟာရဝတ္ထုံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧवमेतं ဓာရယာမိ။

ပုဂ္ဂလိကကျောင်း ဆောက်လုပ်သော ရဟန်းသည် ဘေးရန် အန္တရာယ်ရှိရာ အရပ်၌ ဆောက်လုပ်စေလျှင် ဒုက္ခင့်အာပတ်သင့်၏။ နွားလှည်း လှည့်လည်လောက်သည့် ဥပစာမရှိသော အရပ်၌ ဆောက်လုပ်စေလျှင်လည်း ဒုက္ခင့်အာပတ်သင့်၏။ အခြားရဟန်းတော်တို့ကို မပင့်ဆောင်ဘဲ

ဆောက်လုပ်စေ၍ နံရံ၊ အမိုးတို့ကို အတွင်းအပ အင်္ဂတေချင်း စပ်အောင် လိမ်းကျံစေခဲ့လျှင် သံယာဒိသိသ်အာပတ်သင့်၏။

ပုဂ္ဂလိကကျောင်း ဆောက်လုပ်လိုသော ရဟန်းသည် ကျောင်းနေရာကို ကြည့်ရှုကာ အပြစ်ကင်းသည့် နေရာကို ပြောကြားပေးပါရန် သံယာအား လျှောက်ကြားအပ်၏။ သံယာက ပြောကြားပေးသည့် ဘေးရန် အန္တရာယ်လည်းမရှိ၊ နွားလှည်း လှည့်လည်လောက်သော ဥပစာလည်းရှိသော နေရာ၌ ဆောက်လုပ်စေရ၏။ ဤကဲ့သို့ ဆောက်လုပ်စေလျှင် အာပတ်သင့်ခြင်းမှ ကင်းလွတ်၍ ကောင်းသော ပုဂ္ဂလိကကျောင်း ဆောက်လုပ်ခြင်း ဖြစ်ပေသည်။ ဒကာ၊ ဒကာမတို့၏ ပုဂ္ဂလိကကျောင်း အလှူသည်လည်း ကောင်းသော ကျောင်းအလှူပင် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အားထုတ်ခြင်းသုံးဖြာ သီဟယ်ရာ

ယခုခေတ်အခါသည် ဝိပဿနာတရား ထွန်းကားလာသော ခေတ်အခါဖြစ်၍ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် တရားရိပ်သာများသို့ ဝင်ရောက်၍ ဝိပဿနာတရား အားထုတ်လျက်ရှိကြပေသည်။ ထိုသို့ ဝိပဿနာတရား အားထုတ်ကြရာ၌ "အားထုတ်ခြင်း ၃-မျိုးဖြင့် အားထုတ်ကြရပေမည်"ဟု အဋ္ဌကထာဆရာများက ဖွင့်ပြကြပေသည်။

၁။ အာရမ္ဘဓာတ်ဖြင့် ရှေးဦးပထမ စ၍အားထုတ်ခြင်း။
၂။ နိက္ကမဓာတ်ဖြင့် ထိုင်းမှိုင်းပျင်းရိ ငြီးငွေ့ခြင်းမှ ထွက်မြောက်အောင် အားထုတ်ခြင်း။
၃။ ပရက္ကမဓာတ်ဖြင့် အဆင့်ဆင့်တိုးတက်အောင် အားထုတ်ခြင်း ဟူ၍ ၃-မျိုးဖြင့် အားထုတ်ကြရမည်ဟု ဖွင့်ပြကြပေသည်။

အာရမ္ဘဓာတ်

၁။ အာရမ္ဘဓာတ်ဖြင့် ရှေးဦးပထမ စ၍အားထုတ်ခြင်းဟူသည် -

ဝိပဿနာတရား အားထုတ်ကြမည့်ပုဂ္ဂိုလ်တို့သည် တရားရိပ်သာသို့ မရောက်သေးမီ ရှေ့အဖို့က မိမိတို့အိမ်၌ ပြုလုပ်ဖွယ်ဖြစ်သည့် လောကရေးရာ ကိစ္စများကို ပြီးပြတ်အောင် အားထုတ်လုပ်ကိုင် ဆောင်ရွက်ကြရ

ပေသည်။ ယင်းကဲ့သို့ မိမိတို့အိမ်၌ ပြုဖွယ်ကိစ္စများကို ပြီးပြတ်အောင် အားထုတ်ရခြင်းသည် အာရမ္ဘဓာတ်မည်၏။ ထိုမှစ၍ ကုသိုလ်တရား ရရှိ နေပြီ ဖြစ်ပေသည်။

တရားကျောင်းရိပ်သာသို့ ရောက်လာသောအခါ ဖောင်းတယ်၊ ပိန်တယ်၊ ဝင်လေ၊ ထွက်လေ၊ ထိုင်တယ်၊ ထိတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ရပ်တယ်၊ ထတယ်၊ လျောင်းတယ်၊ ကွေးတယ်၊ ဆန့်တယ် စသည်ဖြင့် မပြတ်မလပ် ရှုမှတ်နေကြရပေသည်။ ယင်းကဲ့သို့ ရှုမှတ်နေ ခြင်းသည်လည်း အာရမ္ဘဓာတ်ဖြင့် ရှေးဦးပထမ စ၍အားထုတ်ခြင်းပင် ဖြစ်ပေသည်။

မပြတ်မလပ် ရှုမှတ်နေ၍ ၂-ရက်၊ ၃-ရက်ခန့် ရလာသဖြင့် ဝိပဿ နာသမာဓိဉာဏ်များ ဖြစ်လာသောအခါ ဖောင်းနေတာက တခြား။ မှတ်သိ လိုက်တာက တခြား။ ပိန်တာက တခြား။ မှတ်သိလိုက်တာက တခြား။ ထိုင်တာက တခြား။ မှတ်သိလိုက်တာက တခြား။ ထိတာက တခြား။ မှတ် သိလိုက်တာက တခြားဟု ကွဲပြား၍ သိလာကြပေသည်။ ယင်းကဲ့သို့ ကွဲ ပြား၍ သိလာခြင်းသည် နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်လာခြင်းပင် ဖြစ်ပေသည်။ ထိုကဲ့သို့ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်လာရအောင် အားထုတ်ခြင်းသည် အာရမ္ဘဓာတ်ဖြင့် ရှေ့ဦးပထမ စ၍အားထုတ်ခြင်းပင် ဖြစ်ပေသည်။

မပြတ်မလပ် ဆက်ကာဆက်ကာ ရှုမှတ်နေသောအခါ ဖောင်း တာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာများက ရှေ့က ပေါ်၍ပေါ်၍ပေးနေလို့ မှတ် သိစိတ်က နောက်က လိုက်၍လိုက်၍ ရှုမှတ်နေပေသည်။ ဖောင်းတာ၊ ပိန် တာ၊ ထိုင်တာ၊ ထိတာများက အကြောင်းတရားဖြစ်သည်၊ မှတ်သိစိတ်က အကျိုးတရားဖြစ်သည်ဟု အကြောင်းနှင့်အကျိုးကိုသိသော ပစ္စယပရိဂ္ဂဟ ဉာဏ် ဖြစ်ပေါ်လာပေသည်။ ယင်းကဲ့သို့ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်လာ ရအောင် အားထုတ်ခြင်းသည်လည်း အာရမ္ဘဓာတ်ဖြင့် ရှေ့ဦးပထမ စ၍ အားထုတ်ခြင်းပင် ဖြစ်ပေသည်။

နိုက္ကမဓာတ်

၂။ နိုက္ကမဓာတ်ဖြင့် ထိုင်းမှိုင်းပျင်းရိ ငြီးငွေ့ခြင်းမှ ထွက်မြောက်အောင် အားထုတ်ခြင်းဟူသည် -

ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်များသို့ ရောက်ပြီးသောအခါ ဤခန္ဓာကိုယ်ကြီးကို အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲဟု သုံးသပ်ဆင်ခြင်၍သိသော သမ္မသနဉာဏ်သို့ ရောက်လာကြပေသည်။

ထိုသမ္မသနဉာဏ်သို့ ရောက်လာသောအခါ တရားထိုင်လိုက်၍ မကြာမီမှာပင် နာတာ၊ ကျင်တာ၊ အောင့်တာ၊ ကိုက်ခဲတာ၊ မူးတာ၊ ယားတာ၊ အော့ချင်အန်ချင်ရှိတာ၊ တွန်းတာ၊ ဆွဲတာ၊ ယိမ်းတာ၊ ယိုင်တာ၊ ဝိတာ၊ လေးတာ စသည့် ဒုက္ခဝေဒနာများနှင့် တွေ့ကြုံ၍ ပျင်းရိငြီးငွေ့ခြင်း။ လေးလံထိုင်းမှိုင်းခြင်းများ ဖြစ်လာကြရပေသည်။ ဝိပဿနာတရား အားမထုတ်ချင်တော့ဘဲ ရိပ်သာထဲမှ ထွက်သွားချင်သောစိတ်များ ဖြစ်လာတတ်ကြပေသည်။

ယင်းကဲ့သို့ လေးလံထိုင်းမှိုင်း ပျင်းရိငြီးငွေ့ခြင်းတို့မှ ထွက်မြောက်သွားရအောင် ရိုရိုသေသေ စူးစူးစိုက်စိုက် မပြတ်မလပ် ရှုမှတ်ကြရပေသည်။ အားထုတ်ကြရပေသည်။ ယင်းကဲ့သို့ လေးလံထိုင်းမှိုင်း ပျင်းရိငြီးငွေ့ခြင်းတို့မှ ထွက်မြောက်သွားရအောင် အားထုတ်ခြင်းသည် နိုက္ကမဓာတ်ဖြင့် အားထုတ်ခြင်း ဖြစ်ပေသည်။

ပရက္ကမဓာတ်

၃။ ပရက္ကမဓာတ်ဖြင့် အဆင့်ဆင့်တိုးတက်အောင် အားထုတ်ခြင်းဟူသည် -

ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် သမ္မသနဉာဏ်၌ ဖြစ်ပေါ်လာသော လေးလံထိုင်းမှိုင်း ပျင်းရိငြီးငွေ့ခြင်းကို လွန်မြောက်

ထွက်မြောက်အောင် အားထုတ်လိုက်သောအခါ အဖြစ်အပျက်ကိုသိသော ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာကြပေသည်။ ရောက်ခါစမှာ အဖြစ်အပျက်ကိုတော့ မသိမမြင်ကြသေးပေ။ ချမ်းသာမှုများကသာ ထင်ရှားနေတတ်ကြပေသည်။ ယင်းချမ်းသာမှုများ၌ သာယာတပ်မက်ခြင်း မရှိမှု၍ ပရကျွမ်ဘတ်ဖြင့် အဆင့်ဆင့်တိုးတက်အောင် အားထုတ်ရမည်ဟု ဆိုလိုပါသည်။

ဥဒယဗ္ဗယဉာဏ်သို့ ရောက်ခါစ ယောဂီပုဂ္ဂိုလ်တို့သည် **ကာယလဟုတာ၊ စိတ္တလဟုတာ** = ကိုယ်ကလည်းပေါ့ပါး၊ စိတ်ကလည်းပေါ့ပါး၊ **ကာယမုဒုတာ၊ စိတ္တမုဒုတာ** = ကိုယ်ကလည်းနူးညံ့၊ စိတ်ကလည်းနူးညံ့၊ **ကာယကမ္မညတာ၊ စိတ္တကမ္မညတာ** = ကိုယ်ကလည်းခံ့ကျန်း၊ စိတ်ကလည်းခံ့ကျန်း၊ **ကာယပါဂုညတာ၊ စိတ္တပါဂုညတာ** = ကိုယ်ကလည်းလေ့လာပြီးသား၊ စိတ်ကလည်းလေ့လာပြီးသား၊ မှတ်စရာအာရုံနှင့်မှတ်သိစိတ်တို့သည် အလိုလိုမှတ်နေသကဲ့သို့ ဖြစ်နေ၍ ချမ်းသာနေကြပေသည်။

ကာယပသဿဒ္ဓိ၊ စိတ္တပသဿဒ္ဓိ = ကိုယ်ကလည်းငြိမ်းအေး၊ စိတ်ကလည်းငြိမ်းအေး ဖြစ်နေကြပေသည်။ လူဖြစ်လာသည်မှစ၍ ယနေ့ကျအောင် ယခုလောက် ကိုယ်စိတ်တွေ ငြိမ်းအေးတာကို မတွေ့ကြုံခဲ့ဖူးသောကြောင့် အလွန်စိတ်ချမ်းသာ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပေသည်။

ကမ္မဋ္ဌာန်းဆရာများထံမှာ တရားလျှောက်သောအခါ "လူဘဝမှာ ယခုလောက် ကိုယ်စိတ်တွေ ငြိမ်းအေးတာ တစ်ခါမျှ မဖြစ်ခဲ့ဖူးပါ၊ ဥပမာ အားဖြင့် လျှောက်ထားရပါလျှင် တပည့်တော်၏ ခန္ဓာကိုယ်မှာ ထိုင်လိုက်သည့်နေရာမှာပင် တည့်တည့်မတ်မတ်တည်နေတာ ပစ်ဘိုင်းထောင်အရုပ်ကလေး ချထားသလိုပါပဲ၊ ငြိမ်သက်နေပါသည်၊ ကိုယ်ကလည်းငြိမ်းအေး စိတ်ကလည်းငြိမ်းအေး ဖြစ်နေပါသည်။"

ကာယိကသုခ = ကိုယ်ကလည်းချမ်းသာ၊ **စေတသိကသုခ** = စိတ်ကလည်းချမ်းသာဖြစ်၍ ဝိပဿနာ ပီတိသုခတွေဖြင့် ပျော်မွေ့နေတာ

လူသာမန်မဆိုထားနဲ့ နတ်သာမန်တွေတောင် မပျော်မွေ့နိုင်တဲ့ ပျော်မွေ့ခြင်း၊ လူသာမန်မဆိုထားနဲ့ နတ်သာမန်တောင် မခံစားနိုင်သည့် ချမ်းသာခြင်းသုခတို့ကို ခံစားကြရပေသည်။ တစ်ခါတစ်ရံ ဝိပဿနာသမာဓိ၊ ပီတိ၊ ပဿဒ္ဓိတို့ကြောင့် သတိလစ်၍ ချုပ်ငြိမ်းနေတတ်ကြပေသည်။ ယင်းဝိပဿနာ ပီတိသုခတို့၌ သာယာစွဲလမ်းနေ၍ တရားတွေ ရှေ့သို့မတက်ဘဲ ဖြစ်နေတတ်ကြပေသည်။

ထို့ကြောင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက **"ရှမ္ဘတ်ကောင်းဆဲ၊ သာယာစွဲ၊ အထဲရပ်နေသည်"**ဟု မိန့်ကြားတော်မူခဲ့ပါသည်။

ယင်းကဲ့သို့ ရပ်မနေစေမူ၍ ပရက္ကမဓာတ်ဖြင့် အဆင့်ဆင့်တိုးတက်သွားရအောင် အားထုတ်သွားကြရမည်ဟု ဆိုလိုပါသည်။

အဖြစ်အပျက်ကိုသိသော ဥဒယဗ္ဗယဉာဏ်မှ အပျက်ကိုသိသော ဘင်ဉာဏ်၊ ဘင်ဉာဏ်မှ ကြောက်ခြင်းကိုသိသော ဘယဉာဏ်၊ ဘယဉာဏ်မှ ဤခန္ဓာကိုယ်၏အပြစ်ကိုသိသော အာဒီနဝဉာဏ်၊ အာဒီနဝဉာဏ်မှ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်၊ နိဗ္ဗိဒါဉာဏ်မှ လွတ်မြောက်လိုသော မုဉ္စိတုကမ္မတာဉာဏ်၊ မုဉ္စိတုကမ္မတာဉာဏ်မှ လွတ်မြောက်အောင် တစ်ဖန်ပြန်ရှုရသော ပဋိသင်္ခါဉာဏ်၊ ပဋိသင်္ခါဉာဏ်မှ သင်္ခါရတို့ကို လျစ်လျူရှုသော သင်္ခါရုပေက္ခာဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်မှ မဂ်ဖိုလ်အားလျော်သော အနုလောမဉာဏ်၊ အနုလောမဉာဏ်မှ ပုထုဇဉ်အနွယ်ကိုဖြတ်သော ဂေါတြဘူဉာဏ်၊ ဂေါတြဘူဉာဏ်မှ သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ် စသည်မျှားသို့ ရောက်အောင် ပရက္ကမဓာတ်ဖြင့် အဆင့်ဆင့် အားထုတ်ကြရမည် ဖြစ်ပေသည်။

ဤကဲ့သို့ အာရမ္ဘဓာတ်ဖြင့် ရှေ့ဦးပထမ စ၍အားထုတ်ခြင်း၊ နိက္ကမဓာတ်ဖြင့် လေးလံထိုင်းမှိုင်း ပျင်းရိငြီးငွေ့ခြင်းမှ ထွက်မြောက်အောင်

အားထုတ်ခြင်း။ ပရက္ကမဓာတ်ဖြင့် ဉာဏ်စဉ်များ အဆင့်ဆင့်တက်၍ မဂ်ဖိုလ် တရားထူးတရားမြတ်များရသည်အထိ အားထုတ်ခြင်းဟူ၍ အားထုတ်ခြင်း ၃-မျိုးဖြင့် အားထုတ်ကြရမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဓမ္မစကြာသုတ္တန်လာ ကျင့်စဉ်လမ်းသုံးဖြာ

ဓမ္မစကြာသုတ္တန်တရားတော်သည် ဗုဒ္ဓမြတ်စွာ၏ တရားဦးရတနာ ဖြစ်၍ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ အထူးပင် စိတ်ဝင်စားကြပါသည်။ ကြည်ညိုမြတ်နိုးကြပါသည်။ နှုတ်တက်ရအောင် ကျက်မှတ်၍ ရွတ်ဆိုလျက်ရှိကြပေသည်။ ပထမဦးစွာ နာကြားရသည့် နတ်ဗြဟ္မာ ၁၈-ကုဋေတို့ ကျွတ်တမ်းဝင်သွားကြသော သုတ္တန်တရားတော် ဖြစ်ပေသည်။ နတ်ဗြဟ္မာတို့ အလွန်နစ်သက်မြတ်နိုးကြသော သုတ္တန်တရားရတနာ ဖြစ်ပေသည်။

ဓမ္မစကြာသုတ္တန်တရားတော်ကို ရွတ်ဆိုကြသောသူတို့အား နတ်ဗြဟ္မာတို့က အထူးကြည်ညိုကြပေသည်။ ကြည်ညိုကြသဖြင့် ရွတ်ဆိုသူတို့ကို ဘေးရန်အန္တရာယ်ကင်းအောင် စောင့်ရှောက်ကြပေသည်။ ကောင်းကျိုးချမ်းသာများ ရရှိအောင်လည်း စောင့်ရှောက်ကြပေသည်။ ဓမ္မစကြာသုတ္တန်၌လာသည့် ကျင့်စဉ်လမ်းမှန်ကို ကျင့်ကြံအားထုတ်ကြသော ပုဂ္ဂိုလ်တို့သည်လည်း သောတာပန်စသော အရိယာအဖြစ်သို့ ရောက်ရှိသွားနိုင်ကြပေသည်။

ဓမ္မစကြာသုတ္တန်၌လာသော အကျင့်လမ်းစဉ်တို့သည် ၃-မျိုး ဖြစ်ကြပေသည်။

၁။ **ကာမသုခလ္လိကာနုယောဂ** = ကာမဂုဏ်ချမ်းသာကို ခံစားသော အကျင့်လမ်းစဉ်၊

၂။ **အတ္တကိလမထာနုယောဂ** = ကိုယ်ပင်ပန်းအောင် ကျင့်သော အကျင့်လမ်းစဉ်၊

၃။ **မဇ္ဈိမပဋိပဒါ** = အလယ်အလတ်ဖြစ်သော အကျင့်လမ်းစဉ်ဟူ၍ ၃-မျိုး ဖြစ်ကြပေသည်။

ထိုအကျင့်လမ်းစဉ် ၃-မျိုးတို့တွင် -

၁။ **ကာမသုခလ္လိကာနုယောဂ** = ကာမဂုဏ်ချမ်းသာကို ခံစားသော အကျင့်လမ်းစဉ်၌ ကာမဂုဏ်ချမ်းသာတို့သည် စျာန် မဂ် ဖိုလ် ချမ်းသာတို့နှင့် နှိုင်းစာလိုက်ပါလျှင် အလွန်သေးဖွဲ ယုတ်ညံ့သောချမ်းသာ ဖြစ်၏။ ကာမဂုဏ်ချမ်းသာကို ခံစားသော အကျင့်သည် လောဘ၊ ဒေါသ၊ မောဟစသော အကုသိုလ်တရားတို့ တိုးပွားလာ၍ ဆင်းရဲဒုက္ခများသည့် အပါယ်ဘုံဘဝများသို့ ရောက်ကြောင်းဖြစ်၍လည်း ယုတ်ညံ့၏။ လောဘ ရှေ့သွားရှိသော အကျင့်လမ်းစဉ်ဖြစ်၏။

ကာမဂုဏ်ချမ်းသာကို ခံစားသော အကျင့်သည် အသိဉာဏ်နည်းပါးသော ရွာသူသားငယ်တို့၏ အကျင့်ဖြစ်၍လည်း ယုတ်ညံ့၏။ ကိလေသာ ထူထပ်များပြားသော ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အကျင့်ဖြစ်၍လည်း ယုတ်ညံ့၏။ ဖြူစင်သော အရိယာပုဂ္ဂိုလ်တို့၏အကျင့် မဟုတ်သောကြောင့်လည်း ယုတ်ညံ့၏။ သီလ၊ သမာधိ၊ ပညာဟူသော အကျိုးစီးပွားတို့ကို မဖြစ်စေနိုင်သောကြောင့်လည်း ယုတ်ညံ့၏။ ထို့ကြောင့် ကာမသုခလ္လိကာနုယောဂ = ကာမဂုဏ်ချမ်းသာကို ခံစားသောအကျင့်ကို ပယ်ခွာရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ဆောင်ပုဒ်။ ။ ကာမချမ်းသာ၊ သုံးဆောင်တာ၊
ပယ်ခွာရှောင်ရမည်။

၂။ **အတ္တကိလမထာနုယောဂ** = သုံးဆောင်သင့်သည်ကို မသုံးဆောင်ဘဲ ကိုယ်ပင်ပန်းအောင် ကျင့်သောအကျင့်သည် ဒေါသရှေ့သွားရှိသော အကျင့်လမ်းစဉ်ဖြစ်၏။ ကျင့်ဆဲခဏ၌လည်း ဆင်းရဲ၏။ ကျင့်ပြီးသောနောက်ကာလ၌လည်း ဆင်းရဲဒုက္ခများသော ငရဲဘုံဘဝများသို့ ရောက်ကြောင်းဖြစ်၍လည်း ဆင်းရဲ၏။ ဖြူစင်သော အရိယာပုဂ္ဂိုလ်တို့၏ အကျင့်မဟုတ်သောကြောင့်လည်း ဆင်းရဲကြောင်းဖြစ်၏။ သီလ၊ သမာဓိ၊ ပညာဟူသော အကျိုးစီးပွားတို့ကို မဖြစ်စေနိုင်သောကြောင့်လည်း ဆင်းရဲကြောင်းဖြစ်၏။ ထို့ကြောင့် **အတ္တကိလမထာနုယောဂ** = ကိုယ်ပင်ပန်းအောင် ကျင့်သောအကျင့်ကို ပယ်ခွာရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ဆောင်ပုဒ်။ ။ မသုံးဆောင်ဘဲ၊ ကိုယ်ဆင်းရဲ၊
ဒါလည်းရှောင်ရမည်။

၃။ **မဇ္ဈိမပဋိပဒါ** = အလယ်အလတ်ဖြစ်သော အကျင့်လမ်းစဉ်သည် ပညာဉာဏ်ရှေ့သွားရှိသော အကျင့်လမ်းစဉ်ဖြစ်၏။ ထိုမဇ္ဈိမပဋိပဒါ အကျင့်လမ်းစဉ်သည် -

(၁) **သမ္မာဒိဋ္ဌိ** = မှန်ကန်စွာ မြင်သိခြင်း။
(၂) **သမ္မာသင်္ကပ္ပ** = မှန်ကန်စွာ ကြံစည်ခြင်း။
(၃) **သမ္မာဝါစာ** = မှန်ကန်စွာ ပြောဆိုခြင်း။
(၄) **သမ္မာကမ္မန္တ** = မှန်ကန်စွာ ပြုလုပ်ခြင်း။
(၅) **သမ္မာအာဇီဝ** = မှန်ကန်စွာ အသက်မွေးခြင်း။
(၆) **သမ္မာဝါယာမ** = မှန်ကန်စွာ လုံ့လစိုက်ခြင်း။
(၇) **သမ္မာသတိ** = မှန်ကန်စွာ အမှတ်သတိရခြင်း။
(၈) **သမ္မာသမာဓိ** = မှန်ကန်စွာ စိတ်တည်ငြိမ်ခြင်းဟူသော မဂ္ဂင် ၈-ပါးအကျင့်သည် အလယ်လမ်းမှန် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အစွန်းနှစ်သွယ်၊ လမ်းမှားပယ်၊
အလယ်လမ်းမှန်၊ ဖြစ်ပေသည်။

ထိုမဂ္ဂင် ၈-ပါး အကျင့်လမ်းစဉ် မိမိတို့သန္တာန်၌ ဖြစ်ပေါ်လာရအောင် သတိပဋ္ဌာန်တရား ၄-ပါးဖြင့် ဝိပဿနာတရား အားထုတ်ကြရပေသည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြသောနည်းဖြင့် ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် ထိုင်မှတ်၊ စင်္ကြံမှတ်၊ အထွေထွေအမှတ်ဟူ၍ အကျင့်ချုပ်အားဖြင့် ၃-မျိုး ရှုမှတ်ကြရပါသည်။

(၁) ထိုင်၍ ရှုမှတ်သောအခါ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် စသည်ဖြင့် ရှုမှတ်ကြရပါသည်။
(၂) စင်္ကြံလျှောက်၍ ရှုမှတ်သောအခါ ကြွတယ်၊ လှမ်းတယ်၊ ချတယ် စသည်ဖြင့် ရှုမှတ်ကြရပါသည်။
(၃) အထွေထွေအသေးစိတ် ရှုမှတ်သောအခါ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်၊ ကွေးတယ်၊ ဆန့်တယ် စသည်ဖြင့် ရှုမှတ်ကြရပါသည်။

နည်းမှန်လမ်းမှန်ရှုမှတ်၍ သမာဓိဉာဏ်များ ဖြစ်လာသောအခါ စက္ခုကရဏီ၊ ဉာဏကရဏီဟု ဟောကြားတော်မူသည့်အတိုင်း မှတ်စရာကိုယ်အမူအရာများက တခြား။ မှတ်သိစိတ်က တခြားဟု ကွဲပြား၍ သိလာသော ဉာဏ်ပညာမျက်စိများ ဖြစ်ပေါ်လာကြပေသည်။

ထိုင်၍ ရှုမှတ်ရာ၌ ဖောင်းတာက တခြား၊ မှတ်သိစိတ်က တခြား၊ ပိန်တာက တခြား၊ မှတ်သိစိတ်က တခြား၊ ထိုင်တာက တခြား၊ မှတ်သိစိတ်က တခြား၊ ထိတာက တခြား၊ မှတ်သိစိတ်က တခြားဟု ကွဲပြား၍ သိလာကြပေသည်။ ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာတို့က မသိတတ်သည့် ရုပ်တရား၊ မှတ်သိလိုက်တာက သိတတ်သည့် နာမ်တရားဟု နာမ်နှင့်ရုပ်တို့ကို ပိုင်းခြား၍သိသော ဉာဏ်မျက်စိများ ဖြစ်လာပေသည်။

စကြီလျှောက်၍ ရှုမှတ်ရာ၌ ကြွေနေတာက တခြား။ မှတ်သိလိုက်တာက တခြား။ လှမ်းတာက တခြား။ မှတ်သိလိုက်တာက တခြား။ ချတာက တခြား။ မှတ်သိလိုက်တာက တခြားဟု ကွဲပြား၍ သိလာကြပေသည်။ ကြွတာ၊ လှမ်းတာ၊ ချတာတို့က မသိတတ်သည့် ရုပ်တရား။ မှတ်သိမှတ်သိလိုက်တာက သိတတ်သည့် နာမ်တရားဟု နာမ်နှင့်ရုပ်တို့ကို ကွဲပြား၍သိသော ဉာဏ်မျက်စိများ ဖြစ်လာပေသည်။

အထွေထွေအသေးစိတ်အမှတ်ကို ရှုမှတ်ရာ၌ သွားနေတာက တခြား။ မှတ်သိလိုက်တာက တခြား။ ရပ်နေတာက တခြား။ မှတ်သိလိုက်တာက တခြား။ ထိုင်နေတာက တခြား။ မှတ်သိလိုက်တာက တခြား။ လျောင်းနေတာက တခြား။ မှတ်သိလိုက်တာက တခြား။ ကွေးနေတာက တခြား။ မှတ်သိလိုက်တာက တခြား။ ဆန့်နေတာက တခြား။ မှတ်သိလိုက်တာက တခြားဟု ကွဲပြား၍ သိလာကြပေသည်။ သွားတာ၊ ရပ်တာ၊ ထိုင်တာ၊ လျောင်းတာ၊ ကွေးတာ၊ ဆန့်တာတို့က မသိတတ်သည့် ရုပ်တရား။ မှတ်သိမှတ်သိလိုက်တာက သိတတ်သည့် နာမ်တရားဟု နာမ်နှင့်ရုပ်တို့ကို ပိုင်းခြား၍သိသော ဉာဏ်မျက်စိများ ဖြစ်လာပေသည်။

ဤကဲ့သို့ သိလာသောအခါ မှတ်ချက်တိုင်း မှတ်ချက်တိုင်းတို့၌ မဂ္ဂင် ၈-ပါး ပါရှိနေပေသည်။ မိမိတို့သန္တာန်၌ မဂ္ဂင် ၈-ပါး ဖြစ်နေခြင်းပင် ဖြစ်ပေသည်။ သုတ္တန်နည်းအရ မဂ္ဂင် ၈-ပါး ပွားများနေခြင်း ဖြစ်ပေသည်။

ဖောင်းတယ်လို့ ရှုမှတ်လိုက်တဲ့အခါ သီလမဂ္ဂင် ၃-ပါး ပါဝင်နေပုံမှာ မဂ္ဂင် ၈-ပါးတို့တွင် **သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူသော** ၃-ပါးတို့သည် သီလမဂ္ဂင်တို့ ဖြစ်ကြပေသည်။ သီလမဂ္ဂင်တို့သည် ကိုယ်နှုတ်တို့ဖြင့် လွန်ကျူးမှုသာ ပျက်စီးကြသည်။ ရှုမှတ်နေသည့်အခိုက်မှာ စိတ်ဖြင့်ပင် မလွန်ကျူးသောကြောင့် ဖောင်းတယ်လို့ ရှုမှတ်ရာ၌ စင်ကြယ်စွာ ပါဝင်နေကြပေသည်။

ဖောင်းတယ်လို့ ရှုမှတ်လိုက်တဲ့အခါ သမာဓိမဂ္ဂင် ၃-ပါး ပါဝင်နေပုံမှာ **သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ**ဟူသော ၃-ပါးတို့သည် သမာဓိမဂ္ဂင်များ ဖြစ်ကြပေသည်။ ဖောင်းတာပေါ်လာသောအခါ ရှုမှတ်နိုင်ရအောင် လုံ့လစိုက်ခြင်းသည် သမ္မာဝါယာမမဂ္ဂင်ဖြစ်၏။ ဖောင်းတာပေါ်လာသည်နှင့်တစ်ပြိုင်နက် မေ့လျော့နေခြင်းမရှိဘဲ ကပ်ခနဲ ရှုမှတ်လိုက်ခြင်းသည် သမ္မာသတိမဂ္ဂင်ဖြစ်၏။ ဖောင်းစမှဖောင်းဆုံးတိုင်အောင် မှတ်သိစိတ်တည်သွားရအောင် ထားပေးလိုက်ခြင်းသည် သမ္မာသမာဓိမဂ္ဂင်ဖြစ်၏။ ဤကဲ့သို့ ဖောင်းတယ်လို့ ရှုမှတ်ရာ၌ သမာဓိမဂ္ဂင် ၃-ပါးလည်း ပါဝင်နေကြပေသည်။

ဖောင်းတယ်လို့ ရှုမှတ်လိုက်တဲ့အခါ ပညာမဂ္ဂင် ၂-ပါး ပါဝင်နေပုံမှာ **သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ**ဟူသော ၂-ပါးတို့သည် ပညာမဂ္ဂင်များ ဖြစ်ကြပေသည်။ ဖောင်းတာပေါ်လာသောအခါ ဖောင်းတဲ့အပေါ်သို့ မှတ်သိစိတ်တည့်တည့်ရောက်သွားရအောင် တင်ပေးလိုက်ခြင်းသည် သမ္မာသင်္ကပ္ပမဂ္ဂင်ဖြစ်၏။ ဖောင်းနေသည့်အပေါ်သို့ မှတ်သိစိတ် ရောက်သွားသောအခါ ဖောင်းနေတာက တခြား၊ မှတ်သိလိုက်တာက တခြားလို့ အမှန်အတိုင်းသိသွားတာက သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်၏။ ဤကဲ့သို့ ဖောင်းတယ်လို့ ရှုမှတ်ရာ၌ ပညာမဂ္ဂင် ၂-ပါးလည်း ပါဝင်နေကြပေသည်။

ဤကဲ့သို့ ဖောင်းတယ်လို့ ရှုမှတ်လိုက်သည့်အခါ သီလမဂ္ဂင် ၃-ပါး၊ သမာဓိမဂ္ဂင် ၃-ပါး၊ ပညာမဂ္ဂင် ၂-ပါးအားဖြင့် မဂ္ဂင် ၈-ပါးလုံး ပါဝင်နေကြပေသည်။ ဖောင်းတယ်၊ ဝိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်၊ ကွေးတယ်၊ ဆန့်တယ် စသည်ဖြင့် ရှုမှတ်ရာတို့၌လည်း မဂ္ဂင် ၈-ပါးလုံး ပါဝင်နေကြပေသည်။ မဂ္ဂင်တရား ပွားများခြင်းကိစ္စ ပြီးနေပါသည်။

သစ္စာ ၄-ပါးကို သိခြင်းကိစ္စလည်း ပြီးနေပါသည်။ ဖောင်းတယ်၊ ဝိန်တယ် စသည်ဖြင့် ရှုမှတ်ချက်တိုင်း မဂ္ဂင် ၈-ပါးလုံး ပါဝင်နေ၍ မဂ္ဂ

သစ္စာကို ပွားများခြင်းကိစ္စလည်း ပြီးသွားပါသည်။ ဖောင်းတာ၊ ပိန်တာ စသည်များက ရုပ်ဒုက္ခသစ္စာ၊ မှတ်သိမှတ်သိလိုက်တာများက နာမ်ဒုက္ခ သစ္စာကို သိသည်ဖြစ်၍ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းကိစ္စလည်း ပြီး သွားပါသည်။ မှတ်ချက်တိုင်း မှတ်ချက်တိုင်း လောဘတဏှာ ဖြစ်ခွင့်မရ၍ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စလည်း ပြီးသွားပါသည်။

မှတ်ချက်တိုင်း မှတ်ချက်တိုင်း လောဘဖြစ်ခွင့်မရ၍ ချုပ်သွားပါ သည်။ လောဘချုပ်တော့ ဥပါဒါန်ချုပ်၊ ဥပါဒါန်ချုပ်တော့ ဘဝချုပ်၊ ဘဝ ချုပ်တော့ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝစသော ဒုက္ခအမျိုးမျိုး ချုပ်ခြင်း နိရောဓသစ္စာသို့ ဆိုက်ရောက်ခြင်းကိစ္စလည်း ပြီးသွားပါသည်။ ဤကဲ့သို့ သစ္စာ ၄-ပါး သိခြင်းကိစ္စလည်း ပြီးသွားပါသည်။

ဆက်ကာဆက်ကာ ရှုမှတ်ပွားများအားထုတ်၍ ဝိပဿနာသမာဓိ ဉာဏ်များ ပြည့်သွားသောအခါ "နိဗ္ဗာနာယ သံဝတ္တတိ"ဟူ၍ မြတ်စွာ ဘုရား ဟောကြားတော်မူသည့်အတိုင်း မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန် ချမ်းသာသို့ ဆိုက်ရောက်သွားကြမည်သာ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ လမ်းမှန်ကိုလျှောက်၊ ဉာဏ်မြင်ပေါက်၊
ဆိုက်ရောက်နိဗ္ဗာန်ပြည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

သိကောင်းစရာမေးခြေ ဖြေပေးရ

ဆရာတော်တို့ကို ပြင်သစ်နိုင်ငံ သကျမုနိရိပ်သာမှ ဘုန်းတော်ကြီး ဦးဝိဇယက တရားဟောတရားပြု ပင့်လျှောက်သဖြင့် ဆရာတော်၊ ဒေါက်တာဦးမြအောင်၊ ကျောင်းအမကြီး ဒေါ်မြင့်ကြည်တို့သည် ၁၉၉၅-ခု၊ ဧပြီလ ၃၀-ရက်နေ့က ကြွလာခဲ့ကြပါသည်။ မေလ ၁-ရက်နေ့ ပြင်သစ်နိုင်ငံ သကျမုနိရိပ်သာသို့ ရောက်ကြပါသည်။ သကျမုနိရိပ်သာမှတစ်ဆင့် ဘုန်းတော်ကြီး ဦးဝိဇယ၊ သီလရှင် ဒေါ်စုစန္ဒာတို့နှင့်တကွ အီတလီနိုင်ငံ စသည့်နိုင်ငံများသို့ကြွ၍လည်း တရားဟောတရားပြု ဆောင်ရွက်ကြပါသည်။ ဤကဲ့သို့ ဆောင်ရွက်ကြရာ၌ တရားနှင့်စပ်သော သိကောင်းစရာ မေးခွန်းများကို မေးကြပေသည်။

၁၉၉၅-ခု၊ မေလ ၁၂-ရက်နေ့ ညနေဘက် ၃-နာရီခွဲ၌ ခေတ္တအနားယူနေသည့်အချိန်တွင် ပြင်သစ်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့၏ သံယာ့မဂ္ဂင်းမန်နေဂျာသီရိထရူရီဆိုသူနှင့် ဂျင်ဖရန်ဆိုသူတို့သည် သကျမုနိရိပ်သာသို့ လာရောက်၍ တရားနှင့်စပ်သော သိကောင်းစရာ မေးခွန်းများကို မေးကြပေသည်။

ရှေးဦးစွာမေးသည်မှာ "တရားအားထုတ်ကြသော ပုဂ္ဂိုလ်တို့တွင် တောအရပ်သို့ သွားရောက်၍ အားထုတ်သောပုဂ္ဂိုလ်နှင့် မြို့ရွာတို့၌နေ၍ အားထုတ်နေသောပုဂ္ဂိုလ်တို့ ဘယ်လိုများ ထူးပါသလဲ"ဟု မေးပါသည်။

"တောအရပ်သို့သွား၍ အားထုတ်သောပုဂ္ဂိုလ်နှင့် မြို့ရွာထဲ၌ အားထုတ်သောပုဂ္ဂိုလ်တို့သည် မိမိတို့ ကျင့်ကြံအားထုတ်ကြသည့်တရားက အကျင့်လမ်းမှန်သောတရားဖြစ်ပါလျှင် တရားရတာချင်းတော့ အတူတူပင် ဖြစ်ကြပေသည်။ ထူးတာကတော့ တောအရပ်သို့ သွားရောက်၍ အားထုတ်သောပုဂ္ဂိုလ်က ဆိတ်ငြိမ်ရာအရပ်မှာ အားထုတ်ရသောကြောင့် သမာဓိ မြန်မြန်ဖြစ်၍ တရားရတာလည်း မြန်နိုင်ပေသည်။ မြို့ရွာထဲ၌ အားထုတ်သောပုဂ္ဂိုလ်က ဆိတ်ငြိမ်ရာကို မရသောကြောင့် သမာဓိဖြစ်တာနှေး၍ တရားရတာလည်း နှေးနေတတ်ပေသည်။ ဤမျှလောက်သာ ထူးနိုင်ကြပေသည်"ဟု ဖြေကြားပေးခဲ့ရပါသည်။

ဒုတိယမေးခွန်းတစ်ခု မေးပြန်သည်မှာ "တောအရပ်မှာ အားထုတ်လို့ ရရှိလာသည့်သမာဓိများ မြို့ရွာသို့ရောက်လာသောအခါ ပျက်သွားခဲ့သော် တောအရပ်သို့ ပြန်သွားသင့်ပါသလား"ဟု မေးပြန်ပါသည်။ "တောအရပ်သို့ ပြန်သွားသင့်ပါသည်"ဟု ဖြေပေးလိုက်ရပါသည်။ "မူလ အားထုတ်ခဲ့သော တောအရပ်သို့ ပြန်သွားဖို့ရာ မဖြစ်နိုင်ခဲ့သော် ဘယ်လို ကျင့်ရပါမလဲ"ဟု မေးပြန်ပါသည်။ "မူလအားထုတ်ခဲ့သော တောအရပ်မှ တစ်ပါးသော တောအရပ်တစ်ခုသို့ သွားရောက်၍ အားထုတ်ရမည်"ဟု ဖြေကြားပေးခဲ့ရပါသည်။

တတိယမေးခွန်းတစ်ခု မေးပြန်သည်မှာ "မြို့ရွာတို့၌နေ၍ တရားအားထုတ်ရင် သမာဓိဖြစ်နိုင်ပါသလား၊ တရားရနိုင်ပါသလား"ဟု မေးပြန်ပါသည်။ "နည်းမှန်လမ်းမှန်အားထုတ်လျှင် သမာဓိလည်းဖြစ်နိုင်ပါသည်၊ တရားလည်းရနိုင်ပါသည်"ဟု ဖြေကြားပေးခဲ့ရပါသည်။

စတုတ္ထမေးခွန်းတစ်ခု မေးပြန်သည်မှာ "တရားအားထုတ်သည့်နေရာမှာ အမျိုးသမီးအတွက် ကျင့်စဉ်လမ်း သီးခြားရှိပါသလား"ဟု မေးပြန်ပါသည်။ "တရားအားထုတ်သည့်နေရာမှာ အမျိုးသမီးများအတွက် သီးခြား အကျင့်လမ်းစဉ် မရှိပါ၊ တရားအားထုတ်သည့်နေရာမှာ အမျိုးသား

များ၏ အကျင့်လမ်းစဉ်နှင့် အမျိုးသမီးများ၏ အကျင့်လမ်းစဉ်ဟူ၍ ခွဲခြား ထားခြင်း မရှိပေ။

မဂ်ဖိုလ်နိဗ္ဗာန်တရားတို့ကို ရဖို့ရာ ဝိပဿနာတရား အားထုတ် ကြသည့်နေရာမှာ အမျိုးသားပင်ဖြစ်စေ၊ အမျိုးသမီးပင်ဖြစ်စေ ကာယာနု ပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိ ပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟူသော သတိပဋ္ဌာန်တရား ၄-ပါးကိုပင် မှားများအားထုတ်ကြရမည် ဖြစ်ပေသည်"ဟု ဖြေကြားပေးခဲ့ရပါသည်။

ပဌမမေးခွန်းတစ်ခု မေးပြန်သည်မှာ "တရားလမ်းညွှန်ပုဂ္ဂိုလ် ဖြစ်အောင် ဘယ်လိုကျင့်ရပါမလဲ"ဟု မေးပြန်ပါသည်။ "တရားလမ်းညွှန် ပုဂ္ဂိုလ်ဖြစ်ဖို့ရာမှာ ရှေးဦးစွာ အဘိဓမ္မာတရားများကို တတ်မြောက်အောင် သင်ယူရပါသည်။ ထို့နောက် ဆရာသမားကောင်းများထံသို့ သွားရောက် ၍ နည်းမှန်လမ်းမှန်ဖြစ်သည့် ဝိပဿနာတရားကို အားထုတ်ရပါသည်။ ဝိပဿနာသမာဓိဉာဏ်များ ပြည့်စုံလာသောအခါ တရားလမ်းညွှန်ပုဂ္ဂိုလ် ဖြစ်နိုင်ပါသည်"ဟု ဖြေကြားပေးခဲ့ရပါသည်။

ဆဋ္ဌမြောက်မေးခွန်းတစ်ခု မေးပြန်သည်မှာ "ကလေးသူငယ် များကို သူတို့ဘဝအတွက် ပြည့်စုံကောင်းမွန်လာရအောင် ဘယ်လိုပြုပြင် ပေးရပါမလဲ"ဟု မေးပြန်ပါသည်။ "ကလေးသူငယ်များကို သူတို့ဘဝအတွက် ပြည့်စုံကောင်းမွန်လာရအောင် ပြုပြင်ပေးဖို့ရာမှာ ၅-မျိုးရှိပေသည်။ ၅-မျိုး ဖြင့် ပြုပြင်ပေးရမည်ဟု ရှေးပညာရှိပုဂ္ဂိုလ်များက ညွှန်ပြခဲ့ပါသည်။

ကလေးသူငယ်များကို သူတို့ဘဝ ကောင်းမွန်လာကြစေရန် -

၁။ အလှူဒါနပြုတတ်၊ လှူတတ်အောင်လည်း ပြုပြင်ပေးရမည်။
၂။ သီလစသော အကျင့်တရားများ ကျင့်တတ်အောင်လည်း ပြု ပြင်ပေးရမည်။
၃။ မှန်ကန်သည့်ဘက်မှာ ရပ်တည်ဖို့ရာ ရဲရင့်သောစိတ်ဓာတ် ရှိ လာရအောင်လည်း ပြုပြင်ပေးရမည်။

၄။ အတတ်ပညာသင်ရာ၌ စွဲမြဲသောစိတ်ဓာတ်ဖြင့် တတ်မြောက်အောင် သင်ယူဖို့ရန်လည်း ပြုပြင်ပေးရမည်။

၅။ စီးပွားဥစ္စာ ရှာဖို့အရှယ် ရောက်လာသောအခါ စီးပွားဥစ္စာရှာရာ၌ စွဲမြဲသောစိတ်ဓာတ်ဖြင့် ရှာဖို့ရန်လည်း ပြုပြင်ပေးရမည်" ဟု ဖြေကြားပေးခဲ့ရပါသည်။

ဆောင်ပုဒ်။ ။ အလှူအကျင့်၊ ရဲရဲရင့်၊ အသင့်စိတ်စွဲစေ။
အတတ်ပညာ၊ ဥစ္စာရှာ၊ ဖန်ခါစိတ်မြဲစေ။
အင်္ဂါငါးဖြာ၊ ပြည့်စုံလာ၊ ရတနာသားမြတ်ပေ။

ထို့နောက် လျှောက်ထားပြန်သည်မှာ "သူတို့နှင့် သင့်တော်သော သြဝါဒစကား ပြောကြားပေးပါရန်" လျှောက်ထားပြန်ပါသည်။

"အသင်းအဖွဲ့များနှင့် လုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ကြရာ၌ အကြောင်း၂-ချက်နှင့် ပြည့်စုံအောင် ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ အကြောင်း၂-ချက်မှာ -

၁။ မိမိတို့၏ ဆောင်ရွက်ချက်လုပ်ငန်းသည် ဗုဒ္ဓမြတ်စွာ၏အလိုကျ မှန်ကန်သော လုပ်ငန်းဖြစ်ရမည်။

၂။ လုပ်ငန်း၌ အတူတကွ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်တို့သည် စိတ်ဝမ်းကွဲပြားမှုများ မရှိကြမှု၍ ညီညွတ်မှုများ ရှိကြရမည် ဖြစ်ပေသည်။

၎င်းအကြောင်း၂-ချက်နှင့် ပြည့်စုံအောင် ဆောင်ရွက်ပါက မိမိတို့ လုပ်ငန်းများ တိုးတက်လာကြမည် ဖြစ်ပေသည်"ဟု သြဝါဒ မိန့်ခွန်းစကား ပြောကြားပေးခဲ့ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

နောင်တပူပန်မှုကိုပယ်ဖျောက် သိကောင်းစရာ

လူဘောင်လူလောကဌ် နေထိုင်ကြသူတို့သည် အကြောင်းအမျိုးမျိုးတို့ကြောင့် နောင်တပူပန်မှုများ အနည်းနှင့်အများ ဖြစ်ကြရပေသည်။ ယင်းနောင်တပူပန်မှုတို့သည် ကုသိုလ်တရားများကို ပိတ်ပင်တားမြစ်ကြပေသည်။ ကုသိုလ်တရားများ ဖြစ်ခွင့်မရအောင် နှောင့်ယှက်ကြပေသည်။ ဝိပဿနာတရား အားထုတ်သောအခါ ဝိပဿနာသမာဓိဉာဏ်များ မဖြစ်လာရအောင်လည်း ပိတ်ပင်တားမြစ်ကြပေသည်။ နှောင့်ယှက်ကြပေသည်။ သို့ဖြစ်၍ နောင်တပူပန်မှုများကိုပယ်ဖျောက်ရန် နည်းလမ်းများကို ရှာဖွေကြရပေသည်။ ဆရာသမားကောင်းများထံ ချဉ်းကပ်ကြရပေသည်။

ထိုနောင်တပူပန်မှုများကို ပါဠိလို "ကုက္ကစ္စ"ဟု ခေါ်ရပါသည်။ နောင်တပူပန်မှုများ ဖြစ်ပေါ်လာရသည်မှာ လွန်ခဲ့သော တစ်ချိန်က မိမိပြုသင့်ပါလျက် မပြုလိုက်မိသော ကောင်းမှုကုသိုလ် သုစရိုက်များကို ပြန်၍သတိရသဖြင့် မပြုလိုက်ရလေခြင်း၊ မပြုလိုက်ရလေခြင်းဟူ၍လည်း နောင်တပူပန်မှုများ ဖြစ်ကြရပေသည်။

လွန်ခဲ့သော တစ်ချိန်က မပြုသင့်ပါဘဲလျက် မိမိပြုလိုက်မိသော မကောင်းမှုအကုသိုလ် ဒုစရိုက်မှုများကို ပြန်၍သတိရသဖြင့် မကောင်းမှုများကို ပြုမိလေခြင်း၊ ပြုမိလေခြင်းဟူ၍လည်း နောင်တပူပန်မှုများ ဖြစ်ကြရပေသည်။ ယင်းကဲ့သို့ နောင်တပူပန်မှုများ ဖြစ်ခြင်းကို "ကုက္ကစ္စ"ဟု ဆိုရပါသည်။

ဥပမာအားဖြင့် အချို့သော သားသမီးတို့သည် တစ်ချိန်က ကြည်ညိုလေးစားထိုက်သော မိဘ ဆရာသမားများနှင့် အတူတကွ နေထိုင်ခဲ့ကြရ၏။ သို့ပါသော်လည်း ထိုမိဘ ဆရာသမားများ၏ ဝတ်ကြီးဝတ်ငယ်တို့ကို မပြုဘဲနေခဲ့၏။ ပေးသင့်ပေးထိုက် လှူသင့်လှူထိုက်သည့် ပစ္စည်းများကို မပေးမလှူဘဲ နေခဲ့မိ၏။ ထို့နောက် မိဘ ဆရာသမားတို့ အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွား၍ဖြစ်စေ၊ ကွယ်လွန်သွား၍ဖြစ်စေ ခွဲခွာသွားကြ၏။ ထိုသို့ ခွဲခွာသွားသောအခါကျမှ မပြုလုပ်လိုက်ရသည်များကို ပြန်၍သတိရလာကြသဖြင့် နောင်တပူပန်မှုများ ဖြစ်ကြရပေသည်။

ဤကဲ့သို့ ခွဲခွာသွားကြသောအခါကျမှ အတူတကွနေစဉ်က ကြည်ညိုလေးစားထိုက်သည့် မိဘ ဆရာသမားတို့၏ ဝတ်ကြီးဝတ်ငယ်များကို မပြုလိုက်မိပါလား၊ ပေးသင့်ပေးထိုက်သည့် လှူသင့်လှူထိုက်သည့် ပစ္စည်းများကို မလှူလိုက်မိပါလားဟု နောင်တပူပန်မှုများ ဖြစ်တတ်ကြပေသည်။ ယင်းကဲ့သို့ ပြုသင့်ပြုထိုက်သည်ကို မပြုလိုက်မိ၊ လှူသင့်လှူထိုက်သည်ကို မလှူလိုက်မိသည်များကို ပြန်၍သတိရသဖြင့် နောင်တပူပန်မှုများ ဖြစ်ကြရပေသည်။ ယင်းကဲ့သို့ဖြစ်ခြင်းကိုလည်း "**ကုက္ကုစ္စ**"ဟု ဆိုရပါသည်။

တချို့သော သားသမီးတို့သည် ငယ်ရွယ်စဉ်အခါက ငယ်ရွယ်သူများ ဖြစ်ကြသည့်အားလျှော်စွာ မိဘ ဆရာသမားတို့နှင့် ဆန့်ကျင်ဘက် ပြုလုပ်၍ နေတတ်ကြကုန်၏။ ကိုယ်နှုတ်တို့ဖြင့် ပြစ်မှားမှု၊ ပြောဆိုမှုများ ပြုမိကြကုန်၏။ ထိုသားသမီးတို့သည် သိတတ်လိမ္မာသောအရွယ်သို့ ရောက်လာသောအခါ မိဘ ဆရာသမားတို့ အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွား၍ဖြစ်စေ၊ ကွယ်လွန်သွား၍ဖြစ်စေ ခွဲခွာသွားကြ၏။ ထိုသို့ ခွဲခွာသွားသောအခါကျမှ မပြုလုပ်သင့်သည်များကို ပြန်၍သတိရလာကြသဖြင့် နောင်တပူပန်မှုများ ဖြစ်ကြရပေသည်။

ဤကဲ့သို့ ခွဲခွာသွားကြသောအခါကျမှ မိမိသည် မိဘ ဆရာသမားတို့၏အပေါ် မပြုသင့်၊ မပြောသင့်သော အကုသိုလ် ဒုစရိုက်အမှုများ

ပြုလုပ်ခဲ့မိသည်မှာ မှားခဲ့လေခြင်း။ မှားခဲ့လေခြင်းဟု ပြန်၍သတိရပြီး နောင်တပူပန်မှုများ ဖြစ်ကြရပေသည်။ ယင်းကဲ့သို့ ဖြစ်ခြင်းကိုလည်း "ကုက္ကုစ္စ" ဟု ဆိုရပေသည်။

ဖြစ်တတ်သည့် ထင်ရှားသော ဥပမာကိုသာ ဖော်ပြရခြင်း ဖြစ်ပေသည်။ အခြားတစ်ပါးသော နောင်တပူပန်မှုများ ဖြစ်ဖွယ်ရာ အကြောင်းများလည်း အများအပြားပင် ရှိကြပေသည်။ ယင်းနောင်တပူပန်မှုများကို ပယ်ဖျောက်လိုကြပေသည်။ ပယ်ဖျောက်ဖို့ရာ နည်းလမ်းများကို ရှာဖွေကြရပေသည်။ ဆရာသမားများ၊ ဆရာတော်၊ သံဃာတော်များနှင့် တွေ့ကြုံရသောအခါ မေးလျှောက်လေ့ရှိကြပေသည်။

ယင်းနောင်တပူပန်မှု ကုက္ကုစ္စသည် မည်သည့်လူမျိုး၊ မည်သည့် ဘာသာ၌မဆို ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ အနည်းနှင့်အများ ဖြစ်ကြရပေသည်။ ဆရာတော်တို့ ယခု ၁၉၉၅-ခုနှစ် ပြည်ပသာသနာအတွက် ခရီးထွက်ခဲ့ရာတွင် နောင်တပူပန်မှု ကုက္ကုစ္စဖြစ်နေသူ အီတလီနိုင်ငံ၌နေသော ဂျပန်လူမျိုး အမျိုးသမီးယောဂီငယ်တစ်ဦးက လျှောက်ထား၍ ဖြေကြားခဲ့ရပါသည်။

ပြင်သစ်နိုင်ငံ သကျမုနိရိပ်သာမှ ဘုန်းတော်ကြီး ဦးဝိဇယက တရားဟောတရားပြ ကြွရောက်ပါရန် ပင့်လျှောက်သဖြင့် ဆရာတော်နှင့် ဒေါက်တာဦးမြအောင်၊ ကျောင်းအမကြီး ဒေါ်မြင့်ကြည်တို့သည် ၁၉၉၅-ခုနှစ်၊ ဧပြီလ ၃၀-ရက်နေ့က ရန်ကုန်မှ ကြွလာခဲ့ကြပါသည်။ ပြင်သစ်နိုင်ငံ သကျမုနိရိပ်သာသို့ မေလ ၁-ရက်နေ့ ရောက်ရှိကြပါသည်။ သကျမုနိရိပ်သာ၌ ၃-ရက် နေထိုင်ပြီးသောအခါ အီတလီနိုင်ငံ ကရီမိုလိနိမြို့သို့ ကြွရောက်၍ ၃-ရက် တရားစခန်းဖွင့်ကာ တရားဟောတရားပြ ဆောင်ရွက်ကြပါသည်။

တရားစခန်း ပြီးသွားသောအခါ ၁၉၉၅-ခု၊ မေလ ၈-ရက်နေ့ အီတလီမြို့တော် ရောမမြို့သို့ ကြွခဲ့ကြပါသည်။ ရောမမြို့မှ ထေရဝါဒ

မြန်မာဘုန်းတော်ကြီးကျောင်းရှိသော စက်ဇဲမြို့ စန်တာစိတ္တာရာမကျောင်းသို့ ကြွခဲ့ကြပါသည်။ စန်တာစိတ္တာရာမကျောင်း၌ အီတလီဘုန်းတော်ကြီး သာနာဗာရိုးက တရားဟောတရားပြအဖြစ်ဖြင့် နေထိုင်လျက်ရှိပါသည်။

စန်တာစိတ္တာရာမကျောင်း၌ ဆရာတော်တို့ တစ်ညအိပ်ပြီးလျှင် မေလ ၉-ရက်နေ့ နေ့လယ် ၁-နာရီထွက်မည့် မီးရထားကို စီးလိုက်၍ စန်တာစိတ္တာရာမကျောင်းမှ ကားဖြင့်ထွက်ခဲ့ရာ ၃-မိနစ်ခန့် နောက်ကျ၍ မီးရထားထွက်ခွာသွားသဖြင့် နေ့လယ် ၂-နာရီထွက်မည့် မီးရထားကို ဘူတာရုံ၌ စောင့်ဆိုင်းနေကြရပါသည်။ ထိုတိုင်းပြည်များ၌ ယာဉ်ရထားတို့သည် အချိန်အလွန် တိကျကြပေသည်။ တစ်မိနစ် နှစ်မိနစ်မျှကိုပင် စောင့်ဆိုင်းခြင်း မရှိကြသည်ကို တွေ့သိရပေသည်။

စက်ဇဲဘူတာရုံ၌ နေ့လယ် ၂-နာရီထွက်မည့် မီးရထားကို စောင့်ဆိုင်း၍နေကြရာ၌ ဆရာတော်တို့ကို လိုက်ပို့ကြသောပုဂ္ဂိုလ်တို့တွင် အီတလီနိုင်ငံ၌ မွေးဖွား၍ တက္ကသိုလ်ပညာသင်နေသူ ဂျပန်အမျိုးသမီးငယ် ယောဂီတစ်ယောက် ပါရှိလာပါသည်။ ထိုအမျိုးသမီးယောဂီငယ်သည် ဘုန်းတော်ကြီး သာနာဗာရိုး၏ကျောင်း၌ တရားအားထုတ်နေသူ ယောဂီတစ်ဦး ဖြစ်ပေသည်။

ထိုသို့ စက်ဇဲဘူတာရုံ၌ မီးရထားကို စောင့်ဆိုင်း၍နေကြရာတွင် အမျိုးသမီးယောဂီငယ်က လျှောက်ထားသည်မှာ "သူမ၏စိတ်တွင် အကြောင်းအမျိုးမျိုးတို့ကြောင့် နောင်တပူပန်မှုများ ဖြစ်နေရပါသည်။ ဤနောင်တပူပန်မှုများကို ဘယ်လိုပယ်ဖျောက်ရပါမည်နည်း"ဟု လျှောက်ထားပါသည်။

ဆရာတော်က "နောင်တပူပန်မှုများကို အကောင်းဆုံး ပယ်ဖျောက်နိုင်သည်မှာ သမထဘာဝနာ၊ ဝိပဿနာဘာဝနာတရားတို့ပင် ဖြစ်ကြပေသည်"ဟု အဌကထာဆရာများ ဖွင့်ပြကြသည့်အတိုင်း ဟောကြားပေးခဲ့ရပါသည်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၊ မေတ္တာကမ္မဋ္ဌာန်းစသော သမထကမ္မဋ္ဌာန်းများကို ပွားများအားထုတ်၍ စိတ်တည်ငြိမ်မှု သမာဓိဖြစ်လာသောအခါ အကြောင်းအမျိုးမျိုးတို့ကြောင့် ဖြစ်ပေါ်နေသော နောင်စာပူပန်မှုများ ဝေးကွာငြိမ်းပျောက်သွားကြသည်ကို ကိုယ်တိုင် တွေ့သိနိုင်ကြမည် ဖြစ်ပေသည်။

ဝိပဿနာတရား ပွားများအားထုတ်၍ သမာဓိဉာဏ်များ ဖြစ်ပေါ်လာသောအခါ အကြောင်းအမျိုးမျိုးတို့ကြောင့် ဖြစ်ပေါ်နေသော နောင်တပူပန်မှုများ ပျောက်ကင်းသွားကြရပေသည်။ ဝိပဿနာသမာဓိဉာဏ်များ အားရှိထက်သန်လာသောအခါ အကြောင်းအမျိုးမျိုးတို့ကြောင့် ဖြစ်ပေါ်နေသော နောင်တပူပန်မှုများကို ပူပန်တယ်၊ ပူပန်တယ်ဟု ရှုမှတ်လိုက်လျှင် ချက်ချင်းပင် ပျောက်ပျက် ပျောက်ပျက်သွားတာကို ကိုယ်တိုင်ပင် တွေ့သိနိုင်ကြမည် ဖြစ်ပေသည်ဟု ဟောကြားပေးခဲ့ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

စိတ်ဓာတ်ဖြူစင် ဆံရှည်ရသေ့အသွင်

၁၉၉၅-ခုနှစ် ပြည်ပသာသနာအတွက် ဆရာတော်တို့ ခရီးထွက်ခဲ့ရာတွင် အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီအနီး မေရီလန်းမြို့ ဆရာတော် ဦးကေလာသ နေထိုင်ရာ မဂ်လာရာမရိပ်သာကျောင်းသို့ ၁၉၉၅-ခု၊ ဇွန်လ ၂၃-ရက်နေ့က ရောက်ခဲ့ကြပါသည်။ ဇွန်လ ၂၄-ရက်နေ့မှစ၍ ၂၅-ရက်နေ့ အထိ ၂-ရက်စခန်းဖွင့်၍ တရားဟောတရားပြ ဆောင်ရွက်ကြပါသည်။

ထိုသို့ဆောင်ရွက်ကြရာတွင် ဆရာတော်ဦးကေလာသ နေထိုင်ရာ မဂ်လာရာမရိပ်သာကျောင်း၌ ဝေယျာဝစ္စဆောင်ရွက်နေသည့် အသက် ၄၂-နှစ်ရှိ ဒေါ်မေရီသည် ဆရာတော်တို့ ကြွရောက်လာသည့်အခိုက် စိတ်ဓာတ်များ အထူးဖြူစင် ကြည်လင်လာ၍ ဝေယျာဝစ္စပြုရင်း ဝိပဿနာတရား အားထုတ်လိုသောကြောင့် လူဝတ်ကြောင်နှင့် အားထုတ်ခြင်းထက် ဆံရှည်ရသေ့အသွင်ဖြင့် အားထုတ်ရလျှင် ပို၍အကျိုးများမည်ဟူသော ယူဆချက်ဖြင့် မဂ်လာရာမဆရာတော် ဦးကေလာသနှင့် ဆရာတော်တို့ထံ၌ ခွင့်တောင်း၍ လူဝတ်ကြောင်အသွင်မှ ဆံရှည်ရသေ့မအသွင် ဝတ်ဆင်ကာ ရှစ်ပါးသီလ ဆောက်တည်ပြီး ဝေယျာဝစ္စဆောင်ရွက်ရင်း ဝိပဿနာတရား အားထုတ်သည်ကို တွေ့ခဲ့ရပါသည်။

ဒေါ်မေရီ၏ ဘဝဖြစ်စဉ်မှာ အလွန်ပင် စိတ်ဝင်စားဖွယ်ကောင်းလှ ပါပေသည်။ ဒေါ်မေရီသည် မြန်မာပြည်၌ မွေးဖွားသူ တမီလ်လူမျိုး အမျိုးသမီးတစ်ဦး ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာ၏ သာသနာအကျင့်လမ်းစဉ်ကို အကြွင်းမဲ့ ယုံကြည်အားကိုးသူတစ်ဦး ဖြစ်ပေသည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့၏ ဝေယျာဝစ္စများကို ပြုလုပ်နေရခြင်းဖြင့် စိတ်ချမ်းသာမှု၊ စိတ်ကြည်လင်မှုများကို ရယူ၍ နေထိုင်သူတစ်ဦး ဖြစ်သည်ဟု သိရပါသည်။

ဒေါ်မေရီသည် အမျိုးတူ အမျိုးသား ဦးချစ်တီးနှင့် ၁၉၇၀-ခုနှစ်က ထိမ်းမြားခဲ့ပြီး သားသမီး ၃-ယောက် ရှိသူဖြစ်ပေသည်။ လွန်ခဲ့သော ၁၀-နှစ်ခန့်က အသက် ၃၉-နှစ်ရှိသူ ခင်ပွန်းယောက်ျား ကားတိုက်၍ သေဆုံးသွားသောကြောင့် အသက် ၇၀-ကျော်ရှိ မိဘနှစ်ပါးနှင့် သားသမီး ၃-ယောက်တို့ကို ပြုစုလုပ်ကျွေးနေသူတစ်ယောက်ဖြစ်သည်ဟု သိရပါသည်။ လွန်ခဲ့သော ၅-နှစ်မှစ၍ အမေရိကန်နိုင်ငံသို့ သွားရောက်ကာ မိဘနှစ်ပါးနှင့် သားသမီး ၃-ယောက်တို့၏ စားဝတ်နေရေး ပြည့်စုံစေရန်အတွက် သူနာပြုအကူ အလုပ်ကို လုပ်နေသူတစ်ဦး ဖြစ်သည်ဟု သိရပါသည်။

ဒေါ်မေရီ၏ အသက် ၇၀-ကျော် မိဘနှစ်ပါးနှင့် သားသမီး ၃-ယောက်တို့သည် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (ဃ)ရပ်ကွက်၊ မေဓာဝီလမ်း၌ နေထိုင်ကြပေသည်။ ဒေါ်မေရီက မိဘနှစ်ပါးနှင့် သားသမီး ၃-ယောက်တို့အတွက် ငွေကြေးရိက္ခာများကို တစ်နှစ်တစ်ခါ ပို့ပေးနေပေသည်။ ယင်းကဲ့သို့ ပို့ပေးနေရခြင်းဖြင့် စိတ်ချမ်းသာ စိတ်ကြည်နူးမှုများကို ရယူနေသူတစ်ဦး ဖြစ်သည်ဟု သိရပါသည်။

ဒေါ်မေရီသည် အလွန်တိုးတက်နေသော အမေရိကန်နိုင်ငံ၌ နေထိုင်ရသူတစ်ဦး ဖြစ်ပါသော်လည်း လူဘောင်လူလောက၏ ချမ်းသာမှု အမျိုးမျိုးတို့၌ စိတ်ဝင်စားမှုမရှိပါဘဲ လူဘောင်လူလောက၏ ဆင်းရဲဒုက္ခများကိုသာမြင်ပြီး ကောင်းမှုကုသိုလ်တို့၌ မွေ့လျော်လိုသော စိတ်ဓာတ်ရှိ နေသူတစ်ဦး ဖြစ်သည်ဟုလည်း သိရပေသည်။ သို့ဖြစ်၍ ဆရာတော်တို့

ကြွရောက်လာခိုက်မှာ လူဝတ်ကြောင်တို့ ဝတ်ဆင်သည့်အဝတ်ထက် စိတ်ဓာတ်များကို သန့်ရှင်းဖြူစင်စေသည့် ဆံရှည်ရသေ့အဝတ်ကိုဝတ်၍ ဝိပဿနာတရား အားထုတ်ခြင်းဖြစ်သည်ဟု သိရပါသည်။

ဒေါ်မေရီသည် သီလရှင်မဝတ်ပါဘဲ ဆံရှည်ရသေ့မ ဝတ်ရခြင်း၏ အကြောင်းမှာ သီလရှင်အဖြစ်ဖြင့် လူမှုကိစ္စများအတွက် အလုပ်လုပ်၍ မသင့်တော်ပေ။ ဆံရှည်ရသေ့မအဖြစ်ဖြင့် မိဘနှင့်သားသမီးများအတွက် လူမှုကိစ္စများကိုပြုလုပ်ခြင်းက ပို၍သင့်တော်သည်ဟူသော ယူဆချက်ဖြင့် သီလရှင်မဝတ်ပါဘဲ ဆံရှည်ရသေ့မ ဝတ်ရခြင်း ဖြစ်ပေသည်။

လူဝတ်ကြောင် အဝတ်များကိုစွန့်၍ ဆံပင်မရိတ်ပါဘဲ အညိုရောင်ရသေ့အဝတ်ကိုဝတ်၍ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ ဆောက်တည်ထားသောပုဂ္ဂိုလ်တို့ကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ "**ဇဋိလ တာပသ** = ဆံရှည်ရသေ့ရဟန်း"ဟု ဖွင့်ဆိုထားပါသည်။ ယခုခေတ်အခါ၌ ဆံရှည်ရသေ့ဝတ်သူ အလွန်နည်းပါးပါသည်။ သို့ပါသော်လည်း ထို ဆံရှည်ရသေ့ အဝတ်ဝတ်ထားသူသည် စိတ်ဓာတ်ဖြူစင်အောင်ပြုလုပ်သည့် သူတော်စင်တစ်ဦးပင် ဖြစ်ပေသည်။

ထို **ဇဋိလ တာပသ** = ဆံရှည်ရသေ့ရဟန်းသည် **ပဗ္ဗဇ္ဇ** = ရှင်ရဟန်းပြုခြင်း ၄-မျိုးတို့တွင် **ဏ္ဍသိပဗ္ဗဇ္ဇ**၌ ပါဝင်ပေသည်။

ပဗ္ဗဇ္ဇ = ရှင်ရဟန်း ၄-မျိုးမှာ -

၁။ **ဘိက္ခု ပဗ္ဗဇ္ဇ** = ရဟန်းပြု၍ မကောင်းမှုအကုသိုလ်တို့ကို နှင်ထုတ်သောအားဖြင့် ပယ်နေသည့်ပုဂ္ဂိုလ်၊

၂။ **သာမဏေရ ပဗ္ဗဇ္ဇ** = ရှင်သာမဏေပြု၍ မကောင်းမှုအကုသိုလ်တို့ကို နှင်ထုတ်သောအားဖြင့် ပယ်နေသည့်ပုဂ္ဂိုလ်၊

၃။ **ဣသိ ပဗ္ဗဇ္ဇ** = ရသေ့ပြု၍ မကောင်းမှုအကုသိုလ်တို့ကို နှင်ထုတ်သောအားဖြင့် ပယ်နေသည့် ပုဂ္ဂိုလ်၊

၄။ **ပရိဗ္ဗာဇက ပဗ္ဗဇ္ဇ** = ပရိဗိုဇ်ပြု၍ မကောင်းမှုအကုသိုလ်တို့ကို နှင်ထုတ်သောအားဖြင့် ပယ်နေသည့်ပုဂ္ဂိုလ်ဟူ၍ ၄-မျိုး ဖြစ်ပေသည်။

၁။ **ဘိက္ခု ပဗ္ဗဇ္ဇ** = ရဟန်းပြု၍ မကောင်းမှုအကုသိုလ်တို့ကို နှင်ထုတ်သောအားဖြင့် ပယ်နေသည့်ပုဂ္ဂိုလ်ဟူသည် -

ဝိနည်းဒေသနာတော်နှင့်လျော်ညီစွာ ဥ ဏ္ဍိစတုဏ္ဍကမ္မဝါဖြင့် ရဟန်းပြု၍ အကျင့်ချုပ်အားဖြင့် ၂၂၇-သွယ်သော သိက္ခာပုဒ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်သော သိက္ခာပုဒ်တို့ကို ကျင့်သုံးကာ **ဂန္ထဓုရ** = စာပေကျမ်းဂန် သင်အံခြင်းအလုပ်၊ **ဝိပဿနာဓုရ** = ဝိပဿနာတရားအားထုတ်ခြင်းအလုပ်ဟူသော အလုပ်နှစ်ပါးဖြင့် အားထုတ်၍နေသော ရဟန်းဖြစ်ပေသည်။

၂။ **သာမဏေရ ပဗ္ဗဇ္ဇ** = ရှင်သာမဏေပြု၍ မကောင်းမှုအကုသိုလ်တို့ကို နှင်ထုတ်သောအားဖြင့် ပယ်နေသည့် ပုဂ္ဂိုလ်ဟူသည် -

ဝိနည်းဒေသနာတော်နှင့်လျော်ညီစွာ ဥပဇ္ဈာယ်ဆရာဖြစ်ထိုက်သည့် ဆရာတော်၊ သံယာတော်များထံ၌ ရှင်သာမဏေပြု၍ ၁၀-ပါးသီလ၊ လိင် ၁၀-ပါး၊ ဒဏ် ၁၀-ပါး၊ မဟာဝါ စူဠဝါ ခန္ဓကတို့၌လာသော ဝတ်ကြီးဝတ်ငယ် ၁၄-ပါး၊ သေခဒိယသိက္ခာပုဒ် ၇၅-ပါးတို့ကို ကျင့်သုံးကာ ဂန္ထဓုရနှင့် ဝိပဿနာဓုရဟူသော နှစ်ပါးကို အားထုတ်၍နေသော ရှင်သာမဏေ ဖြစ်ပေသည်။

၃။ **ဣသိ ပဗ္ဗဇ္ဇ** = ရသေ့ပြု၍ မကောင်းမှုအကုသိုလ်တို့ကို နှင်ထုတ်သောအားဖြင့် ပယ်နေသည့်ပုဂ္ဂိုလ်ဟူသည် -

လူဝတ်ကြောင်အဝတ်ကို ပယ်စွန့်၍ ရသေ့ရဟန်းတို့ ဝတ်ဆင်သည့် အထက်အောက် အရောင်တူအဝတ်ကို ဝတ်ဆင်ကာ ဂ-ပါးသီလ၊ ၉-ပါးသီလ၊ ၁၀-ပါးသီလ၊ အာဇီဝဋ္ဌမကသီလ စသည်များကို ကျင့်သုံးကာ သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့ကို ပွားများအားထုတ်နေသော အမျိုးသား၊ အမျိုးသမီးများ ဖြစ်ကြပေသည်။

၄။ **ပရိဗ္ဗာဇက ပဗ္ဗဇ္ဇ** = ပရိဗိုဇ်ပြု၍ မကောင်းမှုအကုသိုလ်တို့ကို နှင်ထုတ်သောအားဖြင့် ပယ်နေသည့်ပုဂ္ဂိုလ်ဟူသည် -

ရဟန်း။ သာမဏေတို့ကို ဖယ်ထား၍ လူဝတ်ကြောင်ဘဝမှထွက်ကာ သူတော်စင်အဝတ်ဖြင့် ဘုရားရှင်၏ တရားဝမ္မတို့ကို ကျင့်သုံးနေသော အမျိုးသားယောကျ်ားပရိဗိုဇ်နှင့် ဘိက္ခုနီ = ရဟန်းမိန်းမ၊ သိက္ခာမာန်၊ သာမဏေမတို့ကို ဖယ်ထား၍ လူဝတ်ကြောင်ဘဝမှထွက်ကာ သူတော်စင်အဝတ်ဖြင့် ဘုရားရှင်၏ တရားဝမ္မတို့ကို ကျင့်သုံးနေသော အမျိုးသမီးပရိဗိုဇ်များ ဖြစ်ကြပေသည်။

မြတ်စွာဘုရား၏ ဘိက္ခုနီသာသနာ ကွယ်သွားပြီးသည့်နောက် ယခုခေတ်အခါတိုင်အောင် အချို့သော အမျိုးသမီးတို့သည် လူဝတ်ကြောင်ဘဝမှထွက်ခွာ၍ သူတော်စင်အဝတ်ဖြင့် ရထိုက်သော သာသနာအခွင့်အရေးတို့ကို ရယူကာ သီလရှင်အဝတ် စသည်များကိုဝတ်၍ ဘုရားရှင်၏ တရားဝမ္မတို့ကို ကျင့်သုံးလျက်ရှိကြပေသည်။ ထိုသီလရှင်စသော သူတော်စင်တို့ကို **ပရိဗ္ဗာဇက ပဗ္ဗဇ္ဇ**ဟု ဆိုရပေသည်။

ထိုပဗ္ဗဇ္ဇပုဂ္ဂိုလ် ၄-မျိုးတို့တွင် ဒေါ်မေရီသည် ဆရာတော်တို့ အမေရိကန်နိုင်ငံသို့ ရောက်ရှိနေခိုက်တွင် **ဣသိပဗ္ဗဇ္ဇ** = ဆံရှည်ရသေ့ပြု၍ မကောင်းမှုအကုသိုလ်တို့ကို နှင်ထုတ်သောအားဖြင့် ပယ်နေသည့် အမျိုးသမီးတစ်ဦး ဖြစ်သည်ဟု ဆိုရပေသည်။ ဒေါ်မေရီသည် အသက် ဂ၀-ကျော် မိဘနှစ်ပါးကို လုပ်ကျွေးနေသောကြောင့် "**မာတာပိတု ဥပဋ္ဌာန်**"

ဟူသော မဂ်လာနှင့်လည်း ပြည့်စုံနေသူ ဖြစ်ပေသည်။ သားသမီးများကို ထောက်ပံ့ပေးကမ်း လှူဒါန်းနေသောကြောင့် "ပုတ္တဒါရသ သင်္ဂဟော" ဟူသော မဂ်လာနှင့်လည်း ပြည့်စုံနေသူ ဖြစ်ပေသည်။ ဒေါ်မေရီသည် ဗုဒ္ဓ မြတ်စွာ၏ တရားဒေသနာတော်အရ လူဘဝ၌ ဖြူစင်သောနေခြင်းဖြင့် နေ ထိုင်သူတစ်ဦးဟူ၍လည်း ဆိုရပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဝိပဿနာအကျိုးတရား
အနောက်နိုင်ငံများ၌ထင်ရှား

ယခုခေတ်အခါသည် ဝိပဿနာတရား ထွန်းကားလာသော အချိန်အခါ ဖြစ်ပေသည်။ အရှေ့ အနောက်၊ တောင်၊ မြောက် ဖြစ်ကြသည့် နိုင်ငံအသီးသီးတို့၌ ဝိပဿနာတရားကို အနည်းနှင့်အများ လေ့လာပွားများလျက်ရှိကြပေသည်။ ဝိပဿနာတရား အားထုတ်ရခြင်း၏ အကျိုးတရားများကို စုံစမ်းလေ့လာနေကြပေသည်။ **အကာလိကော** ။ အခါမလင့် အကျိုးပေးသည်ဟူသော တရားတော်၏ ဂုဏ်တော်အတိုင်း ယခုအချိန်အခါမှာ အကျိုးတရားများ ရှိရှိနိုင်၊ မရှိရှိနိုင်သည်ကို သိလိုကြပေသည်။

နည်းမှန်လမ်းမှန် ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့မှာ **အကာလိက** ။ အခါမလင့် အကျိုးတရားများ ရရှိနေကြသည်တို့ကို သိကြရပေသည်။ ဝိပဿနာတရား အားထုတ်ခါစမှာတော့ အကျိုးတရားများ ရရှိတာ မထင်ရှားကြပေ။ သင်္ခါနည်းဖြင့် တွက်ကြည့်ပါက အကျိုးတရားများရရှိတာ ထင်ရှားပေသည်။ အလယ်ပိုင်း၊ နောက်ပိုင်းတို့၌ ဝိပဿနာဉာဏ်များ ရင့်ကျက်လာသောအခါ အကျိုးတရားများ ရရှိတာ ထင်ရှားလာကြပေသည်။ အကျိုးတရားများ ရရှိတာကို သိလာကြပေသည်။

မြန်မာပြည်သူ့ပြည်သား ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် ဝိပဿနာတရား အားထုတ်ခြင်းကြောင့် ရရှိသော အကျိုးတရားတို့ကို အနည်းနှင့်အများ ခံစားရရှိနေကြပြီ ဖြစ်ပေသည်။

ယခုအခါ အနောက်နိုင်ငံများ၌လည်း ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်များ ရှိလာကြပေပြီ။ ထိုအနောက်နိုင်ငံသား ပုဂ္ဂိုလ်တို့သည်လည်း ဝိပဿနာတရား အားထုတ်ခြင်းကြောင့် ရရှိသော အကျိုးတရားများကို ခံစားရရှိနေကြပြီ ဖြစ်ပေသည်။ ရှေ့သို့ အဆင့်ဆင့်တိုး၍ အကျိုးတရားများ ခံစားရရှိနိုင်ကြမည်ကိုလည်း သိနေကြပေသည်။

ဆရာတော်တို့ အနောက်နိုင်ငံများသို့ တရားဟောတရားပြ ၁၉၉၅-ခု၊ မေလက ကြွခဲ့ရာမှ အနောက်နိုင်ငံသူနိုင်ငံသားများ ဝိပဿနာတရား အားထုတ်၍ ဝိပဿနာ၏ အကျိုးတရားများ ခံစားရရှိနေကြတာကို သိခဲ့ရပေသည်။

ပြင်သစ်နိုင်ငံ သကျမုနိရိပ်သာမှ ဘုန်းတော်ကြီး ဦးဝိဇယ-က တရားဟောတရားပြ ကြွရောက်ပါရန် ပင့်လျှောက်သဖြင့် ဆရာတော်၊ ဒေါက်တာဦးမြအောင်၊ ကျောင်းအမကြီး ဒေါ်မြင့်ကြည်တို့သည် ၁၉၉၅-ခု၊ ဧပြီ ၃၀-ရက်နေ့က ရန်ကုန်မှ ကြွလာကြပါသည်။ ပြင်သစ်နိုင်ငံ သကျမုနိရိပ်သာသို့ မေလ ၁-ရက်နေ့ ရောက်ရှိကြပါသည်။ သကျမုနိရိပ်သာ၌ ၃-ရက် နေထိုင်ကြရပါသည်။

ထိုမှတစ်ဆင့် အီတလီနိုင်ငံသို့ ကြွရောက်ခဲ့ပါသည်။ ၁၉၉၅-ခု၊ မေလ ၅-ရက်နေ့မှစ၍ မေလ ၇-ရက်နေ့အထိ ၃-ရက် နေ့စဉ် တရားဟောတရားပြ တရားစစ်ဆေးပေးရပါသည်။ တရားစစ်ပေးရာ၌ ယောဂီများ တရားလျှောက်ကြရာတွင် ဝိပဿနာတရား အားထုတ်ခြင်းကြောင့် ရရှိသည့် (စိတ်ဝင်စားဖွယ်ကောင်းသော) အကျိုးတရားများကို လျှောက်ထားကြပေသည်။

အီတလီနိုင်ငံသူ အသက် ၃၃-နှစ်ရှိ ပါအိုလာခေါ် အမျိုးသမီး ယောဂီက လျှောက်ထားသည်မှာ "သူသည် ဝိပဿနာတရား ဆက်တိုက် အားထုတ်ခဲ့သည်မှာ ၃-နှစ်ရှိပါပြီ။ ဗုဒ္ဓဓမ္မစင်တာအဖွဲ့မှ အတွင်းရေးမှူး အီဒိုအာဒိုတ်၏ ဝိပဿနာရှုမှတ်ပုံ လမ်းညွှန်မှုများကို ရရှိခဲ့ပါ၍ ဝိပဿနာ အကျိုးတရားများ ထူးခြားစွာ တွေ့သိခဲ့ရပါသည်"ဟု လျှောက်ထားပါသည်။

"သူတွေ့ခဲ့ရသော အကျိုးတရားများမှာ လူအများနှင့်ဆက်ဆံရာ တွင် မပြေလည်မှုများ မရှိပါဘဲ ရှေးကထက်ပို၍ ပြေလည်မှုများ ရရှိလာ ခဲ့ပါသည်။ ဆောင်ရွက်ဖွယ်ရာများကို ဆောင်ရွက်ရာတွင် အမှားနှင့်အမှန် ကို ပို၍သိလာပါသည်။ အမှားနှင့်အမှန်ကိုသိလာ၍ အရာရာတွင် ထိန်း သိမ်းနိုင်ခဲ့ပါသည်။

လိုချင်စရာ၊ တပ်မက်စရာအာရုံများနှင့် တွေ့ရပါသော်လည်း ရှေးက လို လိုချင်တပ်မက်မှုများ မရှိပါဘဲ အလွန်နည်းပါးသွားပါသည်။ အတူတကွ နေထိုင်ကြသည့် မိသားစုများအပေါ်၌ ကြောင့်ကြပူပန်မှုများလည်း နည်း ပါးသွားပါသည်"ဟု ဝိပဿနာတရား အားထုတ်ခြင်းကြောင့် ရရှိလာသော အကျိုးတရားများကို ပါအိုလာယောဂီက လျှောက်ထားပါသည်။ ဝိပဿနာ တရားက သူ့ဘဝကို အကျိုးပြုနေပါသည်ဟုလည်း လျှောက်ထားပါသည်။

ဝိပဿနာတရား အားထုတ်ခြင်းဖြင့် မသိမှိုက်မှား တွေဝေခြင်း မောဟတရား နည်းပါးသွား၍ ပညာဉာဏ်များ ထက်မြက်လာသောကြောင့် အမှန်နှင့်အမှားကို ရှေးကထက် ပို၍သိလာခြင်း ဖြစ်ပေသည်။ ဆက်ဆံ ရေးစသော အရာရာတွင် ပြေလည်မှုများ ရရှိလာခြင်း ဖြစ်ပေသည်။

ဝိပဿနာတရား အားထုတ်ခြင်းဖြင့် လိုချင်တပ်မက်မှု လောဘ တရား နည်းပါးသွား၍ မလိုချင်၊ မတပ်မက်ခြင်း အလောဘတရား တိုး တက်လာသောကြောင့် လိုချင်တပ်မက်စရာ အာရုံအမျိုးမျိုးတို့နှင့် တွေ့ကြုံ ရပါသော်လည်း ရှေးကလို လိုချင်တပ်မက်ခြင်းမရှိမှု၍ နည်းပါးသွားခြင်း ဖြစ်ပေသည်။

ဝိပဿနာတရား အားထုတ်ခြင်းဖြင့် ဒေါသတရား နည်းပါးသွား၍ အဒေါသ = မေတ္တာတရား တိုးတက်လာသောကြောင့် မိသားစုများအပေါ် ၌ ကြောင့်ကြပူပန်မှုများ နည်းပါးသွားခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ ဝိပဿနာတရား အားထုတ်ခြင်းဖြင့် လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်တရားများ နည်းပါးသွားကြ၍ အလောဘ၊ အဒေါသ၊ အမောဟ = ဉာဏ်ပညာ ကုသိုလ်တရားများ တိုးတက်လာသောကြောင့် ယောဂီလျှောက်ထားသည့် အကျိုးတရားများကို ရရှိနိုင်ခြင်း ဖြစ်ပေသည်။

ဆရာတော် ဟောကြားသော တရားများကို အီတလီဘာသာပြန်ပေးသည့် စတီဖန်နိုက လျှောက်ထားသည်မှာ "သူ၏ကျောင်း အောင်တတ်သည့်ရောဂါ ရှိနေပါသည်။ တရားထိုင်တိုင်း ထိုအောင်သည့်ရောဂါကို ခံစားနေရပါသည်။ ယခု ဆရာတော်တို့ ရောက်လာမှ စူးစူးစိုက်စိုက် ရှုမှတ်လိုက်ရာ ထိုရောဂါဝေဒနာ ပျောက်ကင်းသွားပါသည်" ဟု ဝိပဿနာတရား အားထုတ်ခြင်းဖြင့် ရောဂါဝေဒနာ ပျောက်ကင်းခြင်းအကျိုးကို လျှောက်ထားပါသည်။

စတီဖန်နိုသည် ရှေ့က အားထုတ်ခဲ့ဖူးသည့် သမာဓိဉာဏ်အခြေခံများ ရှိနေသူ ဖြစ်ပေသည်။ ရှေ့က အားထုတ်ခဲ့ဖူးသည့် သမာဓိဉာဏ်များ အားရှိထက်သန်နေသည်ဖြစ်၍ ယခု ဆရာတော်တို့ ကြွရောက်လာသည့် အခိုက်မှာ ရိုရိုသေသေ စူးစူးစိုက်စိုက် ရှုမှတ်လိုက်သောကြောင့် ကျောအောင်သည့် ရောဂါဝေဒနာ ပျောက်ကင်းသွားခြင်း ဖြစ်ပေသည်။

အယ်လ်ဒို လျှောက်ထားခြင်း

အယ်လ်ဒိုအမည်ရှိသူ လုပ်ငန်းရှင် အမျိုးသားယောဂီကြီးတစ်ဦးက လျှောက်ထားသည်မှာ "အခြား သမထနည်းများဖြင့် တရားအားထုတ်ခဲ့တာ ၁၀-နှစ်ခန့် ရှိသွားပြီး ဖြစ်ပါသည်။ ဝိပဿနာတရား အားထုတ်ခဲ့သည်မှာ ၂-နှစ်ခန့်ပင် ရှိပါသေးသည်။ ဝိပဿနာတရား အားထုတ်ပြီးသည်

မှစ၍ သူ၏စိတ်တွေ အလွန်အေးချမ်းခြင်းအကျိုးကို ရရှိနေပါသည်။ လုပ်ငန်းများ၌ ပြဿနာအမျိုးမျိုးတို့ကို လွယ်လွယ်နှင့် ဖြေရှင်းပေးနိုင်ခဲ့ပါသည်" ဟု ဝိပဿနာ၏ အကျိုးတရားများကို လျှောက်ထားပါသည်။

ဝိပဿနာတရား အားထုတ်ခြင်းဖြင့် လောဘ၊ ဒေါသများ နည်းပါးသွား၍ စိတ်ချမ်းသာခြင်းအကျိုးကို ရရှိနေခြင်းပင် ဖြစ်ပေသည်။ မောဟနည်းပါးသွား၍ အမောဟ = ဉာဏ်ပညာများ ထက်မြက်လာသောကြောင့် ပြဿနာအမျိုးမျိုးတို့ကို လွယ်လွယ်ဖြင့် ဖြေရှင်းနိုင်ခြင်းအကျိုးကို ရရှိနေခြင်း ဖြစ်ပေသည်။

ဗုဒ္ဓမမ္မစင်တာအဖွဲ့မှ အတွင်းရေးမှူးဖြစ်သူ အီဒိုအာဒိုယောဂီက လျှောက်ထားသည်မှာ "သူမြန်မာပြည်သို့ ရောက်ခဲ့ဖူးပါသည်။ ဦးကိုကိုလေးနှင့်အတူ ပဲခူးမြို့အနီး ဏာရဏီရိပ်သာကျောင်းသို့ သွားရောက်၍ ဦးကိုကိုလေး ညွှန်ပြသည့်နည်းဖြင့် ဝိပဿနာတရား အားထုတ်ခဲ့ဖူးပါသည်။ ဝိပဿနာတရား အားထုတ်ခြင်းအလုပ်ကို အလွန်ပင် သဘောကျ နှစ်သက်ပါသည်။ သို့ဖြစ်၍ ဆရာတော်တို့အား အီတလီနိုင်ငံ ဗုဒ္ဓမမ္မစင်တာအဖွဲ့မှ ပင့်ဖိတ်ကာ မိမိ၏အိမ်၌ တရားစခန်း ဖွင့်လှစ်ရခြင်း ဖြစ်ပါသည်"ဟု လျှောက်ထားပါသည်။

ထိုတရားစခန်း၌ ကိုယ်တိုင်လည်း ဝင်ရောက်၍ အားထုတ်ပါသည်။ ဆရာတော် တရားစစ်သောအခါ ဏာရဏီရိပ်သာကျောင်း၌ သူ အားထုတ်ခဲ့စဉ်က တွေ့ကြုံခဲ့ရသည့် ဝိပဿနာ၏ ထူးခြားသော အကျိုးတရားများနှင့် ယခု ၃-ရက်စခန်း၌ အားထုတ်စဉ် တွေ့ကြုံရသည့် ဝိပဿနာ၏ ထူးခြားသော အကျိုးတရားများကို လျှောက်ထားသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှပါပေသည်။

"တရားထိုင်မှတ်ရာတွင် အထူးမှတ်လို့ကောင်းနေစဉ် သူ၏ အသိစိတ်သည် ပူပြင်းရာအရပ်တစ်ခုမှ အလွန်အေးချမ်းရာ အရပ်တစ်ခုထဲသို့

ရောက်ရှိသွားပါသည်။ ထို့နောက် အလွန်စိတ်ကြည်နူးမှု၊ အလွန်စိတ်ချမ်းသာမှုများ ဖြစ်နေရပါသည်။ လောကရေးရာများ၌ သာယာနှစ်သက်မှုများ နည်းပါးသွားပါသည်။ ဝိပဿနာသာသနာတော် တိုးတက်ကြီးပွားအောင် ဆောင်ရွက်ချင်သည့်စိတ်များ ဖြစ်ပေါ်နေပါသည်"ဟု လျှောက်ထားပါသည်။

ဝိပဿနာတရား အားထုတ်ခြင်းဖြင့် ထူးခြားသော ဉာဏ်ပညာများ ဖြစ်ပေါ်လာသောကြောင့် လောဘ၊ ဒေါသ၊ မောဟများ နည်းပါးသွား၍ စိတ်ကြည်နူးမှု၊ စိတ်ချမ်းသာမှုများ ဖြစ်လာရခြင်း ဖြစ်ပေသည်။ လောကရေးရာများ၌ သာယာနှစ်သက်မှုများ နည်းပါးသွားရခြင်း ဖြစ်ပေသည်။ သာသနာတော်ကို ယုံကြည်အားကိုးသည့် သဒ္ဓါတရားများ ထက်သန်လာသောကြောင့် ဝိပဿနာသာသနာတော် တိုးတက်ကြီးပွားအောင် ဆောင်ရွက်ချင်သည့်စိတ်ဓာတ်များ ဖြစ်ပေါ်လာရခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ အနောက်နိုင်ငံ အီတလီတိုင်းပြည်၌ ဝိပဿနာတရား အားထုတ်ခြင်းကြောင့် ရရှိလာသော အကျိုးတရားများ ထင်ရှားလာကြပေသည်။ မြတ်စွာဘုရား၏ သာသနာတော် အီတလီနိုင်ငံ၌ အရှည်တည်တံ့မည့် လက္ခဏာ၊ တိုးတက်ထွန်းကားလာမည့် လက္ခဏာများကို တွေ့သိခဲ့ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

နယ်သာလန်ယောဂီများ မေးခွန်းကြား

ဆရာတော်တို့ကို ပြင်သစ်နိုင်ငံ သက္ကမုနိရိပ်သာမှ ဘုန်းတော်ကြီး ဦးဝိဇယ-က တရားဟောတရားပြု ကြွပါရန် ပင့်လျှောက်သဖြင့် ဆရာတော်၊ ဒေါက်တာဦးမြအောင်၊ ကျောင်းအမကြီး ဒေါ်မြင့်ကြည်တို့သည် ၁၉၉၅-ခု၊ ဧပြီလ ၃၀-ရက်နေ့က ရန်ကုန်မှ ကြွလာခဲ့ကြပါသည်။ ပြင်သစ်နိုင်ငံ သက္ကမုနိရိပ်သာသို့ မေလ ၁-ရက်နေ့ ရောက်ကြပါသည်။

၁၉၉၅-ခု၊ မေလ ၄-ရက်နေ့တွင် အီတလီနိုင်ငံ ကရိမိုလီနိုမြို့သို့ ကြွရောက်၍ ၃-ရက်စခန်းဖွင့်ကာ တရားဟောတရားပြု ဆောင်ရွက်ကြပါသည်။ တရားစခန်းပြီးသောအခါ ကရိမိုလီနိုမြို့မှတစ်ဆင့် အီတလီနိုင်ငံမြို့တော် ရောမမြို့သို့ ကြွလာခဲ့ကြပါသည်။ ရောမမြို့မှ မေလ ၉-ရက်နေ့တွင် မီးရထားဖြင့် ပြင်သစ်နိုင်ငံ သက္ကမုနိရိပ်သာသို့ ပြန်ကြွလာခဲ့ကြပါသည်။ သက္ကမုနိရိပ်သာ၌ ၇-ရက်စခန်းဖွင့်၍ တရားဟောတရားပြု ဆောင်ရွက်ကြပါသည်။

သက္ကမုနိရိပ်သာ၌ ၇-ရက်စခန်းပြီးသွားသောအခါ နယ်သာလန်နိုင်ငံ မဂ္ဂင်္ဂမြို့ ဟေပသသိကောရိပ်သာသို့ ကြွလာခဲ့ကြပါသည်။ မေလ ၁၈-ရက်နေ့မှစ၍ ၂၇-ရက်နေ့အထိ ၁၀-ရက်စခန်းဖွင့်ကာ တရားဟောတရားပြု ဆောင်ရွက်ကြပါသည်။

နေ့စဉ် နေ့လယ်၂-နာရီမှ ညနေ ၄-နာရီအထိ တရားစစ်ပေးရပါသည်။ ည ၇-နာရီမှ ၈-နာရီအထိ တရားဟောပေးရပါသည်။ တရားစစ်သောအခါ နယ်သာလန်ယောဂီများက သူတို့၏ တရားအတွေ့အကြုံနှင့် သူတို့သိလိုသောမေးခွန်းများကို မေးလျှောက်ကြပါသည်။ ဆရာတော်က မြန်မာလို ဖြေကြားပေးပါသည်။ ဒေါက်တာဦးမြအောင်က ယောဂီများ နားလည်သဘောကျအောင် အင်္ဂလိပ်ဘာသာပြန်ဆိုပြီး ဖြေကြားပေးပါသည်။

ဆရာတော်တရားစစ်ရာတွင် အသက် ၃၁-နှစ်ရှိ နယ်သာလန် အမျိုးသမီးယောဂီ ဝီလ်မာ(WILMA)က လျှောက်ထားသည်မှာ "သူ ဟော်ပဿိကောဆရာတော်ထံမှာ ဝိပဿနာတရား အားထုတ်တာ ၆-လရှိပါပြီ။ ဝိပဿနာတရား အားထုတ်ပြီးမှ ရှေးကထက် ပိုပြီးတည်ငြိမ်လာပါသည်။ ကျန်းမာရေးလည်း ပိုကောင်းလာပါသည်။ စိတ်ကိုလည်း ပိုချုပ်တည်းနိုင်ပါသည်။ ဒေါသဖြစ်တာလည်း နည်းသွားပါသည်"ဟု ဝိပဿနာအကျိုးတရားများကို လျှောက်ထားပါသည်။

ဝိပဿနာတရား အားထုတ်ခြင်းဖြင့် စိတ်ပျံ့လွင့်ခြင်း ဥဒ္ဓစ္စများ နည်းပါးသွားသောကြောင့် စိတ်တည်ငြိမ်မှုများကို ပိုရရှိခြင်းပင် ဖြစ်ပေသည်။ ဝိပဿနာ ပီတိ၊ ပဿဒ္ဓိ၊ သုခတို့ကြောင့် ကျန်းမာရေးလည်း ပိုကောင်းလာခြင်း ဖြစ်ပေသည်။ ဝိပဿနာတရား အားထုတ်ခြင်းဖြင့် လောဘ၊ ဒေါသ၊ မောဟတို့ နည်းပါးသွားသောကြောင့် မိမိ၏စိတ်ကို ပိုချုပ်တည်းနိုင်ခြင်း၊ ဒေါသဖြစ်တာ နည်းပါးသွားခြင်း ဖြစ်ပေသည်။

နယ်သာလန် အမျိုးသမီးယောဂီ ဝီလ်မာ(WILMA)က နောက်ထပ်မေးခွန်းတစ်ခု လျှောက်ထားသည်မှာ "စက်ဘီးလျှောက်၍ ရှုမှတ်ရာတွင် ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့လည်း ရှုမှတ်ရမည်၊ ဓာတ်ကြီး ၄-ပါးကိုလည်း ရှုမှတ်ရမည်ဟု ဆိုပါသည်။ နှစ်ခုလုံးကိုသိအောင် ဘယ်လိုရှုမှတ်ရပါမလဲ"ဟု မေးလျှောက်ပြန်ပါသည်။

ရှုမှတ်ခါစ အစပိုင်းမှာ နစ်ခုလုံးကိုသိအောင် ရှုမှတ်လို့မရပေ။ ကြွ၊ လှမ်း၊ ချကိုသာ သိအောင် ရှုမှတ်ရပေသည်။ သမာဓိဉာဏ်များ ဖြစ်လာသောအခါ ဓာတ်ကြီး ၄-ပါးကို အလိုလိုပင် သိလာပါလိမ့်မည်ဟု အကျဉ်းချုပ်မျှသာ ဖြေကြားနိုင်ခဲ့ပါသည်။

အကျယ်သိဖို့ရာမှာ ဝိပဿနာတရား ရှုမှတ်ခါစတွင် ကြွတာ၊ လှမ်းတာ၊ ချတာများကိုလည်းသိအောင်၊ ဓာတ်ကြီး ၄-ပါးကိုလည်းသိအောင်၊ နစ်ခုလုံး တစ်ခါတည်းသိအောင် ရှုမှတ်၍ မရနိုင်ပေ။ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ တစ်ခုတည်းကိုပင် သမာဓိဖြစ်အောင် ရှုမှတ်ရပါသည်။ သမာဓိဉာဏ်များ ဖြစ်လာသောအခါ ကြွလိုက်ရင် ပေါ့၊ လှမ်းလိုက်ရင် ပေါ့၊ ချလိုက်ရင် လေးတာတို့ကို အလိုလိုပင် သိလာကြပါမည်။ ပေါ့တာကိုသိတာက တေဇောဓာတ်နှင့် ဝါယောဓာတ်ကို သိတာဖြစ်သည်။ လေးတာကိုသိတာက ပထဝီဓာတ်နှင့် အာပေါဓာတ်ကို သိတာဖြစ်သည်။ ဤကဲ့သို့ ဓာတ်ကြီး ၄-ပါးကို သိနိုင်ကြပေသည်ဟု တရားဟောသောအခါကျမှ ရှင်းပြပေးခဲ့ရပါသည်။

အသက် ၄၅-နှစ်ရှိ နယ်သာလန် အမျိုးသားယောဂီ ပက်စီက (PASSIKA)က လျှောက်ထားသည်မှာ "သူ ဟိန္ဒူနည်းဖြင့် တရားအားထုတ်ခဲ့သည်မှာ ၅-နှစ်ရှိပြီး ဖြစ်ပါသည်။ ဗုဒ္ဓနည်းဖြင့် ဝိပဿနာတရားအားထုတ်သည်မှာ ၂-နှစ်ရှိပြီး ဖြစ်ပါသည်။ တရားထိုင်၍ ရှုမှတ်ရာတွင် အသက်လမ်းကြောင်းကြီးတစ်ခုကို ခန္ဓာကိုယ်ထဲ၌ တွေ့နေရပါသည်။ အဲဒါ ဘယ်လိုသဘောပါလဲ" ဟု မေးလျှောက်ပါသည်။

"အသက်လမ်းကြောင်းကြီးဆိုတာကို စာပေကျမ်းဂန်များ၌ ဖွင့်ပြထားတာကိုတော့ မတွေ့ရပေ။ ဘဝင်စိတ်အစဉ် ရှိတဲ့အကြောင်းကိုတော့ စာပေကျမ်းဂန်များ၌ ဖွင့်ပြထားတာ ရှိပေသည်။ ဘဝင်စိတ်အစဉ်ဆိုသည်မှာ လူဖြစ်လာသည်မှစ၍ တစ်ဘဝလုံးတွင်ရှိနေသည့် စိတ်အစဉ် ဖြစ်ပေသည်။ အိပ်ပျော်နေသည့်အခါမှာလည်း ရှိနေပေသည်။ ယင်းဘဝင်စိတ်အစဉ်ကို မြင်တာ ဖြစ်ကောင်းဖြစ်ပါလိမ့်မည်" ဟု ဖြေကြားပေးခဲ့ရပါသည်။

ထို့နောက် နယ်သာလန်ယောဂီ ပက်စီက(PASSIKA)က မေးလျှောက်ပြန်သည်မှာ "စိတ်ကူးကြံစည်မှုများကို ရှုမှတ်လိုက်သည့်အခါ မီးပွင့်သွားသလို အလင်းလုံးတွေ ထွက်သွားသလို တွေ့ရပါသည်။ သို့ဖြစ်၍ စိတ်ထဲမှာလည်း ဓာတ်ကြီး ၄-ပါး ရှိသည်ဟု ထင်ရပါသည်။ စိတ်ထဲ၌လည်း ဓာတ်ကြီး ၄-ပါး ရှိနိုင်ပါသလား"ဟု မေးလျှောက်ပြန်ပါသည်။

စိတ်ထဲ၌ ဓာတ်ကြီး ၄-ပါး မရှိနိုင်ပေ။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓာတ်ကြီး ၄-ပါးသည် ရုပ်တရားဖြစ်၏။ စိတ်သည် နာမ်တရားဖြစ်၏။ နာမ်တရားထဲ၌ ရုပ်တရားများ မရှိကောင်းပေ။ ထို့ကြောင့် စိတ်ထဲ၌ ဓာတ်ကြီး ၄-ပါး မရှိနိုင်ပေဟု ဖြေကြားပေးရပါသည်။

တရားရှုမှတ်လိုက်၍ တွေ့မြင်ရသော အလင်းရောင်များထဲ၌တော့ ဓာတ်ကြီး ၄-ပါး ရှိပေသည်။ အလင်းရောင်များ၌ အဘိမ္မောဒေသနာတော်နည်းအရ ခွဲကြည့်ပါလျှင် အဌကလာပ်ရုပ် ၈-ခု ပါရှိနေပါသည်။ အလင်းရောင်များထဲ၌ ပထဝီ = မြေဓာတ်၊ အာပေါ = ရေဓာတ်၊ တေဇော = အခိုးဓာတ်၊ ဝါယော = လေဓာတ်ဟူသော ဓာတ်ကြီး ၄-ပါးနှင့် ဝဏ္ဏ = အဆင်း၊ ဂန္ဓ = အနံ့၊ ရသ = အရသာ၊ သြဇာ = အားဓာတ်ဟူသော ၄-ပါးလည်း ပါသည်ဖြစ်၍ အဌကလာပ်ရုပ် ၈-ပါး ပါရှိနေပါသည်။ ထို့ကြောင့် အလင်းရောင်များထဲ၌တော့ ဓာတ်ကြီး ၄-ပါး ပါရှိနေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ထို့နောက် အမျိုးသားယောဂီ ပက်စီက(PASSIKA)က မေးလျှောက်ပြန်သည်မှာ "အသိစိတ်နှင့် မှတ်သိစိတ်တို့သည် အတူတူ တစ်ခုတည်းပဲလား၊ တစ်ခုစီပဲလား"ဟု မေးလျှောက်ပြန်ပါသည်။

ဝိပဿနာရှုမှတ်ရာ၌ အသိစိတ်က တခြား၊ မှတ်သိစိတ်က တခြား ဖြစ်ပေသည်။ မတူကြပေ။ ဥပမာ နားကအသံကို ကြားသောအခါ ကြားတယ်၊ ကြားတယ်ဟု ရှုမှတ်ရပါသည်။ ယင်းကဲ့သို့ ရှုမှတ်ရာ၌ ကြားသိ

စိတ်က တခြား၊ မှတ်သိစိတ်က တခြား ဖြစ်နေတာကို ပို၍ ထင်ရှားစွာ သိကြရပါသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ဆရာတော် တရားစစ်ရာတွင် အသက် ၄၈-နှစ်ရှိ နယ်သာလန် အမျိုးသားယောဂီ အတ်(Ad)က လျှောက်ထားသည်မှာ "သူ ဝိပဿနာ တရားအားထုတ်တာ လွန်ခဲ့သော ၆-နှစ်ကစ၍ အားထုတ်ခဲ့ပါသည်။ အိမ်မှာ နံနက်၊ ည ၂-ကြိမ် ထိုင်ပါသည်။ တစ်လစခန်းလည်း ဝင်ဖူးပါသည်။ ဖောင်းပိန်နှင့် သိမှု ခံစားမှု ဝေဒနာများကို ရှုမှတ်ပါသည်။ စိတ်ချမ်းသာမှုများလည်း ရရှိပါသည်။ စိတ်ကျေနပ်မှုများလည်း ရရှိပါသည်"ဟု လျှောက်ထားပါသည်။

ဝိပဿနာတရား အားထုတ်ခြင်းဖြင့် လောဘ၊ ဒေါသ၊ မောဟများ နည်းပါးသွား၍ စိတ်ချမ်းသာမှုများ၊ စိတ်ကျေနပ်မှုများ ရရှိနေခြင်းပင် ဖြစ်ပေသည်။

ထို့နောက် နယ်သာလန် အမျိုးသားယောဂီ အတ်(Ad)က မေးခွန်းတစ်ခု လျှောက်ထားပြန်သည်မှာ "မကောင်းသော ကြံစည်မှုဖြစ်သည့် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်များ ပေါ်လာသောအခါ ရှုမှတ်လိုက်ရင်တော့ ပျောက်ပျက်သွားကြပါသည်။ နောက်တစ်ခါ ပြန်၍ပေါ်လာကြပါသည်။ ပြန်၍ရှုမှတ်ရပြန်သည်။ ဤမကောင်းသော အကုသိုလ်စိတ်တို့သည် သေသွားသောအခါ နောင်ဘဝများသို့လည်း လိုက်ပါလာကြဦးမည်လော"ဟု မေးလျှောက်ပါသည်။

"သောတာပန်စသော အရိယာအဖြစ်သို့ မရောက်သေးပါက လောဘ၊ ဒေါသ၊ မောဟစသော အနုသယအကုသိုလ်တို့သည် နောင်ဘဝများသို့ လိုက်ပါနိုင်ကြပေသည်။ ဝိပဿနာတရားအားထုတ်၍ သောတာပန်စသော အရိယာအဖြစ်သို့ ရောက်သွားသောအခါ မလိုက်ပါနိုင်ကြတော့ပေ။ အောက်ထစ်ခုံး သောတာပန်ဖြစ်သွားသည်နှင့်တစ်ပြိုင်နက် အပါယ်သို့ ကျရောက်စေနိုင်သော လောဘကြမ်း၊ ဒေါသကြမ်း၊ မောဟကြမ်း

တို့သည် နောင်ဘဝများသို့ မလိုက်ပါနိုင်ကြတော့ပေ။ သို့ဖြစ်၍ အနည်းဆုံး သောတာပန်ဖြစ်အောင် ကျင့်ကြရမည်"ဟု ဖြေကြားပေးခဲ့ရပါသည်။

၁၉၉၅-ခု၊ မေလ ၂၃-ရက်နေ့က တရားစစ်ပေးရာတွင် အသက် ၅၄-နှစ်ရှိ နယ်သာလန် အမျိုးသမီးယောဂီ ခန္တီ(Khanti)က လျှောက်ထားသည်မှာ "သူ ဝိပဿနာတရား အားထုတ်ခဲ့တာ ၁၅-နှစ်ရှိသွားပြီ ဖြစ်ပါသည်။ ဝိပဿနာတရား အားထုတ်ရခြင်းဖြင့် အရာရာတွင် ရေးကထက်ပိုမြင်သည်းခံလာနိုင်ပါသည်။ ဆက်ဆံရေးများတွင်လည်း ပိုမြင်ပြေလည်လာပါသည်။ ယုံကြည်မှုများလည်း ပိုမြင်ရှိလာပါသည်"ဟု ဝိပဿနာ၏ အကျိုးတရားများကို လျှောက်ထားပါသည်။

"ဝိပဿနာတရား အားထုတ်ခြင်းဖြင့် သည်းမခံနိုင်ခြင်း ဒေါသ အာယာတတို့ နည်းပါးသွား၍ အရာရာတွင် ပိုမြင်သည်းခံနိုင်ခြင်း၊ ဆက်ဆံရေးများ ပိုမြင်ပြေလည်လာခြင်း ဖြစ်ပေသည်။ ဝိပဿနာတရား အားထုတ်၍ ဝိပဿနာဉာဏ်ထူး တရားထူးများ ရရှိလာသောအခါ ယုံကြည်မှု သဒ္ဓါတရားသည် ရေးကထက်ပိုမြင် ကောင်းလာကြပါသည်"ဟု ဖြေကြားပေးခဲ့ရပါသည်။

ဆရာတော်က ထိုအမျိုးသမီးယောဂီ ခန္တီ(Khanti)ကို မေးခွန်းတစ်ခု ပြန်မေးပါသည်။ "ယုံကြည်တယ်ဆိုတာ ၅-မျိုးရှိပေသည်။ ဘုရား၊ တရား၊ သံဃာ၊ ကံနှင့် ကံ၏အကျိုးပေးဟူ၍ ၅-မျိုးရှိပေသည်။ ထို ၅-မျိုးတို့တွင် ယောဂီက ဘယ်အရာကို ပိုမြင်ယုံကြည်ပါသလဲ"ဟု မေးလိုက်ရာ အမျိုးသမီးယောဂီက "တရားတော်ကို ပိုမြင်ယုံကြည်ပါသည်"ဟု လျှောက်ထားပါသည်။ "မှန်ပါပေသည်။ တရားအားထုတ်၍ ရရှိလာသော ယုံကြည်ခြင်း ဖြစ်သောကြောင့် တရားတော်ပေါ်မှာ ပိုမြင်ယုံကြည်ခြင်းသည် မှန်ကန်သော ယုံကြည်ခြင်း ဖြစ်ပေသည်"ဟု ဖြေကြားပေးခဲ့ရပါသည်။

ဓာတ်ကြီးလေးမြာ တစ်ကို့ယ်လုံးမှာ

၁၉၉၅-ခုနှစ်၊ ပြည်ပသာသနာအတွက် ဆရာတော်တို့ တရားဟော တရားပြ ခရီးထွက်ခဲ့ရာတွင် ၁၉၉၅-ခု၊ ဇွန်လ ၁၂-ရက်နေ့က နယ်သာလန် နိုင်ငံ၏ မြို့တော်ဖြစ်သည့် Amsterdam အမ်စတာဒမ်မြို့အနီး၌ရှိသော ထိုင်းဘုန်းတော်ကြီး မေတ္တာဝိဟာရ နေထိုင်ရာ ဗုဒ္ဓဝိဟာရရိပ်သာကျောင်းသို့ ရောက်ခဲ့ကြပါသည်။ ဇွန်လ ၁၂-ရက်နေ့မှစ၍ ၁၄-ရက်နေ့အထိ ၃-ရက် စခန်းဖွင့်၍ တရားဟောတရားပြ ဆောင်ရွက်ကြပါသည်။

ဇွန်လ ၁၂-ရက်နေ့ ည ၉-နာရီခွဲမှ ၁၀-နာရီခွဲအထိ သမ္မပ္ပဓာန သုတ္တန်တရား ဟောကြားပါသည်။ တရားနာပရိသတ် ယောဂီပုဂ္ဂိုလ်တို့သည် သမ္မပ္ပဓာနသုတ္တန်လာ တရား ၄-ပါးဖြင့် အားထုတ်ကြရမည် ဖြစ်ပေသည်။ ဤကဲ့သို့ အားထုတ်ကြရာတွင် အတိတ်အတိတ်ဘဝပေါင်းများစွာက မိမိတို့သန္တာန်၌ ကိန်းပါ၊ လိုက်ပါလာသည့် အနုသယကိလေသာ အကုသိုလ်တို့ကို ပယ်ဖို့ရာမှာ အရေးအကြီးဆုံးပင် ဖြစ်ပေသည်။ ယင်းအနုသယကိလေသာအကုသိုလ်တို့ကို ဝိပဿနာတရား အားထုတ်ခြင်းဖြင့် ပယ်ကြရပေသည်။ ဝိပဿနာတရားအားထုတ်၍ မဂ်ဉာဏ်များသို့ ရောက်သွားသောအခါ ပယ်ခြင်းကိစ္စ ပြီးမြောက်သွားကြမည် ဖြစ်ပေသည်။

ဝိပဿနာတရား ပွားများအားထုတ်ကြသောပုဂ္ဂိုလ်တို့သည် အကျဉ်းချုပ်အားဖြင့် အမှတ် ၃-မျိုးတို့တွင် ပွားများအားထုတ်ကြရပေသည်။ အမှတ် ၃-မျိုးမှာ -

၁။ ထိုင်၍ ရှုမှတ်ရသည့်အမှတ်က တစ်မျိုး၊
၂။ စင်္ကြံလျှောက်၍ ရှုမှတ်ရသည့်အမှတ်က တစ်မျိုး၊
၃။ အထွေထွေအသေးစိတ် အမူအရာတို့ကို ရှုမှတ်ရသည့်အမှတ်က တစ်မျိုးဟူ၍ ၃-မျိုးဖြစ်ပေသည်။

စင်္ကြံလျှောက်၍ ရှုမှတ်ရသောအမှတ်သည် ထိုင်၍ ရှုမှတ်ရသော အမှတ်ကိုလည်း ကျေးဇူးပြုပေသည်။ အထွေထွေအသေးစိတ်အမှတ်ကို လည်း ကျေးဇူးပြုပေသည်။ သို့ဖြစ်၍ ဝိပဿနာတရား အားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တို့သည် စင်္ကြံအမှတ်ကို ရိုရိုသေသေ စူးစူးစိုက်စိုက် ရှုမှတ်ကြရပေသည်။

ရိုရိုသေသေ ရှုမှတ်ရမည်ဆိုသည်မှာ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ ရှုမှတ်ရာတွင် ကြွတဲ့အမူအရာ၊ လှမ်းတဲ့အမူအရာ၊ ချတဲ့အမူအရာတို့ကို ဖြည်းဖြည်းသာသာ သိမ်မွေ့စွာ ပြုလုပ်ရပါသည်။ ဤကဲ့သို့ ပြုတာကို ရိုရိုသေသေလို့ ဆိုရပါသည်။

စူးစူးစိုက်စိုက် ရှုမှတ်ရမည်ဆိုသည်မှာ ပစ္စုပ္ပန်လည်းတည့်အောင်၊ ပရမတ်ကိုလည်းသိအောင် စူးစူးစိုက်စိုက် ရှုမှတ်ရမည် ဖြစ်ပေသည်။ ဤကဲ့သို့ ပစ္စုပ္ပန်လည်းတည့်အောင်၊ ပရမတ်ကိုလည်းသိအောင် ရှုမှတ်ခြင်းကို စူးစူးစိုက်စိုက်လို့ ဆိုရပါသည်။

ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ ရှုမှတ်ရာ၌ ကြွတယ်လို့ ရှုမှတ်လိုက်သည့်အခါ ခြေထောက်ပုံသဏ္ဌာန်ပညတ်ကိုတော့ ခွာနိုင်သမျှခွာ၍ ရှုမှတ်ရပါသည်။ အပေါ်သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့တက်သွားသော သဘောပရမတ်ကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။ တစ်ရွှေ့

ပြီးတစ်ရွှေ့ ရွှေ့နေသည့် အစဉ်(သန္တာ)ပစ္စုပ္ပန်ကိုလည်း တည့်နိုင်သမျှ တည့်အောင် စူးစိုက်၍ ရှုမှတ်ရပါသည်။

ဤကဲ့သို့ရှုမှတ်၍ ခြေထောက်ပုံသဏ္ဌာန်ပညတ်ကိုလည်း ခွာလို့ ရသွားပြီး အပေါ်သို့ ရွှေ့နေသည့် သဘောပရမတ်နှင့် ရွှေ့နေသည့် အစဉ် (သန္တာ)ပစ္စုပ္ပန်ကိုလည်းတည့်အောင် ရှုမှတ်လို့ရသွားသောအခါ အပေါ်သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့တက်နေသည်ကို သိပြီးသည့်အပြင် ပေါ့ပေါ့ပြီး ရွှေ့တက်သွားတာကိုလည်း သိကြရပေသည်။ ပေါ့တာကိုသိခြင်းသည် တေဇောဓာတ်နှင့် ဝါယောဓာတ်ကိုသိတာ ဖြစ်ပေသည်။

လှမ်းတယ်လို့ ရှုမှတ်လိုက်သည့်အခါမှာလည်း ခြေထောက်ပုံ သဏ္ဌာန်ပညတ်ကိုတော့ ခွာနိုင်သမျှခွာ၍ ရှုမှတ်ရပါသည်။ ရှေ့သို့ တစ် ရွှေ့ပြီးတစ်ရွှေ့ ရွှေ့သွားသည့် သဘောပရမတ်ကိုတော့ သိနိုင်သမျှသိ အောင် စူးစိုက်၍ ရှုမှတ်ရပါသည်။ ရှေ့သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့နေသည့် အစဉ်(သန္တာ) ပစ္စုပ္ပန်ကိုလည်း တည့်နိုင်သမျှတည့်အောင် စူးစိုက်၍ ရှုမှတ်ရပါသည်။

ဤကဲ့သို့ရှုမှတ်၍ ခြေထောက်ပုံသဏ္ဌာန်ပညတ်ကိုလည်း ခွာလို့ ရသွားပြီး ရှေ့သို့ ရွှေ့နေသည့် သဘောပရမတ်နှင့် ရွှေ့နေသည့် အစဉ် (သန္တာ)ပစ္စုပ္ပန်ကိုလည်းတည့်အောင် ရှုမှတ်လို့ရသွားသောအခါ ရှေ့သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့နေသည်ကို သိပြီးသည့်အပြင် ပေါ့ပေါ့ပြီး ရွှေ့သွား တာကို သိကြရပေသည်။ ပေါ့တာကိုသိခြင်းသည် တေဇောဓာတ်နှင့် ဝါယောဓာတ်ကိုသိတာ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ တေနှင့်ဝါမှာ၊ ဓာတ်နှစ်ဖြာ၊ ပေါ့တာထင်ရှားသည်။

တေ-က **တေဇော** = အပူဓာတ်၊ အနိုးဓာတ်၊ အပေါ့ ဓာတ် ဖြစ်ပေသည်။ ဝါ-က **ဝါယော** = လေဓာတ်၊ အပေါ့ဓာတ် ဖြစ်ပေ သည်။

ချုတယ်လို့ ရှုမှတ်လိုက်သည့်အခါမှာလည်း ခြေထောက်ပုံသဏ္ဌာန်ပညတ်ကိုတော့ ခွာနိုင်သမျှခွာ၍ ရှုမှတ်ရပါသည်။ အောက်သို့ တစ်ရွှေ့ပြီး တစ်ရွှေ့ ရွှေ့ကျသွားသော သဘောပရမတ်ကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။ ရွှေ့နေသည့် အစဉ်(သန္တတိ)ပစ္စုပ္ပန်ကိုလည်း တည့်နိုင်သမျှတည့်အောင် စူးစိုက်၍ ရှုမှတ်ရပါသည်။

ဤကဲ့သို့ရှုမှတ်၍ ခြေထောက်ပုံသဏ္ဌာန်ပညတ်ကိုလည်း ခွာလို့ ရသွားပြီး အောက်သို့ ရွှေ့နေသည့် သဘောပရမတ်နှင့် ရွှေ့နေသည့် အစဉ်(သန္တတိ)ပစ္စုပ္ပန်ကိုလည်းတည့်အောင် ရှုမှတ်လို့ရသွားသောအခါ အောက်သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့ကျနေသည်ကို သိပြီးသည့်အပြင် လေးလေးကျသွားတာကိုလည်း သိကြရပေသည်။ လေးတာကိုသိခြင်းသည် ပထဝီဓာတ်နှင့် အာပေါဓာတ်ကိုသိတာ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ပနှင့်အာမှာ၊ ဓာတ်နှစ်ဖြာ၊ လေးတာထင်ရှားသည်။

ပ-က **ပထဝီ** = မြေဓာတ်၊ အမာဓာတ်၊ အလေးဓာတ် ဖြစ်ပေသည်။ အာ-က **အာပေါ** = ရေဓာတ်၊ အစိုဓာတ်၊ အလေးဓာတ် ဖြစ်ပေသည်။

ရိုရိုသေသေ စူးစူးစိုက်စိုက် ရှုမှတ်လိုက်သောအခါ တရားနာပရိသတ် ယောဂီများ၏သန္တာန်၌ အထင်ရှားဆုံးဖြစ်နေကြသည့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓာတ်ကြီး ၄-ပါးကို ရေးဦးစွာ တွေ့သိလာကြမည် ဖြစ်ပေသည်။ ဓာတ်ကြီး ၄-ပါးကို ပါဠိလို "**မဟာဘူတ**"လို့ ခေါ်ပါသည်။ မဟာ-က ကြီးကျယ်ထင်ရှားစွာ၊ ဘူတ-ကဖြစ်နေတာ။ တရားနာပရိသတ် ယောဂီများ၏သန္တာန်မှာ အကြီးကျယ်ဆုံး အထင်ရှားဆုံး ဖြစ်နေသည့် ဓာတ်ကြီး ၄-ပါးဟု ဆိုလိုပါသည်။

ဤကဲ့သို့ ပေါ့သည့် လေးသည့် ဓာတ်ကြီး ၄-ပါးကို စကြံ့လျှောက်သောအခါ တွေ့ရခြင်းကို တရားတွေ့သည်ဟု ဆိုရပါသည်။ တရားအားထုတ်

ကြသော ယောဂီများအတွက် တရားတွေ့သွားပြီးလျှင် တရားတက်ဖို့ရာ၊ တရားရဖို့ရာမှာ မခက်ကြတော့ပေ။ တရားအတွေ့ ကောင်းသည်နှင့်အမျှ ဝိရားတွေ တက်သွားနိုင်ကြပေသည်။ တရားထူးတရားမြတ်များ ရသွားနိုင်ကြမည် ဖြစ်ပေသည်။ မိမိတို့သန္တာန်၌ ဘဝပေါင်းများစွာက ကိန်းပါ၊ လိုက်ပါလာသည့် အနုသယကိလေသာ အကုသိုလ်အညစ်အကြေးတို့ကို ပယ်ခြင်းကိစ္စလည်း ပြီးမြောက်သွားကြမည် ဖြစ်ပေသည် စသည်ဖြင့် ဟောကြားပေးခဲ့ပါသည်။

တရားပွါးပြီးသောအခါ ခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာသို့ ပြောင်းလာသော သီလရှင် ဒေါ်ဇောတိက-က "ဆရာတော်ဟောကြားသည့် ဓာတ်ကြီး ၄-ပါးသည် ခန္ဓာကိုယ် တစ်ကိုယ်လုံးမှာ ရှိနေပါသလား"ဟု မေးပါသည်။ ရုပ်နာမ် ၂-ပါးလုံးမှာ ဓာတ်ကြီး ၄-ပါး ရှိနေပါသလားဟု မေးလိုရင်းဖြစ်ပေသည်။

ရုပ်ခန္ဓာကိုယ် တစ်ကိုယ်လုံးမှာ ဓာတ်ကြီး ၄-ပါး ရှိပါသည်။ နာမ်ခန္ဓာထဲမှာ ဓာတ်ကြီး ၄-ပါးမရှိပေဟု ဖြေကြားပေးခဲ့ရပါသည်။

မိမိတို့သန္တာန်၊ သူတစ်ပါးတို့သန္တာန်တို့၌ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်တို့မှစ၍ ဆံပင်ဖျား၊ ခြေသည်းဖျား၊ လက်သည်းဖျားသို့တိုင်အောင် ဓာတ်ကြီး ၄-ပါး အနှံ့အပြား တည်ရှိနေပေသည်။ ဤကဲ့သို့ တည်ရှိနေပါသော်လည်း ဝိပဿနာတရား ရှုမှတ်သည့်အခါမှာတော့ ဆံပင်ဖျား၊ လက်သည်းခြေသည်းဖျားတို့၌ **ကာယပဿဒ** = ကိုယ်အကြည်ဓာတ် မထင်ရှား၍ ဆံပင်ဖျား၊ ခြေသည်း လက်သည်းဖျားတို့၌ ဝိပဿနာရှုမှတ်လို့ မရကြပေ။

ဆံပင်ဖျား၊ လက်သည်း ခြေသည်းဖျားတို့မှတစ်ပါး အခြား ခန္ဓာကိုယ်ကာယများ၌ အပ်ဖျားစသည်များဖြင့် တို့ကြည့်၊ ထိကြည့်၍ သိနေသော ကိုယ်ကာယမှန်သမျှတို့၌ ဝိပဿနာရှုမှတ်လို့ ရပါသည်။ ဝိပဿနာ ဉာဏ် ရင့်သန်လာသောအခါ ခန္ဓာကိုယ် ဘယ်အရာ၌မဆို ဝိပဿနာရှုမှတ်လို့ ရကြပေသည်။

နယ်သာလန်နိုင်ငံ တရားစခန်းတစ်ခု၌ အထွေထွေအသေးစိတ် အမှတ်ကို ဟောကြားရာတွင် သွား၊ ရပ်၊ ထိုင်၊ လျောင်းဟူသော ဣရိယာပုထ်တို့၌ သွားချင်စိတ်၊ ရပ်ချင်စိတ်၊ ထိုင်ချင်စိတ်၊ လျောင်းချင်စိတ်တို့မှ စ၍ ရှုမှတ်ဖို့ရာ ဟောကြားပါသည်။ ဟောကြားပြီးသောအခါ သီလရှင် ဒေါ်ဇောတိက-က မေးလျှောက်သည်မှာ " ပြုလုပ်ချင်သောစိတ်တို့သည် ကိုယ်အမူအရာတိုင်းမှာ ရှိနေပါသလား" ဟု မေးလျှောက်ပါသည်။ ပြုလုပ်ချင်သည့်စိတ်မရှိဘဲ ကိုယ်အမူအရာများ မဖြစ်နိုင်ဘူးလားဟု မေးလျှောက်လိုရင်း အဓိပ္ပါယ်ဖြစ်ပေသည်။

ပြုလုပ်ချင်သောစိတ်များရှိမှသာ ကိုယ်အမူအရာများ ဖြစ်နိုင်ကြပေသည်။ ကိုယ်အမူအရာများ မဖြစ်သေးခင် ပြုလုပ်ချင်သည့်စိတ်များက ရှေးဦးစွာ ဖြစ်နေကြပေသည်။ ပြုလုပ်ချင်သည့်စိတ်က ညွှန်ကြားစေခိုင်းသည့်အတိုင်း ပြုလုပ်သည့်ကိုယ်အမူအရာများ ဖြစ်ပေါ်လာကြပေသည်။ ပြုလုပ်ချင်သည့်စိတ်က နာမ်တရား အကြောင်းတရားဖြစ်သည်။ ပြုလုပ်သည့် ကိုယ်အမူအရာများက ရုပ်တရား အကျိုးတရားဖြစ်သည်။

ရုပ်တရားနှင့်နာမ်တရားတို့သည် ဥပမာအားဖြင့် အကန်းနှင့်အကျိုးတို့၂-ယောက် ပေါင်းစပ်၍ သွားလာနေထိုင်ကြသကဲ့သို့ ဖြစ်ပေသည်။ ရုပ်တရားသည် အကန်းနှင့်တူ၏။ နာမ်တရားသည် အကျိုးနှင့်တူ၏။ အကန်း၏ပုခုံးပေါ်၌ အကျိုးကတက်ထိုင်ကာ ဒီဘက်ကိုသွား၊ ဟိုဘက်ကိုမသွားနဲ့၊ ဒီနေရာမှာရပ်၊ ဒီနေရာမှာထိုင် စသည်ဖြင့် အကျိုးကစေခိုင်းသည့်အတိုင်း အကန်းကပြုပေးရသကဲ့သို့ ထို့အတူ နာမ်တရားက စေခိုင်းသည့်အတိုင်း ရုပ်တရားက သွား၊ ရပ်၊ ထိုင်၊ လျောင်း စသည်များကို ပြုလုပ်နေရခြင်း ဖြစ်ပေသည်။

အချို့အချို့သော ဘာသာဝါဒ အယူအဆတို့၌ ရုပ်နှင့်နာမ် ထို၂-ပါးတို့တွင် ရုပ်ကဦးဆောင်နေသည်၊ ရုပ်ကညွှန်ပြသည့်အတိုင်း နာမ်ကလိုက်၍ သိနေသည်ဟု ယူဆလျက်ရှိကြပေသည်။ ဤကဲ့သို့ ယူဆကြသည့်အတိုင်း မဟုတ်ပေ။ ဝိပဿနာတရား ရှုမှတ်ပွားများ အားထုတ်၍

အကြောင်းနှင့်အကျိုးကိုသိသော ပစ္စယပရိဂ္ဂဟဉာဏ်သို့ရောက်သောအခါ နာမ်တရားစေခိုင်းသည့်အတိုင်း ရုပ်တရားက ပြုလုပ်နေရသည်ကို အထူးပင် သိလာကြပေသည်။ ထို့ကြောင့် မြတ်စွာဘုရားက "**စိတ္တေန နီယတေ လောကော** = လောကကြီးတစ်ခုလုံးကို စိတ်ကဦးဆောင်နေသည်"ဟု ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

ဆရာတော်တို့ ပြည်ပသာသနာအတွက် တရားဟောတရားပြ ဆောင်ရွက်ကြရာ၌ နိုင်ငံခြားသားများဖြစ်ကြသည့် တရားနာပရိသတ်များနှင့် ဝိပဿနာတရားအားထုတ်ကြသော ယောဂီများက ဓာတ်ကြီး ၄-ပါးတို့သည် ခန္ဓာကိုယ် တစ်ကိုယ်လုံးမှာရှိနေပါသလား စသည်ဖြင့် မေးမြန်းသော မေးခွန်းတို့သည် မနစ်သက်သဖြင့် အပြစ်တင်လို၍ မေးမြန်းကြသော မေးခွန်းများ မဟုတ်ကြပေ။ သိလိုရှိ၊ လိုက်နာကျင့်ကြံလိုရှိ၍ မေးကြသော မေးခွန်းများ ဖြစ်ကြပေသည်။

ဤကဲ့သို့ နိုင်ငံခြားသားများက ဓာတ်ကြီး ၄-ပါး၊ ရုပ်နှင့်နာမ်၊ အကြောင်းနှင့်အကျိုး စသည်ဖြစ်ပုံများကို မေးမြန်းကြရာ၌ ထိုမေးခွန်းများ၏အဖြေတို့ကို သိရှိနားလည်အောင် ဖြေကြားပေးခဲ့ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

မေးခွန်းများစွာ မေးကြရာ

ယခုအချိန်အခါသည် ဗုဒ္ဓမြတ်စွာ၏ သာသနာထွန်းကားလာသော အချိန်အခါ ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာ၏ အကျင့်လမ်းစဉ် တရားဓမ္မများကို အနောက်နိုင်ငံသူ နိုင်ငံသားများကပါ စိတ်ဝင်စားလာကြပေသည်။ ဗုဒ္ဓမြတ်စွာ၏ တရားဓမ္မတို့ကို လေ့လာလျက် ရှိကြပေသည်။ ကျင့်ကြံအားထုတ်လျက် ရှိကြပေသည်။ အထူးသဖြင့် လက်တွေ့အကျဆုံးဖြစ်သည့် ဝိပဿနာတရားကို ကျင့်ကြံပွားများ အားထုတ်လျက် ရှိကြပေသည်။

အနောက်နိုင်ငံသူ နိုင်ငံသားတို့သည် များသောအားဖြင့် ပရိယတ္တိစာပေကျမ်းဂန်တို့၌ ဗဟုသုတ မရှိကြသေးပေ။ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များနှင့် တွေ့ကြုံရသောအခါ တရားဓမ္မနှင့်စပ်သော မေးခွန်းများကို မေးတတ်ကြပေသည်။ ဆရာတော်တို့ အနောက်နိုင်ငံများသို့ တရားဟောတရားပြကြွခဲ့ရသည့် နိုင်ငံများမှ တရားဓမ္မကို လိုလားကြသောပုဂ္ဂိုလ်များက သိဖွယ်ရာကောင်းသည့် တရားဓမ္မနှင့်စပ်သော မေးခွန်းများကို မေးကြ၍ ဖြေကြားခဲ့ရပါသည်။

ဆရာတော်တို့ကို ပြင်သစ်နိုင်ငံ သကျမုနိရိပ်သာမှ ဘုန်းတော်ကြီး ဦးဝိဇယ-က တရားဟောတရားပြ ကြွရောက်ပါရန် ပင့်လျှောက်သဖြင့် ဆရာတော်၊ ဒေါက်တာဦးမြအောင်၊ ကျောင်းအမကြီး ဒေါ်မြင့်ကြည်

တို့သည် ၁၉၉၅-ခု၊ ဖေဖေါ်လ ၃၀-ရက်နေ့က ရန်ကုန်မှ ပြင်သစ်နိုင်ငံ သကျမုနိရိပ်သာသို့ ကြွလာခဲ့ကြပါသည်။ ပြင်သစ်နိုင်ငံ သကျမုနိရိပ်သာ၌ ၃-ရက် နေထိုင်ကြရပါသည်။

ထို့နောက် အီတလီနိုင်ငံ ဗုဒ္ဓဓမ္မစင်တာအဖွဲ့မှ ပင့်လျှောက်ထားချက်အရ အီတလီနိုင်ငံ ကရိမိုလီနိုမြို့သို့ ကြွရောက်၍ ၃-ရက်တရားစခန်းဖွင့်ကာ တရားဟောတရားပြ ဆောင်ရွက်ကြရပါသည်။ ထိုတရားစခန်း၌ နေ့လယ် ၂-နာရီမှ ညနေ ၆-နာရီအထိ တရားစစ်ပေးရပါသည်။ ထိုသို့ တရားစစ်ပေးရာ၌ မေးခွန်းများ မေးကြပါသည်။

အီတလီနိုင်ငံသူ အသက်-၆၀ ရှိ အင်ဂျလီ(Angeli)အမည်ရှိ အမျိုးသမီးယောဂီက မေးလျှောက်သည်မှာ "သွားတာ၊ ရပ်တာ၊ ထိုင်တာ၊ လျောင်းတာများကို ရှုမှတ်ရာ၌ သွားချင်၊ ရပ်ချင်၊ ထိုင်ချင်၊ လျောင်းချင်သည့် အကြောင်းဖြစ်သော ချင်စိတ်များက စ၍ရှုမှတ်ရမည်။ ထို့နောက်မှ သွားတဲ့၊ ရပ်တဲ့၊ ထိုင်တဲ့၊ လျောင်းတဲ့ ကိုယ်အမှုအရာများကို ရှုမှတ်ရမည်ဟု ဆရာတော် ဟောကြားရာတွင် အဲဒီပြုလုပ်ချင်သည့်စိတ်များက ဘယ်အကြောင်းကြောင့် ဖြစ်လာပါသလဲ"ဟု မေးလျှောက်ပါသည်။

ပြုလုပ်ချင်သည့်စိတ်များသည် အာရုံအကြောင်းများကြောင့် ဖြစ်လာရပေသည်။ သွားရမည့် အာရုံအကြောင်းကြောင့် သွားချင်သည့်စိတ် ဖြစ်လာပါသည်။ ရပ်ရမည့် အာရုံအကြောင်းကြောင့် ရပ်ချင်သည့်စိတ် ဖြစ်လာပါသည်။ ထိုင်ရမည့် အာရုံအကြောင်းကြောင့် ထိုင်ချင်သည့်စိတ် ဖြစ်လာပါသည်။ လျောင်းရမည့် အာရုံအကြောင်းကြောင့် လျောင်းချင်သည့်စိတ် ဖြစ်လာပါသည်ဟု ဖြေကြားပေးရပါသည်။

ဤကဲ့သို့ ဖြေကြားပြီးသောအခါ နောက်ထပ် မေးခွန်းတစ်ခု မေးပြန်သည်မှာ "အာရုံအကြောင်းများ မရှိသောအခါ ပြုချင်သည့်စိတ်များ ဘယ်လိုဖြစ်ပါသလဲ"ဟု မေးပြန်ပါသည်။ အာရုံအကြောင်း မရှိသောအခါ

ပြုချင်သည့်စိတ်များ ဖြစ်လာရသည်မှာ မနသိကာရ = နလုံးသွင်းမှုကြောင့် ပြုချင်သည့်စိတ်များ ဖြစ်လာရပါသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

အီတလီလူမျိုး အမျိုးသားယောဂီ စီဇာ(Cesare)က မေးလျှောက်သည်မှာ "သူ ဝိပဿနာတရား အားထုတ်ခဲ့သည်မှာ ၅-နှစ်ရှိသွားပါပြီ။ တစ်ချိန်သောအခါ မမျှော်လင့်ဘဲ ဤခန္ဓာကိုယ်မှာ ဘာမျှမရှိ၊ ငါဆိုတာမရှိဟု မြင်သွားပါသည်။ နောက်မကြာခဏ ငါမရှိ၊ ငါမရှိဟု ခံစားရပါသည်။ ထိုခံစားမှုကြောင့် ကြောက်လန့်ခြင်းများ ဖြစ်ရပါသည်။ တရားသဘော ဟုတ်ပါရဲ့လား" ဟု မေးလျှောက်ပါသည်။

ဤကဲ့သို့ ကြောက်လန့်ခြင်းသည် ဝိပဿနာတရား အားထုတ်သောပုဂ္ဂိုလ်များ၏ ဉာဏ်စဉ်သဘောများကြောင့် ကြောက်လန့်ခြင်းများ ဖြစ်ကြရပါသည်။ ဝိပဿနာတရားအားထုတ်လို့ အပျက်ကိုမြင်သော ဘင်္ဂ ဉာဏ်သို့ ရောက်လာသောအခါ မှတ်စရာအာရုံ ရုပ်တရားနှင့် မှတ်သိစိတ်နာမ်တရားတို့ အလျင်အမြန် ကုန်ပျက်ကုန်ပျက် ပျောက်ပျက်ပျောက်ပျက်သွားသည်ကို မြင်ရ၍ ဘာကိုမျှ အားကိုးရာ မရှိပါလား။ ငါဆိုတာ မရှိပါလားဟု မကြာခဏ မြင်လာတတ်ကြပေသည်။ ထိုသို့ မြင်လာသောကြောင့် ကြောက်လန့်ခြင်း ဘယဉာဏ် ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။ တရားသဘောအရ ကောင်းသော ကြောက်လန့်ခြင်းဖြစ်သည်ဟု ဖြေကြားပေးခဲ့ရပါသည်။

အီတလီနိုင်ငံ ကရီမိုလီနိုတရားစခန်း၌ တရားစစ်ပေးရာတွင် ဆွစ်ဇာလန်လူမျိုး မိုက်ခဲလ်(Michele)အမည်ရှိ အမျိုးသားယောဂီက လျှောက်ထားသည်မှာ "သူ ဝိပဿနာတရား အားထုတ်တာ တစ်လရှိပါပြီ။ နာကျင်မှုဝေဒနာတို့ကို ခံစားနေရသောကြောင့် သမာဓိမဖြစ်ပါ။ ရှုမှတ်ရတာ ခက်နေပါသည်။ ဝေဒနာများကို ပျောက်အောင် ဘယ်လိုရှုမှတ်ရပါမလဲ" ဟု မေးလျှောက်ပါသည်။

ဝေဒနာများကို ပျောက်အောင်မရှုရပေ၊ သိအောင် ရှုမှတ်ရပေသည်။ မြတ်စွာဘုရားက "ဤခန္ဓာကိုယ်၌ ဒုက္ခဝေဒနာပေါ်လာလျှင် ဒုက္ခဝေဒနာကို ခံစားရ၏ဟူ၍ သိအောင် ရှုမှတ်ရမည်"ဟု ဟောကြားတော်မူပါသည်။ ပျောက်အောင် ရှုမှတ်ရမည်ဟု မဟောကြားပေ။

ထို့ကြောင့် တရားရှုမှတ်နေစဉ် မိမိခန္ဓာကိုယ်၌ နာကျင်ခြင်းစသော ဒုက္ခဝေဒနာများ ဖြစ်ပေါ်လာသောအခါ ခန္ဓာကိုယ်ကိုလည်း မတင်းထားရ၊ စိတ်ကိုလည်း မတင်းထားရပေ။ အနည်းငယ် လျော့ပေးရပါသည်။ လျော့ပေးပြီးလျှင် နာကျင်သည့် ဒုက္ခဝေဒနာပေါ်၌ မှတ်သိစိတ်ကို တည့်တည့်ချ၍ နာတယ်၊ ကျင်တယ် စသည်ဖြင့် သည်းခံပြီး ရှုမှတ်ရပါသည်။ ပိုပိုပြီး နာတာ၊ လျော့လျော့သွားတာကို သိအောင် ရှုမှတ်ရပါသည်။ ပိုပိုပြီး နာတာ၊ လျော့လျော့သွားတာကို သိလာပါက သမာဓိဖြစ်ကာ တဖြည်းဖြည်း မှတ်လို့ ကောင်းလာတတ်ပါသည်ဟု ဒုက္ခဝေဒနာ အကျဉ်းချုပ် ရှုမှတ်ပုံကို ဟောကြားပေးခဲ့ရပါသည်။

အီတလီနိုင်ငံ ကရီမိုလီနိုမြို့ တရားစခန်း၌ တရားစစ်ပေးရာတွင် ဂျီယန်ပါလို(Gian Paolo)အမည်ရှိ အမျိုးသားယောဂီက လျှောက်ထားသည်မှာ "သူ ဝိပဿနာတရား စ၍လေ့လာခဲ့သည်မှာ ၁၂-နှစ်ခန့် ရှိပါပြီ။ အနောက်တိုင်းနည်း၊ မဟာစည်နည်း၊ အဂျန်ချာနည်းတို့ဖြင့် လေ့လာခဲ့ပါသည်။ အားထုတ်ခဲ့ပါသည်။ ထူးခြားမှုများ မရှိပါ။ ဝိပဿနာရှုတာ ဘာကို သိအောင်ရှုရမလဲ၊ ဘာကိုရည်မှန်းပြီး ရှုရမှာလဲ"ဟု မေးလျှောက်ပါသည်။

"ဝိပဿနာရှုတာ သိအောင် ရှုရပါသည်။ ရုပ်နှင့်နာမ် ကွဲပြား၍ သိအောင် ရှုရပါသည်။ အကြောင်းနှင့်အကျိုးကို သိအောင် ရှုရပါသည်။ အဖြစ်အပျက်ကို သိအောင် ရှုရပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို သိအောင် ရှုရပါသည်"ဟု ဖြေကြားပေးခဲ့ရပါသည်။

ဝိပဿနာရှုရခြင်း၏ ရည်မှန်းချက် ရည်ရွယ်ချက်မှာ ရုပ်နာမ်ခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ၊ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲ၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းစသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်ဖို့ရာကို ရည်မှန်း၍ ရှုရပါသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဒါနခ္ခ်ဝမ်းသာ ဝိပဿနာခ္ခ်ဥပေက္ခာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အလှူဒါနကိုလည်း စွမ်းနိုင်သမျှ ပြုလုပ်ကြပေသည်။ ယခုခေတ်အခါသည် ဝိပဿနာတရား ထွန်းကားလာသောအခါဖြစ်၍ အချိန်ရသမျှ ဝိပဿနာတရားကိုလည်း အားထုတ်လျက်ရှိကြပေသည်။ အလှူဒါနပြုသူတို့ကလည်း အကျိုးကြီးမြတ်သော အလှူဒါန ဖြစ်လိုကြပေသည်။ ဝိပဿနာတရား အားထုတ်သူတို့ကလည်း တရားမြန်မြန်တွေ့လိုကြပေသည်။ တရား မြန်မြန်ရလိုကြပေသည်။

သို့ဖြစ်၍ အလှူဒါနပြုလုပ်သောအခါ အကျိုးကြီးမြတ်သည့် အလှူဒါနဖြစ်ဖို့ရာနှင့် ဝိပဿနာတရား အားထုတ်သောအခါ တရား မြန်မြန်တွေ့၊ တရား မြန်မြန်ရဖို့ရာ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း သောမနဿနှင့် လျစ်လျူရှုခြင်း ဥပေက္ခာ ဤနှစ်မျိုးတို့တွင် အရာဌာနအားလျော်စွာ ဘယ်တရားက အဓိကဖြစ်သည်ကို သိထားသင့်လုပေသည်။

အလှူဒါနပြုကြရာတွင် အကျိုးကြီးမြတ်ဖို့ရာမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း သောမနဿက အဓိကဖြစ်ပေသည်။ ဝိပဿနာတရား အားထုတ်ကြရာတွင် လျစ်လျူရှုခြင်း ဥပေက္ခာက အဓိကဖြစ်ပေသည်။

အကျိုးကြီးမြတ်သော အလှူဒါန ဖြစ်လိုကြသောပုဂ္ဂိုလ်တို့သည် အကြောင်းမှန်၊ အကျိုးမှန်တို့ကို ဆင်ခြင်၍ ဝမ်းမြောက်ဝမ်းသာဖြစ်အောင်

နလုံးသွင်းကြရပေသည်။ ဝမ်းမြောက်ဝမ်းသာဖြစ်သည်နှင့်အမျှ အကျိုးကြီးမြတ်ကြပေသည်။

၁။ မလျှုမိရှေးအဖို့ကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်အောင် နလုံးသွင်းကြရပေသည်။
၂။ လျှုနေဆဲခဏာ၌လည်း ဝမ်းမြောက်ဝမ်းသာဖြစ်အောင် နလုံးသွင်းကြရပေသည်။
၃။ လျှုပြီးသည့်နောက်ကာလ၌လည်း ဝမ်းမြောက်ဝမ်းသာဖြစ်အောင် နလုံးသွင်းကြရပေသည်။

၁။ မလျှုမီရှေးအဖို့ကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်အောင် နလုံးသွင်းကြရမည်ဟုဆိုရာ၌ ကောင်းမြတ်သည့် အလျှုဒါနတစ်ခု ဖြစ်ဖို့ရာမှာ -

(က) မိမိမှာ (ဓမ္မိယလဒ္ဓ) တရားသဖြင့် ရှာဖွေ၍ရရှိသော ပစ္စည်းဥစ္စာ ရှိနေခြင်းဟူသောအကြောင်း။
(ခ) သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံ၍ ကြည်ညိုဖွယ်ဖြစ်သည့် အလျှုခံပုဂ္ဂိုလ်နှင့် တွေ့ကြုံနေရခြင်းဟူသောအကြောင်း။
(ဂ) မိမိမှာ လျှုဒါန်းလိုသော စိတ်စေတနာသဒ္ဓါတရားကလည်း ထက်သန်နေခြင်းဟူသောအကြောင်း။ ဤအကြောင်း ၃-ပါး ပြည့်စုံမှသာ ကောင်းမြတ်သည့် အလျှုဒါန ဖြစ်နိုင်ပေသည်။

မလျှုရသေးမီ ရှေးအဖို့ကပင် မိမိမှာ ဤအကြောင်း ၃-ပါး ပြည့်စုံနေခြင်းသည် အတိတ်ဘဝများက ပြုခဲ့ဖူးသော (ပုဗ္ဗေစ ကတပုညတာ) ကောင်းမှုကုသိုလ်အထူး ရှိခဲ့ဖူးသောကြောင့် ပြည့်စုံနေခြင်း ဖြစ်ပေသည်။ ကောင်းမြတ်သည့် အလျှုဒါနကို ပြုရတော့မည်ဟု မလျှုရသေးမီ ရှေးအဖို့ကပင် ဆင်ခြင်၍ နလုံးသွင်းနေပါက နလုံးသွင်းတိုင်း နလုံးသွင်းတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမည် ဖြစ်ပေသည်။

၂။ လှူနေဆဲခဏာဋ္ဌလည်း ဝမ်းမြောက်ဝမ်းသာဖြစ်အောင် နလုံးသွင်းရမည်ဟု ဆိုရာ၌ -

မလှူမီရှေးအဖို့က မိမိရည်မှန်းခဲ့သည့်အတိုင်း ယခုလှူနေဆဲခဏာမှာလည်း တရားသဖြင့် ရှာဖွေ၍ရရှိထားသည့် လှူဖွယ်ပစ္စည်းများကလည်း ရှိနေပေလို့၊ ကြည်ညိုဖွယ်ဖြစ်သည့် အလှူခံပုဂ္ဂိုလ်ကလည်း ရှိနေပေလို့၊ စိတ်စေတနာသဒ္ဓါတရားကလည်း ထက်သန်နေပေလို့ ယခုလှူရပေပြီ လှူရပေပြီဟု လှူနေဆဲခဏာဋ္ဌလည်း အကြောင်းမှန်များကို ဆင်ခြင်ကာ နလုံးသွင်းလိုက်ပါက နလုံးသွင်းတိုင်း နလုံးသွင်းတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမည် ဖြစ်ပေသည်။

၃။ လှူပြီးသည့်နောက်ကာလဋ္ဌလည်း ဝမ်းမြောက်ဝမ်းသာဖြစ်အောင် နလုံးသွင်းရမည်ဟုဆိုရာ၌ -

မိမိမှာ မလှူသေးမီရှေးအဖို့နှင့် လှူနေဆဲခဏတို့၌ ကောင်းမြတ်သည့်အလှူဒါနဖြစ်ကြောင်း လှူဖွယ်ပစ္စည်း၊ အလှူခံပုဂ္ဂိုလ်၊ ထက်သန်သော စိတ်စေတနာသဒ္ဓါတရားတို့နှင့် ပြည့်စုံ၍ လှူဒါန်းခဲ့ရပေပြီဟု လှူဒါန်းခဲ့ပြီးသည်များကို ဆင်ခြင်ကာ နလုံးသွင်းလိုက်ပါက နလုံးသွင်းတိုင်း နလုံးသွင်းတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမည် ဖြစ်ပေသည်။

ဤကဲ့သို့ အလှူဒါနအရာမှာ ဝမ်းမြောက်ဝမ်းသာ သောမနဿက အဓိကဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်အောင် နလုံးသွင်းကြရပေသည်။

ဆောင်ပုဒ်။ ။ ဒါနပြုရာ၊ ဝမ်းမြောက်တာ၊ မှန်စွာအဓိကဖြစ်ပေသည်။

ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ သမာဓိဖြစ်အောင် အားထုတ်ကြရပေသည်။ သမာဓိဖြစ်မှ ဝိပဿနာဉာဏ်များ ဖြစ်နိုင်ပေသည်။ သမာဓိမဖြစ်ပါက ဝိပဿနာဉာဏ်များလည်း မဖြစ်နိုင်ကြပေ။ ဝိပဿနာဉာဏ်များ မဖြစ်ပါက မိမိတို့ရည်မှန်းထားကြသည့်

မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့လည်း မရောက်နိုင်၊ မရနိုင်ကြပေ။ သို့ဖြစ်၍ သမာဓိဖြစ်အောင် ရှေးဦးစွာ အားထုတ်ကြရပေသည်။

သမာဓိဖြစ်ဖို့ရာမှာ ကောင်းသည့်အာရုံ ဝမ်းမြောက်ဖွယ်နှင့် မကောင်းသည့်အာရုံ နှလုံးမသာယာဖွယ် ဤ၂-မျိုးလုံးတို့ကို လျစ်လျူရှုနိုင်မှ ဥပေက္ခာပြုနိုင်မှသာ သမာဓိဖြစ်နိုင်ပေသည်။ ကောင်းသည့်အာရုံများနှင့် တွေ့ရသည့်အခါ ကောင်းသည့်အတိုင်း ဝမ်းမြောက်ဝမ်းသာဖြစ်နေမည်၊ မကောင်းသည့်အာရုံများနှင့် တွေ့ရသည့်အခါ မကောင်းသည့်အတိုင်း နှလုံးမသာမယာဖြစ်နေမည်ဆိုပါလျှင် စိတ်တွေပျံ့လွင့်ကာ သမာဓိမဖြစ်နိုင်တော့ပေ။ လျစ်လျူရှုနိုင်မှသာ သမာဓိဖြစ်နိုင်ပေသည်။

ဤကဲ့သို့ ဝိပဿနာတရား အားထုတ်ရာမှာ လျစ်လျူရှုခြင်း ဥပေက္ခာက အဓိကဖြစ်၍ ကောင်းသည့်အာရုံနှင့် ဆိုးသည့်အာရုံ၂-မျိုးလုံးတို့ကို လျစ်လျူရှုကြရပေသည်။ ဥပေက္ခာပြုကြရပေသည်။ ဥပေက္ခာဖြစ်အောင် နှလုံးသွင်းကြရပေသည်။

ဆောင်ပုဒ်။ ။ ဝိပဿနာမှာ၊ ဥပေက္ခာ၊ မှန်စွာအဓိကဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ကုသိုလ်အဓိပ္ပာယ်ဖေးရာ ဖြေခဲ့ပါ

၁၉၉၅-ခုနှစ် ဆရာတော်တို့ ပြည်ပသာသနာအတွက် ခရီးထွက်ခဲ့စဉ် မေလ ၂၉-ရက်နေ့က ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့ ရောက်ခဲ့ကြပါသည်။ ဘရပ်ဆဲလ်မြို့ မဟာယာနဘုန်းတော်ကြီးကျောင်း၌ ခေတ္တနေထိုင်ကြရပါသည်။ ဘရပ်ဆဲလ်မြို့၌နေသူ ယောဂီမာရီစိစဲလ်က သူ၏ဒကာကြီးကို ကားမောင်းစေ၍ မြို့ထဲတွင် ရောက်သင့်သည့်နေရာများကို လိုက်ပို့ကြပေသည်။ ပို့ပြီး၍အပြန်တွင် သူတို့၏အိမ်သို့ ပင့်သွား၍ ဖျော်ရည်ကပ်ကြပါသည်။

ဖျော်ရည်ကပ်ပြီးသောအခါ မာရီစိစဲလ်က လျှောက်ထားသည်မှာ "ကုသိုလ်ဆိုသည့် စကား၏အဓိပ္ပါယ်ကို သိလိုပါသည်။ အချို့သော ဘာသာစကားများအရ ကုသိုလ်ဆိုတာ ဝယ်ယူ၍ ရရှိသည်ဆိုတဲ့ အဓိပ္ပါယ်မျိုး သက်ဝင်နေပါသည်"ဟု လျှောက်ထားပါသည်။

ကုသိုလ်ဆိုသည့် စကား၏အဓိပ္ပါယ်မှာ ကောင်းသည်ဟု အဓိပ္ပါယ်ရပါသည်။ ကုသိုလ်သည် ယခုပြုဆဲခဏာ၌လည်း အပြစ်မရှိ၍ ကောင်းသည်ဟု ဆိုရပါသည်။ နောင်အခါ နောင်ဘဝများ၌လည်း ကုသိုလ်ပြုထားသူကို နိဗ္ဗာန်ချမ်းသာသို့ ရောက်သည့်ဘဝတိုင်အောင် ကောင်းကျိုးအမျိုးမျိုးတို့ကို ရရှိစေ၍လည်း ကောင်းသည်ဟု ဆိုရပါသည်။

ယခုပြုဆဲခဏာ၌ ကုသိုလ်တရားများကောင်းပုံမှာ အကြင်သူတို့သည် သူတစ်ပါးတို့အား ချမ်းသာစေလိုရ၍ မိမိတို့၏ ပစ္စည်းများကို ပေးလှူခြင်း၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်းစသော ကုသိုလ်တရားတို့ကို ပြုလုပ်နေကြကုန်၏။ ထိုသူတို့ကို လောကရေးရာဘက်က တရားဥပဒေအရ အပြစ်ရှိ၏ဟုဆို၍ မရပေ၊ အပြစ်ကင်းနေကြပေသည်။ ဤကဲ့သို့ ကုသိုလ်တရားတို့သည် ပြုနေဆဲခဏာ၌ လောကရေးရာဘက်ကလည်း အပြစ်မရှိ၍ ကောင်းသည်ဟု ဆိုရပါသည်။

ဓမ္မရေးရာဘက်၌လည်း အကြင်သူတို့သည် အလှူဒါနပြုခြင်း၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်းစသော ကုသိုလ်တရားတို့ကို ပြုလုပ်နေကြကုန်၏။ ပြုဆဲခဏာ၌ ထိုသူတို့၏ စိတ်တွင် လိုချင်တပ်မက်ခြင်း လောဘမရှိ၍ အပြစ်ကင်းနေကြ၏။ အမျက်ထွက်ခြင်း ဒေါသမရှိ၍ အပြစ်ကင်းနေကြ၏။ တွေဝေခြင်း မောဟမရှိ၍ အပြစ်ကင်းနေကြ၏။ ဤကဲ့သို့ ဓမ္မရေးရာဘက်ကလည်း အပြစ်ကင်းနေ၍ ကောင်းသည်ဟု ဆိုရပါသည်။

ပြုပြီးသောနောက်ကာလ၌ အလှူဒါနပြုခြင်း၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်းစသော ကုသိုလ်တရားတို့တွင် ပထဝေစေတနာ ကုသိုလ်များက ကုသိုလ်ပြုထားသောသူတို့အား ယခုမျက်မှောက်ဘဝ၌မင် ဘေးရန်အန္တရာယ်များ ကင်းစေခြင်း၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာရှိစေခြင်း၊ ကုသိုလ်ရှင် ပြုလုပ်လိုသော ကိစ္စများကို လွယ်လွယ်ဖြင့် ပြီးမြောက်စေခြင်း၊ ကုသိုလ်ရှင် အလိုရှိအပ်သည့် အကျိုးတရားများကို လွယ်လွယ်နှင့် ရရှိစေခြင်းစသော ကောင်းကျိုးအမျိုးမျိုးတို့ကို ရရှိစေကြကုန်၏။ ထို့ကြောင့်လည်း ကုသိုလ်တရားတို့ကို ကောင်းသည်ဟု ဆိုရပေသည်။

ပြုပြီးသည့်နောက်ကာလ၌ ဒါန၊ သီလစသော ကုသိုလ်တရားတို့တွင် သတ္တမဇော်စေတနာ ကုသိုလ်များက ကုသိုလ်ပြုထားသောသူတို့အား

ကောင်းမြတ်သည့် လူပြည်၊ နတ်ပြည်သို့ ရောက်သွားရအောင် ပို့ပေး သောအားဖြင့် ကောင်းကျိုးအမျိုးမျိုးတို့ကို ရရှိစေကြပေသည်။ ထို့ကြောင့် လည်း ကုသိုလ်တရားတို့ကို ကောင်းသည်ဟု ဆိုရပေသည်။

ပြုပြီးသောနောက်ကာလ၌ ဒါန၊ သီလစသော ကုသိုလ်တရားတို့ တွင် အလယ်ဇောစေတနာ ကုသိုလ်များက ကုသိုလ်ပြုထားသောသူတို့အား နိဗ္ဗာန်ချမ်းသာသို့ ရောက်သည့်ဘဝတိုင်အောင် ဘဝတိုင်းဘဝတိုင်းတို့၌ ကောင်းကျိုးချမ်းသာအမျိုးမျိုးတို့ကို ရရှိစေကြပေသည်။ ထို့ကြောင့်လည်း ကုသိုလ်တရားတို့ကို ကောင်းသည်ဟု ဆိုရပေသည်။

ကုသိုလ်တရားများ ကောင်းပုံကို ဆန့်ကျင်ဘက် အကုသိုလ်တရား များနှင့် နှိုင်းယှဉ်ကြည့်မှ ကောင်းသည့်အကြောင်းများကို ပိုရှင်းနိုင်ကြပေ သည်။ အကုသိုလ်တရားတို့သည် ပြုနေဆဲခဏာ၌လည်း အပြစ်များရှိနေကြ ကုန်၏။ ထို့ကြောင့် မကောင်းပေ။ ပြုပြီးသည့်နောက်ကာလ၌လည်း နိဗ္ဗာန် သို့ ရောက်သည့်ဘဝတိုင်အောင် မကောင်းသည့်အကျိုးအမျိုးမျိုးတို့ကို ရရှိစေကြကုန်၏။ ထို့ကြောင့် မကောင်းပေ။ မကောင်းသောတရားများဟု ဆိုရပေသည်။

ယခုပြုဆဲခဏာ၌ အကုသိုလ်တရားများ အပြစ်ရှိနေပုံမှာ အကြင် သူတို့သည် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော အကုသိုလ်တရား တို့ကို ပြုနေကြကုန်၏။ ထိုသူတို့သည် သတ်နေဆဲ၊ ခိုးနေဆဲတို့ခဏာ၌ပင် လောကရေးရာဘက်၌ တရားဥပဒေအရ အပြစ်ရှိနေကြကုန်၏။ ထိုသို့ ပြုနေဆဲခဏာ၌ပင် အပြစ်ရှိနေကြသောကြောင့် မကောင်းပေ။

အကြင်သူတို့သည် အလှူဒါနပြုခြင်း၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်းစသော ကုသိုလ်တရား တို့ကိုပြုလုပ်၍ နေကြကုန်၏။ ထိုသူတို့ကို လောက၌ တရားဥပဒေအရ အပြစ်ရှိသည်ဟူ၍ ဆိုလို့မရပေ။ ကောင်းသည်ဟူ၍ ဆိုကြရပေသည်။

သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော အကုသိုလ်တရား တို့သည် ပြုပြီးသည့်နောက်ကာလ ယခုမျက်မှောက်ဘဝ၌ပင် အကုသိုလ် ပြုထားသောပုဂ္ဂိုလ်တို့အား ထောင်ကျခံရခြင်း၊ သေဒဏ် အပြစ်ပေးခံရခြင်း စသော မကောင်းကျိုးများကို ရရှိစေကြကုန်၏။ ထို့ကြောင့် အကုသိုလ် တရားတို့ကို မကောင်းဟု ဆိုရပေသည်။

အလှူဒါနပြုခြင်း၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်းမှ ရှောင်ကြဉ်ခြင်းစသော ကုသိုလ်တရားတို့သည် ပြုပြီးသောနောက် ကာလ ယခုဘဝ၌ပင် ကုသိုလ်ပြုထားသောသူတို့အား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ပစ္စည်းဥစ္စာပေါများခြင်းစသော ကောင်းကျိုးအမျိုးမျိုးတို့ကို ရရှိစေကြကုန်၏။ ထို့ကြောင့် ကုသိုလ်တရားတို့ကို ကောင်းသည်ဟု ဆိုရ ပေသည်။

သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော အကုသိုလ်တရား တို့သည် ပြုပြီးသည့်ကာလ နောက်နောင်ဘဝများ၌လည်း အကုသိုလ်တရား တို့ကို ပြုထားကြသောပုဂ္ဂိုလ်တို့အား ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဟူသော ယုတ်နိမ့်သည့် အပါယ်ဘုံဘဝများသို့ ရောက်စေ၍ မကောင်းကျိုး ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို ရရှိစေကြကုန်၏။

အပါယ်ငရဲတို့မှ လွတ်လာပြီးသောအခါ၌လည်း နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် သူတစ်ပါးတို့၏ အသတ်ခံရခြင်း၊ အဆင်းမလှခြင်း၊ ပစ္စည်းဥစ္စာများရှားပါးခြင်းစသော မကောင်း ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို ရရှိ စေကြကုန်၏။ ထို့ကြောင့် အကုသိုလ်တရားတို့သည် မကောင်းကြပေ။

အလှူဒါနပြုခြင်း၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်းမှ ရှောင်ကြဉ်ခြင်းစသော ကုသိုလ်တရားတို့သည် ပြုပြီးသည့်ကာလ နောက်နောင်ဘဝများ၌လည်း ကုသိုလ်တရားတို့ကို ပြုထားသောသူတို့ အား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ပစ္စည်းဥစ္စာပေါများခြင်းစသော

ကောင်းကျိုးချမ်းသာအမျိုးမျိုးတို့ကို ရရှိစေကြကုန်၏။ ထို့ကြောင့် ကုသိုလ်တရားတို့သည် ကောင်းသည်ဟု ဆိုရပေသည်။

ဤကဲ့သို့ ကုသိုလ်၏ ကောင်းသည်ဟူသော အဓိပ္ပာယ်ကို အချိန်တိုတိုနှင့် ရှင်းပြ၍ ဟောကြားခဲ့ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဆွစ်ဇာလန်မှမေးခြေ ပြေပေးရ

၁၉၉၅-ခုနှစ် ပြည်ပသာသနာအတွက် ဆရာတော်တို့ ခရီးထွက်ခဲ့ရာတွင် ဆွစ်ဇာလန်နိုင်ငံ လိုဆန်းမြို့ (LAUSANNE) လင်ဖောင်ဟူး မဟာယာနရိပ်သာကျောင်းသို့ ၁၉၉၅-ခုနှစ်၊ ဇွန်လ ၁၇-ရက်နေ့က ရောက်ကြပါသည်။ ၁၈-ရက်နေ့မှစ၍ ဇွန်လ ၂၁-ရက်နေ့အထိ ၃-ရက်စခန်းဖွင့်၍ တရားဟောတရားပြ ဆောင်ရွက်ကြပါသည်။

ထိုသို့ ဆောင်ရွက်ကြရာတွင် ဇွန်လ ၁၈-ရက်၊ ၁၉-ရက်နေ့များ၌ ဆရာတော်ဟောကြားသော ထေရဝါဒ ဝိပဿနာကျင့်စဉ်များကို ဒေါက်တာဦးမြအောင်က အင်္ဂလိပ်ဘာသာ ပြန်ဆိုပေး၍ သက္ကမုနိဘုန်းတော်ကြီး ဦးဝိဇယက ပြင်သစ်ဘာသာ၊ ဗီယက်နမ်ဘာသာတို့ဖြင့် မဟာယာန ဗီယက်နမ်သီလရှင်များနှင့်တကွ ဆွစ်ဇာလန် တရားနာပရိသတ်တို့အား နားလည်သဘောပေါက်အောင် ဟောကြားပေးပါသည်။

ထိုသို့ ဟောကြားပေးသော ထေရဝါဒ ဝိပဿနာကျင့်စဉ်တရားတို့ကို နာကြားရ၍ မဟာယာနသီလရှင်ကြီးတို့သည် မဟာယာနကျင့်စဉ်မှ ထေရဝါဒကျင့်စဉ်များသို့ ပြောင်းရွှေ့၍ ကျင့်လိုသောဆန္ဒများ ရှိလာကြပြီးလျှင် မေးခွန်းများ မေးလျှောက်ကြသောအခါ ထည့်၍ မေးလျှောက်ကြပေသည်။ ဇွန်လ ၂၀-ရက်နေ့ ည ၆:၃၀ မှ ဂ:၃၀ အထိ ဝိပဿနာတရားဟောကြားပြီးသောအခါ ည ၉-နာရီမှ ၁၀-နာရီအထိ မေးခွန်းများ မေးမြန်းကြပါသည်။

ထိုသို့ မေးခွန်းများ မေးမြန်းကြရာတွင် မဟာယာနသီလရှင် ထရီဟန်(ခေါ်) ယောဂီကြီးက လျှောက်ထားသည်မှာ "တပည့်တော်တို့ မဟာယာန အကျင့်လမ်းစဉ်ကို ကျင့်ခဲ့သည်မှာ အနှစ်-၃၀ ရှိသွားပါပြီ။ ယခု အရှင်ဘုရားတို့ ဟောကြားသည့် ထေရဝါဒ ဝိပဿနာအကျင့်လမ်းစဉ်သို့ ဘယ်လိုပြောင်းရွှေ့၍ ကျင့်ရပါမည်နည်း။ ပြောင်းရွှေ့၍ ကျင့်ဖို့ရာ ခက်ခဲနေပါသည်"ဟု လျှောက်ထားပါသည်။

သီလရှင်ကြီးများ မူလကျင့်ခဲ့ကြသည့် ဘုရားရှိခိုးခြင်း၊ ဘုရားဂုဏ်တော်များကို အာရုံပြု၍ ပွားများခြင်း၊ ပုတီးစိပ်ခြင်း စသည်တို့ဖြင့် ကျင့်ကြံခဲ့ကြသော မဟာယာန အကျင့်လမ်းစဉ်တို့သည် သမထတရားပင် ဖြစ်ပေသည်။ ထိုသမထတရားသည် ဘဝလမ်းဆုံးသို့ရောက်အောင် ပို့ပေးနိုင်သော တရားမဟုတ်ပေ။ ဝိပဿနာသည် ဘဝလမ်းဆုံးသို့ရောက်အောင် ပို့ပေးနိုင်သော တရားဖြစ်ပေသည်။ ထို့ကြောင့် ဘဝလမ်းဆုံးသို့ရောက်အောင် ပို့ပေးနိုင်သည့် ထေရဝါဒ ဝိပဿနာအကျင့်လမ်းစဉ်သို့ ပြောင်းရွှေ့၍ ကျင့်သင့်ပါသည်။

သီလရှင်ကြီးများ မူလကျင့်စဉ်ဖြစ်သည့် သမထကျင့်စဉ်ကို လုံးဝစွန့်ပစ်ရမည်၊ ဖျက်ပစ်ရမည်ဟု ဆိုလိုသည်မဟုတ်ပါ။ မူလကျင့်စဉ်ဖြစ်သည့် သမထသည် ဝိပဿနာကို ကျေးဇူးပြုနိုင်ပေသည်။ ထိုမူလကျင့်ကြံအားထုတ်ခဲ့သော သမထက ဝိပဿနာကို ကျေးဇူးပြုသည်ဖြစ်၍ ဝိပဿနာ ဉာဏ်များ မြန်မြန်ဖြစ်လာနိုင်ပါသည်ဟု ဖြေကြား ဟောကြားပေးခဲ့ရပါသည်။

ထို့နောက် မဟာယာနသီလရှင်ကြီး ထရီဟန်က လျှောက်ထားပြန်သည်မှာ "တပည့်တော်တို့ ဝိပဿနာတရားကို ဘယ်လိုစ၍ အားထုတ်ရပါမည်နည်း"ဟု လျှောက်ထားပြန်ပါသည်။ ဝိပဿနာတရားကို အားထုတ်ဖို့ရာမှာ ဆရာတော်တို့ ယခု ဟောကြားနေသည့်အတိုင်း အားထုတ်ကြရမည် ဖြစ်ပေသည်။

ထိုင်၍ ဝိပဿနာရှုမှတ်သည့်အခါ ဖောင်းတယ်၊ ပိန်တယ်ဟု ရှေ့ဦးစွာ ၂-မှတ် ရှုမှတ်ကြရပါမည်။ ထို ၂-မှတ်ဖြင့် ရှုမှတ်လို့ကောင်းပါလျှင် ၂-မှတ်ပဲ ရှုမှတ်ရပါသည်။ ၂-မှတ် ရှုမှတ်၍မကောင်းသေးလျှင် ဖောင်းတယ်၊ ပိန်တယ်၊ ထိတယ်လို့ ၃-ချက် ရှုမှတ်ရပါမည်။ ၃-ချက် ရှုမှတ်လို့ကောင်းလျှင် ၃-ချက်ပင် ရှုမှတ်ရပါမည်။ ၃-ချက် ရှုမှတ်လို့မကောင်းသေးလျှင် ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ ၄-ချက် ရှုမှတ်ရပါမည်။

စကြီ်လျှောက်၍ ဝိပဿနာရှုမှတ်ရာ၌ ကြွတယ်၊ လှမ်းတယ်၊ ချတယ် စသည်ဖြင့် ရှုမှတ်ရပါသည်။ အထွေထွေအသေးစိတ် ဝိပဿနာရှုမှတ်ရာ၌ ပြုလုပ်ချင်သည့်စိတ်က စ၍ရှုမှတ်ရပါသည်။ သွားချင်တယ် သွားချင်တယ်၊ သွားတယ် သွားတယ်၊ ရပ်ချင်တယ် ရပ်ချင်တယ်၊ ရပ်တယ် ရပ်တယ်၊ ထိုင်ချင်တယ် ထိုင်ချင်တယ်၊ ထိုင်တယ် ထိုင်တယ်၊ လျောင်းချင်တယ် လျောင်းချင်တယ်၊ လျောင်းတယ် လျောင်းတယ်၊ လက်ကို ကွေးရ ဆန့်ရမည့်အခါ၌ ကွေးချင်တယ် ကွေးချင်တယ်၊ ကွေးတယ် ကွေးတယ်၊ ဆန့်ချင်တယ် ဆန့်ချင်တယ်၊ ဆန့်တယ် ဆန့်တယ် ဟူ၍ ရှုမှတ်ကြရမည်ဟု ဟောကြားပေးခဲ့ရပါသည်။

မင်း(Minh)လို့ခေါ်သည့် အမျိုးသားယောဂီက မေးလျှောက်သည်မှာ "အရှင်ဘုရားတို့ ဟောကြားသည့် အကုသိုလ်အမြစ်ကို ဘယ်လိုဖြတ်ရပါမည်နည်း"ဟု မေးလျှောက်ပါသည်။

၁၉၉၅-ခု၊ ဇွန်လ ၁၈-ရက်နေ့ နေ့လယ် ၂-နာရီမှစ၍ ညနေ ၄-နာရီအထိ ဆရာတော်တို့ ဟောကြားအပ်သော သမ္မပ္ပဓာနသုတ္တန်ကို ဟောကြားရာ၌ အကုသိုလ်တရားတို့ကို ပယ်ဖို့ရာ ဟောကြားရာတွင် ကိုယ်နှုတ်တို့၌ဖြစ်သော အကုသိုလ်တို့သည် အဆိပ်ပင်ကြီး၏ အဖျားဖြစ်သည့် အကိုင်းအခက်များနှင့် တူပေသည်။ ထိုအကုသိုလ်တို့ကို သီလတရားဖြင့် ပယ်ဖြတ်ရသည်။ စိတ်အစဉ်မှာ ဖြစ်နေကြသည့် အကုသိုလ်တို့သည် အဆိပ်ပင်ကြီး၏ အလယ်ဖြစ်သည့် ပင်စည်လုံးကြီးနှင့် တူပေသည်။ ထိုအကုသိုလ်

များကို သမထဖြင့် ပယ်ဖြတ်ရပေသည်။ ဘဝပေါင်းများစွာက ကိန်းပါ လိုက်ပါလာခဲ့သည့် အနုသယအကုသိုလ်တို့သည် အဆိပ်ပင်ကြီး၏ အမြစ် နှင့် တူပေသည်။ ထိုအကုသိုလ်တို့ကို ပညာတရားဖြင့် ပယ်ဖြတ်ရပေသည်။ သီလသည် အဖျားဖြတ်တရား၊ သမထသည် အလယ်ဖြတ်တရား၊ ဝိပဿ နာပညာ မဂ်ပညာသည် အမြစ်ဖြတ်တရားဖြစ်သည်ဟု ဟောကြားပေးခဲ့ ပါသည်။

ထိုသို့ အကုသိုလ်အမြစ်ဖြတ်ပုံကို ဟောကြားခဲ့ပါသော်လည်း မေး ခွန်းလျှောက်ထားသူ မင်း(Minh)ဟုခေါ်သူ ယောဂီက သေသေချာချာ သဘောမပေါက်သေးသည်ဖြစ်၍ ထပ်၍ မေးလျှောက်ခြင်း ဖြစ်ပေသည်။

အမြစ်နှင့်တူသည့် အနုသယအကုသိုလ်ကို ဖြတ်ရမည်ဟုဆိုရာ ၌ ထိုင်၍ရှုမှတ်ရာတွင် ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ်လို့ ရှုမှတ်နေခြင်း၊ စင်္ကြံလျှောက်၍ ရှုမှတ်ရာတွင် ကြွတယ် လှမ်းတယ် ချ တယ် စသည်ဖြင့် ရှုမှတ်နေခြင်း၊ အထွေထွေရှုမှတ်ရာတွင် သွားတယ် ရပ်တယ် ထိုင်တယ် လျှောင်းတယ် စသည်ဖြင့် ဝိပဿနာရှုမှတ်နေခြင်း သည် အကုသိုလ်အမြစ်ကို ဖြတ်နေခြင်းပင် ဖြစ်ပေသည်။

ဤကဲ့သို့ ဝိပဿနာရှုမှတ်နေခြင်းသည် မှတ်ချက်တိုင်း မှတ်ချက် တိုင်း လောဘအကုသိုလ်အမြစ်၊ ဒေါသအကုသိုလ်အမြစ်၊ မောဟအကု သိုလ်အမြစ်တို့ကို ဖြတ်နေခြင်းပင် ဖြစ်ပေသည်။ ဝိပဿနာဉာဏ်များ ပြည့်စုံသွား၍ မဂ်ဉာဏ်များသို့ ရောက်သွားသောအခါ ဘဝပေါင်းများစွာက ကိန်းပါ လိုက်ပါလာသော အနုသယအကုသိုလ်အမြစ်တို့ကို အပြီးတိုင် ပယ်ဖြတ်ပြီး ဖြစ်သွားပေသည်ဟု ဟောကြား ဖြေကြားပေးခဲ့ရပါသည်။

ထို့နောက် မေ(May)လို့ခေါ်သော အမျိုးသမီးယောဂီက မေး လျှောက်ပြန်သည်မှာ "ဝိပဿနာတရားအားထုတ်၍ နိဗ္ဗာန်ကိုရသည်ဆိုရာ ၌ ရဟန်းတော်များသာ ရနိုင်ပါသလား"ဟု မေးလျှောက်ပြန်ပါသည်။

ရဟန်းတော်များသာ ရနိုင်သည်မဟုတ်ပါ။ သတိပဋ္ဌာန်တရား ၄-ပါးဖြင့် ဝိပဿနာတရားအားထုတ်သူမှန်လျှင် မည်သူမဆို၊ မည်သည့်ပုဂ္ဂိုလ်မဆို နိဗ္ဗာန်ကိုရနိုင်ကြပေသည်။ အမျိုးသားလည်း ရနိုင်ပါသည်။ အမျိုးသမီးလည်း ရနိုင်ပါသည်။ ရဟန်းများလည်း ရနိုင်ပါသည်။ သီလရှင်များလည်း ရနိုင်ပါသည်။ မည်သည့်ပုဂ္ဂိုလ်မဆို ရနိုင်ပါသည်။ သတိပဋ္ဌာန်တရား အကျင့်လမ်းစဉ်သည် နိဗ္ဗာန်သို့သွားရာ တစ်ကြောင်းတည်းသော အကျင့်လမ်းစဉ်ဖြစ်သည်ဟု ဟောကြားပေးခဲ့ရပါသည်။

ထို့နောက် မင်ဒန်(Minh Dang)ဟုခေါ်သော အမျိုးသားယောဂီက မေးလျှောက်ပြန်သည်မှာ "သူသည် ဝင်လေ ထွက်လေ အာနာပါနကို လေ့ကျင့်ခဲ့ပါသည်။ အာနာပါနဖြင့် စက်ကြီလျှောက်မှတ်လို့ရပါသည်။ အာနာပါနဖြင့် စက်ကြီလျှောက်၍ကောင်းပါသည်။ ယခု ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ ရှုမှတ်တဲ့အခါမှာ မောပါသည်။ ဘာကြောင့်ပါလဲ" ဟု မေးလျှောက်ပြန်ပါသည်။

အာနာပါနဖြင့် စက်ကြီလျှောက်ရာ၌ သမာဓိဖြစ်ထားပြီး၊ အလေ့အကျင့်ရထားပြီးဖြစ်သောကြောင့် မောပန်းခြင်းမရှိဘဲ စက်ကြီလျှောက်၍ကောင်းနေခြင်း ဖြစ်ပေသည်။

ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ ရှုမှတ်ရာ၌ ယခုမှစပြီး ရှုမှတ်ရသည်ဖြစ်၍ သမာဓိကောင်းကောင်း မဖြစ်သေးသဖြင့် အားစိုက်၍ ရှုမှတ်နေရသောကြောင့် မောပန်းခြင်းများ ဖြစ်ရပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ထို့နောက် မေးခွန်းတစ်ခု ထပ်၍ မေးလျှောက်ပြန်သည်မှာ "စက်ကြီလျှောက်ရာ၌ ၂-မှတ်ဖြင့် လျှောက်သည့်အခါမှာ ရှုမှတ်လို့ မကောင်းပါ။ ၆-မှတ်ဖြင့် ရှုမှတ်သောအခါ ရှုမှတ်လို့ကောင်းပါသည်။ ဘာကြောင့်ပါလဲ ဘုရား" ဟု မေးလျှောက်ပြန်ပါသည်။

ကြွတယ်၊ ချတယ်လို့ ၂-မှတ်ဖြင့် ရှုမှတ်ရာ၌ ရှုမှတ်လို့မကောင်း သည်မှာ ခန္ဓာကိုယ် ခြေထောက်အမူအရာနှင့် အားစိုက်၍ ရှုမှတ်မှုတို့ မကိုက်ညီသေးလို့၊ ပစ္စုပ္ပန်မတည့်သေးလို့ ရှုမှတ်၍မကောင်းခြင်း ဖြစ်ပေ သည်။

ကြွတယ်၊ မတယ်၊ လှမ်းတယ်၊ ချတယ်၊ ထိတယ်၊ ဖိတယ်လို့ ၆-ချက်ဖြင့် ရှုမှတ်ရာ၌ ရှုမှတ်လို့ကောင်းခြင်းသည် ခန္ဓာကိုယ် ခြေထောက် အမူအရာများနှင့် အားစိုက်၍ ရှုမှတ်မှုတို့ ကိုက်ညီလို့၊ ပစ္စုပ္ပန်တည့်လို့ ရှု မှတ်၍ကောင်းခြင်း ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ဤကဲ့သို့ ပြည်ပသာသနာအတွက် အကျိုးများမည့် ဆွစ်ဇာလန် နိုင်ငံ တရားနာပရိသတ် ယောဂီများက မသိ၍ မေးမြန်းကြသော မေးခွန်း များ၏ အဖြေတို့ကို မေတ္တာ၊ ကရုဏာရှေ့ထား၍ ဖြေကြားပေးခဲ့ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အမြတ်ဆုံးတရား သိမ္ဘယ်မျှား

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့နှင့်တကွ အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့သည် အမြတ်ဆုံးတရားတို့ကို သိလိုကြပေသည်။ အမြတ်ဆုံးတရားတို့ကို ရယူလိုကြပေသည်။ အမြတ်ဆုံးတရားတို့ကို ရရာရကြောင်း အကျင့်ကောင်း အကျင့်မြတ်တို့ကိုလည်း ကျင့်လိုကြပေသည်။ သို့ဖြစ်၍ ဗုဒ္ဓမြတ်စွာက အမြတ်ဆုံးတရား ၄-ပါးကို ဟောကြားတော်မူခဲ့ပါသည်။

မြတ်စွာဘုရား ဟောကြားခဲ့သော အမြတ်ဆုံးတရား ၄-ပါးဟူသည်မှာ -

၁။ အလှူဒါနအမျိုးမျိုးတို့တွင် တရားအလှူသည် အမြတ်ဆုံးအလှူဒါနဖြစ်၏။

၂။ အရသာအမျိုးမျိုးတို့တွင် တရားအရသာသည် အမြတ်ဆုံးအရသာဖြစ်၏။

၃။ ပျော်မွေ့ဖွယ်ရာအမျိုးမျိုးတို့တွင် တရားဖြင့် ပျော်မွေ့ခြင်းသည် အမြတ်ဆုံးပျော်မွေ့ခြင်းဖြစ်၏။

၄။ ချမ်းသာအမျိုးမျိုးတို့တွင် တဏှာကုန်စင်သည့် အရဟတ္တဖိုလ် ချမ်းသာသည် အမြတ်ဆုံးချမ်းသာဖြစ်၏ဟူ၍ ၄-ပါးဖြစ်ပါသည်။

၁။ အလျှုဒါနအမျိုးမျိုးတို့တွင် တရားအလှူသည် အမြတ်ဆုံးအလှူ ဒါနဖြစ်၏ဟူ၍ ဟောကြားရာ၌ အကြင်ပုဂ္ဂိုလ်သည် တရားဟော၏။ ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်အလှူကို လှူဒါန်းသည်မည်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့် တရားဟောခြင်း **ဓမ္မဒါန** = တရားအလှူ သည် နိဗ္ဗာန်ကို လှူဒါန်းသည်မည်၏။ ထို့ကြောင့် အလှူဒါနအမျိုးမျိုးတို့ တွင် **ဓမ္မဒါန** = တရားအလှူသည် အမြတ်ဆုံးအလှူဒါနဖြစ်၏ဟု ဟော ကြားတော်မူခြင်း ဖြစ်ပေသည်။

တရားဟောခြင်းဖြင့် အမြတ်ဆုံးဒါနဖြစ်သည့် နိဗ္ဗာန်အလှူကို တရားဟောတတ်သော ဆရာတော်၊ သံဃာတော်တို့သည်သာ လှူဒါန်းနိုင် ကြသည်မဟုတ်ပေ၊ လူပုဂ္ဂိုလ်တို့သည်လည်း လှူဒါန်းနိုင်ကြပေသည်။ ဗုဒ္ဓံ သရဏံ ဂစ္ဆामိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် ပါဠိကို မရွတ်ဆိုတတ်သေးသော ကလေးသူငယ်များကို ရွတ်ဆိုတတ် အောင် သင်ပေးခြင်းသည်လည်း တရားဟောခြင်းပင်ဖြစ်၍ အမြတ်ဆုံးဒါန ဖြစ်သည့် နိဗ္ဗာန်ကို လှူဒါန်းသည်မည်၏။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဟု ရွတ်ဆိုရသည်မှာ ဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။ တရားကို ကိုး ကွယ်ဆည်းကပ်ပါ၏။ သံဃာကို ကိုးကွယ်ဆည်းကပ်ပါ၏ဟု ဆိုခြင်းဖြစ် ပေသည်ဟူ၍ ပါဠိ၏အနက်ကို ဖွင့်ပြ၊ သင်ပေးခြင်းသည်လည်း တရားဟော ခြင်းပင်ဖြစ်၍ အမြတ်ဆုံးအလှူဒါနဖြစ်သည့် နိဗ္ဗာန်ကို လှူဒါန်းသည်မည်၏။

ကမ္မဋ္ဌာန်းတရား မရှုမှတ်တတ်၊ မပွားများတတ်သော ပုဂ္ဂိုလ်များ ကို ကမ္မဋ္ဌာန်းတရား ရှုမှတ်တတ်အောင် ပွားများတတ်အောင် ပြောပြပေး ခြင်း၊ သင်ကြားပေးခြင်းသည်လည်း တရားဟောခြင်းပင်ဖြစ်၍ အမြတ်ဆုံး ဒါနဖြစ်သည့် နိဗ္ဗာန်ကို လှူဒါန်းသည်မည်၏။

ထိုထိုအရပ်ဒေသတို့၌ တရားပွဲများကျင်းပ၍ တရားဟောကြ၊ တရားနာကြရာတို့တွင် တရားပွဲသို့ကြွရောက်၍ တရားနာကြပါရန် သူတစ်

ပါးတို့အား ဖိတ်ခေါ်ခြင်းသည်လည်း တရားဟောခြင်းဖြစ်၍ အမြတ်ဆုံး ဒါနဖြစ်သည့် နိဗ္ဗာန်ကို လှူဒါန်းသည်မည်၏ဟု အဋ္ဌကထာဆရာများ ဖွင့်ပြထားသောကြောင့် အမြတ်ဆုံးဒါနဖြစ်သည့် နိဗ္ဗာန်အလှူကို လူပုဂ္ဂိုလ်တို့လည်း လှူဒါန်းနိုင်ကြသည် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ လုံးစုံလှူတွင်၊ တရားလျှင်၊
အမှန်ပင်အမြတ်ဆုံးဖြစ်ပေသည်။

၂။ အရသာအမျိုးမျိုးတို့တွင် တရားအရသာသည် အမြတ်ဆုံးအရသာ ဖြစ်၏ဟု ဟောကြားရာ၌ အချို၊ အချဉ်၊ အဆိမ့်၊ အဖန်၊ အခါး စသော ကောင်းမြတ်သော အရသာအမျိုးမျိုးတို့ကို အကြိမ်ပေါင်းများစွာ၊ ဘဝပေါင်းများစွာ ခံစားခြင်းတို့သည် တပ်မက်ခြင်း လောဘတဏှာရှေ့သွား ရှိသည်ဖြစ်၍ သံသရာဝင့်ဆင်းရဲဒုက္ခတို့၌ နစ်မြုပ်သွားဖို့ရာ ဖြစ်ပေသည်။ ထို့ကြောင့် ထိုအရသာတို့သည် မမြတ်ကြပေ။

ပရိယတ္တိဓမ္မ = ပိဋကတ် ၃-ပုံ တရားတော်တို့ကို သင်ကြားလေ့လာ၍ ရရှိလာသော တရား၏အရသာ၊ **ပဋိပတ္တိဓမ္မ** = သီလတရား၊ သမထတရား၊ ဝိပဿနာတရားတို့ကို ပွားများအားထုတ်၍ ရရှိလာသော တရား၏ အရသာတို့သည် စိတ်အညစ်အကြေး ကိလေသာတို့မှ လွတ်မြောက်၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားစေနိုင်သောကြောင့် အမြတ်ဆုံးအရသာများ ဖြစ်ကြပေသည်။

ဆောင်ပုဒ်။ ။ ရသာတို့တွင်၊ တရားလျှင်၊
အမှန်ပင်အမြတ်ဆုံးဖြစ်ပေသည်။

၃။ ပျော်မွေ့ဖွယ်ရာအမျိုးမျိုးတို့တွင် တရားဖြင့်ပျော်မွေ့ခြင်းသည် အမြတ်ဆုံးပျော်မွေ့ခြင်းဖြစ်၏ဟု ဟောကြားရာ၌ သားသမီးများနှင့်ပျော်မွေ့ခြင်း၊ ဇနီးမယား လင်ယောကျ်ားများနှင့် ပျော်မွေ့ခြင်း၊ အိမ်ရာတိုက်တာ ရှေ့ငွေစသော ရတနာများနှင့်ပျော်မွေ့ခြင်းစသော လောကီချမ်းသာ

များနှင့်ပျော်မွေ့ခြင်းတို့သည် လောဘတဏှာရှေ့သွားရှိသည်ဖြစ်၍ သံသရာ ဝဋ်ဆင်းရဲဒုက္ခတို့၌ နစ်မြုပ်သွားဖို့ရာဖြစ်၏။ ထို့ကြောင့် ထိုပျော်မွေ့ခြင်းတို့သည် မမြတ်ပေ။

သမထ၊ ဝိပဿနာတရားတို့ကိုအားထုတ်၍ ရရှိလာသော ဝိပဿနာပိတိသုခတို့ဖြင့် ပျော်မွေ့ခြင်း၊ စျာန်သမာပတ်တို့ဖြင့် ပျော်မွေ့ခြင်း၊ မဂ်ဖိုလ်တရားတို့ဖြင့် ပျော်မွေ့ခြင်းတို့သည် နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားဖို့ရာဖြစ်သောကြောင့် အမြတ်ဆုံးပျော်မွေ့ခြင်းများ ဖြစ်ကြပေသည်။

ဝိပဿနာတရားအားထုတ်၍ ဥဒယဗ္ဗယဉာဏ်သို့ ရောက်နေသော ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ ကမ္မဋ္ဌာန်းကျောင်းသို့ဝင်၍ ရုပ်တရား၊ နာမ်တရားတို့၏ ဖြစ်မှုပျက်မှုများကို ရှုမှတ်၍နေသောအခါမှာ ဝိပဿနာပိတိသုခတို့ ဖြစ်လာကြပေသည်။ ထိုပိတိသုခတို့ဖြင့် ပျော်မွေ့နေရခြင်းသည် လူသာမန်မဆိုထားနှင့်၊ နတ်သာမန်တို့သော်မှ မပျော်မွေ့နိုင်ကြပေဟု မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ယခုခေတ်အခါမှာ ဝိပဿနာတရားအားထုတ်၍ ဥဒယဗ္ဗယဉာဏ်သို့ ရောက်နေကြသော ယောဂီများကိုယ်တိုင် တွေ့သိပြီး ပျော်မွေ့နိုင်ကြပေသည်။ ဤကဲ့သို့ ပျော်မွေ့နေရခြင်းသည် နိဗ္ဗာန်ချမ်းသာသို့ ကေန်ရောက်ကြောင်းဖြစ်၍ အမြတ်ဆုံးပျော်မွေ့ခြင်းပင် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ မွေ့လျော်ဖွယ်တွင်၊ တရားလျှင်၊
အမှန်ပင်အမြတ်ဆုံးဖြစ်ပေသည်။

၄။ ချမ်းသာအမျိုးမျိုးတို့တွင် တဏှာကုန်စင်သည့် အရဟတ္တဖိုလ် ချမ်းသာသည် အမြတ်ဆုံးချမ်းသာဖြစ်သည်ဟု ဟောကြားရာ၌ တဏှာသည် သမုဒယသစ္စာဖြစ်၏။ ထိုသမုဒယသစ္စာ တဏှာသည် ဆင်းရဲဒုက္ခဖြစ်ကြောင်း အမှန်ဖြစ်ပေသည်။ ထိုသမုဒယသစ္စာ တဏှာရှိနေသမျှ ကာလပတ်လုံး ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရမည်သာ ဖြစ်ပေသည်။ တဏှာ

ကုန်စင်သွားသောအခါကျမှ ချမ်းသာစစ်ချမ်းသာမှန်ကို ရရှိကြမည် ဖြစ်ပေသည်။

ဝိပဿနာတရားအားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်သွားသော အခါ တဏှာဟူသမျှအားလုံး ကင်းစင်သွားကြပြီး ဖြစ်ပေသည်။ ထို့ကြောင့် တဏှာကုန်စင်သွားသော အရဟတ္တဖိုလ်ချမ်းသာသည် အမြတ်ဆုံးချမ်းသာ ဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ တဏှာကုန်စင်၊ အရဟတ္တဖိုလ်ပင်၊
အမှန်ပင်အမြတ်ဆုံးဖြစ်ပေသည်။

မိမိတို့ ရယူနိုင်ရန်အတွက် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အမြတ်ဆုံးတရားတို့သည် -

အလှူဒါနအမျိုးမျိုးတို့တွင် တရားအလှူသည် နိဗ္ဗာန်ကိုလှူသည် မည်သောကြောင့် အမြတ်ဆုံးအလှူ ဖြစ်ပေသည်။

အရသာအမျိုးမျိုးတို့တွင် တရားအရသာသည် စိတ်ကိုညစ်နွမ်းစေ တတ်သည့် ကိလေသာတို့မှ လွတ်မြောက်၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်ဖို့ ရာဖြစ်သောကြောင့် အမြတ်ဆုံးအရသာ ဖြစ်ပေသည်။

ပျော်မွေ့ခြင်းအမျိုးမျိုးတို့တွင် တရားနှင့်ပျော်မွေ့ခြင်းသည် ဘဝ သံသရာမှလွတ်မြောက်၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်ဖို့ရာဖြစ်သောကြောင့် အမြတ်ဆုံးပျော်မွေ့ခြင်း ဖြစ်ပေသည်။

ချမ်းသာအမျိုးမျိုးတို့တွင် လောဘတဏှာကုန်စင်သွားသော အရ ဟတ္တဖိုလ်ချမ်းသာသည် မည်သည့်စိတ်ဆင်းရဲခြင်းမျှ မရှိတော့ပြီဖြစ်သော ကြောင့် အမြတ်ဆုံးချမ်းသာ ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

စကြံ့လျှောက်ရာမှာ သိကောင်းစရာ

ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် တရားမတွေ့သေးသောပုဂ္ဂိုလ်တို့က တရားမြန်မြန် တွေ့ချင်ကြပေသည်။ တရားတွေ့ပြီးသောပုဂ္ဂိုလ်တို့က ရှေ့သို့ တရားမြန်မြန် တက်ချင်ကြပေသည်။ တရားမြန်မြန် ရလိုကြပေသည်။ ဤကဲ့သို့ မိမိတို့အလိုရှိသည့်အတိုင်း တရားမြန်မြန်တွေ့၊ တရားမြန်မြန်တက်၊ တရားမြန်မြန်ရဖို့ရာ ရှေးဦးစွာ စိတ်တည်ငြိမ်မှု သမာဓိဖြစ်လာရအောင်၊ မှတ်အားများကောင်းလာရအောင် ထိုင်မှတ်၊ စကြံ့မှတ်၊ အထွေထွေမှတ်ဟူ၍ ၃-မျိုးတို့ဖြင့် ရှုမှတ်ကြရပေသည်။

ထိုအမှတ် ၃-မျိုးတို့တွင် စကြံ့အမှတ်သည် ထိုင်မှတ်ကိုလည်း ကျေးဇူးပြုပေသည်။ အထွေထွေအမှတ်ကိုလည်း ကျေးဇူးပြုပေသည်။ အကျိုး ၅-မျိုးကိုလည်း ရရှိစေသည်။ သို့ဖြစ်၍ ဝိပဿနာတရား အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် သမာဓိဖြစ်အောင် စကြံ့လျှောက်ကြရပေသည်။ စကြံ့လျှောက်ရာ၌ အဆင့်ဆင့်တိုး၍ လျှောက်ဖို့ရာ ရှုမှတ်ပုံ ၄-မျိုးရှိပေသည်။

၁။ တစ်လှမ်းမှာ ၁-မှတ်၊
၂။ တစ်လှမ်းမှာ ၂-မှတ်၊
၃။ တစ်လှမ်းမှာ ၃-မှတ်၊
၄။ တစ်လှမ်းမှာ ၆-မှတ်ဟူ၍ ၄-မျိုးရှိပေသည်။

၁။ တစ်လှမ်းမှာ ၁-မှတ် ရှုမှတ်ပုံမှာ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ် ဟု ရှုမှတ်ရပါသည်။ ဘယ်ခြေက လှမ်းလိုက်တဲ့အခါမှာ ၁-မှတ်၊ ညာခြေက လှမ်းလိုက်တဲ့အခါမှာ ၁-မှတ် ရှုမှတ်ရပါသည်။

ဘယ်လှမ်းတယ်လို့ ရှုမှတ်တဲ့အခါမှာလည်း ခြေထောက်ပုံသဏ္ဌာန်(ပညတ်)ကိုတော့ အာရုံမပြုဘဲ ခွာနိုင်သမျှခွာ၍ ရှေ့သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့သွားသည့်သဘော(ပရမတ်)ကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ရပေသည်။ ညာလှမ်းတယ်လို့ ရှုမှတ်လိုက်တဲ့အခါမှာလည်း ခြေထောက်ပုံသဏ္ဌာန်(ပညတ်)ကိုတော့ အာရုံမပြုဘဲ ခွာနိုင်သမျှခွာ၍ ရှေ့သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့သွားသည့်သဘော(ပရမတ်)ကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ကြရပေသည်။

ခြေထောက်ပုံသဏ္ဌာန်ဖြစ်သည် ပညတ်ဖြစ်ပေသည်။ ဝိပဿနာရှုဖို့ရာ မဟုတ်ပေ။ ရွှေ့နေသည့် သဘောများသည် ပရမတ်ဖြစ်ပေသည်။ ဝိပဿနာရှုဖို့ရာ ဖြစ်ပေသည်။ သို့ဖြစ်၍ ပညတ်ကိုတော့ ခွာနိုင်သမျှခွာ၍ ပရမတ်ကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ကြရမည် ဖြစ်ပေသည်။ ရွှေ့နေသည့်အစဉ် ပစ္စုပ္ပန်ကိုလည်း တည့်နိုင်သမျှတည့်အောင် ရှုမှတ်ကြရပေသည်။ ဤကဲ့သို့ ပညတ်ကိုခွာ၍ ပရမတ်ကိုသိအောင် စူးစိုက်၍ ရှုမှတ်ရခြင်း။ ပစ္စုပ္ပန်ကိုလည်းတည့်အောင် ရှုမှတ်ရခြင်းတို့သည် တရားတွေ့ဖို့ရာ၊ ရှေ့သို့ တရားတက်ဖို့ရာ၊ တရားရဖို့ရာ အကောင်းဆုံးအခြေခံများ ဖြစ်ကြပေသည်။

၂။ တစ်လှမ်းမှာ ၂-မှတ် ရှုမှတ်ပုံမှာ ကြွတယ်၊ ချတယ်ဟု ရှုမှတ်ရပေသည်။ ကြွတဲ့အခါ ၁-မှတ်၊ ချတဲ့အခါ ၁-မှတ် ဟူ၍ ၂-မှတ် ရှုမှတ်ကြရပေသည်။

ကြွတယ်လို့ ရှုမှတ်တဲ့အခါမှာလည်း ခြေထောက်ပုံသဏ္ဌာန်(ပညတ်)ကိုတော့ ခွာနိုင်သမျှခွာ၍ အပေါ်သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့တက်

နေသည့် သဘော(ပရမတ်)ကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ရပေသည်။ ချတယ်လို့ ရှုမှတ်တဲ့အခါမှာလည်း ခြေထောက်ပုံသဏ္ဌာန် (ပညတ်)ကိုတော့ ခွာနိုင်သမျှခွာ၍ အောက်သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့ ကျသွားသော သဘော(ပရမတ်)ကိုတော့ သိနိုင်သမျှသိအောင် ရှုမှတ်ကြ ရပေသည်။ ရွေ့နေသည့်အစဉ် ပစ္စုပ္ပန်ကိုလည်း တည့်နိုင်သမျှတည့်အောင် ရှုမှတ်ကြရပေသည်။

၃။ တစ်လှမ်းမှာ ၃-မှတ် ရှုမှတ်ပုံမှာ ကြွတယ်၊ လှမ်းတယ်၊ ချတယ် ဟု ရှုမှတ်ကြရပေသည်။ ကြွတဲ့အခါ ၁-မှတ်၊ လှမ်းတဲ့အခါ ၁-မှတ်၊ ချတဲ့အခါ ၁-မှတ်ဟူ၍ ၃-မှတ် ရှုမှတ်ကြရပေသည်။

ကြွတယ်လို့ ရှုမှတ်လိုက်တဲ့အခါမှာလည်း ခြေထောက်ပုံသဏ္ဌာန် (ပညတ်)ကိုတော့ ခွာနိုင်သမျှခွာ၍ အပေါ်သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့တက် နေသည့် သဘော(ပရမတ်)ကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှု မှတ်ကြရပေသည်။ လှမ်းတယ်လို့ ရှုမှတ်တဲ့အခါမှာလည်း ခြေထောက်ပုံ သဏ္ဌာန်(ပညတ်)ကိုတော့ ခွာနိုင်သမျှခွာ၍ ရှေ့သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့သွားသည့် သဘော(ပရမတ်)ကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ကြရပေသည်။ ချတယ်လို့ ရှုမှတ်လိုက်တဲ့အခါမှာလည်း ခြေထောက် ပုံသဏ္ဌာန်(ပညတ်)ကိုတော့ ခွာနိုင်သမျှခွာ၍ အောက်သို့ တစ်ရွေ့ပြီးတစ် ရွေ့ ရွေ့ကျသွားသည့် သဘော(ပရမတ်)ကိုတော့ သိနိုင်သမျှသိအောင် စူး စိုက်၍ ရှုမှတ်ကြရပေသည်။ ရွေ့နေသည့်အစဉ် ပစ္စုပ္ပန်ကိုလည်း တည့် နိုင်သမျှတည့်အောင် ရှုမှတ်ကြရပေသည်။

ကြွတယ်လို့ ရှုမှတ်လိုက်တဲ့အခါ ခြေထောက်ပုံသဏ္ဌာန်(ပညတ်) ကိုလည်း ခွာလို့ရသွားပြီး၊ အပေါ်သို့ ရွေ့တက်နေသည့် ပရမတ်ကိုလည်း သိအောင် စူးစိုက်၍ ရသွားပြီး၊ ရွေ့နေသည့်အစဉ် ပစ္စုပ္ပန်ကိုလည်းတည့် အောင် ရှုမှတ်လို့ ရသွားပါလျှင် အပေါ်သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့တက် နေသည်ကို သိပြီးတဲ့အပြင် ပေါ့ပေါ့ပြီး ရွှေ့သွားတာကိုလည်း သိလာကြ ပေသည်။

လှမ်းတယ်လို့ ရှုမှတ်လိုက်သည့်အခါမှာလည်း ခြေထောက်ပုံ သဏ္ဌာန်(ပညတ်)ကိုလည်း ခွာလို့ရသွားပြီး၊ ရှေ့သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့နေသည့် သဘော(ပရမတ်)ကိုလည်း စူးစိုက်၍ ရသွားပြီး၊ ရွှေ့နေသည့် အစဉ် ပစ္စုပ္ပန်ကိုလည်းတည့်အောင် ရှုမှတ်၍ ရသွားပါလျှင် ရှေ့သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့နေတာကို သိပြီးတဲ့အပြင် ပေါ့ပေါ့ပြီး ရွှေ့သွားတာကို လည်း သိလာကြပေသည်။ ဤကဲ့သို့ ပေါ့တာကိုသိတာက တေဇောဓာတ် နှင့် ဝါယောဓာတ်တို့ကို သိတာဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ တေနှင့်ဝါမှာ၊ ဓာတ်နှစ်ဖြာ၊ ပေါ့တာထင်ရှားသည်။

တေ-က တေဇောဓာတ်။ အခိုးဓာတ်၊ အပူဓာတ်၊ အပေါ့ဓာတ် ဖြစ်ပေသည်။ ဝါ-က ဝါယောဓာတ်။ လေဓာတ်၊ အပေါ့ဓာတ် ဖြစ်ပေသည်။ မိမိတို့ခန္ဓာကိုယ်၌ ထင်ရှားစွာ ဖြစ်နေကြသည့် ဓာတ်ကြီး ၂-ပါးပင် ဖြစ်ပေသည်။

ချိတယ်လို့ ရှုမှတ်လိုက်သည့်အခါမှာလည်း ခြေထောက်ပုံသဏ္ဌာန် (ပညတ်)ကိုလည်း ခွာလို့ရသွားပြီး၊ အောက်သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့ နေသည့် သဘော(ပရမတ်)ကိုလည်း စူးစိုက်လို့ ရသွားပြီး၊ ရွှေ့နေသည့် အစဉ် ပစ္စုပ္ပန်ကိုလည်းတည့်အောင် ရှုမှတ်၍ ရသွားပါလျှင် အောက်သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့ကျသွားတာကို သိပြီးတဲ့အပြင် လေးလေးကျသွား တာကိုလည်း သိကြရပေသည်။ ဤကဲ့သို့ လေးတာကိုသိတာက ပထဝီ ဓာတ်နှင့် အာပေါဓာတ်တို့ကို သိတာဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ပနှင့်အာမှာ၊ ဓာတ်နှစ်ဖြာ၊ လေးတာထင်ရှားသည်။

ပ-က ပထဝီဓာတ်။ မြေဓာတ်၊ အမာဓာတ်၊ အလေးဓာတ်ဖြစ် သည်။ အာ-က အာပေါဓာတ်။ ရေဓာတ်၊ အစိုဓာတ်၊ အလေးဓာတ်ဖြစ် သည်။ မိမိတို့ခန္ဓာကိုယ်၌ အထင်ရှားဆုံးဖြစ်နေသည့် ဓာတ်ကြီး ၂-ပါးပင် ဖြစ်ပေသည်။

နည္းမွန္လမ္းမွန် ရူမတ်သဖြင့် ကြွလိုက်တဲ့အခါ၊ လုမ်းလိုက်တဲ့ အခါတို့၌ ပေါ့ပေါ့သွားတာကို သိတာက ေတေဇာဓာတ်နှင့် ဝါယောဓာတ် တို့ကို သိတာဖြစ်ပေသည်။ ချလိုက်တဲ့အခါ လေးလေးကျသွားတာကို သိ တာက ပထဝီဓာတ်နှင့် အာပေါဓာတ်တို့ကို သိတာဖြစ်ပေသည်။ မိမိတို့၏ ခန္ဓာကိုယ်၌ အထင်ရှားဆုံးဖြစ်နေသည့် ဓာတ်ကြီး ၄-ပါးကို သိတာဖြစ်ကြ ပေသည်။ တရား စ၍တွေ့သိသည်ဟု ဆိုရပေသည်။

၄။ တစ်လုမ်းမှာ ၆-မှတ် ရူမှတ်ပုံမှာ ၃-နည်းရှိပေသည်။

ပထမနည်းမှာ ကြွ-စ၊ ကြွ-ဆုံး၊ လုမ်း-စ၊ လုမ်း-ဆုံး၊ ချ-စ၊ ချ-ဆုံး ဟူ၍ ၆-မှတ် ဖြစ်ပေသည်။

ကြွ-စဆိုသည်မှာ ခြေဖနောင့်က ကြွတက်လာခြင်း ဖြစ်ပေသည်။ ကြွ-ဆုံးဆိုသည်မှာ ခြေဖျားကပါ ကြွတက်လာခြင်း ဖြစ်ပေသည်။ လုမ်း-စ ဆိုသည်မှာ လုမ်းထွက်ခါစ ဖြစ်ပေသည်။ လုမ်း-ဆုံးဆိုသည်မှာ နင်းချခါ နီးဌ၌ အနည်းငယ် ရပ်တန့်သွားခြင်း ဖြစ်ပေသည်။ ချ-စဆိုသည်မှာ နင်းချ ခါစ ဖြစ်ပေသည်။ ချ-ဆုံးဆိုသည်မှာ ကြမ်းနှင့် သို့မဟုတ် မြေနှင့် ထိသွား ခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ ပထမနည်း၌ ၆-မှတ် ဖြစ်ပေသည်။

ဒုတိယနည်းမှာ ကြွချင်တယ်၊ ကြွတယ်၊ လုမ်းချင်တယ်၊ လုမ်း တယ်၊ ချချင်တယ်၊ ချတယ်ဟူ၍ ၆-မှတ် ဖြစ်ပေသည်။

ဝိပဿနာတရားရူမှတ်၍ အကြောင်းနှင့်အကျိုးကိုသိသော ပစ္စယ ပရိဂ္ဂဟဉာဏ်သို့ ရောက်လာသောအခါ အချို့သောပုဂ္ဂိုလ်တို့သည် ပြုလုပ် ချင်သည့် စိတ်များကို ရူမှတ်လို့ ရလာတတ်ကြပေသည်။ ဤကဲ့သို့ ရူ မှတ်လို့ရလာသောအခါ၌ ကြွချင်သည့်စိတ်၊ လုမ်းချင်သည့်စိတ်၊ ချချင်သည့် စိတ်တို့ ထင်ရှားလာကြသည်ဖြစ်၍ ကြွချင်တယ်၊ ကြွတယ်၊ လုမ်းချင်တယ်၊ လုမ်းတယ်၊ ချချင်တယ်၊ ချတယ်ဟူ၍ ၆-မှတ် ရူမှတ်လို့ ရလာတတ်ကြ ပေသည်။ ဤကဲ့သို့ ဒုတိယနည်း၌ ၆-မှတ် ဖြစ်ပေသည်။

တတိယနည်းမှာ ကြွတယ်၊ မ-တယ်၊ လှမ်းတယ်၊ ချတယ်၊ ထိတယ်၊ ဖိတယ်ဟူ၍ ၆-မှတ် ဖြစ်ပေသည်။

ကြွတယ်ဆိုသည်မှာ ခြေဖနောင့်က ကြွတက်လာခြင်း ဖြစ်ပေသည်။ မ-တယ်ဆိုသည်မှာ ခြေဖျားကပါ ကြွတက် မ-တက်လာခြင်း ဖြစ်ပေသည်။ လှမ်းတယ်ဆိုသည်မှာ ရှေ့သို့ လှမ်းသွားခြင်း ဖြစ်ပေသည်။ ချတယ်ဆိုသည်မှာ နင်းချလိုက်ခြင်း ဖြစ်ပေသည်။ ထိတယ်ဆိုသည်မှာ ကြမ်းနှင့် သို့မဟုတ် မြေနှင့် ထိသွားခြင်း ဖြစ်ပေသည်။ ဖိတယ်ဆိုသည်မှာ တစ်ဖက်ခြေထောက်ကြွဖို့ရာ ဤဘက်ခြေထောက်ကို ဖိချလိုက်ခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ တတိယနည်းဌ ၆-မှတ် ဖြစ်ပေသည်။

ဤစကြဲ့ရှုမှတ်ပုံ ၄-မျိုးတို့တွင် ဝိပဿနာ့နှင့် အသင့်လျော်ဆုံး ရှုမှတ်ပုံကို ရွေးချယ်၍ ရှေးဦးစွာ သမာဓိဖြစ်အောင် ရှုမှတ်ကြရပေသည်။ သမာဓိဖြစ်လာပြီးသောအခါကျမှ အဆင့်ဆင့်တိုး၍ ရှုမှတ်ကြရပေသည်။

ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ စကြဲ့လျှောက်ခြင်းဌ သမာဓိဖြစ်အောင် ရှုမှတ်ကြရပေသည်။ သမာဓိဖြစ်လာသောအခါ ထိုင်အမှတ်ကိုလည်း စကြဲ့အမှတ်က ကျေးဇူးပြုသဖြင့် ထိုင်၍ ပိုကောင်းလာကြပေသည်။ အချိန်ကြာကြာ ပို၍ထိုင်နိုင်ကြပေသည်။ အထွေထွေအမှတ်ကိုလည်း စကြဲ့အမှတ်က ကျေးဇူးပြုသဖြင့် သွား၊ ရပ်၊ ထိုင်၊ လျှောင်း၊ ကွေး၊ ဆန့်စသော အထွေထွေအမှတ်များကိုလည်း ပို၍ရှုမှတ်လို့ ရလာတတ်ကြပေသည်။

စကြဲ့လျှောက်ခြင်းဌ သမာဓိဖြစ်အောင် ရှုမှတ်နိုင်သည့်ပုဂ္ဂိုလ်တို့သည် အကျိုး ၅-မျိုး ရရှိသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

စကြီ့လျှောက်ခြင်းဖြင့် ရရှိနိုင်သော အကျိုး ၅-ပါးမှာ -

၁။ ခရီးဝေးခရီးရှည် မမောမပန်း သွားနိုင်ခြင်း။
၂။ ရှုမှတ်အားများ ပို၍ကောင်းလာခြင်း။
၃။ အနာရောဂါများ ကင်းစင်သွားခြင်း။
၄။ စားလိုက်သည့်အစာများ ကြေကျွေက်လွယ်ခြင်း။
၅။ စကြီ့၌ ရရှိလာသောသမာဓိသည် လူပ်ရှားမှုအပေါ်၌ ရလာသောသမာဓိဖြစ်၍ ပျက်ခဲခြင်းဟူသော ဤအကျိုး ၅-ပါးကို ရရှိကြပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ဆောင်ပုဒ်။ ။ ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊
ကင်းစင်ရောဂါ၊ အစာကြေကျွေက်၊
မပျက်သမာဓိ၊ ငါးခုရှိ၊
သွားသည့်စကြီ့အကျိုးတည်း။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဘယ်လ်ဂျီယံတရားပွဲမှ မေးမြန်းကြ

၁၉၉၅-ခုနှစ် ပြည်ပသာသနာအတွက် ဆရာတော်တို့ ခရီးထွက်ခဲ့ရာတွင် ၁၉၉၅-ခု၊ မေလ ၂၉-ရက်နေ့က နယ်သာလန်နိုင်ငံမှ ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့သို့ ရောက်ခဲ့ကြပါသည်။ ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့ မဟာယာနဘုန်းတော်ကြီးကျောင်း၌ ခေတ္တ နေထိုင်ကြပါသည်။ မေလ ၃၁-ရက်နေ့ ည ၈-နာရီမှ ၉-နာရီအထိ ဓမ္မစကြာသုတ္တန်လာ ကျင့်စဉ်လမ်းသုံးဖြာကို ဟောရပါသည်။ တရားနာပရိသတ်များ ၄၀-ကျော်ခန့် ရှိပါသည်။ ဒေါက်တာဦးမြအောင်က အင်္ဂလိပ်လို ဘာသာပြန်ပေးပါသည်။ ဘရပ်ဆဲလ်မြို့၌နေသူ ယောဂီမာရီစီစဲလ်-က ပြင်သစ်လို ဘာသာပြန်ပေးပါသည်။ ဘုန်းတော်ကြီး ဦးဝိဇယ-က ဗီယက်နမ်လို ဘာသာပြန်ပေးပါသည်။

တရားပွဲပြီးသောအခါ မေးခွန်းများကို မေးကြပေသည်။ ပထမမေးခွန်းတစ်ခု မေးသည်မှာ "သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ပါလျှင် ယခုဘဝမှာပင် မဂ်ဖိုလ်နိဗ္ဗာန်တရားတို့ကို ရရှိနိုင်ပါသလား၊ သို့မဟုတ် နောင်ဘဝများကျမှ ရရှိနိုင်ပါသလား" ဟု မေးပါသည်။

နည်းမှန်လမ်းမှန် ဝိပဿနာတရားကို အားထုတ်လျှင် ယခုဘဝမှာပင် မဂ်ဖိုလ်နိဗ္ဗာန်တရားတို့ကို ရရှိနိုင်ပါသည်။ ရရှိနိုင်သည်ဆိုပါသော်လည်း

အကြောင်း ၂-ပါးနှင့် ပြည့်စုံမှသာ ရရှိနိုင်ပေသည်။ အကြောင်း ၂-ပါးနှင့် မပြည့်စုံပါက နောက်နောင်ဘဝများကျမှ ရရှိနိုင်မည် ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ယခုဘဝမှာပင် တရားရနိုင်ခြင်းအကြောင်း ၂-ပါး ရှိပေသည်။ တရားဟောတရားပြပေးသောပုဂ္ဂိုလ်များက မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်သည် အထိ နည်းမှန်လမ်းမှန် သတိပဋ္ဌာန်ဝိပဿနာတရားကို ဟောပြပေးခြင်း တည်းဟူသောအကြောင်းနှင့် ကျင့်ကြံအားထုတ်ကြသည့် ပုဂ္ဂိုလ်များက လည်း ဟောပြပေးသည့်အတိုင်း အမှတ်များ ပြည့်သွားသည့်အထိ ကျင့်ကြံ အားထုတ်ခြင်းတည်းဟူသောအကြောင်း ဤအကြောင်း ၂-ပါးနှင့် ပြည့်စုံပါ လျှင် ယခုဘဝမှာပင် မဂ်ဖိုလ်နိဗ္ဗာန်တရားတို့ကို ရရှိနိုင်ကြပေသည်။

ဤအကြောင်း ၂-ပါးတို့တွင် တစ်ပါးပါးသော်လည်းကောင်း၊ နှစ်ပါး လုံးသော်လည်းကောင်း မပြည့်စုံပါက နောက်နောင်ဘဝများကျမှ မဂ်ဖိုလ် နိဗ္ဗာန်တရားတို့ကို ရနိုင်ကြမည် ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ထို့နောက် မေးခွန်းတစ်ခု မေးပြန်သည်မှာ "ကံနာဆိုသည်မှာ ဘယ်လိုအနာမျိုး ဖြစ်ပါသလဲ"ဟု မေးပြန်ပါသည်။ ကံနာဆိုသည်မှာ အတိတ်အတိတ်ဘဝများက ပြုခဲ့ကြသည့် မကောင်းမှုအကုသိုလ်ကံများ ကြောင့် ဖြစ်ပေါ်လာသော အနာမျိုးဖြစ်ပေသည်။ ကံနာလို့ သိဖို့ရာမှာ အလွန်ပင် ခဲယဉ်းပေသည်။ မြတ်စွာဘုရားနှင့် အာဘိညာဉ်ရကြသည့်ပုဂ္ဂိုလ် များမှသာ သိနိုင်ကြပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ထို့နောက် မေးခွန်းတစ်ခု မေးပြန်သည်မှာ "မကောင်းမှုအကုသိုလ် ကံတွေ အလွန်များသောပုဂ္ဂိုလ်တို့သည် ဝိပဿနာတရားအားထုတ်၍ ရ နိုင်ပါသလား၊ ထိုအကုသိုလ်ကံများကို ဝိပဿနာတရားက ပယ်နိုင်၍ မဂ်ဖိုလ်နိဗ္ဗာန်တရားတို့ကို ရနိုင်ပါသလား"ဟု မေးပြန်ပါသည်။

မကောင်းမှုအကုသိုလ်ကံတွေ အလွန်များသည့်ပုဂ္ဂိုလ်များလည်း ဝိပဿနာတရားကို အားထုတ်နိုင်ပါသည်။ ဝိပဿနာတရားက မကောင်းမှု အကုသိုလ်ကံများကိုလည်း ပယ်နိုင်ပါသည်။ မကောင်းမှုအကုသိုလ်ကံများက အပယ်ခံရမည့် (ပဟာတဗ္ဗ)တရားများ ဖြစ်ကြပေသည်။ ဝိပဿနာကုသိုလ်တရားများက ပယ်မည့် (ပဟာယက)တရားများ ဖြစ်ကြပေသည်။ ဝိပဿနာတရားအားထုတ်ခြင်းဖြင့် မဂ်ဉာဏ်များသို့ ရောက်သွားသောအခါ ထိုအကုသိုလ်ကံများကို တစ်ဖန် မဖြစ်လာနိုင်အောင် အပြီးတိုင် ပယ်လိုက်ကြမည် ဖြစ်ပေသည်ဟု ဖြေကြားခဲ့ရပါသည်။

သို့သော်လည်း **မာတုယာတက** = အမိကိုသတ်သည့်အကုသိုလ်ကံ၊ **ပိတုယာတက** = အဖကိုသတ်သည့် အကုသိုလ်ကံ၊ **အရဟန္တယာတက** = ရဟန္တာကိုသတ်သည့် အကုသိုလ်ကံ၊ **သံဃဘေဒက** = သံဃာကို သင်းခွဲသည့် အကုသိုလ်ကံ၊ **လောဟိတုပ္ပါဒက** = ဘုရားကို သွေးစိမ်းတည်အောင်ပြုသည့် အကုသိုလ်ကံဟူသော ကြီးလေးသည့် အကုသိုလ်ကံများကိုတော့ ဝိပဿနာကုသိုလ်များက မပယ်နိုင်ကြပေ။ ယခုဘဝ၌လည်း တရားမရနိုင်ဘဲ ဖြစ်ကြရပေသည်ဟုလည်း ဖြေကြားပေးခဲ့ရပါသည်။

ထို့နောက် မေးခွန်းတစ်ခု မေးပြန်သည်မှာ "အဆစ်နာရောဂါရှိသူများနှင့် လေဖြတ်သည့်ရောဂါရှိသူများ ဝိပဿနာတရားအားထုတ်ခြင်းဖြင့် ပျောက်ကင်းနိုင်ပါသလား"ဟု မေးပြန်ပါသည်။

ဝိပဿနာတရားအားထုတ်ခြင်းဖြင့် အဆစ်နာရောဂါ ပျောက်ကင်းတာကို ဆရာတော်ကိုယ်တိုင် တွေ့သိရပါသည်။ မတ်တတ်ပင်ရပ်၍ ကောင်းကောင်းမသွားနိုင်သည့် အဆစ်နာရောဂါရှိသူ ဦးခင်မောင်ဇော်သည် သမားတော်ကြီးများ၊ ဆေးဝါးကောင်းများနှင့် ကုသ၍ မပျောက်ကင်းသဖြင့် ၁၉၉၄-ခုနှစ်၊ ဗြိုလ်က သဒ္ဓမ္မရံသီရိပ်သာသို့ လာရောက်၍ ဝိပဿနာတရားအားထုတ်ပါသည်။ တစ်လခန့် အားထုတ်ပြီးသောအခါ အထူးသက်သာသွားသည်ဖြစ်၍ ရဟန်းဘောင်သို့တက်၍ ဝါတွင်း ၃-လ ဆက်လက်၍

အားထုတ်လိုက်ရာ အဆစ်နာရောဂါ အပြီးတိုင် ပျောက်ကင်းသွားပေသည်။ အလုပ်အကိုင်များကို ပြန်၍ လုပ်ကိုင်နိုင်လျက်ရှိပေသည်။

ဝိပဿနာတရားအားထုတ်ခြင်းဖြင့် လေဖြတ်သည့်ရောဂါတို့တွင် အလွန်ပြင်းထန်သည့် လေဖြတ်သည့်ရောဂါများကိုတော့ မပျောက်ကင်းစေနိုင်ပေ။ မပြင်းထန်ဘဲ သေးငယ်သော လေဖြတ်သည့်ရောဂါများကိုတော့ ပျောက်ကင်းစေနိုင်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။

ထို့နောက် မေးခွန်းတစ်ခု မေးပြန်သည်မှာ "ဝိပဿနာတရားအားထုတ်ခြင်းဖြင့် စိတ္တဇရောဂါနှင့် ဆေးစွဲသောရောဂါများ ပျောက်ကင်းနိုင်ပါသလား"ဟု မေးပြန်ပါသည်။ မလွန်ကဲမပြင်းထန်သော စိတ္တဇရောဂါနှင့် ဆေးစွဲသောရောဂါများ ဝိပဿနာတရားအားထုတ်ခြင်းဖြင့် ပျောက်ကင်းနိုင်ပါသည်။ လွန်ကဲပြင်းထန်သော စိတ္တဇရောဂါနှင့် ဆေးစွဲသောရောဂါများကိုတော့ မပျောက်ကင်းစင်နိုင်ပေဟု ဖြေကြားပေးခဲ့ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဣန္ဒြေငါးပါး အဆင့်ဆင့်အား

ယခုခေတ်အခါသည် ဝိပဿနာတရား ထွန်းကားလာသောအခါ ဖြစ်၍ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဝိပဿနာတရားကို အချိန်ရသမျှ အားထုတ်လျက်ရှိကြပေသည်။ ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် တရားမတွေ့သေးသောပုဂ္ဂိုလ်တို့က တရားမြန်မြန်တွေ့လိုကြပေသည်။ တရားတွေ့ပြီးသောပုဂ္ဂိုလ်တို့က တရားမြန်မြန်တက်လိုကြပေသည်။ တရားမြန်မြန်ရလိုကြပေသည်။ ဤကဲ့သို့ တရားမြန်မြန်တွေ့၊ မြန်မြန်တက်၊ မြန်မြန်ရဖို့ရာ ဣန္ဒြေငါးပါး ထက်သန်ညီမျှအောင် အားထုတ်ကြရပေသည်။ ထိုဣန္ဒြေငါးပါးတို့သည် တစ်ပါးက တစ်ပါးကို အဆင့်ဆင့် ကျော်ဖြတ်ပြုနေကြပေသည်။

ဣန္ဒြေငါးပါးဆိုသည်မှာ -

၁။ **သဒ္ဓိန္ဒြေ** - ယုံကြည်မှု အားကောင်းခြင်း။
၂။ **ဝီရိယိန္ဒြေ** - လုံ့လစိုက်မှု အားကောင်းခြင်း။
၃။ **သတိန္ဒြေ** - အမှတ်သတိရမှု အားကောင်းခြင်း။
၄။ **သမာဓိန္ဒြေ** - စိတ်တည်ငြိမ်မှု အားကောင်းခြင်း။
၅။ **ပညိန္ဒြေ** - ဉာဏ်ပညာ အားကောင်းခြင်းဟူ၍ ငါးပါးဖြစ်ပေသည်။

ထိုဣန္ဒြေငါးပါးတို့တွင် **သဒ္ဓိန္ဒြေ** = ယုံကြည်မှု အားကောင်းခြင်းသည် **ဝီရိယိန္ဒြေ** = လုံ့လစိုက်မှု အားကောင်းလာဖို့ရာကို ကျေးဇူးပြုပေသည်။ **ဝီရိယိန္ဒြေ** = လုံ့လစိုက်မှု အားကောင်းခြင်းသည် **သတိန္ဒြေ** = အမှတ်သတိရမှု အားကောင်းလာဖို့ရာကို ကျေးဇူးပြုပေသည်။ **သတိန္ဒြေ** = အမှတ်သတိရမှု အားကောင်းခြင်းသည် **သမာဓိန္ဒြေ** = စိတ်တည်ငြိမ်မှု အားကောင်းလာဖို့ရာကို ကျေးဇူးပြုပေသည်။ **သမာဓိန္ဒြေ** = စိတ်တည်ငြိမ်မှု အားကောင်းခြင်းသည် **ပညိန္ဒြေ** = ဉာဏ်ပညာ အားကောင်းလာဖို့ရာကို ကျေးဇူးပြုပေသည်။ ဤကဲ့သို့ အောက်အောက်ဣန္ဒြေများက အထက်အထက်ဣန္ဒြေများ အားကောင်းလာဖို့ရာကို အဆင့်ဆင့် ကျေးဇူးပြုနေကြပေသည်။

အောက်အောက်ဣန္ဒြေများ၏ ကျေးဇူးအပြုကို ခံယူရသောကြောင့် အောက်အောက်ဣန္ဒြေများက အားကောင်းသည်နှင့်အမျှ အထက်အထက်ဣန္ဒြေများလည်း အားကောင်းလာကြပေသည်။ ဣန္ဒြေငါးပါး အားကောင်းလာသောအခါ ဣန္ဒြေများ၏စွမ်းအင်များ ထက်သန်လာသောကြောင့် တရားမတွေ့သေးသောပုဂ္ဂိုလ်များက တရားတွေ့သွားနိုင်ကြပေသည်။ တရားတွေ့ပြီးသောပုဂ္ဂိုလ်များက တရားတက်သွားနိုင်ကြပေသည်။ တရားရသွားနိုင်ကြပေသည်။

ထိုဣန္ဒြေငါးပါးတို့တွင် ပထမဆုံးဖြစ်သည့် သဒ္ဓိန္ဒြေအားကောင်းဖို့ရာက အဓိကဖြစ်ပေသည်။ **သဒ္ဓိန္ဒြေ** = ယုံကြည်မှု အားကောင်းသည်နှင့်အမျှ အထက်အထက်ဣန္ဒြေများ အဆင့်ဆင့် အားကောင်းလာကြပေသည်။ သဒ္ဓိန္ဒြေ၌ သဒ္ဓါ-က တစ်ပုဒ်၊ ဣန္ဒြေ-က တစ်ပုဒ် ဖြစ်ပေသည်။ သဒ္ဓါ-က ယုံကြည်ခြင်း။ ဣန္ဒြေ-က အစိုးရခြင်း။ အားကောင်းခြင်း ဖြစ်ပေသည်။

သဒ္ဓါ = ယုံကြည်ခြင်းဆိုသည်မှာ ဘုရား။ တရား။ သံဃာ၊ ကံနှင့်ကံ၏အကျိုး ဤငါးမျိုးကို ယုံကြည်ခြင်း ဖြစ်ပေသည်။ ယခုလို ဝိပဿနာ တရား အားထုတ်နေသည့်အခိုက်မှာ ယုံကြည်ခြင်း ငါးမျိုးတို့တွင် တရားကို

ယုံကြည်ခြင်းက အဓိကဖြစ်ပေသည်။ ယခုအားထုတ်နေဆဲ တရားဖြင့်ပင် နိဗ္ဗာန်ချမ်းသာကို မြင်သွားနိုင်သည်၊ အပါယ်တံခါးပိတ်သွားနိုင်သည်ဟု အားထုတ်ဆဲတရားပေါ်၌ ယုံကြည်ခြင်းသည် အဓိကဖြစ်၏။

ကျွေးဌေးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ညွှန်ပြသော နည်းဖြင့်ဆိုပါလျှင် ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ကွေးတယ်၊ ဆန့်တယ် စသည်ဖြင့် ရှုမှတ်နေရင်း ရှုမှတ်နေရင်း အမှတ်တွေ ပြည့်သွားသောအခါ မိမိအလိုရှိအပ်သည့် နိဗ္ဗာန်ချမ်းသာကို မြင်သွားနိုင်ပေသည်၊ အပါယ်တံခါးပိတ်သွားနိုင်ပေသည်ဟု ရှုမှတ်ဆဲတရားပေါ်၌ ယုံကြည်ခြင်းသည်သာ အဓိကဖြစ်ပေသည်။

ဤကဲ့သို့ ရှုမှတ်ဆဲတရားပေါ်၌ ယုံကြည်မှု သဒ္ဓါနှေး အားကောင်းသည်နှင့်အမျှ မနားမနေ မပြတ်မလပ် ပေါ်ရာပေါ်ရာအာရုံတို့၌ လုံ့လစိုက်၍ ရှုမှတ်မှုဝီရိယနှေး အားကောင်းလာပေသည်။ ဝီရိယနှေး အားကောင်းလာသည်နှင့်အမျှ ပေါ်ရာပေါ်ရာအာရုံတို့၌ မေ့သွားခြင်းမရှိဘဲ ရှုမှတ်နိုင်သည့် သတိနှေး အားကောင်းလာပေသည်။

သတိနှေး အားကောင်းသည်နှင့်အမျှ မှတ်စရာအာရုံတို့၏ အစမှ အဆုံးအထိ မှတ်သိစိတ်တည်သွားအောင် ထားပေးသော သမာဓိနှေး အားကောင်းလာပေသည်။ သမာဓိနှေး အားကောင်းလာသည်နှင့်အမျှ ပေါ်ရာပေါ်ရာအာရုံတို့၏ ပြောင်းလဲနေခြင်း၊ ဖြစ်ပျက်နေခြင်းတို့ကိုသိသော ပညာနှေး အားကောင်းလာပေသည်။ ဝိပဿနာဉာဏ်များ ဖြစ်လာကြပေသည်။ ဝိပဿနာဉာဏ်များ ပြည့်စုံသွားသောအခါ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရောက်ရှိလွှားကြရပေသည်။ သောတာပန်စသော အရိယာအဖြစ်သို့ ရောက်သွားကြပေသည်။

ပြောင်းပြန်(ဗျတိရေက)အားဖြင့် ဆင်ခြင်ကြည့်မှ ဣန္ဒြေငါးပါးတို့တွင် သဒ္ဓါနှေးက အဓိကအားဖြင့် အထက်အထက်ဣန္ဒြေတို့အား

အဆင့်ဆင့် ကျေးဇူးပြုနေပုံမှာ ဝိုရ်ထင်ရှားပေသည်။ **သဒ္ဓိန္ဒြေ** = ယုံကြည်မှု အားနည်းသည်နှင့်အမျှ အထက်အထက်ဣန္ဒြေများလည်း အဆင့်ဆင့် အားနည်းသွားကြပေသည်။

အချို့သောပုဂ္ဂိုလ်တို့သည် ယခုခေတ်အခါမှာ ဝိပဿနာတရား အားထုတ်၍ အပါယ်တံခါးပိတ်သည့် သောတာပန်ဖြစ်နိုင်သည်ဆိုသည်မှာ ဟုတ်မှုဟုတ်နိုင်ပါ့မလားဟု မယုံ့တယုံ ဖြစ်နေတတ်ကြပေသည်။

ဤကဲ့သို့ မယုံ့တယုံဖြစ်နေခဲ့သော် ဝိပဿနာတရား အားထုတ်သည့်အခါ ယုံကြည်မှု သဒ္ဓိန္ဒြေက အားနည်းသောကြောင့် လုံ့လစိုက်မှု ဝီရိယိန္ဒြေလည်း အားနည်းသွားပေသည်။ ဝီရိယိန္ဒြေ အားနည်းသွားသောကြောင့် ပေါ်ရာပေါ်ရာအာရုံတို့၌ ရှုမှတ်သည့်သတိလည်း အားနည်းသွားပေသည်။ သတိန္ဒြေ အားနည်းသွားသောကြောင့် ရှုမှတ်ရာအာရုံတို့၌ စိတ်တည်ငြိမ်မှု သမာဓိန္ဒြေလည်း အားနည်းသွားပေသည်။ သမာဓိန္ဒြေ အားနည်းသွားသောကြောင့် ဟုတ်မှန်သည့်အတိုင်း မှန်ကန်စွာသိသော ဉာဏ်ပညာများလည်း အားနည်းသွားပေသည်။ ဝိပဿနာဉာဏ်များ ထင်ထင်ရှားရှား မဖြစ်တော့ပေ။ ဝိပဿနာဉာဏ်မဖြစ်ပါက အပါယ်တံခါးပိတ်သည့် သောတာပန်အဖြစ်သို့လည်း မရောက်တော့ပေ။ သို့ဖြစ်၍ ယခုဘဝ၌ တရားရဖို့ရာ ယုံကြည်မှု သဒ္ဓိန္ဒြေ အားကောင်းဖို့သည် အရေးအကြီးဆုံး ဖြစ်ပေသည်။

ယခုဘဝမှာ ဝိပဿနာတရားအားထုတ်၍ အပါယ်တံခါးပိတ်သည့် သောတာပန်စသော ပုဂ္ဂိုလ်တို့ ရှိကြသည်မှာ အမှန်ပင် ဖြစ်ပေသည်။ သို့ပါသော်လည်း တရားရပြီးသောပုဂ္ဂိုလ်တို့သည် မိမိတို့ ရရှိထားပြီးသော တရားထူးတရားမြတ်တို့ကို ထုတ်ဖော်၍ ပြောကြားခြင်း မရှိကြပေ။ မြတ်စွာဘုရား လက်ထက်တော်အခါမှစ၍ ယခုခေတ်တိုင်အောင် ရှေးမထေရ်မြတ်တို့သည်လည်း မိမိတို့ ရရှိထားသော တရားထူးတရားမြတ်တို့ကို ထုတ်ဖော်၍ ပြောကြားခြင်း မရှိကြပေ။ မြတ်စွာဘုရားကလည်း မိမိရရှိထားပြီး

သော တရားထူးတရားမြတ်တို့ကို ထုတ်ဖော်၍ မပြောရဟု ရဟန်းတော်များအတွက် ပညတ်တော်မူထားပါသည်။

ဤကဲ့သို့ တရားရထားသောပုဂ္ဂိုလ်တို့ကို ထင်ယင်ရှားရှား မတွေ့ရသဖြင့် ယခုဘဝမှာ တရားမရနိုင်ဟူသော ယူဆချက်များကို လုံးဝ မထားသင့်ပေ။ တရားရနိုင်သည်ဟူသော ယုံကြည်ချက်ကိုသာ အပြည့်အဝ ထားသင့်ကြပေသည်။

သို့ဖြစ်၍ ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် ယုံကြည်ချက် သဒ္ဓါတရား = သဒ္ဓိန္ဒြေ အပြည့်အဝ ရှိကြရမည် ဖြစ်ပေသည်။ ယခုဘဝသည် ရခဲခြင်းတရား ၄-ပါး ရရှိထားသော ဘဝဖြစ်၍ တရားရနိုင်သည်ဟု မြတ်စွာဘုရား ဟောကြားသော တရားဒေသနာတို့ကို ထောက်ထား၍ ယုံကြည်မှု သဒ္ဓါတရား အပြည့်အဝ ရှိကြရမည် ဖြစ်ပေသည်။

ရခဲခြင်းတရား ၄-ပါးမှာ -

၁။ အလွန်ရခဲသည့် လူအဖြစ်ကို ရထားခြင်း။
၂။ အလွန်ရှင်နိုင်ခဲသည့် အသက်ရှင်နေခြင်းကို ရထားခြင်း။
၃။ အလွန်ကြားနာရခဲသည့် သတိပဋ္ဌာန် ဝိပဿနာတရားတို့ကို နာကြားနေရခြင်း။
၄။ အလွန်တွေ့နိုင်ခဲ၊ ကြုံနိုင်ခဲသည့် သာသနာတော်ကြီးနှင့် တွေ့ကြုံနေရခြင်းဟူသော ရခဲခြင်းတရား ၄-ပါး ရရှိနေသည့် ဘဝဖြစ်၍ သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်စသော တရားထူးတရားမြတ်တို့ကို ရနိုင်သည်ဟု မြတ်စွာဘုရား ဟောကြားထားသော တရားဒေသနာတို့ကို ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် အပြည့်အဝ ယုံကြည်ကြရမည် ဖြစ်ပေသည်။

ဤကဲ့သို့ ယုံကြည်ချက်သဒ္ဓိန္ဒြေ သဒ္ဓါတရား အားကောင်းမှသာ လျှင် ထိုယုံကြည်ချက် သဒ္ဓါတရား သဒ္ဓိန္ဒြေက ကျေးဇူးပြု၍ ဝီရိယိန္ဒြေ၊

သတိနှေ့၊ သမာဓိနှေ့၊ ပညာနှေ့တို့ အဆင့်ဆင့် အားကောင်းလာကြပြီးလျှင် တရားမတွေ့သေးသောပုဂ္ဂိုလ်များက တရားတွေ့ တွေ့သွားကြမည် ဖြစ်ပေသည်။ တရားတွေ့ပြီးသောပုဂ္ဂိုလ်များက တရားတွေ့ တက်သွားကြမည် ဖြစ်ပေသည်။ တရားတွေ့ ရရှိသွားကြမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဟိုဂ်မြို့တစ်အိမ်မှာ ဆွမ်းစားရာ

၁၉၉၅-ခုနှစ် ပြည်ပသာသနာအတွက် ဆရာတော်တို့ ခရီးထွက်ခဲ့ရာတွင် နယ်သာလန်နိုင်ငံ၊ မဂ္ဂဂ်မြို့ ဟေပသသိကောရိပ်သာ၌ ၁၉၉၅-ခု၊ မေလ ၁၈-ရက်နေ့မှစ၍ ၂၇-ရက်နေ့အထိ ၁၀-ရက်စခန်း၌ တရားဟောတရားပြ ဆောင်ရွက်ကြပါသည်။ ၁၀-ရက်စခန်းပြီးသောအခါ မေလ ၂၈-ရက်နေ့ နယ်သာလန်နိုင်ငံ၊ ဒန်ဟိုဂ်(DEN HAAG)မြို့ ဗုဒ္ဓယာနရိပ်သာသို့ ကြွလာခဲ့ကြပါသည်။ ဘဂ်လားဒေ့ရ်ရှူမျိုး စူးနီးလ်ကန်တီဘရူးဝါးမိသားစုတို့က ဆွမ်းစားပင့်ကြသဖြင့် ဟေပသသိကောဆရာတော် ဓမ္မဝီရနာထနှင့်တကွ ဆွမ်းစားကြွရပါသည်။

ဆွမ်းစားပြီးသောအခါ မေတ္တာသုတ်ပရိတ်တရား ချီးမြှင့်ကြပါသည်။ ဟေပသသိကောဆရာတော်က ပါဠိလို ငါးပါးသီလပေးပါသည်။ ငါးပါးသီလပေးပြီးသောအခါ သင့်လျော်သော တရားစကား ဟောကြားပေးပါရန် ဆရာတော်အား လျှောက်ထားသဖြင့် ဆွမ်းအနမောဒနာတရား ဟောကြားခဲ့ရပါသည်။ ဒေါက်တာဦးမြအောင်က အင်္ဂလိပ်လို ဘာသာပြန်ပေးပါသည်။

ယခုဆွမ်းလှူကြသော ဆွမ်းဒကာ၊ ဒကာမတို့သည် မိမိကိုယ်ကဆုမွန်ကောင်းများ မတောင်းရပါဘဲနှင့် အကျိုးတရား ၅-မျိုး ရရှိကြသည်ဟု မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပါသည်။ ဆွမ်းအကျိုးတရား ၅-ပါးမှာ ယခုဘဝမှစ၍ နောင်ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းတို့၌ -

၁။ အသက်ရှည်ခြင်းအကျိုး

၂။ အဆင်းလှခြင်းအကျိုး၊
၃။ ကိုယ်ချမ်းသာ စိတ်ချမ်းသာရှိခြင်းအကျိုး၊
၄။ ခွန်အားဗလနှင့် ပြည့်စုံခြင်းအကျိုး၊
၅။ ဉာဏ်ပညာနှင့် ပြည့်စုံခြင်းအကျိုးဟူသော အကျိုး ၅-မျိုးကို မတောင်းဘဲနှင့် ရရှိကြပေသည်ဟု မြတ်စွာဘုရား ဟောကြား တော်မူခဲ့ပါသည်။

အဘယ်ကြောင့် မတောင်းပါဘဲနှင့် ရရှိနိုင်ပါသနည်းဆိုလျှင် မြတ်စွာဘုရား၏ ဉာဏ်တော်မှာ သံယာတော်များနှင့် ညီညီပရိသတ်တို့အား ဆွမ်းဘောဇဉ်များကို လှူဒါန်းစဉ်ထဲကပင် အကျိုး ၅-ပါး ပါဝင်နေသည်ကို မြင်တော်မူသောကြောင့်ပင် ဖြစ်ပေသည်။

မြတ်စွာဘုရား၏ သာသနာတော်၌ အလှူဒါနတို့သည် ၄-မျိုးရှိ ကြပေသည်။

၁။ သင်္ကန်းအလှူဒါန၊
၂။ ဆွမ်းအလှူဒါန၊
၃။ ကျောင်းအလှူဒါန၊
၄။ ဆေးအလှူဒါနဟူ၍ ၄-မျိုးရှိကြပေသည်။ ယနေ့ဆွမ်းအလှူ ရှင်များ လှူဒါန်းလိုက်ကြသည်မှာ ဆွမ်းဘောဇဉ်အလှူဒါန တစ်မျိုးတည်းပင် ဖြစ်ပါသော်လည်း မြတ်စွာဘုရား၏ ဉာဏ် တော်မှာတော့ အလှူခံပုဂ္ဂိုလ်တို့အား ၅-မျိုး လှူဒါန်းရာ ရောက်သွားပေသည်ဟု မြင်တော်မူ၏။ ၅-မျိုးကို လှူဒါန်းရာ ရောက်သွားသောကြောင့် ဤအကျိုး ၅-မျိုးကို မတောင်းဘဲ နှင့် ရရှိကြခြင်း ဖြစ်ပေသည်။

ဆွမ်းဘောဇဉ် တစ်မျိုးတည်းကိုပင် လှူဒါန်းပါသော်လည်း ၅-မျိုး လှူဒါန်းရာရောက်ပုံကို ပြောင်းပြန်(ဗျတိရေက)အားဖြင့် ဆင်ခြင်ကြည့်မှ ပိုရှင်းထင်ရှားပါသည်။

၁။ ဆွမ်းဘောဇဉ်အာဟာရ မမှီဝဲရသည့်ပုဂ္ဂိုလ်တို့သည် အသက်တို သွားကြပေသည်။ ဤကဲ့သို့ ဆွမ်းဘောဇဉ်အာဟာရ မမှီဝဲရသည့် ပုဂ္ဂိုလ်တို့ အသက်တိုသွားကြသည်ကို ထောက်ထား၍ ဆွမ်းဘော ဇဉ်အာဟာရတို့ကို လှူဒါန်းရတာ အသက်ရှည်ခြင်းကို လှူဒါန်း ရာလည်း ရောက်သွားပေသည်။

၂။ ဆွမ်းဘောဇဉ်အာဟာရ မမှီဝဲရသည့်ပုဂ္ဂိုလ်တို့သည် ပင်ကိုယ်က ဘယ်လိုပင် အဆင်းလှပတင့်တယ်ကြားသော်လည်း ဆွမ်းဘော ဇဉ်အာဟာရကို ၄-ရက် ၅-ရက်ခန့် မမှီဝဲရလျှင် လူမမာကဲ့သို့ အဆင်းပျက်သွားကြပေသည်။ ယင်းကဲ့သို့ အဆင်းပျက်သွားသည် ကို ထောက်ထား၍ ဆွမ်းဘောဇဉ်အာဟာရတို့ကို လှူဒါန်းရတာ အဆင်းလှခြင်းကို လှူဒါန်းရာလည်း ရောက်သွားပေသည်။

၃။ ဆွမ်းဘောဇဉ်အာဟာရ မမှီဝဲရသည့်ပုဂ္ဂိုလ်တို့သည် ဆာလောင် မွတ်သိပ်ခြင်းများက နှိပ်စက်ကြသည်ဖြစ်၍ ကိုယ်ဆင်းရဲ စိတ် ဆင်းရဲ ဖြစ်ကြရပေသည်။ ယင်းကဲ့သို့ ဆွမ်းဘောဇဉ်အာဟာရ မမှီဝဲရသည့်ပုဂ္ဂိုလ်တို့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ကြရသည်ကို ထောက်ထား၍ ဆွမ်းဘောဇဉ်အာဟာရတို့ကို လှူဒါန်းရတာ ကိုယ် ချမ်းသာ စိတ်ချမ်းသာကို လှူဒါန်းရာလည်း ရောက်သွားပေသည်။

၄။ ဆွမ်းဘောဇဉ်အာဟာရ မမှီဝဲရသည့်ပုဂ္ဂိုလ်တို့သည် အားအင်များ ဆုတ်ယုတ်သွားကြပေသည်။ ယင်းကဲ့သို့ ဆွမ်းဘောဇဉ်အာဟာ ရ မမှီဝဲရသောပုဂ္ဂိုလ်တို့ အားအင်များ ဆုတ်ယုတ်သွားတာကို ထောက်ထား၍ ဆွမ်းဘောဇဉ်အာဟာရတို့ကို လှူဒါန်းရတာ အားအင်ကို လှူဒါန်းရာလည်း ရောက်သွားပေသည်။

၅။ ဆွမ်းဘောဇဉ်အာဟာရ မမှီဝဲရသည့်ပုဂ္ဂိုလ်တို့သည် ဉာဏဗလ = ဉာဏ်အင်အားများ ဆုတ်ယုတ်သွားကြပေသည်။ ယင်းကဲ့သို့ ဉာဏ်အင်အားများ ဆုတ်ယုတ်သွားတာကို ထောက်ထား၍ ဆွမ်း

ဘောဇဉ်အာဟာရတို့ကို လျှုဒါန်းရတာ ဉာဏ်ပညာကို လျှုဒါန်းရာလည်း ရောက်သွားပေသည်။

ဤကဲ့သို့ ဆွမ်းဘောဇဉ်အာဟာရတို့ကို လျှုဒါန်းစဉ်အခါတည်းက ပင် အလျှုခံပုဂ္ဂိုလ်တို့အား အသက်ရှည်စေခြင်း၊ အဆင်းလှစေခြင်း၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာရှိစေခြင်း၊ အားအင်နှင့်ပြည့်စုံစေခြင်း၊ ဉာဏ်ပညာနှင့် ပြည့်စုံစေခြင်းဟူသော အကျိုး ၅-မျိုးကို လျှုဒါန်းရာရောက်နေသောကြောင့် ဆွမ်းအလှုရှင်တို့သည် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာရှိခြင်း၊ အားအင်နှင့်ပြည့်စုံခြင်း၊ ဉာဏ်ပညာနှင့်ပြည့်စုံခြင်းဟူသော အကျိုး ၅-မျိုးတို့ကို မတောင်းဘဲနှင့် ရရှိကြခြင်းပင်ဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ဤဆွမ်းအကျိုး ၅-မျိုးကို အမှီရထားကြသောပုဂ္ဂိုလ်တို့သည် လောကရေးရာဘက်က စီးပွားရေး၊ ကြီးပွားရေးတို့ကို ဆောင်ရွက်ကြမည် ဆိုပါလျှင်လည်း မိမိတို့၏ ရည်မှန်းချက်အတိုင်း ပြည့်စုံသွားနိုင်ကြမည် ဖြစ်ပေသည်။ ဓမ္မရေးရာဘက်က ဝိပဿနာတရားကို အားထုတ်ကြမည်ဆိုပါလျှင်လည်း မိမိတို့၏ ပါရမီအားလျော်စွာ နိဗ္ဗာန်ချမ်းသာသို့ ရောက်သည့် တိုင်အောင် တရားထူးတရားမြတ်များကို ရရှိသွားကြမည် ဖြစ်ပေသည်ဟု အချိန်မရ၍ ဤမျှလောက်သာ ဟောကြားနိုင်ခဲ့ပါသည်။

ဓမ္မရေးရာဘက်က ဝိပဿနာတရား အားထုတ်တဲ့အခါမှာ ဆွမ်းအကျိုး ၅-ပါး၏ အထောက်အကူကို ရရှိထားကြသောပုဂ္ဂိုလ်တို့အား တရားထူးတရားမြတ်များ ရနိုင်ပုံကို သိသင့်ကြပေသည်။ ဆွမ်းအကျိုး ၅-ပါးတို့တွင် အသက်ရှည်ခြင်းအကျိုးကလည်း ဝိပဿနာတရား အားထုတ်သည့်အခါ ကျေးဇူးပြုတာ မထင်ရှားပေ။ အဆင်းလှခြင်းအကျိုးကလည်း ဝိပဿနာတရား အားထုတ်သည့်အခါမှာ ကျေးဇူးပြုတာ မထင်ရှားပေ။ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းအကျိုးက ဝိပဿနာတရား အားထုတ်သည့်အခါမှာ ကျေးဇူးပြုတာ ထင်ရှားပေသည်။

ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းရှိသောပုဂ္ဂိုလ်တို့သည် ဝိပဿနာတရား အားထုတ်သောအခါ သမာဓိ မြန်မြန်ဖြစ်ကြပေသည်။ သမာဓိက တစ်ဖန် ဝိပဿနာဉာဏ်ကို ကျေးဇူးပြုသည်။ ဝိပဿနာဉာဏ် ပြည့်စုံသွားသောအခါ မိမိတို့၏ ပါရမီအားလျော်စွာ မဂ်ဉာဏ်ဖိုလ်ဉာဏ် တို့ဖြင့် နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိသွားနိုင်ကြပေသည်။

ဝိပဿနာတရား အားထုတ်သောအခါ ရှေးဦးစွာ သမာဓိဖြစ်ဖို့ အရေးကြီးလှပေသည်။ သမာဓိဖြစ်မှ ဝိပဿနာဉာဏ်ဖြစ်သည်။ သမာဓိ မဖြစ်သေးပါဘဲနှင့် ဝိပဿနာဉာဏ် မြန်မြန်ဖြစ်လိုသော ပုဂ္ဂိုလ်တို့သည် တရားအတွေ့ နေးသွားတတ်ကြပါသည်။ တရားအတက်လည်း နေးသွား တတ်ကြပါသည်။ တရားရတာလည်း နေးသွားတတ်ကြပါသည်။ သို့ဖြစ်၍ ရှေးဦးစွာ သမာဓိဖြစ်အောင် အားထုတ်ကြရပေသည်။ ထိုကဲ့သို့ သမာဓိ ဖြစ်အောင် အားထုတ်ဖို့ရာ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းရှိမှ သာ အားထုတ်နိုင်ကြမည် ဖြစ်ပေသည်။

ကာယဗလ = ကိုယ်အားနှင့်ပြည့်စုံခြင်းဆွမ်းအကျိုးကလည်း ဝိပဿနာတရား အားထုတ်သောအခါ ကျေးဇူးပြုပေသည်။ **ကာယဗလ** = ကိုယ်အားနှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့သည် ထိုင်၍ ဝိပဿနာတရား အား ထုတ်သောအခါ၌ ထိုင်ခြင်းဣရိယာပုထ်ဖြင့် ကြာကြာအားထုတ်နိုင်သော ကြောင့် သမာဓိ မြန်မြန်ဖြစ်နိုင်ပေသည်။ ထိုသမာဓိက ဝိပဿနာဉာဏ် ကို ကျေးဇူးပြုပေသည်။ ဝိပဿနာဉာဏ် ပြည့်စုံသွားသောအခါ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာတို့ကို ရရှိသွားကြမည် ဖြစ်ပေသည်။

ဉာဏဗလ = ဉာဏ်ပညာနှင့်ပြည့်စုံခြင်းဆွမ်းအကျိုးကလည်း ဝိပဿနာတရား အားထုတ်သောအခါမှာ ကျေးဇူးပြုပေသည်။ **ဉာဏဗလ** = ဉာဏ်ပညာနှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့သည် ဉာဏ်ပညာထက်မြက်သော ကြောင့် တရားတွေကို ထူးထူးခြားခြား တွေ့တတ်ကြပါသည်။ တရားတွေ လည်း မြန်မြန်တက်သွားတတ်ကြပါသည်။ တရားတွေ မြန်မြန်လည်း ရ သွားတတ်ကြပါသည်။

ဆွမ်းအကျိုး ၅-ပါးတို့တွင် ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းအကျိုး၊ **ကာယဗလ** = ကိုယ်အင်အားနှင့်ပြည့်စုံခြင်းအကျိုး၊ **ဉာဏဗလ** = ဉာဏ်ပညာနှင့်ပြည့်စုံခြင်းအကျိုးတို့သည် တရားထူးတရားမြတ်ရဖို့ရန် ကျေးဇူးပြုကြသည်ဖြစ်၍ အကျိုးများကြပေသည်။ ဆွမ်းအလှူဒါနသည် မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်သည်ဟု သိကြရပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဂျာမနီအဘွားအတွက် ရှေ့သို့ တရားတက်ရန်ခက်

၁၉၉၅-ခုနှစ် ပြည်ပသာသနာအတွက် ဆရာတော်တို့ ခရီးထွက်ခဲ့စဉ် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့မှတစ်ဆင့် ဂျာမနီနိုင်ငံ၊ နီးကနစ်မြို့ ဝေါလ်ဟတ်စ်(Wald Haus)ရိပ်သာသို့ ၁၉၉၅-ခု၊ ဇွန်လ ၁-ရက်နေ့က ကြွလာကြပါသည်။ ဝေါလ်ဟတ်စ်(Wald Haus)ရိပ်သာသို့ နံနက် ၉-နာရီခွဲ ရောက်လာကြပါသည်။ နံနက် ၁၀-နာရီတွင် တရားစခန်း စ၍ဖွင့်ပါသည်။ အရှင်ကစ္စာယနမထေရ်၏ညွှန်ကြားချက် ၄-ပါးဖြင့် စခန်းဖွင့်ပေးပါသည်။ တရားအားထုတ်ကြသော ယောဂီ ၂၀-ရှိပါသည်။ ဝေါလ်ဟတ်စ်ခေါ် ထိုရိပ်သာ၌ ယောဂီ ၅၀-ခန့် လက်ခံနိုင်သည်ဟု ဆိုပါသည်။ ဗုဒ္ဓဘာသာ အခြေခံရှိသော ကျင့်နည်းအမျိုးမျိုးတို့ကို လာရောက်၍ ကျင့်ကြံအားထုတ်နိုင်ပါသည်၊ ဟောပြောနိုင်ပါသည်ဟု အဆိုပါရိပ်သာ၏ ဥက္ကဋ္ဌဖြစ်သူ ပေါလ်ကောပလာ(Paul Koppler)က ပြောပါသည်။

ဇွန်လ ၂-ရက်နေ့ ညနေ ၄-နာရီခွဲ တရားစစ်ပေးရာတွင် အသက် ၈၀-ရှိ ဂျာမနီအဘွား ဟန်နာဗူးဝါး(Hanna Biewer)က တရားလျှောက်ထားသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ စစ်အတွင်းက သူ၏ခင်ပွန်းဆုံးသွား၍ သူ သီလရှင်ဝတ်လိုက်ပါသည်။ ခရစ်ယာန်နည်းဖြင့် အနှစ် ၃၀-ခန့် တရားအားထုတ်ခဲ့ပါသည်။ ယခု ဗုဒ္ဓနည်းဖြင့် အားထုတ်သည်မှာ ၃-နှစ်ခန့်ရှိပါပြီဟု လျှောက်ထားပါသည်။

အဘွားသီလရှင်က ဆက်လက်၍ လျှောက်ထားသည်မှာ "ဗုဒ္ဓ နည်းဖြင့် အားထုတ်ရခြင်းသည် အားထုတ်ခါစမှာတော့ ထူးခြားချက်များ မတွေ့ရပါ။ နောက်တော့ ရှုမှတ်လို့ကောင်းတာ၊ စိတ်ချမ်းသာတာများကို တွေ့ခဲ့ရပါသည်။ ယခုတော့ အခက်အခဲနှင့် တွေ့နေရပါသည်။ တရား ထိုင်လိုက်၍ သမာဓိဖြစ်လာသောအခါ ခံစားမှုများက ခန္ဓာကိုယ်ပြင်ပ တခြားသို့ ရောက်နေကြသည်။ ရုပ်ကိုယ်ကြီးကတော့ ထိုင်လျက်ရှိနေသည်။ စိတ်က ထိုနှစ်ခုလုံးကို မြင်နေသည်။ ရှုမှတ်ရတာ အလွန်ခက်ပါသည်။ ဤကဲ့သို့ဖြစ်တာ များလာတော့ ကြောက်လန့်လာပါသည်။ ဘယ်လိုရှုမှတ် ရပါမလဲ" ဟု မေးလျှောက်ပါသည်။

"ရုပ်ကိုယ်ကြီးကိုပဲ ရှုမှတ်ရမည်။ ပြင်ပသို့ထွက်သွားသည့် ခံစားမှု များကို မရှုမှတ်ရပေ။ ပြင်ပသို့ထွက်သွားသည့် ခံစားမှုများနောက်သို့ စိတ်က လိုက်နေရင် စိတ်ပျံ့လွင့်နေလိမ့်မည်။ ထို့ကြောင့် ပြင်ပခံစားမှုများနောက် သို့ လိုက်၍ မရှုမှတ်ရပေ။ ရုပ်ကိုယ်ကြီးကိုသာ စူးစိုက်၍ ရှုမှတ်ရမည်" ဟု ဖြေကြားခဲ့ရပါသည်။

"တစ်ခါတစ်ရံကျပြန်တော့လည်း တရားထိုင်လိုက်ရင် ခေါင်းထဲ မှာ နေလို့မကောင်းဖြစ်သည်။ ဝမ်းဗိုက်က တုန်ခါမှုတွေများ၍ ရှုမှတ်ရခက် ပါသည်။ တစ်ခါတစ်ရံလည်း ရယ်ချင်သောစိတ်များလည်း ဖြစ်လာသည်။ ယခုလို တရားထိုင်လို့မကောင်းတော့ တရားအားမထုတ်ဘဲ ရပ်ထားလိုက် ပြီး ဒါနလောက်ပဲ ပြုလုပ်၊ သီလလောက်ပဲ ဆောက်တည်ပြီး အခြားပျော် ရွှင်ဖွယ်ရာများဖြင့် စိတ်ချမ်းသာအောင် နေလိုက်ရမလား" ဟု လျှောက် ထားပါသည်။

"ဝိပဿနာတရား ရှုမှတ်မှုကို မရပ်ထားရပေ၊ ဆက်လက်၍ ရှု မှတ်နေရမည်။ ဤကဲ့သို့ အခက်အခဲများ ဖြစ်ရသည်မှာ ဝိပဿနာဉာဏ် ကြောင့် ဖြစ်ရတာ ဖြစ်ပေသည်။ ဝိပဿနာတရားအားထုတ်၍ ဉာဏ်စဉ် များ တော်တော်မြင့်သွားသောအခါ ဤကဲ့သို့ ခက်ခဲမှုများကို ဝိပဿနာ

တရား အားထုတ်ကြသည့် ယောဂီများမှာ အနည်းနှင့်အများဆိုတာလိုပင် တွေ့ကြရပေသည်"ဟု ဖြေကြားပေးခဲ့ရပါသည်။

ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် ဉာဏ်စဉ်များ မပြည့်မီ တစ်ရံတစ်ခါ ကောင်းလိုက်၊ တစ်ရံတစ်ခါ မကောင်းလိုက် ဖြစ်ကြရပေသည်။ တစ်ခါတစ်ရံ မရှုမှတ်နိုင်လောက်အောင် ဖြစ်ကြရပေသည်။ မရှုမှတ်ဘဲ နေချင်လောက်အောင်လည်း တရားတွေ ဆိုးနေတတ်ကြပေသည်။ ခက်ခဲနေတတ်ကြပေသည်။ ဝိပဿနာဉာဏ်စဉ်များကြောင့် ဖြစ်ရသည့်သဘောပင် ဖြစ်ပေသည်။

ရှေ့သို့ တရား ထူးထူးခြားခြား တက်ခါနီးမှာ အလွန်ရှုမှတ်ရခက်သည့် ဆင်းရဲဒုက္ခဝေဒနာဆိုး အမျိုးမျိုးနှင့် စိတ်အနှောင့်အယှက် ဖြစ်ရသည့် စိတ်ဆင်းရဲခြင်း ဒုက္ခအမျိုးမျိုးတို့ကိုလည်း တွေ့တတ်ကြပေသည်။ ထိုကဲ့သို့ ကိုယ်၌ဖြစ်သော ဆင်းရဲဒုက္ခဝေဒနာဆိုးများနှင့် စိတ်၌ဖြစ်သော ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို ကျော်လွန်သွားရအောင် ရိုရိုသေသေ စူးစူးစိုက်စိုက် ရှုမှတ်ကြရပေသည်။

ဥပမာအားဖြင့် ရန်သူများနှင့်တွေ့ရ၍ ရန်သူများကို အနိုင်ထိုးရတော့မည့် ဆင်ကြီးသည် နောက်သို့ပြန်ဆုတ်ကာ အားယူ၍ အရှိန်အဟုန်ပြင်းစွာဖြင့် ရန်သူများကို အနိုင်ထိုးရသကဲ့သို့ ဉာဏ်စဉ်အားဖြင့် ရှေ့သို့ တရားတက်ရမည့် ယောဂီမှာလည်း ထိုနည်းတူစွာ ဆင်ကြီးနောက်သို့ ဆုတ်လိုက်သကဲ့သို့ ကိုယ်ဆင်းရဲခြင်းအမျိုးမျိုး ဒုက္ခဝေဒနာ၊ စိတ်ဆင်းရဲခြင်း ဒုက္ခဝေဒနာများနှင့် တွေ့ကြရတာဖြစ်သည်။ ရှေ့ဉာဏ်စဉ်သို့ တရားတက်ဖို့ရာ အားယူခြင်းပင် ဖြစ်ပေသည်ဟု ဖြေကြားပေးခဲ့ရပါသည်။ အဘွားယောဂီက ဝမ်းမြောက်သည့် အမူအရာဖြင့် အလွန်ကျေးဇူးတင်သည့်အကြောင်း လျှောက်ကြားသွားပါသည်။

ရန်သူများနှင့်တွေ့ရ၍ ရန်သူများကို အနိုင်ထိုးဖို့ရာ နောက်သို့ပြန်ဆုတ်၍ အားယူနေသော ဆင်ကြီးနှင့် ဝိပဿနာဉာဏ်နှင့် တူပေသည်။

ဆင်ကြီး၏ ရန်သူများနှင့် ယောဂီများ၏သန္တာန်၌ ရှိနေကြသည့် လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာရန်သူများနှင့် တူပေသည်။ ဆင်ကြီးသည် ရှေ့သို့ အရှိန်အဟုန်များဖြင့် တက်၍ထိုးဖိုရာ နောက်သို့ပြန်ဆုတ်၍ အားယူနေသည်နှင့် ဝိပဿနာဉာဏ်သည် အထက်ဉာဏ်စဉ်များသို့ တက်ဖိုရာ ကိုယ်ဆင်းရဲခြင်း ဒုက္ခဝေဒနာ၊ စိတ်ဆင်းရဲခြင်း ဒုက္ခဝေဒနာ အမျိုးမျိုးတို့နှင့် တွေ့ရပြီး အားယူနေသည်နှင့် တူပေသည်။

ဆင်ကြီးသည် အားယူ၍ အရှိန်အဟုန်ပြင်းထန်စွာဖြင့် ရှေ့သို့တက်၍ ရန်သူများကို အနိုင်ထိုးကာ ဘေးရန်ကင်းရာ ချမ်းသာရာအရပ်သို့ ရောက်သွားပြီး ချမ်းသာစွာနေရသည်နှင့် ကိုယ်ဆင်းရဲခြင်း ဒုက္ခဝေဒနာနှင့် စိတ်ဆင်းရဲခြင်း ဒုက္ခအမျိုးမျိုးတို့ကို ရိုရိုသေသေ စူးစူးစိုက်စိုက် ရှုမှတ်၍ ဝိပဿနာဉာဏ်များ အားပြည့်လာသောအခါ ဆင်ကြီး၏ ရန်သူများနှင့်တူသော ယောဂီများ၏သန္တာန်တို့၌ရှိနေသော လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာရန်သူတို့ကို ပယ်သတ်ထိုးဖောက်၍ အထက်အထက် ဉာဏ်များသို့ရောက်ကာ ချမ်းချမ်းသာသာ ရှုမှတ်နေရသည်နှင့် တူပေသည်။

ထို့ကြောင့် ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် ခန္ဓာကိုယ်၌ ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် စိတ်အနှောင့်အယှက်ဖြစ်သည့် ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို တွေ့ကြုံရသည့်အခါ စိတ်အားမလျော့ပါဘဲ တရားတက်ဖိုရာ၊ တရားရဖိုရာ ဖြစ်လာပေသည်ဟု နလုံးသွင်း၍ စိတ်ဓာတ်ကို တစ်ဆင့်တိုးမြှင့်ကာ ရိုရိုသေသေ စူးစူးစိုက်စိုက် ရှုမှတ်ကြရမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

နွားခို်ကန့်ရှိသေ ဤနှစ်ထွေ ကွဲတာသိလို်ပေ

ဆရာတော်တို့ကို ပြင်သစ်နိုင်ငံ၊ သက္ကမုနိရိပ်သာမှ ဘုန်းတော်ကြီး ဦးဝိဇယက ဥရောပနိုင်ငံများသို့ တရားဟောတရားပြု ကြွပါရန် ပင့်လျှောက်သဖြင့် ၁၉၉၅-ခု၊ ဧပြီလ ၃၀-ရက်နေ့က ဆရာတော်၊ ဒေါက်တာဦးမြအောင်၊ ကျောင်းအမကြီး ဒေါ်မြင့်ကြည်တို့သည် ပြင်သစ်နိုင်ငံ၊ သက္ကမုနိရိပ်သာသို့ ကြွလာခဲ့ကြပါသည်။

ထိုပြင်သစ်နိုင်ငံ၊ သက္ကမုနိရိပ်သာမှတစ်ဆင့် ဘုန်းတော်ကြီး ဦးဝိဇယနှင့်အတူ အီတလီနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဂျာမနီနိုင်ငံစသော နိုင်ငံများသို့ ကြွရောက်၍ တရားဟောတရားပြု ဆောင်ရွက်ကြပါသည်။ ၁၉၉၅-ခု၊ ဇွန်လ ၇-ရက်နေ့တွင် ဂျာမနီနိုင်ငံ၊ ဝေါလ်ဟတ်စ်ရိပ်သာမှ ၅-ရက်တရားစခန်းပြီးသောအခါ ဒုတိယအကြိမ် နယ်သာလန်နိုင်ငံ၊ ဂရိုနင်ဂန်မြို့ ဝိပဿနာရိပ်သာသို့ ကြွလာခဲ့ကြပါသည်။ ၅-ရက်စခန်းဖွင့်၍ တရားဟောတရားပြု ဆောင်ရွက်ကြပါသည်။

ထိုဂရိုနင်ဂန်မြို့ ဝိပဿနာရိပ်သာတရားစခန်း၌ တရားဟောတရားပြုဆောင်ရွက်ရာတွင် ၁၉၉၅-ခု၊ ဇွန်လ ၉-ရက်နေ့၊ ည ၈-နာရီမှ ၉-နာရီအထိ စကြံ်လျှောက်ရာ၌ ၆-မှတ်ရှုပုံနှင့် ၂-နံပါတ် ကျွန်ုပ်ထက်ကြောင်း တရားဟောကြားပါသည်။ တရားဟောကြားပြီးသောအခါ မေးခွန်းများ မေးကြရာတွင် အသက် ၄၄-နှစ်ရှိ အမျိုးသမီးယောဂီ မာရီရက်က မေးသည်မှာ

"ရိုရိုသေသေ စူးစူးစိုက်စိုက် ရှုမှတ်ရမည်ဟု ဟောကြားရာ၌ ရိုသေတာနှင့် စူးစိုက်တာ ဘယ်လိုထူးခြားပါလဲ"ဟု မေးပါသည်။

ရိုရိုသေသေဆိုသည်မှာ ဝိပဿနာတရား ရှုမှတ်နေခိုက်တွင် ပြုလုပ်ရသည့် ကိုယ်အမူအရာများကို ဖြည်းဖြည်းသာသာ သိမ်မွေ့စွာ ပြုလုပ်တာကို ဆိုလိုပါသည်။

စူးစူးစိုက်စိုက်ဆိုသည်မှာ ပစ္စုပ္ပန်လည်းတည့်အောင်၊ ပရမတ်ကိုလည်းသိအောင် စိတ်ဖြင့် စူးစိုက်၍ ရှုမှတ်တာကို ဆိုလိုပါသည်။

"ရိုသေစွာပြုရတာက ရုပ်တရား ဖြစ်ပါသည်၊ စူးစိုက်တာက နာမ်တရား ဖြစ်ပါသည်"ဟု၍ အကျဉ်းချုပ် ရှင်း၍ ဟောကြားပေးရပါသည်။ အကျယ်ကိုလည်း ဟောကြားပေးခဲ့ပါသည်။

"ရိုရိုသေသေဆိုသည်မှာ ဝိပဿနာတရား ပွားများအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တို့သည် ရှုမှတ်ပွားများနေခိုက်တွင် ပြုလုပ်ရသည့် ကိုယ်အမူအရာများကို ဖြည်းဖြည်းသာသာ သိမ်မွေ့စွာ ပြုလုပ်ရပါသည်။ သွားတဲ့အမူအရာ၊ ရပ်တဲ့အမူအရာ၊ ထိုင်တဲ့အမူအရာ၊ လျောင်းတဲ့အမူအရာ၊ လက်ခြေတို့ကို ကွေးတဲ့အမူအရာ၊ ဆန့်တဲ့အမူအရာ စသည်များကို ဖြည်းဖြည်းသာသာ သိမ်မွေ့စွာ ပြုလုပ်ရပါသည်။ ယင်းကဲ့သို့ သိမ်မွေ့စွာ ပြုလုပ်ခြင်းကို ရိုရိုသေသေ"ဟု ဆိုရပါသည်။

"စူးစူးစိုက်စိုက်ဆိုသည်မှာ ဝိပဿနာတရား အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ရှုမှတ်ဖွယ်ရာ အာရုံတို့ကို ရှုမှတ်ရာ၌ ပစ္စုပ္ပန်လည်းတည့်အောင်၊ ပရမတ်ကိုလည်းသိအောင် စိတ်ဖြင့် စူးစိုက်၍ ရှုမှတ်ရမည်"ဟု ဆိုလိုပါသည်။

နည်းမှန်လမ်းမှန်ဖြင့် ဝိပဿနာတရား အားထုတ်လိုသောပုဂ္ဂိုလ်တို့သည် ဝိပဿနာတရား ပွားများအားထုတ်ကြသည့်အခါမှာ ရှုမှတ်ဖွယ်

ရာအာရုံတို့၌ ပစ္စုပ္ပန်လည်းတည့်အောင် ရှုမှတ်ဖို့ရာနှင့် ပရမတ်ကိုလည်း သိအောင် စူးစိုက်၍ ရှုမှတ်ဖို့ရာဟူသော ဤ ၂-ချက်သည် အထူးလိုအပ်သည့် အချက် ၂-ချက်ပင် ဖြစ်ပေသည်။

"ပစ္စုပ္ပန်တည့်အောင် ရှုမှတ်နိုင်ဖို့ရာ အထူးလိုအပ်သည်"ဟုဆိုရာ၌ မိမိတို့၏ခန္ဓာကိုယ်၌ ခန္ဓာ ၅-ပါး၊ ရုပ်တရား၊ နာမ်တရားတို့သည် ပစ္စုပ္ပန်အခိုက်မျှသာ တည်ရှိနိုင်ကြပေသည်။ ရှုမှတ်မှုများက တစ်စက္ကန့်မျှ နောက်ကျသွားခဲ့သော် အရှုခံ ရုပ်တရား၊ နာမ်တရားတို့ မရှိတော့ပေ။ မရှိတော့သည့် ရုပ်တရား၊ နာမ်တရားတို့ကို မှန်းဆ၍ ရှုမှတ်နေပါက တရားသဘောများကို မသိနိုင်ပေ။ ဝိပဿနာဉာဏ်များ မဖြစ်နိုင်ပေ။ ထို့ကြောင့် ပစ္စုပ္ပန်တည့်အောင် ရှုမှတ်ကြရပေသည်။

ဘဒ္ဒေကရတ္တသုတ္တန်၌ ပစ္စုပ္ပန်တည့်အောင် ရှုမှတ်ဖို့ရာ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည်မှာ "လွန်ခဲ့သော အတိတ်က ရုပ်နာမ်တို့ကိုလည်း မှန်းဆ၍ မရှုရ၊ မရောက်လာသေးသော အနာဂတ် ရုပ်နာမ်တို့ကိုလည်း မျှော်မှန်း၍ မရှုရ၊ ဖြစ်ခိုက်ပစ္စုပ္ပန် ရုပ်နာမ်တို့ကိုသာ ရှုရမည်"ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

မိမိတို့သန္တာန်၌ ဖြစ်နေကြသော ရုပ်တရား၊ နာမ်တရားတို့သည် မဖြစ်သေးခင်ကလည်း ဤခန္ဓာကိုယ် အဘယ်နေရာမှာမှ မရှိကြပေ။ အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်လာပြီးလျှင် တစ်စက္ကန့်မျှ မတည်ရှိနိုင်ပေ၊ ဖျတ်ခနဲ ပျက်သွားကြပေသည်။ ပျက်သွားပြီးသည့်အခါမှာလည်း ဤခန္ဓာကိုယ် အဘယ်နေရာ၌မျှ မကျန်ရှိတော့ပေ၊ အပြီးတိုင် ပျောက်ပျက်သွားကြပေသည်။ ဖြစ်ခိုက်ပစ္စုပ္ပန် တစ်ခဏမျှသာ တည်ရှိနိုင်ပေသည်။ ထို့ကြောင့် "ပစ္စုပ္ပန်တည့်အောင် ရှုမှတ်နိုင်ဖို့ရာ အထူးလိုအပ်သည်"ဟု ဆိုရပါသည်။

ဥပမာအားဖြင့် "ကောင်းကင်၌ လျှပ်စစ်ရောင် လက်သွားတာနှင့် တူသည်"ဟု မြတ်စွာဘုရား ဟောကြားတော်မူပါသည်။ ကောင်းကင်၌

လက်သွားသော လျှပ်စစ်ရောင်သည် လက်ပြီးတာနှင့် ဖျတ်ခနဲ ပျောက်ပျက်သွားပေသည်။ လက်ခိုက်ခဏလေးသာ တည်ရှိပေသည်။ မလက်ခင်ကလည်း ဘယ်တိမ်တိုက်ထဲမှာ ဤလျှပ်စစ်ရောင် ရှိနေသည်ဟု ရှာဖွေ၍မရ၊ လက်သွားပြီးသည့် နောက်ကာလ၌လည်း ဘယ်တိမ်တိုက်ထဲမှာ ဤလျှပ်စစ်ရောင် ကျန်ရှိနေခဲ့သည်ဟု ရှာဖွေ၍မရသကဲ့သို့ ထို့အတူ ဤခန္ဓာကိုယ်၌ ရှုပ်တရား၊ နာမ်တရားတို့သည်လည်း ဖြစ်ခိုက်တစ်ခဏသာ ရှိသည်ဖြစ်၍ ဖြစ်ခိုက်ပစ္စုပ္ပန်တည့်အောင် ရှုမှတ်ရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် "ပစ္စုပ္ပန်တည့်အောင် ရှုမှတ်ဖို့ရာ အထူးလိုအပ်သည်"ဟု ဆိုရပါသည်။

"ပရမတ်ကိုလည်းသိအောင် စူးစိုက်၍ ရှုမှတ်ဖို့ရာ အထူးလိုအပ်သည်"ဟုဆိုရာ၌ မိမိခန္ဓာကိုယ်၊ သူတစ်ပါးတို့၏ ခန္ဓာကိုယ်တို့၌ ရှုမှတ်ဖွယ်ရာအာရုံတို့သည် ပညတ်နှင့်ပရမတ်ဟူ၍ ၂-မျိုးရှိပေသည်။ ပညတ်များကို စူးစိုက်၍ ရှုမှတ်နေပါက သမထရှုမှတ်နည်းဆန်နေပါ၍ ရှုမှတ်လို့သာကောင်းနေပြီးလျှင် ဝိပဿနာဉာဏ်များဖြစ်တာ နေးနေတတ်ပေသည်။ ပရမတ်ကို ရှုမှတ်နိုင်မှသာ ဝိပဿနာဉာဏ်များ မြန်မြန်ဖြစ်နိုင်ကြပေသည်။ ထို့ကြောင့် ပရမတ်ကိုသိအောင် စူးစိုက်၍ ရှုမှတ်ဖို့ရာ အထူးပင် လိုအပ်သည်ဟု ဆိုရပါသည်။

ဝိပဿနာတရား ပွားများအားထုတ်ကြသောပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ ပညတ်နှင့်ပရမတ်ကို ခွဲခြား၍ သိထားသင့်ကြပေသည်။ မိမိခန္ဓာကိုယ်၊ သူတစ်ပါးတို့၏ ခန္ဓာကိုယ်တို့၌ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်စသော ပုံသဏ္ဌာန်အထည်ဒြပ်တို့သည် သဏ္ဌာနပညတ်တို့ ဖြစ်ကြပေသည်။ ယင်းပုံသဏ္ဌာန်အထည်ဒြပ်ပညတ်တို့၏ အတွင်း၌ ဝင်ပေါ်ကြသည့် ပူမှု၊ အေးမှု၊ မာမှု၊ ပျော့မှု၊ ဖွဲ့စည်းမှု၊ တင်းကျပ်မှု၊ တောင့်တင်းမှု၊ တွန်းကန်မှု၊ လှုပ်ရှားမှု၊ ရွှေ့သွားမှု၊ နာကျင်ကိုက်ခဲမှုစသော သဘောတရားတို့သည် ပရမတ်များ ဖြစ်ကြပေသည်။

ဝိပဿနာတရား ရှုမှတ်ပွားများကြသောပုဂ္ဂိုလ်တို့သည် ခေါင်း၊ ကိုယ်၊ ခြေ၊ လက်စသော ပုံသဏ္ဌာန်အထည်ခြုပ်ပညတ်များကို အာရုံမပြု ဘဲ ခွာနိုင်သမျှခွာ၍ အတွင်းက ပူမှု၊ အေးမှု၊ မာမှု၊ ပျော့မှု၊ တောင့်တင်း တွန်းကန်မှုစသော ပရမတ်ကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ် ကြရပေသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြသော နည်းဖြင့် ဝိပဿနာတရား အားထုတ်ကြရာတွင် ဖောင်းတယ်၊ ပိန်တယ် စသည်ဖြင့် ရှုမှတ်ကြရပါသည်။ ယင်းကဲ့သို့ ရှုမှတ်ရာ၌ ဖောင်းတယ်လို့ ရှု မှတ်သည့်အခါမှာ ဝမ်းဗိုက်ပုံသဏ္ဌာန်သည် ပညတ်ဖြစ်၏။ ထိုဝမ်းဗိုက်ပုံ သဏ္ဌာန်ပညတ်ကို အာရုံမပြုရပေ၊ ခွာနိုင်သမျှ ခွာကြရပေသည်။ အတွင်း က တောင့်တင်း တောင့်တင်း၍ တက်လာသောသဘောသည် ဝါယော ပရမတ်ဖြစ်၏။ ထိုတောင့်တင်းသည့် ဝါယောပရမတ်ကိုတော့ သိနိုင်သမျှ သိအောင် စူးစိုက်၍ ရှုမှတ်ကြရပါသည်။ ပိန်တယ်လို့ ရှုမှတ်တဲ့အခါမှာ လည်း ဝမ်းဗိုက်ပုံသဏ္ဌာန်သည် ပညတ်ဖြစ်၏။ ထိုဝမ်းဗိုက်ပုံသဏ္ဌာန် ပညတ်ကို အာရုံမပြုရပေ၊ ခွာနိုင်သမျှ ခွာကြရပေသည်။ အတွင်းက လှုပ် သွား ရွှေ့သွားသည့်သဘောသည် ဝါယောပရမတ်ဖြစ်၏။ ထိုလှုပ်ရှား ရွှေ့ သွားသည့် ဝါယောပရမတ်ကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ် ကြရပါသည်။

ဆောင်ပုဒ်။ ။ ပညတ်ကိုခွာ၊ ပရမတ်သာ၊ မှန်စွာရှုရမည်။

ဖောင်းတယ်၊ ပိန်တယ်ဟု ရှုမှတ်ရာ၌ ဖောင်းတယ်လို့ ရှုမှတ် လိုက်တဲ့အခါမှာ ဖောင်းစမှဖောင်းဆုံးတိုင်အောင် တစ်ရွှေ့ပြီးတစ်ရွှေ့ တောင့်တင်း တောင့်တင်း၍တက်လာသော အစဉ်(သန္တတိ)ပစ္စုပ္ပန်ကိုလည်း တည့်နိုင်သမျှတည့်အောင် စူးစိုက်၍ ရှုမှတ်ကြရပါသည်။ ပိန်တယ်လို့ ရှု မှတ်တဲ့အခါမှာလည်း ပိန်စမှပိန်ဆုံးတိုင်အောင် တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့ ကျသွားသော အစဉ်(သန္တတိ)ပစ္စုပ္ပန်ကိုလည်း တည့်နိုင်သမျှတည့်အောင် စူးစိုက်၍ ရှုမှတ်ကြရပါသည်။

ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ စကြံ့လျှောက်၍ ရှုမှတ်ရာ၌ လည်း ကြွတယ်လို့ ရှုမှတ်တဲ့အခါမှာ ခြေထောက်ပုံသဏ္ဌာန် အထည် ဖြစ်သည် ပညတ်ဖြစ်၏။ ထိုခြေထောက်ပုံသဏ္ဌာန်ပညတ်ကို အာရုံမပြုရ ပေ၊ ဌာနိုင်သမျှ ဌာကြရပေသည်။ အပေါ်သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့ တက်နေသည့် သဘောသည် ပရမတ်ဖြစ်၏။ ထိုရွှေ့နေသည့် ပရမတ်ကို တော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ကြရပါသည်။

လှမ်းတယ်လို့ ရှုမှတ်တဲ့အခါမှာလည်း ခြေထောက်ပုံသဏ္ဌာန် အထည်ဖြစ်သည် ပညတ်ဖြစ်၏။ ထိုပုံသဏ္ဌာန်ပညတ်ကိုတော့ အာရုံမပြု ရပေ၊ ဌာနိုင်သမျှ ဌာကြရပေသည်။ ရှေ့သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့နေ သည့် သဘောသည် ပရမတ်ဖြစ်၏။ ထိုရွှေ့နေသည့် သဘောပရမတ်ကို တော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ကြရပါသည်။ ချတယ်လို့ ရှုမှတ်တဲ့အခါမှာလည်း ခြေထောက်ပုံသဏ္ဌာန် အထည်ဖြစ်သည် ပညတ် ဖြစ်၏။ ထိုခြေထောက်ပုံသဏ္ဌာန်ပညတ်ကိုတော့ အာရုံမပြုရပေ၊ ဌာနိုင် သမျှ ဌာရပါသည်။ အောက်သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့ကျနေသည့် သဘောသည် ပရမတ်ဖြစ်၏။ ထိုသဘောပရမတ်ကိုတော့ သိနိုင်သမျှ သိအောင် စူးစိုက်၍ ရှုမှတ်ကြရပါသည်။

ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ ရှုမှတ်တဲ့အခါမှာ ပစ္စုပ္ပန်ကို လည်းတည့်အောင် စူးစိုက်၍ ရှုမှတ်ကြရပါသည်။ ကြွတယ်လို့ ရှုမှတ်တဲ့ အခါ အပေါ်သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့တက်နေသည့် အစဉ်(သန္တတိ) ပစ္စုပ္ပန်ကိုလည်းတည့်အောင် စူးစိုက်၍ ရှုမှတ်ကြရပါသည်။ လှမ်းတယ်လို့ ရှုမှတ်တဲ့အခါမှာလည်း ရှေ့သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့နေသည့် အစဉ် (သန္တတိ)ပစ္စုပ္ပန်ကိုတည့်အောင် ရှုမှတ်ကြရပါသည်။ ချတယ်လို့ ရှုမှတ်တဲ့ အခါမှာလည်း အောက်သို့ တစ်ရွှေ့ပြီးတစ်ရွှေ့ ရွှေ့ကျသွားသည့် အစဉ် (သန္တတိ)ပစ္စုပ္ပန်ကိုတည့်အောင် စူးစိုက်၍ ရှုမှတ်ကြရပါသည်။

ကြွတယ်လို့ ရှုမှတ်လိုက်တဲ့အခါ ခြေထောက်ပုံသဏ္ဌာန်ပညတ်ကိုလည်း ခွာလို့ရသွားပြီး အပေါ်သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့တက်နေသည့် သဘောပရမတ်နှင့် ရွေ့နေသည့်အစဉ် ပစ္စုပ္ပန်ကိုလည်းတည့်အောင် ရှုမှတ်လို့ရသွားသောအခါ အပေါ်သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့တက်နေတာကို သိပြီးသည့်အပြင် ပေါ့ပေါ့ပြီး ရွေ့တက်သွားသည်ကိုလည်း သိကြရပေသည်။ ပေါ့တာကိုသိခြင်းသည် တေဇောဓာတ်နှင့် ဝါယောဓာတ်ကို သိတာဖြစ်ပေသည်။

လှမ်းတယ်လို့ ရှုမှတ်လိုက်တဲ့အခါမှာလည်း ခြေထောက်ပုံသဏ္ဌာန်ပညတ်ကိုလည်း ခွာလို့ရသွားပြီး ရှေ့သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့နေသည့် သဘောပရမတ်နှင့် ရွေ့နေသည့်အစဉ် ပစ္စုပ္ပန်ကိုလည်းတည့်အောင် ရှုမှတ်လို့ရသွားသောအခါ ရှေ့သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့သွားသည်ကို သိပြီးသည့်အပြင် ပေါ့ပေါ့ပြီး ရွေ့သွားသည်ကိုလည်း သိကြရပေသည်။ ပေါ့တာကိုသိခြင်းသည် တေဇောဓာတ်နှင့် ဝါယောဓာတ်ကို သိတာဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ တေနှင့်ဝါမှာ၊ ဓာတ်နှစ်ဖြာ၊ ပေါ့တာထင်ရှားသည်။

တေ-က တေဇော = အခိုးဓာတ်၊ အပူဓာတ်၊ အပေါ့ဓာတ် ဖြစ်ပေသည်။ **ဝါ-က ဝါယော** = လေဓာတ်၊ အပေါ့ဓာတ် ဖြစ်ပေသည်။

ချတယ်လို့ ရှုမှတ်လိုက်တဲ့အခါမှာလည်း ခြေထောက်ပုံသဏ္ဌာန်ပညတ်ကိုလည်း ခွာလို့ရသွားပြီး အောက်သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့ကျနေသည့် သဘောပရမတ်နှင့် ရွေ့နေသည့်အစဉ် ပစ္စုပ္ပန်ကိုလည်းတည့်အောင် ရှုမှတ်လို့ရသွားသောအခါ အောက်သို့ တစ်ရွေ့ပြီးတစ်ရွေ့ ကျနေသည်ကို သိပြီးသည့်အပြင် လေးလေးကျသွားသည်ကိုလည်း သိကြရပေသည်။ လေးတာကိုသိခြင်းသည် ပထဝီဓာတ်နှင့် အာပေါဓာတ်ကို သိတာဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ပနှင့်အာမှာ၊ ဓာတ်နှစ်ဖြာ၊ လေးတာထင်ရှားသည်။

ပ-က **ပထဝီ** = မြေဓာတ်၊ အမာဓာတ်၊ အလေးဓာတ် ဖြစ်ပေသည်။ အာ-က **အာပေါ** = ရေဓာတ်၊ အစိုဓာတ်၊ အလေးဓာတ် ဖြစ်ပေသည်။

ဤကဲ့သို့ ပုံသဏ္ဌာန်ပညတ်များကို ခွာ၍ ပရမတ်သဘောများကို သိနိုင်သမျှသိအောင် စူးစိုက်ကာ ပစ္စုပ္ပန်ကိုလည်းတည့်အောင် ရှုမှတ်နိုင်ပါက ပေါ့သည့်သဘောဖြစ်သည့် တေဇောဓာတ်နှင့် ဝါယောဓာတ်၊ လေးသည့်သဘောဖြစ်သည့် ပထဝီဓာတ်နှင့် အာပေါဓာတ်ဟူသော ဓာတ်ကြီး ၄-ပါးတရားကို တွေ့သိလာကြရပေသည်။ တရားတွေ့ပြီးသောပုဂ္ဂိုလ်တို့သည် တရားတွေ အဆင့်ဆင့်တက်ကာ မိမိတို့၏ ပါရမီအားလျော်စွာ တရားထူးတရားမြတ်များလည်း ရသွားနိုင်ကြမည် ဖြစ်ပေသည်။

သို့ဖြစ်၍ ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် ကိုယ်အမှုအရာများကို ဖြည်းဖြည်းသာသာ သိမ်မွေ့စွာ ပြုလုပ်ခြင်းဖြင့် ရိုရိုသေသေပြုလုပ်၍ ပစ္စုပ္ပန်တည့်အောင်၊ ပရမတ်ကိုလည်းသိအောင် စူးစိုက်ကာ ရှုမှတ်ဖို့ရာ အထူးပင် လိုအပ်ကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

တရားနာရာ ကျိုးငါးဖြာ

မြတ်စွာဘုရားလက်ထက်တော်မှစ၍ ယခုခေတ်တိုင်အောင် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် တရားပွဲများ ကျင်းပကာ တရားနာလေ့ ရှိကြပေသည်။ အထူးသဖြင့် မြန်မာပြည်သူပြည်သား ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ညတရားပွဲကြီးများ ကျင်းပ၍ တရားနာလေ့ ရှိကြပေသည်။

အချို့သော မြို့၊ ရွာ တရားပွဲကြီးများ၌ တရားနာပရိသတ်များ ငါးရာ၊ တစ်ထောင် စသည်ဖြင့် အလွန်ပင် များပြားလျက် ရှိကြပေသည်။ ဇာတ်ပွဲသဘင်များ က,နေသကဲ့သို့ တရားနာပရိသတ်များဖြင့် အလွန်ပင် စည်ကားလျက် ရှိကြပေသည်။ တရားဟောကောင်းသည့် ဆရာတော်များလည်း တရားနာပရိသတ်များ နှစ်သက်သဘောကျဖွယ်ရာ တရားဓမ္မတို့ကို ဟောကြားပေးတော်မူကြပေသည်။ နာကြားရသော တရားနာပရိသတ်တို့မှာ ဝမ်းသာနှစ်သက်မှုတရား ပီတိ၊ သောမနဿများ ဖြစ်ကြရပေသည်။

တရားနာခြင်းသည် သောတာပန်စသော အရိယာပုဂ္ဂိုလ်များ ဖြစ်သွားဖို့ရာ အကြောင်းတစ်ပါးပင် ဖြစ်ပေသည်။ မြတ်စွာဘုရားနှင့် အရှင်ပစ္စေကဗုဒ္ဓါတို့မှတစ်ပါး တရားမနာရပါဘဲ တရားရသောပုဂ္ဂိုလ်ဟူ၍ မရှိကြပေ။ တရားနာရမှသာ တရားရနိုင်ကြပေသည်။ တရားနာရမှသာ အပါယ်တံခါးပိတ်သည့် အရိယာအဖြစ်သို့ ရောက်နိုင်ကြပေသည်။ တရားနာခြင်းသည် တရားရှုမှတ်ပွားများသည့် ဘာဝနာတစ်မျိုးပင် ဖြစ်ပေသည်။ တရားနာခြင်းသည် မိမိတို့အတွက် အကျိုးများသော အလုပ်တစ်ခုပင် ဖြစ်ပေ

သည်။ သို့ဖြစ်၍ တရားနာကြသောပုဂ္ဂိုလ်တို့အား အကျိုး ၅-မျိုး ရရှိနိုင်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

တရားနာကြသောသူတို့ ရရှိနိုင်ကြသည့် အကျိုး ၅-မျိုးတို့မှာ -

၁။ **အဿုတံ သုဏာတိ** = မကြားနာရဖူးသေးသော တရားစကားတို့ကို နာကြားရခြင်းအကျိုး။

၂။ **သုတံ ပရိယောဒါပေတိ** = ကြားနာဖူးပြီးသော တရားစကားတို့ကို ပိုမိုပြေပြစင်စွာ သိရခြင်းအကျိုး။

၃။ **ကင်္ခံ ဝိတရတိ** = ယုံမှားသံသယကို လွန်မြောက်စေခြင်းအကျိုး။

၄။ **ဒိဋ္ဌိ ဥဇုံ ကရောတိ** = အယူမှားကိုစွန့်၍ အယူမှန်သို့ ရောက်ခြင်းအကျိုး။

၅။ **စိတ္တမဿ ပသီဒတိ** = တရားနာသူ၏ စိတ်ကြည်လင်ခြင်းအကျိုးဟူသော အကျိုး ၅-မျိုးကို ရရှိနိုင်သည်ဟု ဟောကြားတော်မူခဲ့ပါသည်။

(အံ-၂-ပါ-၂၁၆)

၁။ မကြားနာရဖူးသေးသော တရားစကားတို့ကို နာကြားရခြင်းအကျိုးဟူသည် -

မြတ်စွာဘုရား ၄၅-ဝါတို့ပတ်လုံး ဟောကြားတော်မူအပ်သော တရားတော်တို့သည် ပိဋကတ်ဒေါ်ဖြင့် ၃-ပုံ၊ ၃-ပါး။ နိကာယ်အားဖြင့် ၅-ရပ်၊ ၅-ပါး။ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ဟူ၍ အလွန်ပင် များပြားပေသည်။ ထိုတရားတို့တွင် မိမိ မနာကြားဖူးသော တရားတော်တို့ကို နာကြားရခြင်းအကျိုးကို ရရှိနိုင်သည်ဟု ဆိုလိုပါသည်။

မကြားနာဖူးသေးသော တရားစကားကို နာကြားရသောအခါ ထို နာကြားရသောတရားသည် မိမိဆည်းပူးခဲ့သော ပါရမီဓာတ်ခံနှင့် တိုက်ဆိုင်နေသော တရားစကားဖြစ်နေပါမူ ထိုတရားကို အခြေခံ၍ ဝိပဿနာတရား အားထုတ်ပါလျှင် သမာဓိဉာဏ်များ လျင်မြန်စွာ ဖြစ်လာနိုင်ပေသည်။ ဆက်ကာဆက်ကာအားထုတ်၍ သမာဓိဉာဏ်များ ပြည့်စုံသွားသောအခါ မိမိ၏ ပါရမီအားလျော်စွာ တရားထူးတရားမြတ်များ ရရှိသွားကြမည် ဖြစ်ပေသည်။ မကြားနာဖူးသေးသော နီလကသိုဏ်းကမ္မဋ္ဌာန်းတရားကို မြတ်စွာဘုရားထံမှ နာကြားရသော ရှေ့ပန်းထိမ်သည်သား ရဟန်းငယ်သည် တစ်ခဏအတွင်းမှာပင် သမာဓိဉာဏ်များဖြစ်၍ သောတာပန်အဖြစ် တရားထူးတရားမြတ်ကို ရသွားပေသည်။ ထို့ကြောင့် မကြားနာရဖူးသေးသော တရားစကားကို နာကြားရခြင်းသည် အကျိုးများလှပေသည်။

၂။ ကြားနာဖူးပြီးသော တရားစကားကို ပို၍ဖြူစင်စွာ သိရခြင်း အကျိုးဟူသည် -

မိမိတို့ခန္ဓာကိုယ်၌ ရှိနေကြသော ရုပ်တရား၊ နာမ်တရားတို့၏ သဘောမှန်ကို သိဖို့ရာမှာ အလွန်ပင် ခက်ခဲနက်နဲ သိမ်မွေ့လှပေသည်။ တစ်ကြိမ်မျှ တရားနာယူခြင်းဖြင့် အချို့သော ရုပ်၊ နာမ်တို့၏ သဘောမှန်ကို ပြည့်ပြည့်စုံစုံ မသိနိုင်ကြပေ။ အကြိမ်ကြိမ် ထပ်တလဲလဲ နာကြားလိုက်မှသာ ရှင်းလင်းဖြူစင်စွာ သိလာကြပေသည်။ ထိုသို့ ရှင်းလင်းဖြူစင်စွာ သိလာခြင်းအကျိုးကို ရရှိနိုင်သည်ဟု ဆိုလိုပါသည်။

ကြားနာခဲ့ဖူးပြီးသော တရားစကားကို အကြိမ်ကြိမ် ထပ်မံနာကြား၍ ရုပ်တရားနာမ်တရားတို့၏ သဘောမှန်ကို ရှင်းလင်းဖြူစင်စွာသိသော ပုဂ္ဂိုလ်တို့ဖြင့် နည်းမှန်လမ်းမှန် သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်လိုက်သောအခါ သမာဓိဉာဏ်များ လျင်မြန်စွာ ဖြစ်လာနိုင်ကြပေသည်။ မိမိတို့၏ ပါရမီအားလျော်စွာ တရားထူးတရားမြတ်များကို ရရှိသွားနိုင်ကြမည် ဖြစ်ပေသည်။ ထို့ကြောင့် ကြားနာခဲ့ဖူးပြီးသော တရားစကားကို ထပ်မံ၍ နာကြားရခြင်းသည်လည်း အကျိုးများလှပေသည်။

၃။ ယုံမှားသံသယများကို လွန်မြောက်စေခြင်းအကျိုးဟူသည် -

ထိုထိုပုဂ္ဂိုလ်တို့သည် အကြောင်းအားလျော်စွာ မိမိတို့ ကျင့်သုံးနေသည့် အကျင့်တရားသည် မှန်လေသလော၊ မမှန်လေသလော စသည်ဖြင့် ယုံမှားသံသယများ ဖြစ်တတ်ကြပေသည်။ အထူးအားဖြင့် ယခုဘဝမှာပင် သောတာပန်စသော အရိယာအဖြစ်သို့ရောက်အောင် အားထုတ်ကြမည့်ပုဂ္ဂိုလ်၊ အားထုတ်နေကြသည့် အချို့သောပုဂ္ဂိုလ်တို့သည် ယခုဘဝမှာ တရားရနိုင်၊ မရနိုင် စသည်ဖြင့် ယုံမှားသံသယများ ဖြစ်လာတတ်ကြပေသည်။ ယင်းကဲ့သို့ ဖြစ်လာကြသောအခါ တရားနာလိုက်သည်ရှိသော် ယုံမှားသံသယများ ကင်းပျောက်သွားနိုင်သည်ဟု ဆိုလိုပါသည်။

ယခုဘဝမှာ သောတာပန်စသော အရိယာအဖြစ်သို့ ရောက်နိုင်မရောက်နိုင်၊ တရားထူးတရားမြတ်များ ရနိုင် မရနိုင် စသည်ဖြင့် အချို့အချို့သောပုဂ္ဂိုလ်တို့၌ ယုံမှားသံသယများ ဖြစ်နေတတ်ကြပေသည်။ ထိုပုဂ္ဂိုလ်တို့သည် ရခဲခြင်းတရား ၄-ပါးကို နာကြားရသောအခါ ယုံမှားသံသယများ ကင်းပျောက်သွားနိုင်ကြမည် ဖြစ်ပေသည်။

ယခုရရှိထားသော လူဘဝသည် -

၁။ အလွန်ရခဲသော လူအဖြစ်ကို ရရှိထားခြင်း။

၂။ အလွန်ရှင်နိုင်ခဲသော အသက်ရှင်နေခြင်းကို ရရှိထားခြင်း။

၃။ အလွန်ကြားနာရခဲသော သူတော်ကောင်းတရားတို့ကို နာကြားနေရခြင်း။

၄။ အလွန်တွေ့နိုင်ခဲ၊ ကြုံနိုင်ခဲသည့် သာသနာတော်ကြီးနှင့် တွေ့ကြုံနေရခြင်းဟူသော ရခဲခြင်းတရား ၄-ပါးတို့ကို ရရှိထားသော လူဘဝဖြစ်သောကြောင့် သောတာပန်စသော အရိယာအဖြစ်သို့ ရောက်ရှိနိုင်သည့်ဘဝ၊ တရားရနိုင်သည့်ဘဝဖြစ်သည်ဟူသော တရားတော်ကို နာကြားရသောအခါ ထိုပုဂ္ဂိုလ်တို့၏ ယုံမှားသံသယများ ကင်းပျောက်သွားနိုင်ကြပေသည်။ ဤကဲ့သို့

ယုံမှားသံသယများ ပျောက်ကင်းသွားနိုင်သောကြောင့် တရား နာရခြင်းသည် အကျိုးများလှပေသည်။

၄။ အယူမှားကိုစွန့်၍ အယူမှန်သို့ရောက်ရှိခြင်းအကျိုးဟူသည် -

လူဆိုတာ တစ်ဘဝပင်ရှိသည်၊ လွန်ခဲ့သည့် အတိတ်ဘဝများ လည်းမရှိ၊ နောက်အနာဂတ်ဘဝများလည်းမရှိ၊ နိဗ္ဗာန်ဆိုသည်မှာလည်းမရှိ စသည်ဖြင့် မိစ္ဆာဒိဋ္ဌိ အယူများရှိသော အကြင်ပုဂ္ဂိုလ်တို့သည် အကြံအစည် လည်းမှား၊ အပြောအဆိုလည်းမှား၊ အလုပ်လည်းမှား ဖြစ်နေတတ်ကြပေ သည်။ ထိုပုဂ္ဂိုလ်တို့သည် ယခုဘဝလည်းရှိ၊ နောင်ဘဝလည်းရှိ၊ နိဗ္ဗာန်ချမ်း သာလည်းရှိပုံများကို ယုတ္တိသာဓကနှင့်တကွ တရားတော်ကို နာကြားရသော အခါ သမ္မာဒိဋ္ဌိ အယူမှန်သူ အယူဖြောင့်သူတို့ ဖြစ်လာနိုင်ကြပေသည်ဟု ဆိုလိုပါသည်။

လူဆိုတာ တစ်ဘဝပင်ရှိသည်၊ အတိတ်ဘဝလည်းမရှိ၊ နောင်အနာ ဂတ်ဘဝလည်းမရှိ၊ နိဗ္ဗာန်လည်းမရှိ၊ ယခုတစ်ဘဝပင်ဖြစ်သည်ဟု ယူဆကြ သော မိစ္ဆာဒိဋ္ဌိ အယူရှိသောပုဂ္ဂိုလ်တို့သည် အသိမှားသောကြောင့် အကြံ အစည်လည်းမှား၊ အကြံအစည်များသောကြောင့် အပြောလည်းမှား၊ အပြော များသောကြောင့် အလုပ်လည်းမှား၊ အလုပ်များသောကြောင့် အသက်မွေး လည်းမှားကြသည်ဖြစ်၍ အကုသိုလ်တရားများ ဖြစ်တာများကြပေသည်။ ထို့ကြောင့် ဒုတိယဘဝ စသည်တို့၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဟူသော အပါယ်လေးဘုံသို့ ကျရောက်သွားကြရမည် ဖြစ်ပေသည်ဟု အပါယ် သံသရာ၊ အပါယ်ဆင်းရဲတို့ကို တကယ်မြင်အောင် ဟောကြားအပ်သော တရားတော်များကို နာကြားရသောအခါ သမ္မာဒိဋ္ဌိ အယူကောင်းအယူမှန် သို့ ရောက်ရှိလာနိုင်ကြပေသည်။

အနာထပိဏ်သူဌေးကြီး၏သား မိစ္ဆာဒိဋ္ဌိ အယူရှိနေသော မောင် ကာလသည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသောကြောင့်

အယူကောင်းအယူမှန်သို့ရောက်ကာ သောတာပန်ဖြစ်သွားသည်ဟု ဓမ္မပဒ အဋ္ဌကထာ၌ ဖွင့်ပြထားပေသည်။ ထို့ကြောင့်လည်း တရားနာရခြင်းသည် အကျိုးများလှပေသည်။

၅။ တရားနာသူ၏ စိတ်ကြည်လင်ခြင်းအကျိုးဟူသည် -

အကြင်ပုဂ္ဂိုလ်တို့သည် သားသမီး၊ စီးပွားဥစ္စာ၊ လင်ယောကျ်ား၊ ဇနီးမယား စသည်တို့ မပြည့်စုံခြင်းကြောင့် စိတ်မကြည်လင်ခြင်း ဖြစ်နေ၏။ ထိုပုဂ္ဂိုလ်တို့သည် အကြောင်းနှင့်အကျိုးဖြစ်ပုံ၊ ကံနှင့်ကံ၏အကျိုးတို့ ဖြစ်ပုံတို့ကို ယုတ္တိသာဓကများနှင့်တကွ ဟောကြားအပ်သော တရားတော်ကို နာကြားရသောအခါ ထိုပုဂ္ဂိုလ်၏စိတ်သည် ကြည်လင်သွားနိုင်ပေသည်ဟု ဆိုလိုပါသည်။

ဤလောက၌ သားသမီးနှင့် ပြည့်စုံခြင်း၊ မပြည့်စုံခြင်း၊ စီးပွားဥစ္စာများနှင့် ပြည့်စုံခြင်း၊ မပြည့်စုံခြင်း၊ လင်ယောကျ်ား ဇနီးမယားတို့နှင့် ပြည့်စုံခြင်း၊ မပြည့်စုံခြင်း စသည်များ ဖြစ်နေကြရခြင်းသည် ယခုဘဝ အကြောင်း၊ အတိတ်ဘဝများက အကြောင်းများကောင်းပါက ပြည့်စုံကြပေသည်။ ယင်းအကြောင်းများမကောင်းပါက မပြည့်မစုံ ဖြစ်ကြရပေသည်။ ပြည့်စုံ၊ မပြည့်စုံဆိုရာ၌ မရှိ၍ မပြည့်စုံ၊ ရှိငြားသော်လည်း နစ်သက်ဖွယ်မဖြစ်၍ မပြည့်စုံဟု ဆိုလိုပါသည်။

ယခုမျက်မှောက်ဘဝ ကုသိုလ်ကံ၊ အတိတ်ဘဝများက ကုသိုလ်ကံများကောင်းပါက ပြည့်စုံကြပေသည်။ ယင်းကံနှစ်ပါးမကောင်းပါက မပြည့်မစုံ ဖြစ်ကြရပေသည် စသည်ဖြင့် ဟောကြားအပ်သော တရားများကို နာကြားရသောအခါ အကြောင်းနှင့်အကျိုး၊ ကံနှင့်ကံ၏အကျိုးတို့ကို အသင့်အတင့် နလုံးသွင်းနိုင်ပါက စိတ်ကြည်လင်ခြင်းအကျိုးကို ရရှိနိုင်ပေသည်။ ထို့ကြောင့်လည်း တရားနာရခြင်းသည် အကျိုးများလှပေသည်။

ဆောင်ပုဒ်။ ။ မကြားဖူးကြား၊ ကြားဖူးစင်ကြယ်၊ ယုံမှားဖွယ်ပျောက်၊
အယူဖြောင့်သူ၊ စိတ်ကြည်ဖြူပါ၊ တရားနှာ၊
ငါးဖြာအကျိုးရသတည်း။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အကုပယ်ရှုး ကုသိုလ်မှား ရောက်သွားနိုင်ဖွယ်ခြည်

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့သန္တာန်မှာ မကောင်းမှုအကုသိုလ်တရားများ မဖြစ်လာရအောင်၊ ကောင်းမှုကုသိုလ်တရားများ ဖြစ်ပေါ်နေရအောင် အမြဲတမ်း အားထုတ်၍ နေကြရပေသည်။ အဘယ့်ကြောင့် ယခုလို အားထုတ်၍ နေကြရပါသနည်းဆိုလျှင် အကုသိုလ်တရားတို့သည် ယခုပြုနေဆဲခဏာ၌လည်း အပြစ်တွေကို ရရှိစေကြသည်။ ပြုပြီးသည့်နောက်ကာလ၌လည်း မကောင်းသည့်အကျိုး ဆင်းရဲဒုက္ခ အမျိုးမျိုးတို့ကိုလည်း ရရှိစေကြသည်။ ထို့ကြောင့် အကုသိုလ်တရားတို့ကို ပယ်ဖျောက် အားထုတ်နေကြရပေသည်။ ကုသိုလ်တရားတို့သည် ယခုပြုနေဆဲခဏာ၌လည်း မည်သည့်အပြစ်မှ မရှိကြပေ။ ပြုပြီးသည့်နောက်ကာလ၌လည်း ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့ကို ရရှိစေကြသည်။ ထို့ကြောင့် ကုသိုလ်တရားတို့ကို မိမိတို့သန္တာန်၌ အမြဲဖြစ်နေရအောင် အားထုတ်ကြရခြင်း ဖြစ်ပေသည်။

အကုသိုလ်တရားတို့ကို ပယ်နိုင်ရအောင်၊ ကုသိုလ်တရားတို့ကို မိမိတို့သန္တာန်မှာ ဖြစ်နေရအောင် သမ္မပ္ပဓာန - ကောင်းစွာ အားထုတ်ခြင်း ၄-မျိုးဖြင့် အားထုတ်နေရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

၄-မျိုးမှာ မိမိတို့သန္တာန်၌ -

၁။ မဖြစ်ဖူးသေးသည့် အကုသိုလ်တို့ကို မဖြစ်လာရအောင် အားထုတ်ရမည်၊

၂။ ဖြစ်ဖူးပြီးသည့် အကုသိုလ်တို့ကို ပယ်ဖျောက်ရာ အားထုတ်ရမည်၊

၃။ မဖြစ်ဖူးသေးသည့် ကုသိုလ်တို့ကို ဖြစ်ပေါ်လာရအောင် အားထုတ်ရမည်၊

၄။ ဖြစ်ဖူးပြီးသည့် ကုသိုလ်တို့ကို တိုးပွားလာရအောင် အားထုတ်ရမည်ဟု ၄-မျိုး ဟောကြားတော်မူခဲ့ပါသည်။

၁။ မဖြစ်ဖူးသေးသည့် အကုသိုလ်တို့ကို မဖြစ်ပေါ်လာရအောင် အားထုတ်ရမည်ဆိုရာ၌ -

ယခုဘဝ၌ မဖြစ်ဖူးသေးသည့် အကုသိုလ်ဟု ဆိုလိုပါသည်။ အတိတ်အတိတ်ဘဝများက မဖြစ်ဖူးသည့် အကုသိုလ်ဟူ၍ မရှိပေ။ အနမတဂ္ဂသံသရာ ဆိုသည့်အတိုင်း အစရှာ၍မရအောင် ဘဝပေါင်းများစွာ၌ မဖြစ်ဖူးသေးသည့် အကုသိုလ်ဟူ၍ မရှိပေ။ ထို့ကြောင့် ယခုဘဝ၌ မဖြစ်ဖူးသေးသည့် အကုသိုလ်ကိုသာ မဖြစ်ပေါ်လာရအောင် အားထုတ်ရမည်ဟု ဆိုလိုပါသည်။

ယခုဘဝ၌ သတ်ဖြတ်နေကြခြင်း၊ ခိုးယူ တိုက်ယူနေကြခြင်း စသော အကုသိုလ်များ သူတစ်ပါးတို့၏သန္တာန်၌ ဖြစ်ပေါ်နေကြပါသော်လည်း မိမိသန္တာန်၌ ထိုအကုသိုလ်များ မဖြစ်ပေါ်လာရအောင် အားထုတ်နေရမည်ဟု ဆိုလိုပါသည်။

ဥပမာအားဖြင့် လူတို့၌ ကူးစက်တတ်သည့် ဝမ်းရောဂါ၊ ကျောက်ရောဂါ၊ ပလိပ်ရောဂါ စသည်များ ဖြစ်လာသောအခါ မိမိတို့ထံသို့ ထိုရောဂါများ မကူးစက်လာရအောင် ကာကွယ်ကြရသကဲ့သို့ မိမိတို့သန္တာန်၌ မဖြစ်ဖူးသေးသော အကုသိုလ်တို့ မဖြစ်လာရအောင် သီလ၊ သမာधိ၊ ပညာတရားတို့ကို ပွားများအားထုတ်၍ ကာကွယ်ကြရမည် ဖြစ်ပေသည်။

၂။ ဖြစ်ဖူးပြီးသည့် အကုသိုလ်တို့ကို ပယ်ဖို့ရာ အားထုတ်ရမည် ဆိုရာ၌ -

အနမတဂ္ဂသံသရာ၌ ဘဝပေါင်းများစွာဖြစ်ခဲ့ရ၍ မဖြစ်ဖူးသေးသည့် အကုသိုလ်ဟူ၍ မရှိပေ။ ကိုယ်နှုတ်တို့၌ဖြစ်သော အကုသိုလ်၊ စိတ်အစဉ်၌ဖြစ်သော အကုသိုလ်၊ အတိတ်အတိတ်ဘဝများက လိုက်ပါ ကိန်းပါလာသော အနုသယအကုသိုလ်ဟူ၍ အကျင့်ချုပ်အားဖြင့် ဖြစ်ဖူးပြီးသည့် အကုသိုလ် ၃-မျိုး ရှိနေကြပေသည်။ ထိုအကုသိုလ် ၃-မျိုးတို့ကို ပယ်ကြရမည်ဟု ဆိုလိုပါသည်။

ကိုယ်နှုတ်တို့၌ဖြစ်သော အကုသိုလ်တို့ကို သီလဖြင့် ပယ်ကြရပေသည်။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့သားမယား လွန်ကျူးဖျက်ဆီးခြင်းဟူသော ကိုယ်၌ဖြစ်သည့် အကုသိုလ်၊ လိမ်ပြောခြင်း၊ သူနစ်ဦးတို့ အချစ်ပျက်အောင်ပြောခြင်း၊ ဒေါသဖြင့် ကြမ်းတမ်းစွာပြောခြင်း၊ အကျိုးမရှိသော စကားတို့ကိုပြောခြင်းဟူသော နှုတ်၌ဖြစ်သည့် အကုသိုလ်တို့ကို သီလလုံခြုံအောင် စောင့်ထိန်းလိုက်ပါက ပယ်ခြင်းကိစ္စ ပြီးသွားပါသည်။ သီလဖြင့် ပယ်ခြင်းဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ကိုယ်နှင့်နှုတ်မှာ၊ ဖြစ်ပေါ်လာငြား၊
အကုမျှား၊ ပယ်ရှားမြတ်သီလာ။

ကိုယ်နှုတ်တို့သို့ မရောက်လာဘဲ စိတ်အစဉ်၌သာ ဖြစ်ပေါ်လာသော အကုသိုလ်များကို သမထဖြင့် ပယ်ရပါသည်။ စိတ်ထဲတွင် လိုချင်စရာအမျိုးမျိုးတွေ၊ အဖန်ဖန်လိုချင်နေသည့် လောဘတဏှာ၊ လိုချင်စရာများကို လိုချင်သည့်အတိုင်း မရလာ၍ စိတ်နလုံး မသာမယာဖြစ်နေခြင်း ဒေါသ၊ ဒေါမနဿ အကုသိုလ်တို့ကို သမထဘာဝနာဖြင့် ပယ်ကြရပေသည်။

မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို အဖန်ဖန်ပွားများခြင်းဟူသော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၊ မေတ္တာကမ္မဋ္ဌာန်း၊ အသုဘကမ္မဋ္ဌာန်း၊ မရဏဿတိကမ္မဋ္ဌာန်းစသော သမထကမ္မဋ္ဌာန်း တစ်ခုခုကို ပွားများလိုက်၍ သမာဓိများ ဖြစ်လာသောအခါ စိတ်အစဉ်၌ ဖြစ်နေကြသော လောဘ၊ ဒေါသစသော အကုသိုလ်တို့ ငြိမ်းပျောက်သွားကြပေသည်။ ထိုသို့ ငြိမ်းပျောက်သွားခြင်းဖြင့် ပယ်ခြင်းကိစ္စ ပြီးပြောက်သွားပေသည်။ သမထဖြင့် ပယ်ခြင်းဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ စိတ်အစဉ်မှာ၊ ဖြစ်ပေါ်လာကြား။
အကုမ္မား ပယ်ရှားမြတ်သမာ။

အတိတ်အတိတ်ဘဝများက လိုက်ပါ ကိန်းပါလာသော အနုသယအကုသိုလ်တို့ကို ပညာဖြင့် ပယ်ရပါသည်။ အတိတ်အတိတ်ဘဝများက လိုက်ပါ ကိန်းပါလာသော အနုသယအကုသိုလ်တို့သည် ကိုယ်နှုတ်တို့၌ ဖြစ်သော အကုသိုလ်၊ စိတ်အစဉ်၌ဖြစ်သော အကုသိုလ်တို့ကဲ့သို့ မထင်ရှားပေ။ အကြောင်းရှိသောအခါမှ ပေါ်ပေါက်လာ၊ ထင်ရှားလာကြပေသည်။

ဥပမာအားဖြင့် အင်္ဂလိပ်ဘာသာစကား တတ်မြောက်အောင် အကြိမ်ကြိမ်အခါခါ သင်ထားသောပုဂ္ဂိုလ်တို့သည် မြန်မာပြည် စသည်ကဲ့သို့ မိမိတို့တိုင်းပြည်၌ မိမိတို့ ဘာသာစကားဖြင့် ပြောဆိုနေထိုင်ကြသော အခါ ထိုပုဂ္ဂိုလ်တို့၏ အင်္ဂလိပ်ဘာသာစကားတို့သည် မထင်ရှားကြပေ။ ငုပ်နေကြပေသည်။ တစ်ဦးတစ်ယောက်က အင်္ဂလိပ်စကားကို ပြောလိုက်၍ အသံကိုကြားသောအခါ ထိုပုဂ္ဂိုလ်၏သန္တာန်၌ ငုပ်နေသော အင်္ဂလိပ်စကားတို့သည် ချက်ချင်းပင် ဖြစ်ပေါ်လာကြကုန်၏။

ထိုနည်းတူစွာ မိမိတို့သန္တာန်၌ အကြောင်းမတိုက်ဆိုင်သေး၍ ကိန်းငုပ်နေသော အနုသယအကုသိုလ်တို့သည် လောဘဖြစ်စရာ၊ ဒေါသဖြစ်စရာ အာရုံအကြောင်းများနှင့် တွေ့ကြုံရသောအခါ လောဘ၊ ဒေါသစသော အနုသယအကုသိုလ်တရားတို့သည် ချက်ချင်းပင် ဖြစ်ပေါ်လာကြကုန်၏။

ထိုအနုသယအကုသိုလ်တို့ ရှိနေသမျှကာလပတ်လုံး အပါယ်ဆင်းရဲဒုက္ခ များမှ မလွတ်မြောက်နိုင်ကြသေးပေ။ အပါယ်သံသရာနှင့် စပ်လျက်ပင် ရှိ နေကြပေသည်။

ထိုအနုသယအကုသိုလ်များကို ပယ်ဖို့ရာ ဝိပဿနာတရား အား ထုတ်ကြရပေသည်။ နည်းမှန်လမ်းမှန် ဝိပဿနာတရား အားထုတ်၍ ဝိပဿနာဉာဏ်ပညာများ ပြည့်စုံလာသောအခါ သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်သွားကြပေသည်။ ထိုအခါ အပါယ်သို့ ကျရောက်စေနိုင်သည့် လောဘ၊ ဒေါသ၊ မောဟစသော အနုသယအကုသိုလ်တို့ကို သောတာပတ္တိမဂ်ဉာဏ် က အပြီးတိုင် ပယ်သတ်လိုက်ပေသည်။ အနုသယအကုသိုလ်ကို ပညာ ဖြင့် ပယ်ခြင်းဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ဘဝစဉ်ဆက်၊ ကိန်းလျက်ပါဘြား။
အကုမျှား ပယ်ရှားမြတ်ပညာ။

၃။ မဖြစ်ပေါ်သေးသည့် ကုသိုလ်တို့ကို ဖြစ်ပေါ်လာအောင် အား ထုတ်ရမည်ဆိုရာ၌ -

မိမိတို့သန္တာန်၌ မဖြစ်ပေါ်သေးသော ကုသိုလ်များ ရှိကြပေသည်။ သက်နှိမ်းမလျှုဖူးသေးသောပုဂ္ဂိုလ်အတွက် သက်နှိမ်းအလျှုကုသိုလ်၊ ဒွေမ်း မလျှုဖူးသေးသောပုဂ္ဂိုလ်အတွက် ဆွမ်းအလျှုကုသိုလ်၊ ကျောင်းမလှုဖူး သေးသောပုဂ္ဂိုလ်အတွက် ကျောင်းအလျှုကုသိုလ်၊ ဆေးမလျှုဖူးသေးသော ပုဂ္ဂိုလ်အတွက် ဆေးအလျှုကုသိုလ်တို့သည် မဖြစ်ဖူးသေးသော ကုဒိုလ် တို့ ဖြစ်ကြပေသည်။

သမထတရား အားမထုတ်ဖူးသေးသောပုဂ္ဂိုလ်အတွက် သမထ ကုသိုလ်၊ ဝိပဿနာတရား အားမထုတ်ဖူးသေးသောပုဂ္ဂိုလ်အတွက် ဝိပဿ နာကုသိုလ်၊ ဝိပဿနာတရားအားထုတ်၍ မဂ်ဉာဏ်များသို့ မရောက် သေးသောပုဂ္ဂိုလ်အတွက် မဂ် ၄-ပါးကုသိုလ်တို့သည် မဖြစ်ဖူးသေးသော

ကုသိုလ်တို့ ဖြစ်ကြပေသည်။ ထိုမဖြစ်ဖူးသေးသော ကုသိုလ်များကို ဖြစ်ပေါ်လာရအောင် အားထုတ်ကြရမည်ဟု ဆိုလိုပါသည်။

ဆောင်ပုဒ်။ ။ မဖြစ်ဖူးငြား၊ ကုသိုလ်များ၊ ထင်ရှားဖြစ်ဖို့ရာ။

၄။ ဖြစ်ပေါ်ပြီးသည့် ကုသိုလ်များကို တိုးပွားလာရအောင် အားထုတ်ရမည်ဆိုရာ၌ -

မိမိတို့သန္တာန်ဝယ် ဖြစ်ပေါ်ဖူးပြီးသော သက်နှံးအလှူကုသိုလ်၊ ဆွမ်းအလှူကုသိုလ်၊ ကျောင်းအလှူကုသိုလ်၊ ဆေးအလှူကုသိုလ်တို့ တိုးပွားလာရအောင် ထပ်၍ထပ်၍ လှူဒါန်းကြရပေသည်။ ဖြစ်ပေါ်ပြီးသော သမထကုသိုလ်၊ ဝိပဿနာကုသိုလ်တို့ကိုလည်း တိုးပွားလာရအောင် အားရှိထက်သန်လာရအောင် အကြိမ်ကြိမ် ထပ်၍ထပ်၍ ပွားများအားထုတ်ကြရမည် ဖြစ်ပေသည်။ ဤကဲ့သို့ ဖြစ်ပေါ်ပြီးသည့် ကုသိုလ်များကို တိုးပွားလာရအောင် အားထုတ်ကြရမည်ဟု ဆိုလိုပါသည်။

ဆောင်ပုဒ်။ ။ ဖြစ်ဖူးပြီးငြား၊ ကုသိုလ်များ၊ လွန်စွာတိုးပွားရာ။

ဤကဲ့သို့ အားထုတ်ခြင်း ၄-မျိုးဖြင့် အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် မိမိတို့၏ ပါရမီအားလျော်စွာ မိမိတို့အလိုရှိအပ် တောင့်တအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာသို့ ကောန်မုချ ရောက်သွားကြရမည်သာ ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

စကားပြောရာမှာ သိကောင်းစရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဒုစရိုက်တရားတို့ ရှောင်ကြဉ်၍ သုစရိုက်တရားနှင့် ပြည့်စုံအောင် နေထိုင်ကြရပေသည်။ ဒုစရိုက် ၁၀-ပါး ကို ရှောင်ကြဉ်လိုက်ပါက သုစရိုက် ၁၀-ပါး ကုသိုလ်တရားများကို ရရှိကြပေသည်။ ကာယဒုစရိုက် ၃-ပါး၊ မနောဒုစရိုက် ၃-ပါးတို့ကို ရှောင်ကြဉ်နိုင်သောပုဂ္ဂိုလ်တို့ များကြပေသည်။

ဒုစရိုက် ၁၀-ပါးတို့တွင် သူ့အသက်သတ်ခြင်း = **ပါဏာတိပါတ**၊ သူ့ဥစ္စာခိုးခြင်း = **အဒိန္နာဒါန**၊ သူ့သားမယား လင်ယောကျ်ားများကို လွန်ကျူးဖျက်ဆီးခြင်း = **ကာမေသုမိစ္ဆာစာရ**ဟူသော ကာယဒုစရိုက် ၃-ပါးတို့ကို ရှောင်ကြဉ်နိုင်သူတို့ များကြပေသည်။

သူတစ်ပါးစည်းစိမ်ဥစ္စာကို မတရားသောနည်းဖြင့် ယူဖို့ရာ ကြံစည်ခြင်း = **အဘိဇ္ဈာ**၊ သူတစ်ပါးတို့ သေကျေပျက်စီး ဆုံးရှုံးနစ်နာအောင် ကြံစည်ခြင်း = **ဗျာပါဒ**၊ အယူမှား အယူလွဲများကို ယူနေခြင်း = **မိစ္ဆာဒိဋ္ဌိ**ဟူသော မနောဒုစရိုက် ၃-ပါးကိုလည်း ရှောင်ကြဉ်နိုင်သူတို့ များကြပေသည်။

ဝစီဒုစရိုက် ၄-ပါးတို့ကို ရှောင်ကြဉ်နိုင်ဖို့ရာ အလွန်ပင်သတိထားကြရပေသည်။ နေ့စဉ်နှင့်အမျှ အကြောင်းမျိုးစုံကို ဝစီဖြင့် ပြောဆိုနေကြ

ရပေသည်။ သို့ဖြစ်၍ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ဖို့ရာမှာ မလွယ်ကြပေ။ ခက်ခဲကြပေသည်။ မြတ်စွာဘုရား ဟောကြားသည့် စကားကောင်းအင်္ဂါ ၅-ပါးနှင့် ပြည့်စုံအောင် ပြောဆိုနိုင်ပါက လိမ်ပြောခြင်း = **မုသာဝါဒ**၊ ကုန်းတိုက်ခြင်း = **ပိသုဏာဝါစာ**၊ ကြမ်းတမ်းစွာဆဲဆိုပြီးပြောခြင်း = **ဖရုသဝါစာ**၊ ပိန်ဖျင်းသောစကားကိုပြောခြင်း = **သမ္ဘပ္ပလာပဟူသော** ဝစီဒုစရိုက် ၄-ပါးတို့ကို ရှောင်ကြဉ်ခြင်းကိစ္စ ပြီးမြောက်သွားပြီး ဝစီသုစရိုက်ကုသိုလ်တရားတို့ကို စကားပြောတိုင်း စကားပြောတိုင်း ရရှိသွားကြမည် ဖြစ်ပေသည်။

မြတ်စွာဘုရား ဟောကြားအပ်သည့် စကားကောင်းအင်္ဂါ ၅-ပါးမှာ -

၁။ သင့်လျော်သောအခါကိုကြည့်၍ ပြောဆိုခြင်း။
၂။ မှန်ကန်သောစကားကို ပြောဆိုခြင်း။
၃။ သိမ်မွေ့နူးညံ့သောစကားကို ပြောဆိုခြင်း။
၄။ အကျိုးရှိသောစကားကို ပြောဆိုခြင်း။
၅။ မေတ္တာစိတ်ဖြင့် ပြောဆိုခြင်းဟူ၍ ၅-ပါး ဖြစ်ပါသည်။

၁။ သင့်လျော်သောအခါကိုကြည့်၍ ပြောခြင်းဟူသည် -

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား အကျိုးရှိသောစကားကို ပြောဆိုပေးရမည့်၊ ဆုံးမပေးရမည့် အကြောင်းရှိလာသောအခါ ထိုပုဂ္ဂိုလ်၏ မိမိစကားကို လိုလားနေသောအခါ၊ နားထောင်နိုင်သောအခါ ဟုတ်သည်၊ မဟုတ်သည်ကို ကြည့်ရှုရမည်။ မလိုလား၊ မနစ်သက်၊ နားမထောင်နိုင်သောအခါမျိုးဖြစ်ပါက မပြောဆိုသေးပါဘဲ ဆိုင်းငံ့၍နေရမည်။ မိမိ၏စကားကို လိုလားနှစ်သက်၊ နားထောင်နိုင်သည့်အခါသို့ ရောက်လာမှသာ ပြောဆိုရမည်ဟု ဆိုလိုပါသည်။

၂။ မှန်ကန်သောစကားကို ပြောခြင်းဟူသည် -

သူတစ်ပါးတို့၏ အကျိုးစီးပွားကို ပျက်စီးစေသော၊ မမှန်မကန်သော စကားတို့ကို မည်သည့်အကြောင်းကြောင့်မျှ မပြောမူ၍ မှန်ကန်သည့်စကား တို့ကိုသာ ပြောဆိုရမည်ဟု ဆိုလိုပါသည်။

အယုတ်ဆုံးအားဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကောင်းသော ဂုဏ်နှင့် မကောင်းသောအပြစ်တို့ကို မပြောမဖြစ် ပြောရမည့်အချိန်သို့ ရောက်လာသည့်အခါ၌ ကောင်းသောဂုဏ်တို့ကို ပြောဆိုရာတွင် ဟုတ်မှန် သည့်ဂုဏ်ထက် ပိုလွန်၍ပြောဆိုခြင်း၊ မကောင်းသောအပြစ်တို့ကို ပြောဆို ရာတွင် ဟုတ်မှန်သည့်အပြစ်ထက် ပိုလွန်ဆိုးဝါးသော အပြစ်တို့ကို ပြော ဆိုခြင်းတို့မှ ရှောင်ကြဉ်၍ မှန်ကန်သည့်ဂုဏ်နှင့် မှန်ကန်သည့်အပြစ်များ ကိုသာ ပြောဆိုကြရမည် ဖြစ်ပေသည်။

၃။ သိမ်မွေ့နူးညံ့သောစကားကို ပြောခြင်းဟူသည် -

ကြမ်းတမ်းသောစကားကို ပြောဆိုသောပုဂ္ဂိုလ်တို့သည် များသော အားဖြင့် ဒေါသပါနေတတ်သည်။ ကြမ်းတမ်းသောစကားကို မည်သည့် ပုဂ္ဂိုလ်မှ မကြားလိုကြ၊ နားမထောင်လိုကြပေ။ သိမ်မွေ့နူးညံ့သော စကား ကိုသာ ကြားလို၊ နားထောင်လိုကြပေသည်။ သို့ဖြစ်၍ သိမ်မွေ့နူးညံ့သော စကားကို ပြောဆိုရမည်ဟု ဆိုလိုပါသည်။

သိမ်မွေ့နူးညံ့သောစကားကို ပြောဆိုသောပုဂ္ဂိုလ်တို့သည် ဒေါသ မပါ၍ အပြစ်ကင်း၏။ ကုသိုလ်ဖြစ်ကြ၏။ သိမ်မွေ့နူးညံ့သောစကားကို ကြားရသူတို့သည်လည်း စိတ်ချမ်းသာကြ၏။ ကုသိုလ်ဖြစ်ကြ၏။ သို့ဖြစ်၍ မြို့ကြီး၊ ပြည်ကြီးသားတို့ ပြောဆိုကြသည့် အမေအရွယ်ရှိသူကို အမေ၊ အဖေအရွယ်ရှိသူကို အဖေ၊ အဒေါ်အရွယ်ရှိသူကို အဒေါ်၊ အစ်မအရွယ် ရှိသူကို အစ်မ စသည်ဖြင့် သိမ်မွေ့နူးညံ့သောစကားတို့ကို ပြောဆိုကြရ မည် ဖြစ်ပေသည်။

http://www.dhammadownload.com

၄။ အကျိုးရှိသောစကားကို ပြောခြင်းဟူသည် -

မျက်မှောက်ဘဝအကျိုး၊ တမလွန်ဘဝအကျိုး၊ လောကီအကျိုး၊ လောကုတ္တရာအကျိုးမရှိသောစကားတို့ကို ပြောဆိုခြင်း **သမ္မပ္ပလာပ** = ဝစီဒုစရိုက်ဖြစ်၍ အကုသိုလ်ဖြစ်၏။ သို့ဖြစ်၍ မျက်မှောက်နှင့်သံသရာ၊ လောကီနှင့်လောကုတ္တရာ နှစ်ဖြာအကျိုးရှိသောစကားကို ပြောဆိုရမည်ဟု ဆိုလိုပါသည်။

အကျိုးရှိသောစကားကို ပြောဆိုခြင်းသည် မိမိအတွက်လည်း မျက်မှောက်နှင့်သံသရာ၊ လောကီနှင့်လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို ရရှိနိုင်ပေသည်။ ကြားနာရသူ သူတစ်ပါးတို့လည်း မျက်မှောက်နှင့်သံသရာ၊ လောကီနှင့်လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို ရရှိနိုင်ကြပေသည်။ သို့ဖြစ်၍ အကျိုးရှိသောစကားတို့ကို ပြောဆိုကြရမည် ဖြစ်ပေသည်။

၅။ မေတ္တာစိတ်ဖြင့် ပြောဆိုခြင်းဟူသည် -

ကြားနာရသူ ထိုထိုပုဂ္ဂိုလ်တို့၏ အကျိုးစီးပွားကို လိုလားသော ပုဂ္ဂိုလ်တို့သည် ချစ်ခြင်းမေတ္တာရှေ့ထား၍ မေတ္တာစိတ်ဖြင့် စကားပြောဆိုကြရမည်ဟု ဆိုလိုပါသည်။

သူတစ်ပါးတို့၏ အကျိုးစီးပွားကို လိုလား၍ ချစ်ခင်သောမေတ္တာစိတ်ဖြင့် စကားပြောသောပုဂ္ဂိုလ်တို့သည် သူနှစ်ဦးတို့၏အချစ်ကို ပျက်စေတတ်သော **ပိသုဏာဝါစာ** = ကုန်းတိုက်ခြင်း ဝစီဒုစရိုက်မှ ရှောင်ကြဉ်ခြင်းကိစ္စကို ပြီးမြောက်စေ၍ ဝစီသုစရိုက်ကုသိုလ်များကို ရရှိကြပေသည်။ ဝစီဂံမေတ္တာကိုလည်း ပွားများရာ ရောက်သောကြောင့် မေတ္တာအကျိုး ၁၁-မျိုးတို့ကိုလည်း ထိုက်သင့်သည့်အားလျော်စွာ ရရှိနိုင်ကြမည် ဖြစ်ပေသည်။

အခါအားလျော်စွာ ပြောဆိုခြင်းဖြင့် နားထောင်သူအား ကောင်းကျိုးများကို ရရှိစေသည်။ မှန်ကန်စွာ ပြောဆိုခြင်းဖြင့် မုသာဝါဒကို ပယ်ခြင်းဖြစ်ပေသည်။ သိမ်မွေ့နူးညံ့စွာ ပြောဆိုခြင်းဖြင့် ဖရုသဝါစာကို ပယ်ခြင်းဖြစ်ပေသည်။ အကျိုးရှိသောစကား ပြောဆိုခြင်းဖြင့် သမ္ဘပ္ပလာပကို ပယ်ခြင်းဖြစ်ပေသည်။ မေတ္တာစိတ်ဖြင့် ပြောဆိုခြင်းဖြင့် ပိသုဏာဝါစာကို ပယ်ခြင်းဖြစ်ပေသည်။

ဤကဲ့သို့ အသီးသီးပယ်ခြင်းဖြင့် ဝစီဒုစရိုက် ၄-ပါးတို့ကို ပယ်ခြင်းကိစ္စ ပြီးမြောက်သွားပေသည်။ ဝစီသုစရိုက်တို့ဖြင့် စကားပြောခြင်း ဖြစ်ပေသည်။ **သုဘာသိတ** = ကောင်းသော စကားပြောခြင်း ဖြစ်ပေသည်။ စကားပြောတိုင်းပြောတိုင်း ကုသိုလ်တရားများ ရရှိနေကြမည် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အခါမှန်ကန်၊ သိမ်မွေ့ပြန်ရာ၊ ကျိုးမေတ္တာ၊ ငါးဖြာကောင်းစကား။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ကောင်းခြင်းသုံးသွယ် ရယူဖွယ်

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များနှင့်တကွ အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့သည် မိမိတို့အတွက် ရယူဖွယ်များကို ရယူကြရမည့်အခါတို့၌ အညံ့စား၊ အလတ်စား၊ အကောင်းစားဟူ၍ ၃-မျိုးရှိရာတွင် အကောင်းစားကိုသာ ရွေးချယ်၍ ရယူလိုကြပေသည်။ ဤကဲ့သို့ အကောင်းစားဖြစ်သည့် ကောင်းသည့်အရာများကို ရယူနိုင်ဖို့ရာ ကောင်းခြင်းတရား ၃-ပါးကို နတ်သားတစ်ယောက်က လျှောက်ထား၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ညဉ့်သန်းခေါင်ယံအချိန်တွင် နတ်သားတစ်ယောက်က လာရောက်၍ လျှောက်ထားသည်မှာ -

၁။ အဖော်ကောင်းဆိုတာ ဘယ်သူပါနည်းဘုရား။
၂။ ဆရာကောင်းဆိုတာ ဘယ်သူပါနည်းဘုရား။
၃။ ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ရာ အရပ်ဒေသကောင်းဆိုတာ ဘယ်အရပ်ဒေသပါနည်းဘုရားဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားက မိန့်ကြားတော်မူသည်မှာ -

၁။ အဖော်ကောင်းဆိုတာ သဒ္ဓါတရားပင် ဖြစ်ပေသည်၊

၂။ ဆရာကောင်းဆိုတာ ပညာတရားပင် ဖြစ်ပေသည်၊

၃။ ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ရာ အရပ်ဒေသကောင်းဆိုတာ နိဗ္ဗာန်အရပ်ဒေသပင် ဖြစ်ပေသည်ဟု မိန့်ကြားတော်မူဝဲ့ဂ်ပါသည်။

၁။ အဖော်ကောင်းဆိုတာ သဒ္ဓါတရားပင် ဖြစ်သည်ဟု ဟောကြားရာ၌ -

ယခုမျက်မှောက်ဘဝမှာ အဖော်အမျိုးမျိုးတွေ ရှိနေကြပေသည်။ အတူတကွ သွားလာနေထိုင်ကြသည့် မိဘတို့သည် သားသမီးဂို့၏ အဖော်ကောင်း ဖြစ်ကြပေသည်။ သားသမီးတို့သည်လည်း မိဘဂို့၏ အဖော်ကောင်း ဖြစ်ကြပေသည်။ လင်ယောက်ျားသည် ဇနီးမယား၏ အဖော်ကောင်း ဖြစ်ပေသည်။ ဇနီးမယားသည်လည်း လင်ယောက်ျား၏ အဖော်ကောင်း ဖြစ်ပေသည်။ အတူတကွ သွားလာနေထိုင်ကြသော ညီအစ်ကို မောင်နှမတို့သည် မိမိတို့ အချင်းချင်း အဖော်ကောင်း ဖြစ်ကြပေသည်။ အတူတကွ သွားလာနေထိုင်ကြသည့် ဆရာနှင့်တပည့်တို့သည်လည်း အချင်းချင်း အဖော်ကောင်း ဖြစ်ကြပေသည်။ ခရီးသွားရာတွင်လည်း အတူတကွ သွားလာကြသောပုဂ္ဂိုလ်တို့သည် အဖော်ကောင်းပင် ဖြစ်ပေသည်ဟု ဆိုကြရပေသည်။

မြတ်စွာဘုရား၏ အလိုတော်မှာ ယခုမျက်မှောက်ဘဝ၌ အတူတကွ သွားလာနေထိုင်ကြသည့် အဖော်အမျိုးမျိုးတို့သည် ယခုဘဝအတွက်သာ အဖော်ကောင်း ဖြစ်ကြပေသည်။ တစ်ရံတစ်ခါ ယခုဘဝ၌ပင် အဖော်ကောင်း မဟုတ်ပါဘဲလည်း ဖြစ်နေတတ်ကြပေသည်။ နောက်နောင်ဘဝများအတွက် အဖော်ကောင်း မဖြစ်နိုင်ကြပေ။ ယခုဘဝမှ ကွယ်လွန်သွားရသည့်အခါ အဖော်မပါ တစ်ယောက်တည်းသာ သွားကြရမည် ဖြစ်ပေသည်။ ထို့ကြောင့်

ယခုဘဝ၌ အတူတကွ သွားလာနေထိုင်ကြသည့် အဖော်အမျိုးမျိုးတို့ကို အဖော်ကောင်းဟူ၍ ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

မိမိတို့သန္တာန်၌ ရှိနေကြသည့် ဘုရား၊ တရား၊ သံဃာ၊ ကံနှင့် ကံ၏အကျိုးတို့ကို ယုံကြည်ကြသော သဒ္ဓါတရားသည် မိမိတို့ကို နိဗ္ဗာန်ချမ်းသာသို့ ရောက်သည့်တိုင်အောင် ပို့ပေးနိုင်သောကြောင့် သဒ္ဓါတရားသည်သာလျှင် အဖော်ကောင်းဖြစ်သည်ဟု ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

မိမိတို့သန္တာန်၌ ရှိနေကြသော ယုံကြည်ချက် သဒ္ဓါတရားသည် ယခုမျက်မှောက်ဘဝ၌လည်း မိမိတို့ကို ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များနှင့် ပြည့်စုံအောင် အဖော်ကောင်းအဖြစ်ဖြင့် ပို့ဆောင်ပေးနေပေသည်။ နောက်နောင်ဘဝများ၌လည်း မိမိတို့ကို ကောင်းမြတ်ရာ ကောင်းမြတ်ရာ ဘုံဘဝများသို့ ရောက်သွားဖို့ရာ ကောင်းမှုကုသိုလ်များကို ပြုစေသောအားဖြင့်လည်း အဖော်ကောင်းအဖြစ်ဖြင့် ပို့ဆောင်ပေးနေပေသည်။ ထို့ကြောင့် သဒ္ဓါတရားသည် ယခုဘဝနှင့် နောင်ဘဝများအတွက်ပါ အဖော်ကောင်းဖြစ်ပေသည်။

ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိုသည်မှာ တကယ်ရှိပေသည်။ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်ဖြစ်သည့် သတိပဋ္ဌာန် ဝိပဿနာတရားတို့ကို ကျင့်ကြံအားထုတ်ပါက ချမ်းသာစစ်ချမ်းသာမှန် နိဗ္ဗာန်သို့ ရောက်သွားနိုင်သည်ဟု မိမိတို့သန္တာန်၌ရှိသော ယုံကြည်ချက် သဒ္ဓါတရားသည် အဖော်ကောင်းအဖြစ်ဖြင့် နိဗ္ဗာန်ချမ်းသာသို့ မိမိတို့ကို ပို့ဆောင်ပေးနေပေသည်။ ထို့ကြောင့် သဒ္ဓါတရားသည်သာလျှင် အဖော်ကောင်းဖြစ်သည်ဟု ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အဖော်ကောင်းဟာ၊ သဒ္ဓါသာ၊ မှန်စွာဖြစ်ပေသည်။

၂။ ဆရာကောင်းဆိုတာ ပညာတရားပင် ဖြစ်ပေသည်ဟု ဟောကြားရာ၌ -

မိမိတို့ကို ဆုံးမသြဝါဒများ ပေးနေကြသော မိဘဘိုးဘွား ဆရာသမားတို့သည် သူတို့၏မျက်မှောက်၌ မသင့်တော်သောအပြစ်များကို တွေ့မြင်ရသည့်အခိုက်၊ ကြားရသည့်အခိုက်တို့၌သာ ဤကဲ့သို့မပြောသင့်၊ မပြုသင့် စသည်ဖြင့် ပြောဆိုဆုံးမ သြဝါဒပေးနိုင်ကြပေသည်။ မျက်ကွယ်ဖြစ်သည့် အရပ်တစ်ပါး တိုင်းတစ်ပါးသို့ ရောက်သွားကြသည့်အခါတို့၌ ဆုံးမသြဝါဒများ မပေးနိုင်ကြတော့ပေ။

မိမိတို့သန္တာန်၌ ရှိနေကြသော အသိအလိမ္မာ ဉာဏ်ပညာတရားသည် တိုင်းတစ်ပါး အရပ်တစ်ပါးသို့ ရောက်သွားတြားသော်လည်း မိမိတို့ကို အမြဲတမ်း ဆုံးမပေးနေကြပေသည်။ ဤကဲ့သို့မပြောသင့် အပြစ်ရှိပေသည်၊ ဤကဲ့သို့ပြောမှသာ အပြစ်ကင်းပေသည်၊ ဤကဲ့သို့မသွားသင့် အပြစ်ရှိပေသည်၊ ဤကဲ့သို့သွားမှသာ အပြစ်ကင်းပေသည်၊ ဤကဲ့သို့မပြောသင့် အကုသိုလ်ဖြစ်သည်၊ ဤကဲ့သို့ပြောမှသာ ကုသိုလ်ဖြစ်သည်၊ ဤကဲ့သို့ကျင့်လျှင် အကုသိုလ်ဖြစ်သည်၊ ဤကဲ့သို့ကျင့်နိုင်မှ ကုသိုလ်ဖြစ်သည် စသည်ဖြင့် အမြဲတမ်း ဆုံးမသြဝါဒ ပေးနေပေသည်။ ထို့ကြောင့် မိမိတို့သန္တာန်၌ရှိသော ပညာတရားသည်သာလျှင် ဆရာကောင်းဖြစ်သည်ဟု ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ဆရာကောင်းဟာ၊ ပညာသာ၊ မှန်စွာဖြစ်ပေသည်။

၃။ ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ရာ အရပ်ဒေသကောင်းဆိုတာ နိဗ္ဗာန်အရပ်ဒေသပင် ဖြစ်ပေသည်ဟု ဟောကြားရာ၌ -

အထက်အထက် နတ်ပြည်၊ ဗြဟ္မာပြည်သို့ ရောက်နေကြသည့် နတ်ဗြဟ္မာတို့သည် သက်တမ်းကလည်းရှည်ကြ၊ ချမ်းသာသုခကလည်း လူ့ပြည်နှင့် နှိုင်းစာလိုက်ပါလျှင် ပြောပြလို့မရနိုင်အောင် ချမ်းသာကြပေသည်။

ထို့ကြောင့် နတ်ပြည်၊ ဗြဟ္မာပြည်သို့ ရောက်နေကြသည့် နတ်ဗြဟ္မာတို့သည် မိမိတို့ ရောက်နေကြရာ နတ်ပြည်၊ ဗြဟ္မာပြည်တို့ကို ဆင်းရဲဒုက္ခမှ လွတ်မြောက်ရာ အရပ်ဒေသကောင်းဟု ထင်နေတတ်ကြပေသည်။

အထက်အထက် နတ်ပြည်သို့ ရောက်နေကြသည့် နတ်သား၊ နတ်သမီးတို့သည် လူ့ပြည်ထက် အလွန်ပင် ချမ်းသာခွင့် ရရှိနေကြပေသည်။ လူ့ပြည်ထက် သက်တမ်းလည်း အလွန်ပင် ရှည်ကြပေသည်။ လူတို့၏အသက်နှင့် တွက်ကြည့်ပါလျှင် သိန်းသန်းကုဋေပေါင်းများစွာ အသက်ရှည်ကြပေသည်။ နတ်ပြည်သို့သွားရောက်၍ ဖြစ်ကြရသည့်အခါမှာလည်း လူ့ပြည်မှာကဲ့သို့ ကိုးလ၊ ဆယ်လ အမိဝမ်းတွင်းမှာ ဆင်းရဲဒုက္ခတွေ မခံကြရတော့ပေ။ ဥပပတ္တိဘဝဖြစ်၍ ကောင်းကင်မှ အရာဝတ္ထုများ ကျလာသကဲ့သို့ သူ၏ဗိမာန်မှာ ချမ်းချမ်းသာသာပင် ဖြစ်ကြရပေသည်။

အထက်အထက် နတ်ပြည်များ၌ အအေးအပူဥတုများကလည်း အလွန်ပင် မျှတလျက်ရှိကြပေသည်။ လူ့ပြည်မှာကဲ့သို့ အအေးလွန်ကဲ၍၊ အပူလွန်ကဲ၍ တွေ့ရသည့် ဆင်းရဲဒုက္ခများလည်း မရှိကြပေ။ အမြဲတမ်း ချမ်းသာနေကြပေသည်။ လူ့ပြည်၌ရှိသော ချမ်းသာကို နတ်ပြည်၌ရှိသော ချမ်းသာနှင့် နှိုင်းစာကြည့်ပါလျှင် လူ့ပြည်၌ရှိသော ချမ်းသာသည် မြက်ဖျားပေါ်၌တင်နေသည့် ရေပေါက်၊ နင်းပေါက်လောက်ပင် ရှိပေသည်။ နတ်ပြည်၌ရှိသော ချမ်းသာသည် မဟာသမုဒ္ဒရာ၌ရှိသော ရေတွေလောက်များပြားပေသည်။ ထို့ကြောင့် နတ်သား၊နတ်သမီးတို့သည် မိမိတို့ရောက်နေရာ နတ်ပြည်အရပ်ဒေသသည် ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ရာ အရပ်ဒေသကောင်းဟု ထင်နေတတ်ကြပေသည်။

ဗြဟ္မာပြည်သို့ ရောက်နေကြသောပုဂ္ဂိုလ်တို့သည် ကမ္ဘာပေါင်းများစွာ အသက်ရှည်၍ နေကြရကုန်၏။ ဗြဟ္မာပြည်၌ ဖြစ်နေခိုက်တွင် ကာမတဏှာ လောဘလည်းမရှိ၊ စိတ်ဆိုးအမျက်ထွက်သည့် ဒေါသလည်းမရှိ၍ အလွန်ပင် ချမ်းသာကြပေသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ

ဟူသော ဗြဟ္မစိုရ်တရား ၄-ပါးနှင့် နေကြရသည်ဖြစ်၍ အလွန်ပင် ချမ်းသာ ကြပေသည်။ အာဟာရ စားသောက်ရခြင်းကိစ္စလည်း မရှိပေ။ တရားပီတိ ဖြင့် ဝဖြိုးနေကြသည်ဖြစ်၍လည်း အလွန်ပင် ချမ်းသာကြပေသည်။ ထို့ ကြောင့် ဗြဟ္မာ့ပြည်သို့ ရောက်နေကြသောပုဂ္ဂိုလ်တို့သည် မိမိတို့ဖြစ်နေရာ အရပ်ဒေသသည် ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ရာ အရပ်ဒေသကောင်း ဖြစ်သည်ဟု ထင်နေတတ်ကြပေသည်။

ဤကဲ့သို့ မှတ်ထင်ကြသည့်အတိုင်း မဟုတ်ပေ။ လူ့ပြည်မှ တစ်ဝမ်း တစ်ဖိုလ်မျှ မရရှိသွားသော ဗြဟ္မာတို့သည် ဆင်းရဲဒုက္ခအလွန်များသည့် အပါယ်ဘုံဘဝများသို့ ပြန်ရောက်သွားနိုင်ကြပေသည်။ ဆင်းရဲဒုက္ခ အပြီး တိုင် မကင်းကြသေးပေ။ ဗြဟ္မာပြည်မှာတဝင်းဝင်း ဝက်စာကျင်းမှာတရှင်း ရှင်းဟု ဆိုရိုးပြုကြပေသည်။ သို့ဖြစ်၍ ဗြဟ္မာပြည်ဘုံဘဝ အရပ်ဒေသသည် ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ရာ အရပ်ဒေသကောင်းဟု မြတ်စွာဘုရား ဟောကြားတော်မမူခြင်း ဖြစ်ပေသည်။

နိဗ္ဗာန်ချမ်းသာအရပ်သည် နတ်ပြည်၊ ဗြဟ္မာပြည်တို့ကဲ့သို့ မဟုတ် ပေ။ နိဗ္ဗာန်ချမ်းသာအရပ်သို့ ရောက်သွားပြီးသောပုဂ္ဂိုလ်တို့သည် ရုပ်နာမ် တို့၏ နောင်တစ်ဖန် ပြန်ဖြစ်ခြင်းဟူသော ပဋိသန္ဓေနေရသည့်ဒုက္ခ၊ အိုရ ခြင်းဒုက္ခ၊ နာရခြင်းဒုက္ခ၊ သေရခြင်းဒုက္ခ၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းဒုက္ခ စသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ အပြီးတိုင် လွတ်မြောက်သွားကြပေသည်။ ထို့ကြောင့် မြတ်စွာဘုရားက ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ လွတ်မြောက်ရာ အရပ်ဒေသကောင်းသည် နိဗ္ဗာန်အရပ်ပင် ဖြစ်ပေသည်ဟု ဟောကြားတော် မူခြင်း ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ဆင်းရဲကင်းရာ၊ နိဗ္ဗာန်သာ၊
မှန်စွာရပ်ကောင်းဖြစ်ပေသည်။

သို့ဖြစ်၍ အဖော်ကောင်းဆိုသည်မှာ သဒ္ဓါတရားပင် ဖြစ်ပေသည်။ ဆရာကောင်းဆိုသည်မှာ အသိအလိမ္မာ ဉာဏ်ပညာတရားပင် ဖြစ်ပေသည်။

ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ရာ အရပ်ကောင်းဆိုသည်မှာ နိဗ္ဗာန်ပင် ဖြစ်ပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

မကြံ့အပ်လှ ရှုးတတ်စွ

လူဘောင်လူလောကဌ် အကြံ့အစည် အတွေးအခေါ်ကောင်းသော ပုဂ္ဂိုလ်တို့သည် နောင်အခါ ဖြစ်လာကြမည့် သဘောတရားတို့ကို ကြိုတင်ခန့်မှန်း၍ စိမ်ခန့်ခွဲ ဆောင်ရွက်နိုင်ကြသောကြောင့် အဖက်ဖက်က ပြည့်စုံနေတတ်ကြပေသည်။ ကြီးပွားချမ်းသာနေတတ်ကြပေသည်။ ဤကဲ့သို့ အကြံ့အစည်ကောင်းခြင်းသည် ကြီးပွားချမ်းသာခြင်း၏ အကြောင်းပင် ဖြစ်ပါသော်လည်း မကြံ့စည်အပ်သည့်အရာတို့ကို ကြံ့စည်မိပါက ဆုတ်ယုတ်သွားတတ်ကြပေသည်။ ရှုးသွပ်သည်အထိ ဖြစ်သွားနိုင်ကြပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ယင်းမကြံ့စည်အပ်သည့်အရာတို့သည် ၄-မျိုးရှိသည်ဟု ဟောကြားတော်မူခဲ့ပါသည်။ ၄-မျိုးမှာ -

(၁) ဗုဒ္ဓဝိသယော = မြတ်စွာဘုရား၏အရာကို မကြံ့စည်အပ်၊
(၂) စာနဝိသယော = စာန်၏အရာကို မကြံ့စည်အပ်၊
(၃) ကမ္မဝိပါကော = ကံ၏အကျိုးပေးကို မကြံ့စည်အပ်၊
(၄) လောကစိန္တာ = လောက၏အစုအဝေးကို မကြံ့စည်အပ်

ဟူ၍ ၄-မျိုး ဟောကြားပါသည်။

(အံ-၁/၃၉၂)

"ဤမကြံစည်အပ်သည့်အရာ ၄-မျိုးတို့ကို ကြံစည်နေခဲ့လျှင် ပင်ပန်းဆင်းရဲရုံမျှမက ရူးသွပ်သွားတတ်ကြပေသည်"ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

(၁) **ဗုဒ္ဓဝိသယော** = မြတ်စွာဘုရား၏အရာကို မကြံစည်အပ်ဟု ဟောကြားတော်မူရာ၌ -

ဘုရားရှင်တို့၏ အလုံးစုံသောတရားတို့ကို အကုန်အစင် သိတော်မူသော သဗ္ဗညုတညာဏ်တော် စသောဉာဏ်တော်တို့သည် အဘယ်ကဲ့သို့ ဖြစ်လာပါသနည်း။ ဘုရားရှင်တို့၏ ဂုဏ်တော်တို့၏ အစွမ်းသတ္တိအာနုဘော်တို့သည် အဘယ်မျှ အစွမ်းသတ္တိရှိနိုင်ကြသနည်း စသည်ဖြင့် မကြံစည်အပ်ပေ။ "ဤကဲ့သို့ မကြံစည်အပ်သည်များကို လိုက်၍ကြံစည်နေပါလျှင် ပင်ပန်းဆင်းရဲရုံမျှမက ရူးသွပ်သွားတတ်ကြပေသည်"ဟု ဟောကြားလိုရင်း အဓိပ္ပာယ်ဖြစ်ပေသည်။

(၂) **စျာနဝိသယော** = စျာန်၏အရာကို မကြံစည်အပ်ဟု ဟောကြားတော်မူရာ၌ -

စျာန်အဘိညာဉ် သမာပတ်တို့ကို ရရှိထားသောပုဂ္ဂိုလ်တို့သည် လူတစ်ယောက်တည်း၌ လူတစ်ထောင်ဖြစ်အောင် ဖန်ဆင်းနိုင်သည်။ သူ့တစ်ပါးတို့၏ သန္တာန်၌ဖြစ်နေသော စိတ်များကို သိနိုင်ကြသည်။ မိုင်ပေါင်း သိန်းသန်းကုဋေမက ဝေးကွာသောအရပ်ဒေသများ၌ ရှိနေကြသည့် ဖြစ်ဆဲ၊ ပျက်ဆဲ အဆင်းသေ၊ အဆင်းဝေးတို့ကို မြင်နိုင်ကြသည်။ မိုင်ပေါင်း သိန်းသန်းကုဋေမက ဝေးကွာသည့် အရပ်ဒေသများ၌ ရှိနေကြသော အသံသေ၊ အသံဝေးများကို ကြားနိုင်ကြသည်ဆိုသည်မှာ ဖြစ်နိုင်၊ မဖြစ်နိုင်၊ ဟုတ်နိုင်၊ မဟုတ်နိုင် စသည်ဖြင့် မကြံစည်အပ်ပေ။ "ဤကဲ့သို့ မကြံစည်အပ်သည်များကို လိုက်၍ကြံစည်နေပါလျှင် ပင်ပန်းဆင်းရဲရုံမျှမက ရူးသွပ်သွားတတ်ကြပေသည်"ဟု ဟောကြားလိုရင်း အဓိပ္ပာယ်ဖြစ်ပေသည်။

(၃) **ကမ္မဝိပါကော** = ကံ၏အကျိုးပေးများကို မကြဲစည်အပ်ဟု ဟောကြားတော်မူရာ၌ -

ကုသိုလ်ကံများ ပြုထားကြသောပုဂ္ဂိုလ်တို့သည် ကုသိုလ်ကံများ၏ ကောင်းကျိုးတို့ကို ယခုဘဝမှာလည်း ခံစားရရှိနိုင်သည်။ ဒုတိယဘဝမှာလည်း ခံစားရရှိနိုင်သည်။ တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်မည့်ဘဝတိုင်အောင် ခံစားရရှိနိုင်ပေသည်ဆိုသည်မှာ ဖြစ်နိုင်၊ မဖြစ်နိုင်၊ ဟုတ်နိုင်၊ မဟုတ်နိုင် စသည်ဖြင့် မကြဲစည်အပ်ပေ။ "ဤကဲ့သို့ မကြဲစည်အပ်သည်များကို လိုက်၍ကြဲစည်နေပါလျှင် ပင်ပန်းဆင်းရဲရုံမျှမက ရူးသွပ်သွားတတ်ကြပေသည်"ဟု ဟောကြားလိုရင်း အဓိပ္ပာယ်ဖြစ်ပေသည်။

အကုသိုလ်ကံများကို ပြုထားကြသောပုဂ္ဂိုလ်တို့သည် အကုသိုလ်ကံများ၏ မကောင်းကျိုး၊ မကောင်းသည့် အပြစ်ဒဏ်များကို ယခုဘဝမှာလည်း ခံကြရသည်။ ဒုတိယဘဝမှာလည်း ခံကြရသည်။ တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်မည့်ဘဝတိုင်အောင် ခံကြရပေသည်ဟုဆိုသည်မှာ ဖြစ်နိုင်၊ မဖြစ်နိုင်၊ ဟုတ်နိုင်၊ မဟုတ်နိုင် စသည်ဖြင့် မကြဲစည်အပ်ပေ။ "ဤကဲ့သို့ မကြဲစည်အပ်သည်များကို လိုက်၍ကြဲစည်နေပါလျှင် ပင်ပန်းဆင်းရဲရုံမျှမက ရူးသွပ်သွားတတ်ကြပေသည်"ဟု ဟောကြားလိုရင်း အဓိပ္ပာယ်ဖြစ်ပေသည်။

(၄) **လောကစိန္တာ** = လောကအစုအဝေးကို မကြဲစည်အပ်ဟု ဟောကြားတော်မူရာ၌ -

လောကထဲ၌ရှိနေကြသော လ၊ နေတို့ကို အဘယ်ပုဂ္ဂိုလ်၊ အဘယ်သူက ပြုလုပ်ပေးထားသနည်း။ မဟာပထဝီမြေကြီးကို အဘယ်ပုဂ္ဂိုလ်၊ အဘယ်သူက ပြုလုပ်ပေးထားသနည်း။ မဟာသမုဒ္ဒရာကို အဘယ်ပုဂ္ဂိုလ်၊ အဘယ်သူက ပြုလုပ်ပေးထားသနည်း။ သတ္တဝါတွေကို အဘယ်ပုဂ္ဂိုလ်၊ အဘယ်သူက ဖြစ်စေအပ်သနည်း။ တော၊ တောင်တွေကို အဘယ်ပုဂ္ဂိုလ်၊ အဘယ်သူက ဖြစ်စေခဲ့သနည်း။ သရက်ပင်၊ ထန်းပင်၊ ငှက်ပျောပင်

စသည်တို့ကို အဘယ်ပုဂ္ဂိုလ်၊ အဘယ်သူက ဖြစ်စေခဲ့သနည်း စသည်ဖြင့် မကြံစည်အပ်ပေ။ "ဤကဲ့သို့ မကြံစည်အပ်သည်များကို လိုက်၍ကြံစည်နေပါလျှင် ပင်ပန်းဆင်းရဲရုံမျှမက ရူးသွပ်သွားတတ်ကြပေသည်"ဟု ဟောကြားတော်မူလိုရင်း အဓိပ္ပာယ်ဖြစ်ပေသည်။

- ဤကဲ့သို့ မကြံစည်အပ်သော ဘုရား၏အရာ၊
- မကြံစည်အပ်သော စျာန်သမာပတ်၏အရာ၊
- မကြံစည်အပ်သော ကံများ၏အကျိုးပေ။
- မကြံစည်အပ်သော လောက၏အစုအဝေးတို့ကို လိုက်၍ကြံစည်နေပါလျှင် အချိန်ကုန် လူပန်းဖြစ်ပြီး ဆင်းရဲဒုက္ခဖြစ်ရုံမျှမက ရူးသွပ်သွားတတ်ကြပေသည်ဟု ဟောကြားတော်မူခဲ့ပါသည်။

ဆောင်ပုဒ်။ ။ ဗုဒ္ဓ-စျာန်-လော-ကံ၊ ဤလေးတန်၊
မကြံအပ်လျှ၊ ရူးတတ်စွ။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဥရောပသာသနာအတွက် အားတက်ဖွယ်ရာ ဟိပသိကောရိပ်သာ

ဆရာတော်တို့ကို ၁၉၉၅-ခု၊ မေလက ပြင်သစ်နိုင်ငံ၊ သက္ကမုနိ ရိပ်သာ ဘုန်းတော်ကြီး ဦးဝိဇယက တရားဟောတရားပြုပင့်၍ ကြွစဉ်ကနယ်သာလန်နိုင်ငံ၊ ဟိပသိကောရိပ်သာမှ ဆရာတော် ဓမ္မဝိရနာထကလည်း ပင့်လျှောက်ထားသည်ဖြစ်၍ ဟိပသိကောဆရာတော်ကိုယ်တိုင် တပည့်များနှင့် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့(Brassels)မှ စောင့်၍ ကြိုကြပါသည်။ ဟိပသိကော(Ehipassiko)ရိပ်သာသစ်သို့ မေလ ၁၈-ရက်နေ့က ရောက်လာကြပါသည်။

ဆရာတော်တို့ ရောက်လာခဲ့သော ဟိပသိကောရိပ်သာသည် ဆရာတော်ဓမ္မဝိရနာထ (Venerable Dhamma wiranatha Nayaka Thera) အသစ်ထူထောင်လိုက်သောရိပ်သာ ဖြစ်ပေသည်။ ဟိပသိကောရိပ်သာနှင့် ဟိပသိကောဆရာတော်ကို တွေ့မြင်ရသောအခါ ဥရောပနိုင်ငံများ၏ ဗုဒ္ဓမြတ်စွာသာသနာအတွက် အားတက်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

ဟိပသိကောရိပ်သာသစ်သည် နယ်သာလန်နိုင်ငံ အလယ်ပိုင်း၊ မဂ္ဂက်(Magginka)မြို့ငယ်အနီး အသံတိတ်ဆိတ်သည့်နေရာအရပ်ဖြစ်ပေသည်။ ရေမြေကေအကျယ်အဝန်းမှာ ၅-ကေရှိသည်ဟု ပြောပါသည်။

အဆောက်အအုံ ၃-ခုမျှ ရှိပါသေးသည်။ မြေမျက်နှာပြင်များ အလွန်ညီညွတ်လျက်ရှိပါသည်။ မြက်၊ သစ်ပင်များဖြင့် စိမ်းစိုလျက်ရှိပါသည်။

သိမ်သမုတ်ဖို့ မြေယာများကို ရွေးချယ်ထားပြီးဖြစ်သည်ဟု ပြောပါသည်။ ရန်ကုန်မြို့ရှိ ရှေတိဂုံစေတီတော်ကြီး၏ ပုံတော်အတိုင်း စေတီတစ်ဆူ တည်ထားကိုးကွယ်ဖို့ရန် ပလတ်စတစ်စေတီငယ်ပုံစံတစ်ဆူကို ယာယီဆောက်လုပ်တည်ထားသည်ကိုလည်း တွေ့မြင်ရပါသည်။ စိမ်းစိုသောရိပ်သာမြေအနေအထားနှင့် ရှေတိဂုံပုံတူ ပလတ်စတစ်စေတီလေးကို ဖူးမြင်ရသည်မှာ အလွန်ပင် ကြည်နူးဖွယ်ကောင်းလှပါပေသည်။

ဟေပသသိကောရိပ်သာဆရာတော်သည် နယ်သာလန်နိုင်ငံသား ဒတ်ချ်လူမျိုးဖြစ်ပေသည်။ သက်တော် ၄၂-နှစ်၊ ဝါတော် ၁၈-ဝါရှိပြီး ဖြစ်ပေသည်။ ကြည်ညိုဖွယ်ရာ ရုပ်ရည်အဆင်းနှင့်ပြည့်စုံသည့် ဆရာတော်တစ်ပါး ဖြစ်ပေသည်။ ဆရာတော်၊ သံယာတော်ကြီးများကို အလွန်ရိုသေလေးစားသည့် ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ဖြင့် ဆက်ဆံသည်ကို တွေ့ရပေသည်။ ဝိနည်းသိက္ခာပုဒ်များကို အထူးလေးစားကာ ကျင့်သုံးသည်ကိုလည်း တွေ့ရပေသည်။ ဥရောပနိုင်ငံများ၌ ဤကဲ့သို့ပြည့်စုံသော ပုဂ္ဂိုလ်တစ်ပါးရှိနေသည်ကို တွေ့သိရ၍ ဥရောပသာသနာအတွက် အားတက်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါသည်။

ဟေပသသိကောဆရာတော်သည် မြန်မာပြည် မဟာစည်ရိပ်သာသို့ ကြွရောက်၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြသောနည်းဖြင့် ဝိပဿနာတရားကို အားထုတ်ခဲ့ဖူးသည်ဟု သိရပါသည်။ ယခုတိုင်အောင်လည်း မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြသောနည်းဖြင့်ပင် အားထုတ်လျက်ရှိသည်ဟု သိရပါသည်။ နယ်သာလန်နိုင်ငံ၊ ဟေပသသိကော မူလရိပ်သာသို့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ပြည်ပသာသနာအတွက်ကြွခဲ့စဉ် ၁၉၇၉-ခုနှစ်က ရောက်ခဲ့သည်ဟုလည်း သိရပါသည်။

နယ်သာလန်နိုင်ငံ၊ ဟေပဿီကောရိပ်သာသို့ လာရောက်၍ ဝိပဿနာတရားအားထုတ်ကြသော ယောဂီများကို တရားပြပေးရာ၌ မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြသောနည်းအတိုင်း ထိုင်မှတ်ရာတွင် ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် စသည်ဖြင့် ရှုမှတ်စေပါသည်။ စက်ကြီးလျှောက်မှတ်ရာတွင်လည်း မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြသည့်နည်းအတိုင်း ကြွတယ်၊ လှမ်းတယ်၊ ချတယ် စသည်ဖြင့် ရှုမှတ်စေပါသည်။

ဆွမ်းစားရာမှာလည်း မဟာစည်ဆရာတော်ဘုရားကြီး ဘုဉ်းပေးတော်မူသည့်အတိုင်း သပိတ်ဖြင့် ဘုဉ်းပေးပါသည်။ သက်လွတ်ဆွမ်းပင် ဘုဉ်းပေးပါသည်။ ဤကဲ့သို့ မဟာစည်ဆရာတော်ဘုရားကြီး၏ ကောင်းမြတ်သည့် သာသနာအကျင့်လမ်းစဉ်ကို အလေးအနက်လိုက်နာ၍ ကျင့်သုံးနေသည်ကို တွေ့သိရ၍လည်း ဥရောပနိုင်ငံများ၏ သာသနာအကျင့်လမ်းစဉ် ကောင်းမြတ်ရေးအတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါသည်။

ရပ်နီးရပ်ဝေး တိုင်းတစ်ပါးမှ ကြွရောက်လာကြသော ဆရာတော်၊ သံယာတော်များနှင့် ညီသည်ပရိသတ်များအတွက် ကျောင်းအိပ်ရာနေရာနှင့် စားဖွယ်သောက်ဖွယ်များမှစ၍ အဖက်ဖက်က ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ကြိုတင်၍ စီမံပြုပြင်ထားခြင်း၊ နေ့စဉ်နှင့်အမျှ အရုဏ်ဆွမ်း၊ နေ့ဆွမ်းတို့၌ သင့်လျော်သော အာဟာရဘောဇဉ်များကို စီမံချက်ပြုတ်၍ အချိန်မှန် ဆက်ကပ်ခြင်းစသော ဝေယျာဝစ္စများကိုလည်း သက်ဆိုင်ရာတပည့်ဒကာ၊ ဒကာမ ယောဂီများက ပြုလုပ်ဆောင်ရွက်နေကြသည်ကို တွေ့သိရ၍လည်း ဥရောပနိုင်ငံများ၏ သာသနာ အစဉ်အလာကောင်းရေးအတွက် အားတက်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါသည်။

ဆရာတော်ဓမ္မဝီရနာထ အသစ်ထူထောင်လိုက်သည့် ဟေပဿီကောရိပ်သာသည် ရိပ်သာမြေ ကျယ်ကျယ်ပြန့်ပြန့်ရှိခြင်း၊ ရှေးမထေရ်မြတ်တို့ ကျင့်သုံးသည့် အကျင့်လမ်းစဉ်များကို ကျင့်သုံးလျက်ရှိခြင်း၊ ဝိပဿနာကမ္မဋ္ဌာန်းတရားကို နည်းမှန်လမ်းမှန် ဟောဖော်ညွှန်ပြပေးခြင်း၊

ကျောင်းအဆောက်အအုံများ နောင်အခါ ပြည့်စုံအောင် ဆောက်လုပ်မည်ဟု ရည်ရွယ်ချက်များရှိခြင်း၊ ဆရာတော်ဓမ္မဝိဒုရနာထ၏ လုံ့လဝီရိယနှင့် ပြည့်စုံခြင်း၊ ရဟန်းတော်များတတ်သင့်သော စာပေနှင့်စပ်သည့် အတတ်ပညာနှင့် အရာရာတွင် သိတတ်သည့် အသိပညာတို့နှင့် ပြည့်စုံခြင်းတို့ကို တွေ့သိရသဖြင့် နောင်အခါ ဥရောပနိုင်ငံများတွင် ဗုဒ္ဓမြတ်စွာ၏ သာသနာထွန်းကားလာဖို့ရာ အခြေခံအကောင်းဆုံး ဌာနကြီးတစ်ခု ဖြစ်လာနိုင်သည်ဟု ယုံကြည်၍လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါသည်။

ဟေပသိကောရိပ်သာသည် ဥရောပနိုင်ငံများ၌သာ ဗုဒ္ဓမြတ်စွာ၏ သာသနာ ထွန်းကားလာဖို့ရာ အခြေခံအကောင်းဆုံး ဌာနကြီး ဖြစ်ရုံသာ မဟုတ်ပါဘဲ ကမ္ဘာ့သာသနာထွန်းကားလာဖို့ရာ အကောင်းဆုံး ဌာနကြီးတစ်ခု ဖြစ်လာနိုင်သည်ဟု မျှော်လင့်ယုံကြည်၍လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါသည်။ ကမ္ဘာ့သာသနာအတွက် အကောင်းဆုံး တည်ရာဌာနကြီး ဖြစ်လာနိုင်ပါစေဟုလည်း ဆုမွန်ကောင်း တောင်းခဲ့ပါသည်။

ဤကဲ့သို့ မျှော်လင့်ယုံကြည်၍ပင် ဟေပသိကောရိပ်သာသို့ ရောက်ရှိလာကြသော ဆရာတော်များ၏ မှတ်တမ်းတင်စာအုပ်၌ အကျဉ်းချုပ်ဖော်ပြ၍ မှတ်တမ်းရေးသားခဲ့ပါသည်။

မှတ်တမ်းတင်စာအုပ်၌ ရေးသားဖော်ပြခဲ့သည်မှာ -

နယ်သာလန်နိုင်ငံ၊ မဂ္ဂက်မြို့အနီးရှိ ဟေပသိကောရိပ်သာ ကျောင်းသို့ ၁၉၉၅-ခု၊ မေလ ၁၈-ရက်၊ ကြာသပတေးနေ့ ညနေ ၅-နာရီ၊ ၁၅-မိနစ်အချိန် ဆရာတော် ရောက်ရှိလာခဲ့ပါသည်။

ဟေပသိကောရိပ်သာကျောင်း၏ နေရာသစ်မြေ ကျယ်ကျယ်ပြန့်ပြန့် ၅-ကေခန့်ရှိသည်ကို တွေ့မြင်ရ၍ "နောင်အခါ သာသနာအတွက် အကျိုးများမည့်နေရာ ဖြစ်လိမ့်မည်"ဟု မျှော်လင့်ယုံကြည်၍လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

ဟိုပဿိကောဆရာတော် ဓမ္မဝီရနာထသည် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းဖြင့် တရားပြခြင်း၊ သပိတ်ဖြင့် ဆွမ်းစားခြင်းစသော ကျင့်စဉ်များကို အလေးအနက် လိုက်နာကျင့်သုံးနေသည်ကို တွေ့မြင်ရ၍လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်မှစ၍ ဟိုပဿိကောရိပ်သာကျောင်းသို့ ရောက်ရှိလာကြသောပုဂ္ဂိုလ်တို့ ချမ်းချမ်းသာသာ သီတင်းသုံး နေထိုင်ဖို့ရာ ကျောင်းအိပ်ရာနေရာနှင့် စားဖွယ်သောက်ဖွယ်များမှစ၍ အဖက်ဖက်က ပြည့်စုံအောင် စီမံထားသည်ကို တွေ့မြင်ရ၍လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

ဆရာတော်ဓမ္မဝီရနာထ အသစ်ထူထောင်လိုက်သည့် ဟိုပဿိကောရိပ်သာကျောင်းသည် "ဥရောပနိုင်ငံများတွင် သာသနာထွန်းကားလာဖို့ရာ သစ်ပင်ကြီး၏ အမြစ်သဖွယ် အကောင်းဆုံး အခြေခံဖြစ်သည်"ဟု အားကိုးယုံကြည် နှစ်သက်မှုများ ဖြစ်ရ၍လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

ဟိုပဿိကောရိပ်သာကျောင်းသည် "ကမ္ဘာ့သာသနာ ထွန်းကားရန်အတွက် အကောင်းဆုံးဌာနကြီးတစ်ခု ဖြစ်လာနိုင်ပါစေ"ဟု ဆုမွန်ကောင်းလည်း တောင်းခဲ့ပါသည်။

ရန်ကုန်မြို့ ၊ သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဦးကုဏ္ဍလာဘိဝံသ

သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဘုရား၏
ဓမ္မဒူတ ခရီးစဉ်များ

၁၉၉၂-ခုနှစ်	**(ကပ္ပိယ - ဒေါက်တာဦးမြအောင်)**
မေလနှင့် ဇွန်လ	ဗုဒ္ဓယနရိပ်သာ၊ စက်ဘူနိုင်ငံ

၁၉၉၄-ခုနှစ်

ဇွန်လ

၅-ရက်မှ ၈-ရက်	စက်ဘူနိုင်ငံ
၈-ရက်မှ ၃၀-ရက်	လန်ဒန်(ဝိဟာရ)

ဇူလိုင်လ

၁-ရက်မှ ၆-ရက်	ပြင်သစ်နိုင်ငံ၊ သကျမုနိရိပ်သာ
၇-ရက်မှ ၈-ရက်	အင်္ဂလန်မှတစ်ဆင့် အမေရိကန်နိုင်ငံ
၉-ရက်မှ ၁၀-ရက်	အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့၊ မင်္ဂလာရာမကျောင်း
၁၁-ရက်မှ ၁၃-ရက်	နယူးယောက်မြို့၊ လောကချမ်းသာ ဘုရားကျောင်း
၁၄-ရက်မှ ၂၄-ရက်	ဆန်ဟိုဆေးမြို့၊ တထာဂတရိပ်သာ
၂၅-ရက်မှ ၃၁-ရက်	ချီကာဂိုမြို့၊ မြန်မာဘုန်းတော်ကြီးကျောင်း

သြဂုတ်လ

၁-ရက်မှ ၄-ရက်	ဆန်ဟိုဆေးမြို့၊ တထာဂတရိပ်သာ
၅-ရက်မှ ၉-ရက်	လော့စ်အိန်ဂျလိစ်မြို့ (အဇဇာ-ဗြဟ္မဝိဟာရ ကျောင်း)

၉-ရက်မှ ၁၂-ရက်	ဆန်ဟိုဆေးမြို့၊ တထာဂတရိပ်သာ
၁၂-ရက်မှ ၁၆-ရက်	ဟာဝိုင်ယီ၊ ယိုးဒယားဘုန်းတော်ကြီးကျောင်း
၁၇-ရက်	စက်ဘူ၊ ဗုဒ္ဓယနအဖွဲ့
၁၈-ရက်	မြန်မာပြည် ပြန်ကြွသည်။

၁၉၉၅-ခုနှစ်

ဧပြီလ

၃၀-ရက်	မြန်မာပြည်မှ ပြင်သစ်နိုင်ငံသို့

မေလ

၁-ရက်မှ ၃-ရက်	ပြင်သစ်နိုင်ငံ၊ သက္ကမုနိရိပ်သာ
၄-ရက်မှ ၇-ရက်	အီတလီနိုင်ငံ၊ အလက်ဇန်းဒရီးယားမြို့၊ ဗုဒ္ဓဓမ္မရိပ်သာ
၈-ရက်မှ ၉-ရက်	ရောမမြို့၊ စန်တာစိတ္တာရာမရိပ်သာ
၁၀-ရက်မှ ၁၇-ရက်	ပြင်သစ်နိုင်ငံ၊ သက္ကမုနိရိပ်သာ
၁၈-ရက်မှ ၂၇-ရက်	ဘယ်လ်ဂျီယံနိုင်ငံမှတစ်ဆင့် နယ်သာလန်နိုင်ငံ၊ မဂ္ဂက်မြို့အနီး ဟေပသသိကောရိပ်သာ
၂၈-ရက်မှ ၃၀-ရက်	နယ်သာလန်နိုင်ငံ၊ ဟိုက်မြို့ ဗုဒ္ဓယာနဝိဟာရရိပ်သာ

ဇွန်လ

၁-ရက်မှ ၇-ရက်	ဂျာမနီနိုင်ငံ၊ နီးကနစ်မြို့၊ ဝေါလ်ဟာတ်စ်ရိပ်သာ
၇-ရက်မှ ၁၁-ရက်	နယ်သာလန်နိုင်ငံ၊ ဂရိနင်ဂန် ဝိပဿနာရိပ်သာ
၁၁-ရက်မှ ၁၅-ရက်	အမ်စတာဒမ်မြို့၊ ဗုဒ္ဓဝိဟာရကျောင်း
၁၅-ရက်မှ ၁၇-ရက်	ပြင်သစ်နိုင်ငံ၊ သက္ကမုနိရိပ်သာ
၁၈-ရက်မှ ၂၁-ရက်	ဆွစ်ဇာလန်နိုင်ငံ၊ လိုဆန်းမြို့ လင်ဖောင်ဟူး ဗီယက်နမ်ရိပ်သာ
၂၁-ရက်မှ ၂၃-ရက်	ပြင်သစ်နိုင်ငံ၊ သက္ကမုနိရိပ်သာ

၂၃-ရက်မှ ၂၆-ရက်	အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့၊ မင်္ဂလာရာမဘုန်းတော်ကြီးကျောင်း
၂၆-ရက်မှ ဇူလိုင် ၄-ရက်	ဝါရှင်တန်မြို့၊ ဇေတဝန ဗီယက်နမ်ရိပ်သာ

ဇူလိုင်လ

၅-ရက်	ဝါရှင်တန်မြို့မှ ပြင်သစ်နိုင်ငံသို့
၆-ရက်မှ ဂ-ရက်	ပြင်သစ်နိုင်ငံ၊ သက္ကမုနိရိပ်သာ
၉-ရက် မြန်မာပြည်သို့	

၁၉၉၆-ခုနှစ် (ကပ္ပိယ - ဆရာကြီးဦးတင်ဦးလှိုင်)

မေလ

၂၆-ရက်မှ ၂၇-ရက်	ဆန်ဖရန်စစ္စကိုသို့ ရောက်
၂ဂ-ရက်	ဆန်ဟိုဆေးမြို့
၂၉-ရက်မှ ဇွန်လ ၂-ရက်	ဆန်ဟိုဆေးမြို့၊ တထာဂတ ဝိပဿနာ ရိပ်သာ

ဇွန်လ

၃-ရက်	ဆန်ဟိုဆေးမြို့အနီးရှိ မီလီပိတပ်(စ်)
၄-ရက်	ချီကာဂိုမြို့
၅-ရက်မှ ၆-ရက်	မောင့်ဟာန္တန်
၇-ရက်မှ ၉-ရက်	ချီကာဂို တရားစခန်း
၁၀-ရက်	ဆန်ဟိုဆေးမြို့၊ တထာဂတရိပ်သာ
၁၁-ရက်မှ ၂၃-ရက်	လော့အိန်ဂျလိစ် တောင်ပိုင်းရှိ အယ်ပယ်ဗယ်လီ ဝိပဿနာတရားစခန်း
၂၃-ရက်မှ ၃၀-ရက်	ဖရီးမောင့်၊ ဓမ္မပါလကျောင်း

ဇူလိုင်

၁-ရက်မှ ၃-ရက်	ဘန်ကောက်မှ ရန်ကုန်မြို့သို့ ပြန်ရောက်ပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်